# ဓမ္မပဒ

(ဦးယောင်ခင်)

စာပလွေ စာစဉ် ၄

# ဓမ္မပဒ

[ဦးသော်ဇင် ဘာသာပြန်သည်။]

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက်အမှတ် ၁၇၆၁

ဒေါ်သိန်းတင်(၀၂၈၆)၊ ဇေယျာဝတီစာပေတိုက်၊ ရွှေတိဂုံဘုရားကြီးဈေး ရန်ကုန်က ထုတ်ဝေ၍၊ မောင်ကိုဦး (၀၇၃၆) ကုမာရပုံနှိပ်တိုက်၊ (ပုဂံ စာအုပ်တိုက် အဆောက်အဦ)၊ အမှတ် ၁၂၃၊ မြန်မာဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ' ကုမာရစက် ' နှင့် ပုံနှိပ်သည်။

---

ပထမအကြိမ်။ ။ ၁၊ ၆၊ ၁၉၆၇

ဒုတိယအကြိမ်။ ။ ၁၊ ၈၊ ၁၉၆၇

---

အုပ်ရေ

၃၀၀၀

---

ဖြန့်ချိရေး

စာပလွေ စာအုပ်တိုက်

အခန်း ၇၊ တိုက် ၁၁၆

ရန်ကင် စာတိုက်၊ ရန်ကုန်မြို့။

# ဗုဒ္ဓဓမ္မ၏ အခြေပဒ

ဓမ္မပဒသည် ဓမ္မနှင့် ပဒကို တွဲစပ်ထားသော အမည်ဖြစ်၏။ ဓမ္မကို အရာဌာနအားလျော်စွာ အောက်ပါအတိုင်း ပြန်ဆိုနိုင်၏။

တရား၊ ကုသိုလ်၊ ပရိယတ္တိ၊ သုတ် - အဘိဓမ္မာ၊ ဟုတ်မှန်သော သဘော၊ သစ္စာ၊ လောကုတ္တရာ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ကျေးဇူး၊ ပရမတ္ထ၊ စေတသိက်၊ အကျင့်၊ ကျင့်ဝတ်၊ ကျင့်အပ်သောတရား၊ အာပတ်၊ အကြောင်း၊ ပါဠိ။

ထိုနည်းတူစွာ ပဒကိုလည်း အရာဌာနအားလျော်စွာ အောက်ပါ အတိုင်း ပြန်ဆိုနိုင်၏။

ခြေ၊ ခြေရာ၊ ဖဝါး၊ အစိတ်၊ အကျရာအပေါင်း၊ အရိယာတို့ ရောက်အပ်သောတရား၊ အမြိုက်၊ ရောက်ကြောင်း၊ အကြောင်း၊ အဘို့၊ အရာ၊ ပုဒ်။

ဤတွင် ဓမ္မပဒသည် ဗုဒ္ဓဓမ္မ၏ အခြေပဒ ဖြစ်၏။

ထို့ကြောင့် **အရှင်ဗုဒ္ဓဃောသသည် ဓမ္မပဒကို** အဋ္ဌကထာဖွင့်ဆိုမည် ပြုသောအခါ ကျမ်းစာနှင့် လျော်ညီစွာ ဗုဒ္ဓ၏ခြေတော်ကို 'တဿ ပါဒေ နမဿိတွာ' စသည်ဖြင့် ထုတ်ဖော်၍ ရှိခိုးပူဇော်လေသည်။ **သင်္ဂဇာဆရာတော်**လည်း ဓမ္မပဒကို အနက်မြန်မာပြန်ဆိုရာတွင် 'အဟ ငါသည်၊ ဓမ္မပဒဿ-စရဏာတရား တဆယ့်ငါးပါးတည်းဟူသော ခြေတော်မြတ် ရှိတော်မူသော' စသည်ဖြင့် ချီးမွမ်း၍ ပဏာမ ပြုတော်မူလေသည်။ ဓမ္မပဒသည် ဗုဒ္ဓဓမ္မ၏ အခြေခံပင်တည်း။ အခြားသော အနက်အဓိပ္ပာယ်တို့ဖြင့်လည်း မိမိတို့ သဘောပေါက်သည့်အတိုင်း အမျိုးမျိုးအထွေထွေ ပြန်ဆိုနိုင်ပေ၏။ ဘယ်သို့ပင် ဖော်ဖော် သူ၏အာဘော်နှင့် သင့်လျော်နေပေလိမ့်မည်။ အကြောင်းကား ဓမ္မပဒ၏ဂုဏ်မှာ မကုန်နိုင်အောင် ပြည့်ကြွယ်ဝ၍ အဘွယ်မျှပင်ဆိုဆို အမြဲလိုနေမည်သာတည်း။

ဗုဒ္ဓစာပေလောကတွင် အလုံးစုံ့ထက် လင်ရှားကျော်ကြား၍ လူကြိုက်များသောကျမ်းမှာ ဓမ္မပဒဖြစ်၏။ ကမ္ဘာပေါ်၌ ယဉ်ကျေးသော ဘာသာတိုင်းတွင် ဘာသာပြန်ဆိုပြီး ဖြစ်၏။ မြတ်ဗုဒ္ဓဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက အမျိုးမျိုးသော တပည့်သားတို့အား ညွှန်ကြား ဆုံးမတော်မူခဲ့သော ဂါထာတို့ဖြစ်၍ ဩဝါဒကထာ သင်ခန်းစာတို့ဖြင့် လွှမ်းမိုးနေ၏။ **ဒေါက်တာ ကသိယပ်အောပရဲရာ** ဆိုသူ ပုဂ္ဂိုလ်ကျော်က ဤသို့ ရေးသားဖော်ပြသည်။

> ပိဋကတ်သုံးပုံထဲမှ စာအုပ်တအုပ်၏ အမည်ကို ပြောစမ်းပါဟု ဆိုလာလျှင် အသိအခေါ်မရှိဘဲ ဓမ္မပဒကို ညွှန်ပြလိုက်မည်။ အကြောင်းကား ယင်းသည် စာပေလောကတွင် တခုတည်းသော အကောင်းဆုံး စာအုပ်ဖြစ်၍ အကျိုးရှိသော အသုံးကျေးဇူးများသော ကြောင့် ဖြစ်သည်။ နှစ်ပေါင်းလေးဆယ်ကျော်အတွင်း ကမ္ဘာကြီး အကြောင်းမသိ၍ စိတ်နှလုံးမှုပန် ဆင်းရဲခြင်း ဖြစ်သည့်အခါတိုင်း သူသည် ကျွန်ုပ်အား သစ္စာ

ရှိသော မိတ်ဆွေကောင်းတယောက် အဖြစ်ဖြင့် ဖြေ
ဖျော်ခဲ့ပါသည်။ မနှိုင်းယှဉ်နိုင်လောက်အောင် လှပ
သော ဂါထာတို့သည် အကြံဉာဏ်ပေးရန်အတွက် ဖြစ်
စေ၊ အမျိုးမျိုးသော ဆင်းရဲဒုက္ခတို့မှ လျော့ပါး သက်
သာရန် ဖြစ်စေ၊ ဂုဏ်သတင်းပုံ့သင်းကျော်စောရန် ဖြစ်
စေ၊ ထိုးထွင်း သိမြင်ရန်ဖြစ်စေ ဘယ်ဘက်ကမှ အ
ချိးနှီးသက်သက် မဖြစ်ချေ။ တခုခုအတွက် အကျိုးသက်
ရောက်သည်သာတည်း။

ထိုမှတပါး ဆာ ရာဓာကရိသျဏာ ဆိုသူ ပုဂ္ဂိုလ်ကြီးကလည်း ဓမ္မ
ပဒကို ဤသို့ နိဒါန်းပျိုး၏။

ယခုအခါ ကမ္ဘာသူ ကမ္ဘာသားတို့သည် တခု
တည်းသော ကမ္ဘာကို တည်ဆောက်ရန် ကြိုးပမ်းနေ
ကြသည်။ ယင်းကိစ္စအတွက် ကမ္ဘာသူ ကမ္ဘာသား အ
ချင်းချင်း၊ ယဉ်ကျေးမှုအချင်းချင်း တဦးနှင့်တဦး၊ တခု
နှင့်တခု နားလည်ဆက်စပ် ညီညွတ်မှု လိုသည်။ ဤအ
တွက် အထောက်အပံ့ အကူအညီအဖြစ်ဖြင့် ဗုဒ္ဓ ပိဋ
ကတ်စာပေ၌ အထင်ရှား အကျော်ကြားဆုံး၊ တန်ဖိုး
အရှိန်အဝါ အရှိဆုံးသော ဓမ္မပဒ ကို ဘာသာပြန်ပြီး
ပေးသင့်ပေသည်။ ဓမ္မပဒ၏ ပဓာနအချက်မှာ တန်ဖိုး
ရှင်တို့အကြောင်းကို တွေးတော ကြံဆနေခြင်းထက်
သီလ၊ သမာဓိ၊ ပညာက အရေးကြီးကြောင်း ပြဆိုခြင်း
ပင် ဖြစ်ဧ်။ ခေတ်နှင့်လည်း ညီညွတ်သည်။ စိတ်ကို လုံး
ဝ ချုပ်ချယ်ခြင်းသည် ရှုးသွပ်စေတတ်၏! ပေါက်
လွှတ်ပဲစားထားခြင်းကား ပို၍ဆိုးသွမ်းတတ်၏ဟူသော
ဓမ္မပဒ၏ သင်ကြားချက်ကို ယခုခေတ် စိတ္တဗေဒပညာ
က ထောက်ခံနိုင်သည်။ လူတိုင်း၏ ပြဿနာအမျိုးမျိုး
နှင့် စပ်လျဉ်း၍ ဓမ္မပဒသည်သာ ပြေပြေလည်လည်
ဖြေဆိုနိုင်ပေမည်။

အင်္ဂလန် သာသနာပြု ဓမ္မကထိက ပထမကျော် အရှင်သေဋ္ဌိလ က ဓမ္မပဒ ဘာသာပြန်အကြောင်းကို ဤသို့ ဆိုလေသည်။

နိကာယ်ငါးရပ်တို့တွင် ခုဒ္ဒကနိကာယ် အဝင်အပါ ဖြစ်သော ဓမ္မပဒပါဠိတော်သည် စာအုပ်ပင်ငယ်သော်လည်း လူအမျိုးမျိုးတို့၏ စိတ်သဘော အမျိုးမျိုးကို လိုက်၍ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော် မူခဲ့သော တရားတော်ပေါင်းစုံ ပါရှိသဖြင့် (an anthology of veres ) တရားတော် ညွန့်ပေါင်းကျမ်း ဖြစ်ပေသည်။

ထိုဓမ္မပဒပါဠိတော်လာ တရားတော်များကို ကြားနာရသဖြင့် လွတ်လပ်ရေးအစစ်၊ ငြိမ်းချမ်းရေးအစစ် ဖြစ်သည့် နိဗ္ဗာန်ချမ်းသာကိုရသော လူဦးရေပေါင်း မရေမတွက်နိုင်အောင် များပြားခဲ့လေသည်။ ၎င်းတရားများကို လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကပင် မြတ်စွာဘုရား ဟောကြားတော် မူခဲ့သော်လည်း ၎င်းတရားများကို ကောင်းစွာ နားလည်၍ ကျင့်ကြံနေထိုင်ကြလျှင် ယခုအခါလည်း ကမ္ဘာမှာ စစ်မက် အေးငြိမ်း၍ လူအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေကြရမည့်ပြင် လွတ်လပ်ရေးအစစ်၊ ငြိမ်းချမ်းရေး အစစ်ဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရမည်ကား မလွဲတည်း။

ယခုအခါ ကမ္ဘာပေါ်မှာ တဦးအပေါ်တဦး အနိုင်ကျင့်ခြင်း၊ တဦးပစ္စည်းဥစ္စာကို တဦး အတင်းလုယူခြင်း၊ တဦးကိုတဦး မနာလိုခြင်း၊မုန်းခြင်း၊ နှိပ်စက်ခြင်း၊သတ်ဖြတ်ခြင်း၊ တပြည်နှင့် တပြည် စစ်တိုက်ခြင်း စသော အပြင်မီး တဟုန်းဟုန်း တောက်လောင်နေခြင်းမှာ လိုချင်တပ်မက်ခြင်း လောဘ၊ အလိုအတိုင်းမရလျှင် မုန်းခြင်း အမျက်ထွက်ခြင်း ဒေါသ၊ တရားမှန်ကိုမသိခြင်း မောဟ တည်းဟူသော အတွင်းမီးသုံးပါးလျှင် အရင်းခံဖြစ်

သဖြင့် ၎င်း အတွင်းမီးမငြိမ်းသမျှ အပြင်မီး မည်သည့်အခါမျှ ငြိမ်းမည်မဟုတ်ချေ။

နိုင်ငံပေါင်းချုပ်အသင်း ဖွဲ့စည်းခြင်း၊ စစ်ပြေငြိမ်းရေး အစည်းအဝေး၊ ညီညွတ်ရေး အစည်းအဝေး စသည်များကျင်းပ၍ တပြည်နှင့်တပြည် စစ်မတိုက်တမ်း စာချုပ်၊ မဟာမိတ်စာချုပ်စသည် ပြုလုပ်ခြင်းမှာ အလွန်ကောင်းသော အလုပ်များ ဖြစ်ကြလေသည်။ သို့ရာတွင် ထိုသို့ ပြုလုပ်ကြခြင်းသည် အရင်းခံ အတွင်းမီးကို ငြိမ်းအောင် မသတ်ဘဲ အပြင်မီးကိုသာ ငြိမ်းအောင် အားထုတ်သည်နှင့် တူလေသည်။ အမြစ်ပြတ်အောင် မကုဘဲ အပေါ်ယံမျှကိုသာ ဖောက်ခွဲ၍ လိမ်းဆေး တင်သဖြင့် ပျောက်ကင်းသည့်ထင်ရသော အနာသည် မကြာခင် ပြန်ထမည်မှာ မလွဲသကဲ့သို့ ဖြစ်လေသည်။

အပြင်မီးများ အရင်းခံလောဘ၊ ဒေါသ၊ မောဟတည်းဟူသော အတွင်းမီးကို ငြိမ်းစေနိုင်သည်မှာ ဘုရားဟော တရားတော် တည်းဟူသော ရေအေးတခုသာလျှင် ဖြစ်၏။ လူအများ စိတ်ဆင်းရဲ ဖြစ်ရခြင်း တည်းဟူသော အနာရောဂါကို အမြစ်ပါမကျန် ပျောက်ကင်းစေနိုင်သော ဆေးမှာ ဘုရားဟော တရားတော် တည်းဟူသော ဆေးတခုသာရှိ၏။

ထိုတရားရေအေး အမြိုက်ဆေးကို ပေးနိုင်သော ဓမ္မပဒ ပါဠိတော်သည် အရှေ့နိုင်ငံ ဗုဒ္ဓဘာသာများ အတွက် နေလအသွင် အလွန်ထင်ရှား၊ အတိုင်းမသိ ကျေးဇူးများသည့်ပြင်၊ အနောက်နိုင်ငံ၌လည်း လွန်ခဲ့သော နှစ်ပေါင်း တရာကျော်လောက်ကစ၍ တဖြည်းဖြည်း ထင်ရှားလာပြီးလျှင် ယခုအခါ ဗုဒ္ဓဘာသာကျမ်းစာအုပ်တို့တွင် အထင်အရှားဆုံး၊ ဗုဒ္ဓဘာသာအတွက် အကျိုး

အများဆုံး စာအုပ်တအုပ်ဖြစ်လေသည်။ထိုသို့ဖြစ်သည့် အတိုင်းလည်း အင်္ဂလိပ်ဘာသာ၊ ပြင်သစ် ဘာသာ၊ ဂျာမန်ဘာသာများသို့ ပြန်ပြီးကြောင်း သိရပေသည်။

ထိုဓမ္မပဒ ပါဠိတော်ကို ဆရာ အမျိုးမျိုးတို့ မြန်မာ ဘာသာ ပြန်ပြီးဖြစ်သော်လည်း ထိုမြန်မာပြန်များမှာ ပါဠိနှင့် မြန်မာ ရောနေသော နိဿယများသာ ဖြစ်၍ လူအများ နားလည်နိုင်ရန်ခဲယဉ်းလေသည်။ ထိုသို့ ခဲယဉ်းသည့်အတိုင်းဓမ္မပဒဝတ္ထုများလောက်သာ ထင်ရှား၍ **ဘုရားဟောတော်မူရင်း ဂါထာတော် တရားတော်များ၏ အရသာ**ကို လူအများ ခံစားသင့်သလောက် မခံစားရ ဖြစ်လေသည်။ သို့ဖြစ်၍ ဟောတော်မူရင်း ဂါထာတော် တရားတော်များကို လူအများ အလွယ်တကူ နားလည်ကြစေရန်ငှင်း၊ ထိုသို့ နားလည်ကြ၍ ကျင့်ကြံနေထိုင်ကြသဖြင့် တရားအရသာကို ခံစားကြစေရန်ငှင်း၊ ယခုအခါ မြန်မာပြည်မှာ တရား လက်မဲ့ဖြစ်နေကြသောသူများကို တရားလက်ကိုင်ထားကြဘို့ သတိပေးရန်ငှင်း၊ ဤအကြောင်း အကျိုးကျေးဇူး အမျိုးမျိုးတို့ကို မျှော်ကိုး၍ **ဓမ္မပဒ အဋ္ဌကထာ**ကို မှီငြမ်းထားကာ မြန်မာဘာသာ သက်သက် ပြန်ဆိုအပ်ပေသည်။

အိတာလျံဖုန်းကြီး **ဦးလောကနာထ**ကလည်း ဤသို့ ဆိုလေသည်။

ဆယ့်ငါးနှစ် အလွန်က ကျွန်ုပ်သည် ရိုမန်ကက်သလစ် ဖြစ်ခဲ့လေသည်။ ယနေ့ ကျွန်ုပ်သည် အနောက်နိုင်ငံ၌ ဗုဒ္ဓသာသနာ ထွန်းကားရေးကို ထက်သန်လိုလားနေသည့် ဘုရားသားတော် ဗုဒ္ဓဘာသာရဟန်းတော် တပါး ဖြစ်နေပြီ။ ဓမ္မပဒ စာအုပ်က ကျွန်ုပ်ကို ပြောင်းလဲ ပေးလိုက်သည်။မည်သူမျှ ကျွန်ုပ်ထံသို့မလာ၊

မည်သူမျှ ကျွန်ုပ်ထံ ဗုဒ္ဓဘာသာတရားဟောရန် မရောက်လာ။ ဓမ္မပဒစာအုပ်သည် ကျွန်ုပ်ဘဝကို ပြောင်းလဲပစ်လိုက်ပါသည်။ အကယ်၍ ကျွန်ုပ် ဓမ္မပဒ စာအုပ်ကို မဖတ်မိလျှင် ကျွန်ုပ်သည် ယနေ့ ထက်တိုင် ရိုမန်ကက်သလစ်အဖြစ်နှင့်ပင် ရှိနေဦးမည်။ ဓမ္မပဒ၏ အသွင်ဖြင့် ရှိနေသော ရှင်တော်ဗုဒ္ဓသည် ကျွန်ုပ်၏ဘဝကို ပြောင်းလဲ ပေးသော ထိပ်တန်း သာသနာပြု ဖြစ်လေသည်။ ရှင်တော်ဗုဒ္ဓသည် ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းသွားပြီ ဖြစ်သော်လည်း ရှင်တော် ဗုဒ္ဓ၏ ဓမ္မမှာ အသက်ရှင်လျက်ပင် ရှိနေပြီး အလုပ်လုပ်လျက်ပင် ရှိနေသည်။

ကျွန်ုပ်သည် အီတလီ၌ မွေးဖွားသည်။ အမေရိကန်နယူးရောက်မှ၌ ကြီးပြင်းသည်။ ပညာသင်ကြားသည်။ ကျွန်ုပ်သည် ဝိဇ္ဇာနှင့် သိပ္ပံပညာနှစ်ရပ်လုံးကိုသင်ကြားသည်။ သို့ရာတွင် ဓာတုဗေဒပညာကို အထူးဝါယမစိုက်ထုတ်၍ သင်ကြားသည်ဖြစ်၍ ဘီအက်စ်ဗီ (ဓာတုဗေဒ) ဘွဲ့ကို ရရှိခဲ့သည်။ ကျွန်ုပ်၏ သိပ္ပံပညာ အသိသည် ကျွန်ုပ်၏ အမြင်ဟောင်းဖြစ်သည့် ရိုမန် ကက်သလစ်အမြင်နှင့် တိုက်ခိုက်ကြတော့သည်။ ချက်ချင်း သိပ္ပံပညာက အပေါ်စီးရရန် ရိုမန်ကက်သလစ် ဝါဒက နောက်ဆုတ်သွားသည်။ ကျွန်ုပ်၏ဘာသာတရားသည် တဖြည်းဖြည်း သိပ္ပံပညာ၏ ဘာသာတရား ဖြစ်လာခဲ့သည်။ သို့ရာတွင် ကျွန်ုပ်သည် ယေရှုခရစ်နှင့် ဝိညာဉ်ဖရန်စစ်ကိုမူ ကြည်ညိုနေတုန်းပင် ရှိလေသည်။

အမေရိကန်၌ တနေ့တွင် ကျွန်ုပ်သည် စက်ရုံကြီးတခု၏ ဓာတ်ခွဲခန်း၌ ဓာတ်ခွဲသည့်အလုပ်ကို အာရုံစိုက်နေစဉ် မိတ်ဆွေ ဓာတုဗေဒ အရာရှိတဦးက စာအုပ်ကြီး တအုပ် ကျွန်ုပ်ကိုပေးလေသည်။ ထိုစာအုပ်ထဲ၌ အခြားစာများ အပြင် ပါမောက္ခ မက်စ်မူလာ ဘာသာ ပြန်ထားသည့်

ဓမ္မပဒနှင့် အသံဃောသရေးသော ဗုဒ္ဓဝင် ပါရှိလေ၏။ ကျွန်ုပ်၏မိတ်ဆွေသည် ထိုစာအုပ်ကို ဖတ်သည်။ သို့ရာတွင် သူသည် ခရစ်ယာန်အဖြစ်က ပြောင်းလဲ မသွား။ ကျွန်ုပ်လည်း ထိုစာအုပ်ကို ဖတ်သည်။ ကျွန်ုပ်ကမူ ဗုဒ္ဓဘာသာဖြစ်လာ၏။

ကျွန်ုပ်သည် သိပ္ပံနည်းကျသော ဘာသာတရားကို အစဉ်တစိုက် စုံစမ်းလာခဲ့သည်။ နောက်ဆုံး၌ ကျွန်ုပ်လိုလားနေသော အရာကို တွေ့ရလေ၏။ ဗုဒ္ဓဘာသာသည် ကျွန်ုပ် ကြာမြင့်စွာက တောင့်တလာခဲ့သောအရာကို ဖြည့်တင်း ပေးလိုက်လေ၏။ ကျွန်ုပ် ဗုဒ္ဓဘာသာဝင်တဦးဖြစ်လာသည်။ ဗုဒ္ဓစာပေကျမ်းဂန်အမျိုးမျိုးကို စိတ်အား ထက်သန်စွာဖြင့်ဖတ်သည်။ ကျွန်ုပ်သည် ရေငတ်မွတ်နေသည့် သဲကန္တာရ ခရီးသည်နှင့် ပမာတူသည်။ နောက်ဆုံး၌ ကြာမျိုးစုံပေါက်နေသည့် ရေကန် တကန်ကို တွေ့ရ၍ အေးမြကြည်လင်နေသောရေကို အားပါးတရ သောက်ပစ်လိုက်လေသည်။

ကျွန်ုပ်သည် ဗုဒ္ဓ၏တရားတော်ကို သက်ဝင်ယုံကြည်သည်။ သို့ဖြစ်၍ လောကီကိုစွန့်လိုက်၏။ အိန္ဒိယသို့ လာခဲ့၏။ မြန်မာပြည်၌ ရဟန်းပြုလိုက်၏။

(ဌေးတာရီမဂ္ဂဇင်း
ပါရဂူ၏ သာသနာ့ခရီးသည် မှ)

ဓမ္မပဒတွင် အရေးအကြီးဆုံး ပဓာန အချက်မှာ မြတ်စွာဘုရားဟောကြားတော်မူသော အဆုံးအမ ဩဝါဒ ဂါထာတို့ပင် ဖြစ်သည်။

ထို ဂါထာတို့ ဖြစ် ပေါ် လာ ရခြင်း အ ကြောင်း အဋ္ဌကထာတို့ကို ဆရာ အရှင် ဗုဒ္ဓဃောသက အဋ္ဌကထာဖြင့်ဖွင့်ပြသော အကြောင်းအရာ အဋ္ဌကထာတို့မှာ လွန်စွာ စိတ်ဝင်စားဘွယ် ကောင်းသဖြင့် စာရှုသူတို့

သည့် အရေးကြီးသော ဂါထာရောက်အောင် မသွားနိုင်ကြဘဲ ဝတ္ထု ဇာတ်လမ်းမှာပင် ဝဲလည်၍ နေကြလေသည်။ စကားစပ်မိလျှင် ဇာတ်လမ်းကိုပင် မှတ်တမ်းတင်လိုက်၏။ မင်္ဂလာဆောင် ဘိသိက်ဆရာကလည်း 'ဝိသာခါဇာတ်လမ်းကိုယူပြီး ဩဝါဒပေး၏။ ဘုရားကိုးဆူဆရာကလည်း အာယုဝဍ္ဎန (ဒီဃာဝု) သတို့သား ဇာတ်ဝတ္ထုကို ပမာပြု၏။ ကွက်စိပ်ဆရာကလည်း ကုမ္ဘဃောသက သေဋ္ဌေးဖြင့် အရည်သွေး၏။ ဇာတ်ပွဲ၊ ရုပ်သေးပွဲတို့ကလည်း ပဋာစာရီစသော ဇာတ်ကို သရုပ်ဖော်ကြ၏။ ဓမ္မကထိကတို့လည်း ဆိုင်ရာဆိုင်ရာ ဇာတ်ဝတ္ထုတို့ကို ဖွဲ့နွဲ့ ဟောပြောကြလျက် ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရေးဆရာ၊ ကဗျာဆရာ စသူတို့လည်း အမျိုးမျိုးသော ဇာတ်ဝတ္ထုတို့ကိုပင် ခြယ်မှုန်း ထုလုပ် သီကုံးဖွဲ့နွဲ့ကြသည်။ အရေးကြီးသော ဂါထာသို့ အရောက်ပို့မပေးနိုင်ကြချေ။ သို့ကြောင့် ဓမ္မပဒ ဂါထာသက်သက်ကိုသာ ဘာသာပြန်သော စာအုပ်ငယ် သုံးလေးအုပ် အသီးသီး ပေါ်ထွက်လာခဲ့ကြသည်။ သို့ရာတွင် ဂါထာ ဘာသာပြန်ချည်း သက်သက်မှာလည်း အချို့အချက်အလက်မှာ အသိခက်နေပြန်သဖြင့် လူတို့ အာရုံစိုက်မှု ရှိသင့်သလောက် မရှိချေ။

ဤဘာသာပြန်ကား ထိုထိုအပြစ်တို့ကို ရှောင်ကွင်းလျက် မကျယ်လွန်း မကျဉ်းလွန်းသော အလယ်အလတ်ဖြစ်၏။ မူလပင်မ ဂါထာပုဒ်ကို သဘောပေါက်ရုံမျှသော ဇာတ်ဝတ္ထုကို ဖော်ပြပေးပါ၍ မျှမျှတတရှိလိမ့်မည်ဟု ထင်ပါသည်။ ဤနည်းမှာ ဘာသာပြန်သူ စတင်တွေ့ရှိသော နည်းလမ်း မဟုတ်ပါ။ ရှေးအခါက သင်္ဂဇာ ဆရာတော်၏ နည်းဟောင်းကို ခေတ်နှင့် အလျော်ပြုပြင် စီစဉ်လိုက်ခြင်းသာ ဖြစ်ပါသည်။ သို့ဖြင့် ဆရာတော်၏ ဓမ္မပဒ ပါဠိတော် နိဿယကို ထပ်ဆင့် ဘာသာပြန်သည်ဟု မယူဆစေလိုပါ။ အကြောင်းကား ဤဘာသာပြန်သည် ဆရာဗုဒ္ဓဃောသ၏ အဖွင့်အပြ အလုံးစုံကိုပင် အကုန်ဖော်ပြခြင်း မရှိပါ။ မြတ်စွာဘုရား၏ မူလပင်မဂါထာ စကားလုံးအတိုင်း သိနိုင်လောက်လျှင် ထိုအတိုင်းပင် ပြန်ဆိုလိုက်ပါသည်။ ကိုယ်တိုင် စဉ်းစားယူရခြင်း၏ အရသာကို ခံစားစေလိုသောကြောင့် ဖြစ်ပါသည်။

ဓမ္မပဒ၏ ကျေးဇူးရပ်တို့ကို ပြည့်စုံအောင် ဘယ်သူ ပြောနိုင်ပါမည် နည်း။ ကိုယ်တိုင်သိစေရန် ကိုယ်တိုင်လေ့လာခြင်းသည် အကောင်းဆုံး နှင့် အမှန်ဆုံးဖြစ်၏။ ဓမ္မပဒကို ဝတ္ထုဖတ်သကဲ့သို့ ဂမူးရှူးတိုး တထိုင် တည်း မဖတ်သင့်ချေ။ မိမိစိတ်၏ ဆိတ်ငြိမ်ရာကို ရွေးချယ်ပြီး အေးအေး ဆေးဆေး တပုဒ်သာ ရှေဦးစွာ စိတ်ဖြင့် ဖတ်ပါ။ ထိုနောက် မိမိ နား ကြားစေရန် အသံထွက်ဖတ်ပြီး စဉ်းစားပါ။ လောကနှင့် သို့မဟုတ် သိပ္ပံနှင့် ဆက်စပ်ကြည့်ပါ။ ဝိဇ္ဇာဖြင့် တွေးပါ။ တနေ့အတွက် အစုံအစုံ ဖြစ်လျှင် ဂါထာနှစ်ပုဒ်ထက် ပို၍ မဖတ်သင့်ချေ။ ထို့အတွက် စဉ်းစား တွေးဆဘို့ဘား အချိန်ရသလောက် ယူနိုင်၏။ မလုံလောက်သေး လျှင် နောက်နေ့များအထိ ဆက်လက်တွေးဆသင့်၏။ များစွာဖတ်ပြီး နည်းနည်းတွေးခြင်းဖြင့် လိုအပ်သော အကျိုးဖလ ရလိမ့်မည် မဟုတ် ချေ။ ဓမ္မတရားကို သဘောပေါက်ပြီး လွတ်မြောက်မှု ရသွားသူတို့မှာ ဂါထာ များ စွာ ကြားနာခြင်း မရှိကြချေ။ အများအားဖြင့် တပုဒ် တဂါထာဖြင့်ပင် ကျွတ်ပြီးမြောက် သိဋ္ဌိပေါက်သွားကြသည်။

စိတ်၏ ဆိတ်ငြိမ်ရာမှာ လေယာဉ်၊ မီးရထား၊ သင်းဘော၊ ရုပ်ရှင်ရုံ စသည်တို့၌လည်း ဖြစ်နိုင်၏။ တကယ် အတွင်းစိတ် ဆိတ် ငြိမ် သူ တို့ အတွက် အပြင်အပ ဆူဆူညံညံတို့ မနှောင့်ရှက်နိုင် ကြပါ။ ယေဘုယျ လူများအတွက် ကိုယ်စိတ် အပန်းဖြေရာတွင် ဖတ်ဖို့ အကောင်းဆုံး ဖြစ်၏။ သို့ရာတွင် မိမိနှင့် တိုက်ဆိုင်သည့် တပုဒ်ထက်ပိုပြီး မဖတ်မိရန် အထူးသတိပြုပါ။ အကယ်၍ ဓမ္မပဒကို လေ့လာပြီးကလည်း ဤနည်း လမ်း စည်းကမ်းတို့ကို အလိုအလျောက်ပင် ကိုယ်တိုင်ကိုယ်ပိုင် သိမည် ဖြစ်သည်။ ဗုဒ္ဓမြွက်ဘား လက်ငင်းအကျိုးကို အချိန်မရွေး ပေးလေ့ရှိ၍ လက်တွေ့လေ့လာပါလျှင် အခြေခံရှိသူတို့ ကောင်းစွာ သိနိုင်လေသည်။ ဘယ် အကြောင်းကြောင့် စိတ်ထိခိုက်နေပါသနည်း။ အကြီးအကျယ် စိတ်ညစ်နေသူအတွက် အကောင်းဆုံး မိတ်ဆွေမှာ ဓမ္မပဒပင် ဖြစ်၏။ တပုဒ်တဂါထာတည်းဖြင့်ပင် ဆောက်တည်ရာ ရနိုင်လေသည်။ လှန်ချင် သည့် နေရာကို လှန်လိုက်ပြီး မျက်စိအောက်ရောက်ရာ စာပုဒ်ကို ဖတ်

လိုက်ပါ။ ထိုစာပုဒ်သည် စာဖတ်သူအတွက် အမှန်ပင် အသုံးဝင်မည်မှာ ယုံမှားစရာ မရှိပါ။

ဓမ္မပဒ ဂါထာပုဒ်တို့၏ အထက်တွင် ဝတ္ထုဇာတ်လမ်း ကလေးများ အသီးသီး ပါဝင်သည်။ ထိုဝတ္ထုများမှာ ဂါထာကို သဘောပေါက်ရုံမျှ အတွက်သာ ဖြစ်ပါသည်။ သူတို့ကို အလေးအနက်ပြုရန် မသင့်ချေ။ စင်စစ် အတွေးနက်ရှိုင်းမှာ ထိုဝတ္ထုနောက်တွင်ပါရှိသော ဘုရားဟော ဂါထာတို့ပင် ဖြစ်၏။ ထိုဂါထာတို့ကို အနည်းဆုံး တနေ့တပုဒ် ဖတ်ဖြစ်အောင် ကြိုးစားပါဘိ။

# ဓမ္မပဒ လမ်းညွှန်

သံဂါယနာတင် အရှင်တို့သည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဓမ္မပဒဂါထာ (၄၂၃) ပုဒ်တို့ကို သဘောတူရာ ဂါထာတို့ကို ပေါင်းပြီး အပေါင်းအစု ဝဂ္ဂအားဖြင့် (၂၆) ဝဂ် ခွဲခြား သတ်မှတ်တော်မူကြလေသည်။ ဂါထာတို့ကို အနေးကဏ္ဍ ခွဲခြားခြင်းပင်ဖြစ်၏။ သို့ဖြင့် ဓမ္မပဒဂါထာတို့ကို လေ့လာသူတို့အတွက် များစွာ လွယ်ကူသွားလေသည်။ ဂါထာစုဖြစ်သောဝဂ်၏ အမည်နာမတို့မှာ ထိုဂါထာတို့က ညွှန်ပြသော ဓမ္မတရား၏ အနက်အဓိပ္ပာယ်ကို ဆောင်သော အနွတ္ထ အမည်တို့ပင် ဖြစ်၏။ မိမိလေ့လာကြည့်ရှုလိုသော အကြောင်းအရာ အချက်အလက်ကို ဝဂ်၏အမည်ဖြင့် တိုက်ဆိုင်ရှာဖွေက အလွယ်တကူပင် တွေ့နိုင်ပေသည်။

(၁) ယမကဝဂ္ဂ=အစုံအစုံတရားစု။ ။ကုသိုလ်နှင့် အကုသိုလ်၊ အမျက်ထားခြင်းနှင့် မထားခြင်း၊ ရန်ငြိုးဖွဲ့ခြင်းနှင့် မဖွဲ့ခြင်း စသဖြင့် အစုံအစုံဖြစ်သော စုံတွဲများကို ပေါင်းစု၍ ကဏ္ဍဖွဲ့ထား၏။ ဆန့်ကျင်ဘက်ဖြစ်သော အမိုအမ၊ အပူ အအေး၊ အကျိုး အပြစ် ဒွန်တွဲတရားတို့ကို ဤတွင် ရှာဖွေရမည်ဖြစ်၏။ (စာမျက်နှာ ၁၉ မှ ၃၃ အထိ)

(၂) အပမာဒဝဂ္ဂ= မမေ့လျော့ခြင်း တရားစု။ ။ဤတွင် မမေ့လျော့ခြင်း၏ အပြစ်နှင့် မမေ့လျော့ခြင်း၏ အကျိုးတို့ကို ရှင်းလင်း ညွှန်ပြတော်မူသည်။ တိုးတက်ကြီးပွားချင်သူများ၊ မသေချင်သူများ အတွက် နည်းကောင်းကို ရနိုင်၏။ (စာမျက်နှာ ၃၄ မှ ၄၀ အထိ)

(၃) စိတ္တဝဂ္ဂ= စိတ်တရားစု။ ။စိတ္တဗေဒ၊ စိတ်ပညာ လိုက်စားသူတို့အတွက် လေးနက်သောအချက်အလက်တို့ကို ဤတွင် ကောင်းစွာ ရနိုင်၏။ (စာမျက်နှာ ၄၁ မှ ၄၈ အထိ)

(၄) ပုပ္ဖဝဂ္ဂ= ပန်းတရားစု။ ။အလွန် လှပစွာသော ပန်းမာလာဖြင့် နှိုင်းယှဉ်ထားသော တရားတို့၏ စုဝေးရာဖြစ်၏။ အနုပညာ မြတ်နိုးသူတို့၏ အာရုံကို မွေ့ထုံစေ၏။ (စာမျက်နှာ ၄၉မှ ၅၈အထိ)

(၅) ဗာလဝဂ္ဂ= လူမိုက်တရားစု။ ။ဘယ်ကဲ့သို့သော သူမျိုးကို လူမိုက်ခေါ်သနည်း။ ဤတွင် လူမိုက်၏ သဘော လက္ခဏာများ အပြည့်အစုံ အကုန် ပါဝင်၏။ (စာမျက်နှာ ၅၉ မှ ၆၉ အထိ)

(၆) ပဏ္ဍိတဝဂ္ဂ= လူလိမ္မာတရားစု။ ။လူလိမ္မာ၊ ပညာရှိ၊ ပဏ္ဍိတတို့ကို အဘိဓာန်သဖွယ် စုပေါင်းထား၏။ အဘယ်ကဲ့သို့သော လူလိမ္မာမျိုးနှင့် ပေါင်းသင်းလိုသနည်း။ (စာမျက်နှာ ၇၀မှ ၇၈အထိ)

(၇) အရဟန္တဝဂ္ဂ= ရဟန္တာတရားစု။ ။ရဟန္တာ ဆိုသည်မှာ အဘယ်နည်း ဟူသော ပြဿနာအတွက် ဤအခန်းကို ဖတ်ရှုကာမျှဖြင့် သဘော ပေါက်နိုင်သည်။ (စာမျက်နှာ ၇၉မှ ၈၅အထိ)

(၈) သဟဿဝဂ္ဂ= တထောင် တရားစု။ ။တရာ၊ တထောင် စသည်ဖြင့် အရေအတွက် ဥပမာနှင့် ယှဉ်ပြသားသော တရားဓမ္မတို့ကို ဤအခန်းတွင် တွေ့မြင်နိုင်သည်။ အလကားစကားတထောင်ထက် အကျိုးရှိသော စကားတခွန်း၏ တန်ဘိုးကို သိရမည်။ (စာမျက်နှာ ၈၆ မှ ၉၅ အထိ)

(၉) ပါပဝဂ္ဂ=မကောင်းမှုတရားစု။ ။မကောင်းမှုကိုမကောင်းမှုမှန်းသိရန် အမှန်ပင် လိုသည်။ မကောင်းမှုကို ကောင်းမှုထင်နေပါလျှင် အသို့နည်း။ ဤတွင် မကောင်းမှုတို့ကို ပေါင်းစုထား၏။ (စာမျက်နှာ ၉၆မှ ၁၀၄ အထိ)

(၁၀) **ဒါနဝဂ္ဂ**=ဒါနတရားစု။ ။သူတပါးကို ဒါနပေးခြင်း၊ ကိုယ်တိုင် ဒါနခံရခြင်းတို့၏ သဘောကိုသိက ဒါနကင်းနိုင်ပေမည်။ သူ့အတွက်ဖြစ်စေ၊ ကိုယ့်အတွက်ဖြစ်စေ ဒါနကို ရှောင်ရှားသင့်၏။ (စာမျက်နှာ ၁၀၅မှ ၁၁၁ အထိ)

(၁၁) **ဇရာဝဂ္ဂ**=အိုခြင်းတရားစု။ ။အိုခြင်းကို လက်ပိုက်ပြီး ကြည့်နေရန် မဟုတ်။ စောင့်နေရန် မဟုတ်။ အနိုင် တိုက်ယူရန် ဖြစ် ကြောင်းတို့ကို ဤတွင် အစီအစဉ်နှင့် တွေ့နိုင်၏။ (စာမျက်နှာ ၁၁၂ မှ ၁၁၇ အထိ)

(၁၂) **အတ္တဝဂ္ဂ**=မိမိကိုယ်တရားစု။ ။ကိုယ့်ကိုယ်ကိုယ် ချစ် သူတို့အတွက် ချစ်နည်းအမှန်ကို ညွှန်ပြသော အခန်းဖြစ်၍ ကိုယ့်ကိုယ် ကိုယ်ချစ်လျှင် လေ့လာရမည်။ (စာမျက်နှာ ၁၁၆ မှ ၁၂၃ အထိ)

(၁၃) **လောကဝဂ္ဂ**=လောကတရားစု။ ။လောက၏အထက် သို့ တက်ရန်အတွက်ပင်ဖြစ်၏။ လောကထက် လွန်မြတ်ခြင်းကို လူတိုင်း လိုချင်ပေလိမ့်မည်။ (စာမျက်နှာ ၁၂၄ မှ ၁၃၁ အထိ)

(၁၄) **ဗုဒ္ဓဝဂ္ဂ**=မြတ်စွာဘုရား တရားစု။ ။ဤဝဂ်ကို လေ့ လာပြီး ဘုရားဂုဏ်တော်ကို အောက်မေ့က လွန်စွာအရသာ တွေ့ နိုင်၏။ (စာမျက်နှာ ၁၃၂ မှ ၁၃၉ အထိ)

(၁၅) **သုခဝဂ္ဂ**=ချမ်းသာခြင်း တရားစု။ ။အများ အားဖြင့် လူတို့သည် ပစ္စည်းဥစ္စာ ကြွယ်ဝခြင်းကိုသာ ချမ်းသာဟု ထင်နေကြ ၏။ ချမ်းသာ၏အဖွင့်ကို ဤတွင်လေ့လာနိုင်၏။ (စာမျက်နှာ ၁၄၀ မှ ၁၄၅ အထိ)

(၁၆) **ပိယဝဂ္ဂ** = ချစ်ခြင်း တရားစု။ ။အချစ် အကြောင်း သိကောင်းစရာတို့ကို ဤတွင် ဟောကြားတော်မူသည်။ ဘယ်သူ့ကို ချစ်ချင်ပါသနည်း။ (စာမျက်နှာ ၁၄၆ မှ ၁၅၁ အထိ)

(၁၇) **ကောဓဝဂ္ဂ**=အမျက်ဒေါသ တရားစု။ ။ဒေါသ ဖြေ နည်းကို အလွယ်တကူ ယူနိုင်၏။ (စာမျက်နှာ ၁၅၂ မှ ၁၅၉ အထိ)

(၁၈) မလဝဂ္ဂ=အညစ်အကြေးတရားစု။ ။လူ၏ အညစ်အကြေးတို့ကို ဥပမာအမျိုးမျိုးတို့ဖြင့် ရှင်းပြထား၍ သန့်ရှင်းရေးအတွက် အလေးအနက် ဖတ်သင့်၏။ (စာမျက်နှာ ၁၆၀ မှ ၁၆၈ အထိ)

(၁၉) ဓမ္မဋ္ဌဝဂ္ဂ=တရားရှိခြင်း တရားစု။ ။ဘယ်သူသည် ဘယ်သို့ တရားရှိသနည်း။ တရားသူကြီးက စ၍ တရားရှိခြင်း မရှိခြင်းတို့ကို အစဉ်အတိုင်း ဟောကြားသွား၏။ (စာမျက်နှာ ၁၆၉ မှ ၁၇၄ အထိ)

(၂၀) မဂ္ဂဝဂ္ဂ=လမ်းတရားစု။ ။မဂ္ဂင်ရှစ်ပါး၏ အဖွင့်ဟု ဆိုနိုင်ပါ၏။ ပစ္စုပ္ပန်အတွက် နည်းကောင်းလမ်းပြလည်း ဖြစ်ပါသည်။ (စာမျက်နှာ ၁၇၅ မှ ၁၈၂ အထိ)

(၂၁) ပကိဏ္ဏကဝဂ္ဂ=အထွေထွေတရားစု။ ။အဆိုပါအခန်းနှင့် နောက်တွင် လာမည့် အခန်းတို့တွင် မပါဝင်သော သင်ခန်းစာများ ဤတွင် တွေ့ရမည်။ (စာမျက်နှာ ၁၈၃ မှ ၁၈၉ အထိ)

(၂၂) နိရယဝဂ္ဂ=ငရဲတရားစု။ ။ငရဲကြီးသော အကြောင်းတို့ကို ဤအခန်းတွင် ပေါင်းစုထားရာ ငရဲကြီးမှာ ကြောက်သူများ သတိထားရန် ဖြစ်၏။ (စာမျက်နှာ ၁၉၀ မှ ၁၉၅ အထိ)

(၂၃) နာဂဝဂ္ဂ=ဆင်တရားစု။ ။ဆင်နှင့် ဥပမာပေးသော ဓမ္မတရားတို့ကို ပေါင်းစုထားသော အခန်း ဖြစ်၏။ (စာမုက်နှာ ၁၉၆ မှ ၂၀၂ အထိ)

(၂၄) တဏှာဝဂ္ဂ=တဏှာ တရားစု။ ။တဏှာ အကြောင်း ကောင်းစွာသိလျှင် လူဖြစ်ကျိုးနပ်နိုင်၏။ တဏှာ၏ သဘောတရားတို့ကို ဤတွင် လေ့လာပါ။ (စာမျက်နှာ ၂၀၃ မှ ၂၁၃ အထိ)

(၂၅) ဘိက္ခုဝဂ္ဂ=ရဟန်း တရားစု။ ။သာသနာ စည်ပင်ရေးအတွက် ရဟန်းများ လိုသည်။ ဤတွင် ရဟန်း၏ သရုပ်ကို ရှင်းပြထား၏။ (စာမျက်နှာ ၂၁၄ မှ ၂၂၂ အထိ)

(၂၆) ဗြာဟ္မဏဝဂ္ဂ=ပုဏ္ဏား တရားစု။ ။နောက်ဆုံး ပိတ် အိတ်နှင့်လွယ်ရသော အခန်းဖြစ်၍ ကျယ်လည်း ကျယ်သည်။ ဤအခန်းကို မလေ့လာဘဲ ဗြာဟ္မဏ အကြောင်းကို ကောင်းစွာ သိမည် မဟုတ်ချေ။ (စာမျက်နှာ ၂၂၃ မှ ၂၄၃ အထိ)

# ၁ — ယမကဝဂ်

## အစုံစုံ တရားစု

### (၁) စက္ခုပါလ [မျက်မမြင် ရဟန်း]

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ်အခါ စက္ခုပါလ အမည်ရှိသော ရဟန်းသည် မျက်စိမမြင်သောကြောင့် စင်္ကြံသွားရာတွင် ပိုးပရန် ကောင်များကို နင်းမိ၍ ပိုးကောင်တို့ သေကျေပျက်စီးကုန်၏။ တပါးသော ရဟန်းတို့ မြင်လျှင် စက္ခုပါလအား ကဲ့ရဲ့ပြီး ဘုရားကို လျှောက်ထားကြလေသည်—

"အရှင်ဘုရား၊ စက္ခုပါလ စင်္ကြံသွားရာတွင် ပိုးကောင်များ သေကျေပျက်စီးကြပါသည်"

"ရဟန်းတို့၊ သူ ပိုးကောင်များ သတ်သည်ကို သင်တို့ မြင်ခဲ့ကြသလော"

"ကိုယ်တိုင်ကား မမြင်ပါ။ သေနေသော ပိုးကောင်တို့ကို တွေ့ရပါသည်"

"သူ ပိုးကောင်များ သတ်သည်ကို သင်တို့ မမြင်သကဲ့သို့ပင် သူသည်လည်း ပိုးကောင်တို့ကို မမြင်ချေ။ စင်စစ် ရဟန္တာတို့မှာ သေစေလိုသော စိတ်စေတနာ မရှိကြပါ"

"စက္ခုပါလသည် ရဟန္တာဖြစ်ပါလျက် ဘယ်ကြောင့် မျက်စိ ကွယ်ရသနည်း"

"ရှေးဘဝက သူပြုခဲ့သော အကုသိုလ် အစဉ်လိုက်ခြင်းပင် ဖြစ်သည်" ဟု မိန့်ကြားပြီးလျှင် အကုသိုလ်ကံ၏ သဘောကို ဟော တော်မူသည်—

မဟုတရားတို့မှာ စိတ်သာ ရှေ့သွား ခေါင်းဆောင် ဖြစ်ကုန်၏၊ စိတ်သာ အကြီးအမှူး ဦးစီးဖြစ်ကုန်၏၊ စိတ်အတိုင်း ဖြစ်ကုန်၏၊ မကောင်းစိတ်ဖြင့် ပြောဆို ပြု လုပ် ကြစည်သူ၏ နောက်သို့ (လှည်းဘီးသည် ဝန်ဆောင် နွား၏ ခြေရာသို့ အစဉ်လိုက်သကဲ့သို့) ဆင်းရဲဒုက္ခ လိုက် လေသည်။

× × ×

(၂) မဋ္ဌကုဏ္ဍလိ [နတ်သား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်အခါ သေ ဌေးသား မဋ္ဌကုဏ္ဍလိသည် တစ်ခုတရာ ဒါန သီလ စသော ကုသိုလ် ကောင်းမှု မပြုခဲ့ဘူးချေ။ သို့ပါလျက် သေခါနီး ကာလတွင် ဆွမ်းခံကြွတော်မူသော မြတ်စွာဘုရားကို တွေ့မြင်ရ၍ ကြည်ညိုလိုက် ကာမျှဖြင့် တာဝတိံသာသို့ ရောက်သွားလေ၏။ မဋ္ဌကုဏ္ဍလိသည် ရွှေဗိမာန်၊ နတ်သမီးအခြံအရံနှင့် တကွ ဘုရားထံသို့လာ၍ သူ၏

အဖြစ်သနစ် အကြောင်းအရာတို့ကို ပြန်ပြောင်း လျှောက်ထား၏။ ထိုအခါ အဖသေဋ္ဌေးကြီးက မြတ်စွာဘုရားအား မေးလျှောက်၏။

"ဘော ဂေါတမ၊ သင့်ကို ကြည်ညိုကာရုံမျှဖြင့် နတ်ပြည် လောကသို့ ရောက်နိုင်ပါသလော"

"ဒါယကာ သေဋ္ဌေး၊ ရတနာသုံးပါးကို ပူဇော်သော စေတနာဖြင့် ကြည်ညိုမြတ်နိုးသူတို့ နတ်ပြည်သို့ ရောက်သွားသော အရေအတွက်ကို ဂဏန်းချ၍ ပြရန်ပင် မဖြစ်နိုင်ပါ။ စိတ်စေတနာ ဖြူစင်လေက မည်သူမဆို ကောင်းမွန်သောအကျိုးဖလကို မုချရနိုင်လေသည်"ဟု မိန့်ကြားပြီး ကုသိုလ်ကံ၏ သဘောကို ဟောတော်မူသည်—

မေ့တရားတို့မှာ စိတ်သာ ရှေ့သွား ခေါင်းဆောင် ဖြစ်ကုန်၏၊ စိတ်သာ အကြီးအမှူး ဦးစီးဖြစ်ကုန်၏၊ စိတ် အတိုင်း ဖြစ်ကုန်၏၊ ကောင်းသောစိတ်ဖြင့် ပြောဆို ပြုလုပ် ကြံစည်သူ၏နောက်သို့ (အရိပ်သည် အစဉ်လိုက် သကဲ့သို့) ချမ်းသာသုခ အစဉ်လိုက်လေသည်။

× × ×

## (၃) တိဿ [အယောင်ဆောင်ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကြီးမှ ရဟန်းပြုသော ဘထွေးတော်၏သား တိဿ ရဟန်းသည် စားကောင်း သောက်ဖွယ်တို့ကို စားသောက်ပြီး အစည်းအဝေး ခန်းမ ဆောင်တွင် အိပ်ကာ နေလေ့ရှိ၏။ ဘုရားဖူးလာသော အာဂန္တုရဟန်းတို့သည်သူ့ကို ဆရာတော်ကြီးတပါးဟု ထင်မှတ် ပြီးအရိုအသေပြုရန်၊ ဝတ်ကြီးဝတ်ငယ်ပြုစုရန် မေးကြသော်လည်း

မဖြေချေ။ မသိမသာပင် အရိုအသေပြုခြင်း၊ ဝတ်ကြီးဝတ်ငယ် ပြုခြင်းတို့ကို ခံယူနေ၏။ တခါသော် သူ့အကြောင်းကို သိသော ရဟန်းတပါးက သူ့အား ဆိုမ၏။

"သင်ကား ကိုယ့်ပမာဏကို မသိချေ။ မိမိထက် သိက္ခာဝါ ကြီးသော ရဟန်းတို့ကို တွေ့မြင်ပါလျက် ဘယ့်ကြောင့် ခရီးဦးကြို အရိုအသေ မပြုသနည်း"

ထိုအခါ တိဿသည် ခတ္တိယမျိုးမာန်တက်ကာ ဒေါသဖြင့် ဘုရားထံသွားပြီး လျှောက်ထား၏။ မြတ်စွာဘုရားသည်အမှန်သို့ ရောက်အောင် စစ်မေးပြီး တိဿအား ဆုံးမတော်မူသည်—

ဤသူသည် ငါ့ကို ဆဲရေး၏၊ ငါ့ကို ညှဉ်းဆဲ၏၊ ငါ့ကို အနိုင်ကျင့်၏၊ ငါ့ဥစ္စာကို ယူ၏ ဟု စိတ်၌ အမျက်ထား လျက် ရန်ငြိုးဖွဲ့သောသူတို့မှာ ရန်မငြိမ်းချေ။

ဤသူသည် ငါ့ကို ဆဲရေး၏၊ ငါ့ကို ညှဉ်းဆဲ၏၊ ငါ့ကို အနိုင်ကျင့်၏၊ ငါ့ဥစ္စာကို ယူ၏ ဟု စိတ်၌ အမျက်မထား၊ ရန်ငြိုးမဖွဲ့သော သူတို့မှာ ရန်ငြိမ်းလေ၏။

× × ×

## (၄) ကာဠီ ယက္ခိနီ [ဘီလူးမ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ အမျိုးသမီးတဦး၏ ကလေးကို ကာဠီအမည်ရှိသော ဘီလူးမက သတ်ရန်လိုက်ရာ မြတ်စွာဘုရားက သူတို့နှစ်ယောက်ကို ခေါ်ပြီး ဆုံးမတော်မူ၏။

ရှေးအခါက အမြုံမသည် သားသည် အမေ၏ကလေးကို သတ် ခဲ့၏။

တဖန် သားသည်အမေမက ကြောင်ဖြစ်၍ အမြဲမက ကြက်မ ဖြစ်ရာ ကြက်မ၏သားကို ကြောင်က သတ်ခဲ့၏။

တဖန် ကြက်မက ကျားသစ်ဖြစ်၍ ကြောင်က သမင်ဖြစ်ရာ သမင်မ၏ ကလေးကို ကျားသစ်မက သတ်ခဲ့၏။

ယခုအခါ ကျားသစ်မသည် သားသည်အမေ အမျိုးသမီးဖြစ်၍ သမင်မက ကာဠီဘီလူးမ ဖြစ်လာသည်။

မြတ်စွာဘုရားသည် ဤသို့လျှင် သူတို့၏အတိတ်ဘဝကို ရှင်းပြပြီးနောက် ဘီလူးမအား "အဘယ့်ကြောင့် ဤသို့ပြုဘိသနည်း။ အကယ်၍ ငါနှင့်သာ မတွေ့ပါလျှင် မြွေနှင့် မြွေပါကဲ့သို့ရှင်း၊ ဝက်ဝံနှင့် ကြို့ပင်နတ်ကဲ့သို့ရှင်း၊ ကျီးနှင့် ခင်ပုတ်ငှက်ကဲ့သို့ရှင်း ကမ္ဘာ့ရန်သူများ ဖြစ်သွားကြလိမ့်မည်"ဟု မိန့်ကြားပြီး ရန်ပြေမာန်ပြေတရား ဟောကြားတော်မူသည်—

> လောက၌ ရန်တုံ့မူသဖြင့် ရန်တို့သည် တခါတဆစ်မျှ မပျောက်ကုန်၊ ရန်တုံ့ မမူသဖြင့်သာလျှင် ရန်တို့သည် ပျောက်ငြိမ်းကုန်၏၊ ဤသို့ ရန်မလိုမှ ရန်ပြိုခြင်းသည် ရှေးရှေး၌ဖြစ်သော သဘောတံထွာ ဓမ္မတာပင်တည်း။

× × ×

## (၅) ကောသမ္ဗက [ခိုက်ရန်ဖြစ်ပွားသော ရဟန်းများ]

မြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ နေတော်မူသောအခါ ကောသမ္ဗီပြည်သား ရဟန်း တို့သည် ဂိုဏ်းနှစ်ဂိုဏ်း ကွဲနေကြ၏။ တဂိုဏ်းမှာ ဓမ္မကထိက ခေါင်းဆောင်သောဂိုဏ်းဖြစ်၍ အခြားတဂိုဏ်းမှာ ဝိနည်းဓိုရ် ခေါင်းဆောင်သောဂိုဏ်းဖြစ်၏။ တနေ့တွင် ဓမ္မကထိက ပုဂ္ဂိုလ် ကုဋိ (အိမ်သာ)

တက်ရာတွင် ရေကိုသုံးပြီး ရေခွက်တွင် ရေအနည်းငယ်ချန်ထား၍ ဝိနည်းဓိုရ်က အပြစ်နှင့် စွပ်စွဲရာမှအစပြုပြီး အခြင်းများရာ မြတ်စွာဘုရားကိုယ်တိုင် စေ့စပ်မရအောင်ကွဲပြားသွားလေသည်။ မြတ်စွာဘုရားသည် အများနှင့် နေခြင်းကို ငြီးငွေ့တော်မူသဖြင့် ကိုယ်တော်တပါးတည်း ပါလိလေယျတောသို့ကြွကာ ဝါဆိုတော်မူ၏။ ဝါကျွတ်သောအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ကြွသွား၏။ ထိုအခါ ကောသမ္ဗီပြည်သား ရဟန်းများသည် သူတို့ အချင်းချင်း ကွဲပြားခြင်းကို နောင်တကြီးစွာဖြစ်ပြီး မြတ်စွာဘုရားအထံသို့ သွားကာ တောင်းပန် ညီညွတ် ကြသောကြောင့် သူတို့အား ဓမ္မတရား ညွှန်ကြားတော်မူသည်—

သူမိုက်တို့သည် ဤလောက၌ မိမိတို့အမြဲမနေ သေရဦးမည်ကို မအောက်မေ့ မဆင်ခြင်ဘဲ ခိုက်ရန်ဖြစ်ပွားကြကုန်၏၊ ပညာရှိတို့ကား ဤလောက၌ မိမိတို့ အမြဲမနေ သေရဦးမည်ကို အောက်မေ့ဆင်ခြင်လျက် ခိုက်ရန် ငြိမ်းအောင် ပြုကြကုန်၏။

× × ×

## (၆) စူဠ ကာဠ၊ မဟာ ကာဠ [ရဟန်းညီနောင်]

မြတ်စွာဘုရား သေတဗျမြို့ သိံသပါ တော၌ နေတော်မူသောအခါ သေတဗျမြို့သား သူကြွယ်ညီနောင် နှစ်ယောက် ဖြစ်ကြသည့် စူဠ ကာဠ နှင့် မဟာ ကာဠ တို့ ရဟန်း ပြုကြလေသည်။ တနေ့တွင် စူဠကာဠ၏ ရှေးလူဖြစ်တုန်းက မယားသည် ဘုရားအမှူးရှိသော သံဃာကို သွမ်းစားပင့်ပြီးလျှင် စူဠကာဠကို ဆွဲငင်ဖမ်းဆီးလျက် လူထွက်စေလေ၏။ မဟာကာဠ၏ ရှေး လူဖြစ်တုန်း

က မယားသည်လည်း ဘုရားအမှူးရှိသော သံဃာကို ဆွမ်းဖိတ် ပြန်လေသည်။ မြတ်စွာဘုရားသည် သံဃာနှင့်တကွကြွ၍ ဆွမ်း ဘုန်းပေးပြီးလျှင် မဟာကာဠကို အနုမောဒနာပြုရန် ထားခဲ့၍ ကျောင်းသို့ ပြန်လေသော် ရဟန်းတို့က မဟာကာဠအတွက် စိုးရိမ် ကြ၍ မေ့တရား ညွှန်ကြားတော်မူသည်—

တင့်တယ်သောအာရုံကို အဖန်တလဲလဲ ရှုလေ့ရှိသော၊ ဣန္ဒြေကို မစောင့်စည်းသော၊ အစာအာဟာရ၌ အတိုင်း အရှည်ကို မသိသော၊ ပျင်းရိ၍လုံ့လ မရှိသောသူကို(လေ မုန်တိုင်းသည် အားနည်းသော သစ်ပင်ကို လှဲသကဲ့သို့) ကိလေသာမာရ် ကိုယ်တွင်းရန်သည် နှိပ်စက် ဖျက်ဆီး သေ၏။

မတင့်တယ်မှုကို အဖန်တလဲလဲ ရှုလေ့ရှိသော၊ ဣန္ဒြေ ကို စောင့်စည်းသော၊ အစာအာဟာရ၌ အတိုင်းအရှည်ကို သိသော၊ ယုံကြည်မှုနှင့် လုံ့လရှိသောသူကို(လေပြေ လေ ညင်းသည် ကျောက်တောင်ကို မလှဲနိုင်သကဲ့သို့) ကိလေ သာမာရ် ကိုယ်တွင်းရန်သည် မနှိပ်စက် မဖျက်ဆီးနိုင် ချေ။

× × ×

## (၇) ဒေဝဒတ္တ [ဒေဝဒတ်]

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဒေဝဒတ်သည် မိမိနှင့် မသိုက်တန်သော အသပြာတသောင်း တန် သင်္ကန်းကို ဝတ်ရုံ၍ ရာဇဂြိုဟ်တွင် လှည့်လည်နေကြောင်းနှင့် ရဟန်းတို့ လျှောက်ထားကြလေသည်—

"မြတ်စွာဘုရား၊ ရှင်ဒေဝဒတ်သည် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန် ကဲ့သို့သော အဂ္ဂသာဝကတို့နှင့်သာ ထိုက်တန်သော သင်္ကန်းကို ဝတ်ရုံကာ ရာဇဂြိုဟ်တွင် လှည့်နေပါသည်။ ဤသင်္ကန်းသည် သူနှင့် လုံးဝ မထိုက်တန်ပါ"၊

"ရဟန်းတို့၊ သူသည် ရှေးအခါ မှုဆိုးဖြစ်စဉ်က ဤသို့ပင် သူနှင့် မထိုက်တန်သော သင်္ကန်းကို ဝတ်ရုံကာ ရှင်ပစ္စေကဗုဒ္ဓါတို့အား ကြည်ညိုသော ဆင်တို့ကို လှည့်ပတ်ကာ သတ်ခဲ့ဘူးလေသည်"ဟု မိန့်ကြားကာ တရားပြတော်မူ၏–

ကိလေသာ ဆိုးရည်လည်း မကင်း၊ ဣန္ဒြေကို ဆုံးမစောင့်ရှောက်ခြင်းလည်း မရှိ၊ မှန်ကန်သော စကားကိုလည်း ပြောလေ့ မရှိသောသူသည် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ရုံရန် မထိုက်ချေ။

ကိလေသာ ဆိုးရည်လည်း ကင်း၊ သီလ ကို လည်း ကောင်းစွာစောင့်ရှောက်၊ ဣန္ဒြေကိုလည်း ဆုံးမ စောင့်ရှောက်၍ မှန်ကန်သော စကားကို ပြောလေ့ရှိသူသာ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ရုံရန် ထိုက်တန်၏။

× × ×

## (၈) သာရိပုတ္တ [ရှင်သာရိပုတ္တရာ]

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဥပတိဿနှင့် ကောလိတ မည်သော လုလင်နှစ်ယောက်တို့သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်သော ရှင်အဿဇိထံမှ တရားနာကြားရ၍ သောတာပန်ဖြစ်ပြီးမှ ဘုရားအထံသို့လာ၍ ရဟန်းပြုကြ၏။ အဂ္ဂသာဝက အဖြစ်ကို ရကုန်၍ အရှင်သာရိ

ပုတ္တာရာ၊ အရှင်မောဂ္ဂလာန် ဟု ထင်ရှားကုန်၏။ တနေ့တွင် ရှင်သာရိပုတ္တာရာသည် မြတ်စွာဘုရားအား ရှိခိုး လျှောက်ထားလေသည်—

"မြတ်စွာဘုရား၊ အကျွန်ုပ်တို့ ဆရာဟောင်းဖြစ်သော သိဉ္စည်းပရိဗိုဇ်ကို အရှင်ဘုရားထံသို့ ခေါ်ပါသော်လည်း မလိုက်ပါ။ အိုးစရည်းကြီး ပြုလုပ်ပြီးလျှက် အိုးငယ် ခွက်ငယ်ဝယ် သောက်ခွက်ငယ် မလုပ်နိုင်ဟု ပြောပါသည်"

"ချစ်သားတို့၊ သိဉ္စည်းသည် အနှစ်မဲ့ကို အနှစ်ရှိ၊ အနှစ်ရှိကို အနှစ်မဲ့ဟု ယူဆနေ၏။ သင်တို့ကား အနှစ်ရှိ မရှိကို သိသဖြင့် အကာကိုပစ်၊ အနှစ်ကို ယူကုန်၏"ဟု မိန့်ကြားကာ တရားပြတော်မူသည်—

အနှစ်မရှိသော တရားကို အနှစ်ရှိ၊ အနှစ်ရှိသောတရားကို အနှစ်မရှိဟု မှတ်ထင်ကာ အယူမှားသူတို့သည် အနှစ်သာရကို မရနိုင်ကြချေ။

အနှစ်ရှိသော တရားကို အနှစ်ရှိ၊ အနှစ်မရှိသော တရားကို အနှစ်မရှိဟုသိ၍ အယူမှန်သူတို့သာ အနှစ်သာရကို ရနိုင်ကြလေသည်။

× × ×

## (၉) နန္ဒ [ညီတော် မင်းနန်]

မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ရောက်သောအခါ အဘိသိက်မင်္ဂလာ၊ အိမ်တက်မင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ ပြုမည်ရှိသော ညီတော်မင်းနန် ကို သပိတ်အထမ်းခိုင်း၍ ကျောင်းသို့ ရောက်လျှင် ရဟန်းပြု၏။ ဘုရား သာဝတ္ထိသို့ ကြွတော်မူသောအခါ

ရှေနန်းတော် ပြတင်းက ဇနပဒကလျာဏီ မှာကြားလိုက်သော စကားကြောင့် သာသနာ၌ ငြီးငွေ့သော ညီတော်မင်းနန်ကို အထူးထူးသော အကြောင်း ဥပါယ်တို့ဖြင့် ဆုံးမ၍ ရဟန္တာအဖြစ်သို့ ရောက်စေတော်မူသည်။ တပါးသော ရဟန်းက "ငါ့ရှင်နန္ဒ၊ ငြီးငွေ့သလော"ဟု မေးသည်ရှိသော် "မငြီးငွေ့"ဟု ဆို၏။ ထိုအကြောင်းကို ရဟန်းတို့ လျှောက်ထားသောအခါ "ရဟန်းတို့၊ ရှေးအခါက သူ၏ကိုယ်သည် အမိုးမလုံသော အိမ်နှင့်တူ၍ ယခုမူ အမိုးလုံသောအိမ်နှင့် တူလေပြီ"ဟု မိန့်ကြားပြီး တရားပြလေသည်–

အမိုးမလုံသော အိမ်တွင်းသို့ မိုးယိုသကဲ့သို့ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းမရှိသော သူ၏ စိတ်တွင်းသို့ ကိလေသာရာဂ ယိုကျ၏။

ကောင်းစွာမိုးသော အိမ်တွင်းသို့ မိုးမယိုသကဲ့သို့ ကမ္မဋ္ဌာန်းစီးဖြန်းသော သူ၏ စိတ်တွင်းသို့ ကိလေသာရာဂ ယိုမကျနိုင်ချေ။

× × ×

## (၁၀) စုန္ဒသူကရိက [ဝက်ထိုးသမား]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ၌ စုန္ဒအမည်ရှိသော ဝက်ထိုးသမားသည် ငါးဆယ့်ငါးနှစ် ပတ်လုံး ဝက်သတ်၍ သေခါနီးကာလ၌ ဝက်ကဲ့သို့ အော်၍ ဆင်းရဲကြီးစွာ ရောက်နေ၏။ ခုနစ်ရက်တိုင်မျှ သူ၏အိမ်မှ အမြဲမပြတ် ဝက်အော်သံကြားရ၍ ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားလေသည်–

"မြတ်စွာဘုရား၊ စုန္ဒသည် အဘယ်မျှ ကြီးကျယ်ခမ်းနားသော မင်္ဂလာအခမ်းအနား ပြုလုပ်နေသည် မသိပေ။ သူ၏အိမ်မှ အစဉ် မပြတ် ဝက်အော်သံ ကြားနေရပါသည်။ သူ့တွင် မေတ္တာ ကရုဏာ အနည်းငယ်မျှ မရှိတကား"

"ရဟန်းတို့၊ ယခုအခါ စုန္ဒ ဝက်မသတ်နိုင်ချေ။ သူ၏ မကောင်းမှု အကုသိုလ်က သူ့ကို ပြန်ပြီးသတ်နေခြင်း ဖြစ်သည်။ ထို့ကြောင့် သူသည် မခံမရပ်နိုင်ဖြစ်ကာ ဝက်ကဲ့သို့ အော်နေရခြင်း ဖြစ်၏။ မကောင်းမှုမည်သည် ဘယ်အခါမျှ မကောင်းချေ"ဟု မြွက်ကြားပြီး ဓမ္မတရား ညွှန်ကြားတော်မူလေသည်–

> မကောင်းမှု ပြုသောသူသည် ဤဘဝမှာလည်း စိုးရိမ်သောက ဖြစ်ရ၏၊ နောင်ဘဝမှာလည်း စိုးရိမ်သောက ဖြစ်ရ၏၊ ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့မှာ စိုးရိမ်သောက ဖြစ်ရ၏၊ သူသည် မိမိပြုသော မကောင်းမှုကို မြင်၍ စိုးရိမ်ပင်ပန်းရ၏။

× × ×

## (၁၀) ဓမ္မိက ဥပါသက [သိတင်းသည်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဓမ္မိကအမည်ရှိသော သိတင်းသည် သည် ဒါန သီလ စသော ကုသိုလ်ကောင်းမှုတို့ကို အခါကာလအားလျော်စွာ ပြုလုပ်နေ၏။ ထို့ဖြင့် သေခါနီးကာလသို့ ရောက်သောအခါ ရဟန်းတို့ကို ပင့်၍ မဟာသတိပဋ္ဌာနသုတ်ကို နာကြား၏။ တရားမဆုံးမီ နတ်ပြည်မှ နတ်များ နတ်ရထားဖြင့် ဆိုက်ရောက်လာပြီး သူ့အား သူ့ထက်

ငါ ခေါ်ကြ၏။ ထိုအခါ သူက "ခဏ ဆိုင်းကြပါအုံး"ဟု ဆို လေရာ ရဟန်းတို့သည် သူတို့အား တားမြစ်သည် ထင်၍ သုတ္တန် ရွတ်ခြင်းကိုဖြတ်ပြီး ကျောင်းသို့ပြန်သွားကြကာ မြတ်စွာဘုရား အား လျှောက်ကြားကြ၏—

"မြတ်စွာဘုရား၊ တရားကို လွန်စွာ လိုလားသော ဓမ္မိက ဥပါ သကာသည် သေခါနီးကာလတွင် စိတ်ဖောက်ပြန်ပြီး သုတ္တန် ရွတ်ဆိုခြင်းကို တားမြစ်ပါသည်"

"ရဟန်းတို့၊ ဓမ္မိက ဥပါသကာသည် သင်တို့အား တားမြစ် ခြင်း မဟုတ်ချေ။ နတ်တို့အား တားမြစ်ခြင်းသာ ဖြစ်၏"ဟု မိန့် ကြားပြီး ကုသိုလ်၏အာနိသင်ကို ဟောကြားတော်မူသည်—

ကောင်းမှုပြုသောသူသည် ဤဘဝမှာလည်းရွှင်လန်း ဝမ်းမြောက်ရ၏၊ နောင် ဘဝ မှာ လည်း ရွှင်လန်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့ မှာ ရွှင်လန်း ဝမ်းမြောက်ရ၏၊ သူသည် မိမိပြုသော ကောင်းမှုကို မြင်၍ သွန်စွာ ရွှင်လန်း ဝမ်းမြောက်ရ၏။

× × ×

## (၁၂) ဒေဝဒတ္တ [ဒေဝဒတ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဒေဝဒတ်သည် အဇာတသတ်နှင့် ပူးပေါင်း၍ ဘုရားရှင်ကို သတ် ခြင်းငှာ လေးသမားတို့ကို စေလွှတ်ခြင်း၊ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်လှိမ့်၍ ခြေမ၌ သွေးစိမ်းတည်အောင် ပြုခြင်း၊ နာဠာဂီရိ ဆင်ကို လွှတ်ခြင်း၊ သံဃာကို သင်းခွဲခြင်းပြုပြီးလျှင် ကိုးလ ပတ်

လုံး ရောဂါရောက်၍ သေခါနီးကာလမှ ဘုရားကို ဖူးမြင်လိုသည်ဟု ထမ်းစင်စီး၍လာရာ ဇေတဝန်ကျောင်း ရေကန်ဝယ် ရေချိုးရန် ထမ်းစင်မှ ဆင်းရာတွင် မြေကြီးခွဲ၍ မျိုလေ၏။ ထိုအကြောင်းကို ရဟန်းတို့ လျှောက်ကြားကြ၍—

"ရဟန်းတို့၊ ရဟန်းဖြစ်စေ လူဖြစ်စေ မေ့လျော့စွာ နေပါလျှင် ပူပန်ရမည်သာတည်း" ဟု မိန့်တော်မူပြီး အကုသိုလ်၏ သဘောကို ဟောကြားတော်မူသည်—

မကောင်းမှု ပြုသောသူသည် ယခုလည်း ပူပန်ရ၏၊ နောင်လည်း ပူပန်ရ၏၊ ခုရော နောင်ပါ ပူပန်ရ၏၊ မကောင်းမှုကို ငါ ပြုမိပြီဟု ပူပန်ရ၏၊ အပါယ်သို့ ရောက်သောအခါ သာ၍ ပူပန်ရလေ၏။

× × ×

## (၁၃) သုမနာ ဒေဝီ [သေဌေးသမီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အနာထပိဏ် သေဌေးသည် သမီးငယ် သုမနာဒေဝီ သေဆုံးခါနီး၌ "အမယ် သုမနာ"ဟု ခေါ်လိုက်လျှင်–

"မောင်ငယ်၊ အဘယ့်ကြောင့် ခေါ်သနည်း"ဟု ဆို၏။

"ယောင်ယမ်း လေသလော"ဟု မေးလျှင်

"မောင်ငယ်၊ ငါ မယောင်ယမ်း" ဆို၍ သေဆုံးသွား၏။ သေဌေးကြီးသည် စိတ်မကောင်းဖြစ်ကာ ထိုအကြောင်းကို မြတ်စွာဘုရားအား သွား၍ လျှောက်ကြားရာတွင်—

"သေဋ္ဌေးကြီး၊ သင်ကား သောတာပန်သာတည်း။ သမီးသည် သကဒါဂါမိဖြစ်၍ မဂ်ဖိုလ်တို့ဖြင့် သင့်ထက်ကြီးသောကြောင့် သင့်ကို မောင်ငယ်ဟု ခေါ်သည်။ ယောင်ယမ်းသည် မဟုတ်"ဟု မိန့်ပြီး ဓမ္မဘာရား ဟောကြားတော်မူသည်—

ကောင်းမှုပြုသူသည် ယခုလည်း နှစ်သက်ရ၏၊ နောင်လည်း နှစ်သက်ရ၏၊ ခုရော နောင်ပါ နှစ်သက်ရ၏၊ ကောင်းမှုကို ငါပြုခဲ့ပြီဟု နှစ်သက်ရ၏၊ သုဂတိ ဘဝသို့ ရောက်သောအခါ သာ၍ နှစ်သက်ရ၏။

× × ×

## (၁၄) ဒွေသဟာယက [သူငယ်ချင်း ရဟန်းနှစ်ပါး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကျမ်းဂန်တတ်သော ဓမ္မာစရိယ ရဟန်းတပါးသည် မိတ်ဆွေ ဖြစ်သော ဝိပဿနာ ရဟန်းကို ပြဿနာမေး၍ နှိပ်စက်မည်ရှိသည်တွင် ဘုရားရှင် ကြွတော်မူ၍ ဓမ္မာစရိယအား မဂ်လေးပါးပြဿနာ မေးရာ မဖြေနိုင်၍ ဝိပဿနာရဟန်းအား မေးပြန်၏။ ဝိပဿနာ ရဟန်းက လျင်မြန်စွာ ဖြေလေရာ ဘုရားရှင် ကောင်းချီးပေး၍ ဓမ္မတရား ညွှန်ကြားတော်မူသည်—

စာပေပရိယတ္တိကို များစွာ သင်ကြား ပို့ချငြားလည်း မေ့လျော့စွာ နေသောသူသည် (သူတပါး၏ နွားများကို ထိန်းကျောင်း၍ ရေတွက်ကာ ပြန်အပ်ရသော နွားကျောင်းသားသည် နွားအရသာကို မခံစားရသကဲ့သို့) မဂ်ဖိုလ်အရသာကို မခံစားရချေ။

စာပေပရိယတ္တိကို အနည်းငယ်မျှသာ သင်ကြား ပို့ချသော်လည်း တရားနှင့်အညီ အားထုတ်သူသည် ရာဂ ဒေါသ မောဟကို ခွာ၍ အမှန်ကို သိ၏၊ စိတ်သည် ကိလေသာမှ လွတ်၍ ဤဘဝ နောင်ဘဝ၌ အစွဲအလမ်း မရှိဘဲ မဂ်ဖိုလ် အရသာခံစားရ၏။

## ၂— အပ္ပမာဒ ဝဂ္ဂ

### မမေ့လျော့ခြင်းတရားစု

(၁) သာမာဝတီ[မိဖုရား]

မြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ နေတော်မူသောအခါ မာဂဏ္ဍီသတ်၍ သာမာဝတီ အမှူးရှိသော မောင်းမ ငါးရာ သေကြရ၏။ ထို့ကြောင့် ဥတေနမင်းသည် မာဂဏ္ဍီ နှင့်တကွ သူ၏ ဆွေမျိုးများစွာကို သတ်ပစ်လေသည်။ ထိုအကြောင်းကို ရဟန်းတို့ ပြောဆိုကြလေရာ ရဟန်းတို့အား မမေ့လျော့က မသေနိုင်ကြောင်းတရားကို ဟောကြားတော်မူသည်—

မမေ့လျော့ခြင်းသည် သေခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏၊ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းဖြစ်၏၊ မမေ့လျော့သော သူတို့သည် သေ

သည် မမည်ကုန်၊ မေ့လျော့သော သူတို့သည် သေသော သူတို့ကဲ့သို့တည်း။

မမေ့လျော့သော ပညာရှိတို့သည် ဤသို့ အထူးကို သိ၍ မမေ့လျော့ခြင်း၌ ဝမ်းမြောက်ကြ၍ သူတို့သည် အရိယာတို့၏ ကျက်စားရာ၌ မွေ့လျော်ကြလေသည်။

ထိုပညာရှိတို့သည် စျာန်ရကုန်သည်ဖြစ်၍ အမြဲမပြတ် အားထုတ်ကြသဖြင့် အနှောင်အဖွဲ့ကင်းရာ အမြတ်ဆုံး နိဗ္ဗာန်သို့ ရောက်ကုန်၏။

× × ×

## (၂) ကုမ္ဘ ဃောသက [သေဌေးကြီး]

မြတ်စွာဘုရား ဝေဠုဝန် ကျောင်း၌ နေတော်မူသောအခါ **ဗိမ္ဗိသာရ** မင်းကြီးသည် ဘုရားရှင်ထံသို့ လာ၍ လျှောက်ထား၏—

“ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ရှေးအခါ ယခင်းအနာတိုက်၍ သေသော ရာဇဂြိုဟ် သေဌေး၏သား **ကုမ္ဘ ဃောသက** လုလင်သည် မိဘတို့ အမွေအနှစ် မြှုပ်ထားအပ်သော ဥစ္စာ ကုဋေလေးဆယ်ရှိလျက် မိမိ သေဌေးသား၏ အဖြစ်ကို မသိစေဘဲ၊ မကောင်း မလှသား နွမ်းပါးသော အသွင်ဖြင့် ကြာမြင့်စွာနေလေသည်။ ယခုမှ ဥပါယ်တမျဉ်ဖြင့် သိအောင်ပြု၍ သေဌေး အရာ ပေးရပါသည်”

ထိုအခါ မြတ်စွာဘုရားသည် ကြီးပွား ချမ်းသာရေး တရား ညွှန်ကြားတော်မူလေသည်—

ထကြွလုံ့လဝီရိယလည်းရှိ၊ သတိ လည်း ရှိ၊ စင်ကြယ်
သော အလုပ်ကိုလည်း လုပ်၊ စူးစမ်း ဆင်ခြင်၍လည်း

ပြုလေ့ ရှိ၊ ဣန္ဒြေကိုလည်း စောင့်စည်း၊တရားသဖြင့်လည်း အသက်မွေး၍ မမေ့လျော့သော သူအား ကျော်စော ခြင်း တိုးပွား၏။

× × ×

(၃)စူဠပန္ထက[စူဠပန်]

မြတ်စွာဘုရား ဝေဠုဝန် ကျောင်း၌ နေတော်မူသောအခါ အရှင်စူဠပန်သည် လေးပါဒရှိသော တဂါထာကို လေးလတိုင်မျှ သင်ကြားသော်လည်း မရနိုင်ဘဲ ဖြစ်နေ၏။ သို့ကြောင့် သူသည် သာသနာတော်မှ ထွက်မည်ပြုသောအခါ ဘုရားသခင်သည် သူ့အား 'ရဇောဟရဏ' ကမ္မဋ္ဌာန်းကို သင်ကြားပေး၏။ သူသည် ထိုကမ္မဋ္ဌာန်းကို စီးဖြန်းလေရာ တခဏချင်း အဘိဉာဉ်၊ ပဋိသမ္ဘိဒါ၊ သမာပတ်နှင့် ပြည့်စုံသော ပိဋကတ်သုံးပုံဆောင် ရဟန္တာအဖြစ်သို့ ရောက်သွားလေ၏။ ထိုအကြောင်းကို ရဟန်းတို့ ချီးမွမ်းကြ လေရာ မြတ်စွာဘုရားသည် သူတို့အား ဓမ္မတရား ညွှန်ကြားတော်မူသည်—

ထကြွလုံ့လရှိခြင်း၊ မမေ့လျော့ခြင်း၊ သီလစောင့် စည်းခြင်း၊ ဣန္ဒြေကို ဆုံးမခြင်းရှိသော ပညာ ရှိသည် သံသရာ သမုဒ္ဒရာ၌ ကိလေသာရေအယဉ် မဖျက်ဆီးနိုင် သော၊ အရဟတ္တဖိုလ် တည်းဟူသော မိမိ မှီရာကျွန်းကို ပြုရာ၏။

× × ×

(၄) ဗာလ နက္ခတ္တ [လူပိုက်နက္ခတ်ပွဲ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော် မူသောအခါ သာဝတ္ထိမြို့၌ ခုနစ်ရက်ပတ်လုံး ဗာလနက္ခတ်ပွဲသဘင် ခံရာတွင်

လူမိုက်တို့၏ အမူအရာ အပြောအဆိုကြောင့် သူတော်ကောင်းတို့ အိမ်တွင်းမှ မထွက်ဝံ့ကုန်။ မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့ကိုလည်း မြို့တွင်းသို့ ဆွမ်းခံမဝင်ရန်လျှောက်ကြားပြီး ကျောင်းမှာပင် ဆွမ်းကွမ်းကိစ္စ စီရင်ပေးကြ၏။ ခုနစ်ရက်လွန်မှ ဘုရားကို ပင့်၍ ဆွမ်းကျွေးပြီးလျှင် ဤအကြောင်းကို လျှောက်ထားကုန်၍ ဓမ္မတရား ညွှန်ကြားတော်မူလေသည်–

ပညာမရှိသော သူမိုက်တို့သည် မေ့လျော့ခြင်းဖြင့်
အချိန်ဖြုန်းကြ၏၊ ပညာရှိသည်ကား မမေ့လျော့ခြင်း
ကိုသာ မြတ်သော ဥစ္စာကဲ့သို့ စောင့်ရှောက်၏။

မေ့လျော့ခြင်း မဖြစ်စေကုန်လင့်၊ ကိလေသာအာရုံ
ကာမဂုဏ်၌ မွေ့လျော် ပျော်ပါးတတ်သော တဏှာနှင့်
မပေါင်းလင့်၊ မမေ့လျော့သည်ဖြစ်၍ ရှုဆင်ခြင်သူသည်
ကြီးကျယ်သော သုခသို့ ရောက်၏။

× × ×

## (၅) မဟာ ကဿပ [ရှင်မဟာကဿပ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာကဿပသည် ပိပ္ပလိဂူ၌ သီတင်းသုံးနေ၏။ ထိုအခါ သူသည် သတ္တဝါတို့ဖြစ်ခြင်း၊ သေခြင်းတရားကို ဆင်ခြင်စဉ်းစားနေ၏။ မည်သို့ စဉ်းစားသော်လည်း သူ၏ဉာဏ်တွင် ပိုင်းခြားထင်ထင် မသိမြင်နိုင်ဘဲ ဖြစ်နေရာ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းမှနေ၍ ရောင်ခြည်တော်လွှတ်ကာ–

"ကဿပ၊ သတ္တဝါတို့၏ဖြစ်ခြင်း သေခြင်း အပိုင်းအခြားကို သိရန်မှာ သင်၏အရာ မဟုတ်ချေ။ မမေ့မလျော့ခြင်းသာ သင်၏

အရာဖြစ်၏”ဟု မိန့်တော်မူပြီး ဓမ္မတရား ဟောကြားတော်မူသည်—

ပညာရှိသည် မမေ့လျော့သော သတိဖြင့် မေ့လျော့ခြင်းကို ပယ်ဖျောက်၍ စိုးရိမ်ကြောင့်ကြကင်းစွာ ပညာတည်းဟူသော ပြာသာဒ်ပေါ်သို့တက်ပြီး စိုးရိမ်ကြောင့်ကြရှိသော သတ္တဝါအပေါင်းကို ကြည့်၏၊ တောင်ထိပ်ပေါ်က လူသည် မြေပြင်က လူတို့ကို မြင်ရသကဲ့သို့ ပညာရှိသည် သူမိုက်တို့ကို မြင်ရလေသည်။

× × ×

## (၆) ဒွေ သဟာယက [သူငယ်ချင်း ရဟန်းနှစ်ပါး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားထံမှ ကမ္မဋ္ဌာန်းကို ယူ၍ တောကျောင်းသို့ ဝင်သော သူငယ်ချင်း ရဟန်းနှစ်ယောက်တို့တွင် တယောက်ကား သာမဏေငယ်တို့နှင့် ရယ်မောပြောဆိုလျက် မေ့မေ့လျော့လျော့ နေသည်။တယောက်ကား မမေ့မလျော့ အားထုတ်၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ထိုရဟန်းနှစ်ယောက်တို့သည် သီတင်းဝါလကျွတ်၍ မြတ်စွာဘုရားထံသို့ ရောက်ကြသည်ရှိသော် မေ့လျော့သော ရဟန်းကို ကဲ့ရဲ့တော်မူပြီး ဓမ္မတရား ဟောကြားတော်မူသည်—

မေ့လျော့ကုန်သော သူတို့တွင် မမေ့လျော့သော၊ အိပ်ပျော်သော သူတို့တွင် များစွာ နိုးကြားတတ်သော သူတော်ကောင်း ပညာရှိသည် (ခွန်အားကြီး၍ လျင်မြန်သော မြင်းကောင်းသည် အားမရှိသော မြင်းပိန်ကို

နောက်ချိန်ကာ ရှေ့သို့တက်သွားသကဲ့သို့)မေ့လျော့သော
သူကို သံသရာ၌ ချန်ထားခဲ့၍ နိဗ္ဗာန်သို့ သွားလေ၏။

× × ×

## (၇) မာဃ [သိကြားလမ်းစဉ်]

မြတ်စွာဘုရားသည် ဝေသာလီပြည် ကူဋာဂါရကျောင်း၌ နေတော်မူသောအခါ မဟာလိ အမည်ရှိသော လိစ္ဆဝီမင်းသည် သိကြား (မာဃ)ဖြစ်ခြင်း အကြောင်းကို မေးလျှောက်ရာတွင်—

မိဘကို လုပ်ကျွေးခြင်း၊ ကြီးသူတို့ကို အရိုအသေ ပြုခြင်း၊ ပြေပြစ်သော စကားကိုဆိုခြင်း၊ ကုံးတိုက်သောစကားကို ပယ်ခြင်း၊ သစ္စာကိုဆိုခြင်း၊ ဝန်တိုကင်းခြင်း၊ အမျက်ကို နှိပ်နင်းခြင်း၊ ဤ သိကြားကျင့်ဝတ် ခုနစ်ပါးကို ဟောကြားတော်မူပြီး မြတ်ဘုရား ညွှန်ကြားတော်မူလေသည်—

မမေ့လျော့ခြင်းကြောင့် သိကြားမင်း မာဃသည် နတ်တရာတို့ထက် မြတ်သော အကြီးအမှူး အဖြစ်သို့ ရောက်၏၊ မမေ့လျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏၊ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

× × ×

## (၈) အညတရ ဘိက္ခု [ရဟန်းတပါး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းတယောက်သည် မြတ်စွာဘုရားအထံမှ ကမ္မဋ္ဌာန်းယူ၍ တောသို့ဝင်ပြီး စီးဖြန်းပါသော်လည်း အရဟတ္တဖိုလ်သို့မရောက်

နိုင်သောကြောင့် မြတ်စွာဘုရားအထံသို့ ပြန်၍အလာတွင် တော မီးလောင်သည်ကိုမြင်၍ 'ဤမီးသည် လောင်စာတို့ကို ကျွမ်းစေ သကဲ့သို့ အရဟတ္တမဂ်သည် သံယောဇဉ်တို့ကို လောင်ကျွမ်း စေသည် ဖြစ်လတ္တံ့'ဟု ဆင်ခြင်သည်ကို ဇေတဝန်ကျောင်း၌နေ တော်မူလျက် သိတော်မူ၍ ရောင်ခြည်တော်လွှတ်ပြီး ထိုရဟန်း၏ ရှေ့၌ တည်ဘိသကဲ့သို့ ဓမ္မတရား ညွှန်ကြားတော် မူလေသည်—

မီးသည် ကြီးငယ်မရှောင် လောင်စာ ဟူသမျှကို လောင်၍ သွားသကဲ့သို့ မမေ့လျော့ခြင်း၌ မွေ့လျော် ၍ မေ့လျော့ခြင်း၏အပြစ်ကို မြင်သော ရဟန်းသည် နည်းများမဟူ သံယောဇဉ် အနှောင်အဖွဲ့ဟူသမျှကို အ ရိယာမဂ်မီးဖြင့်ရှို့လျက် နိဗ္ဗာန်သို့သွားလေ၏။

× × ×

## (၉) နိဂမ ဝါသီ တိဿ [တောနေရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တိဿ အမည်ရှိသော ရဟန်းသည် ပသေနဒီ ကောသလမင်း၊ အနာထပိဏ် သေဋ္ဌေး စသူတို့ အများ အပြား အလှူဒါန ပြုသော်လည်း တခါမျှ သာဝတ္ထိမြို့သို့ မလာချေ။ ဆွေမျိုးများ ရှိရာ ကျေးရွာ (နိဂမ-နိဂုံး)၌သာ နေ၏။ ထို့ကြောင့် သူ့ကို နိဂမ တိဿဟု ခေါ်ကြ၏။ ယင်းသို့လျှင် ဆွေမျိုးတို့၏ရွာ၌သာ ရသမျှဖြင့် ရောင့်ရဲနေသောသူကို အကြောင်းပြု၍ မြတ်စွာဘုရား သည် ရဟန်းတို့အား ဓမ္မတရား ညွှန်ကြားတော်မူလေသည်—

မမေ့လျော့ခြင်း၌ မွေ့လျော်၍၊ မေ့လျော့ခြင်း၌ ဘေး ဟု ရှုလေ့ရှိသော ရဟန်းသည် ဆုတ်ယုတ်ခြင်းငှာ မထိုက်၊ နိဗ္ဗာန်နှင့်သာလျှင် နီးကပ်၏။

# ၃ — စိတ္တဝဂ္ဂ

## စိတ်တရားစု

### (၁) မေဃိယ [ရဟန်း]

မြတ်စွာဘုရား စာလိယတောင်၌ နေတော်မူသောအခါ အရှင်မေဃိယသည် ထိုတောင်အနီး သရက်တော၌ ကမ္မဋ္ဌာန်း ထိုင်နေ၏။ သူသည် စိတ်ကို ကမ္မဋ္ဌာန်းအာရုံ၌ ကြိုးစား၍ တင်သော်လည်း ကမ္မဋ္ဌာန်းအာရုံတွင် မနေချေ။ တခါတရံ ကာမအာရုံသို့ ရောက်သွား၍၊ တခါတရံ ဒေါသနှင့် ယှဉ်၏။ တခါတရံ သူတပါး ပျက်စီးကြောင်းကို စဉ်းစားလျက်၊ တခါတရံညှဉ်းဆဲရေးကို ကြံတွေးမိ၏။ ဤဝိတက်တို့ကို ကြိုးစား၍ ဖယ်ခွာသော်လည်း မရနိုင်သဖြင့် တ၍ ပြန်ခဲ့ရာ မြတ်စွာဘုရားခေါ်၍ ဓမ္မတရား ညွှန်ကြားတော်မူ၏—

လေးသမားသည် မြားကောက်ကို တဖြည်းဖြည်း
ဖြောင့်သကဲ့သို့ ပညာရှိသည် လှုပ်ရှားသော၊ လျှပ်ပေါ်

သော၊ စောင့်စည်းနိုင်ခဲသော၊ တားဆီးနိုင်ခဲသော စိတ်ကို တဖြည်းဖြည်း ဖြောင့်ပေးလေသည်။

ရေမှဆယ်ကာ ကုန်းပေါ်သို့ ပစ်တင်လိုက်သော ငါးသည် ဆွေ့ဆွေ့ခုန် နေသကဲ့သို့ စိတ်သည် ကာမဂုဏ်အာရုံမှ ထုတ်၍ ကမ္မဋ္ဌာန်းဘာဝနာသို့ တင်လိုက်သောအခါ တုန်လှုပ်နေလေသည်။

× × ×

(၂) အညတရ ဘိက္ခု [ရဟန်းတပါး]

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းတယောက် သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူ၍ သာဝတ္ထိမြို့၏ ကျေးလက် မာတိကာ မည်သောရွာကို ကမ္မဋ္ဌာန်းစီးဖြန်းနေရန် သွားလေသော် ထိုရွာ၌ သူကြီးအမိ ဖြစ်သော အနာဂါမ် ဒါယိကာမကြီးသည် ထိုရဟန်းကို သိသည် ဖြစ်၍ တောင့်တ ကြံစည်တိုင်းသော ရသာချိုချဉ် ဘောဇဉ်ခဲဘွယ်တို့ကို ပို့စေ၏။ ကိုယ်တိုင်လာမူ ကောင်းလေစွဟု ကြံလျှင် ကိုယ်တိုင်လာ၏။ ရဟန်းသည် ဤသို့ကြံ၏ — 'ဤဒါယိကာမကြီးသည် ကြံသမျှသော ငါ၏စိတ်ကို သိ၏။ မတင့်တယ် မလျောက်ပတ်သည်ကို ကြံမိသည်ရှိသော် ခိုးထုပ် ခိုးထည်နှင့် ပုန်းကွယ်ရာ မရှိ။ ဖမ်းမိသော သူခိုးကဲ့သို့ ရှက်အိုးကြီး ကွဲရာသည်'ဟု ကြောက်ရွံ့ ထိုးရိမ်သောကြောင့် မြတ်စွာဘုရား အထံသို့ ထွက်ပြေးခဲ့၍ ဤအကြောင်းကို လျှောက်၏။ ဘုရားရှင်သည် ထိုရဟန်းကို ဆုံးမခြင်းငှာ ဟောကြားတော်မူသည် —

 

နှိပ်နင်းရန် ခဲယဉ်းသော၊ လျင်မြန်သော၊ တွေ့လေရာ ကာမဂုဏ်၌ ကျရောက်တတ်သော စိတ်ကို ဆုံးမလျှင် ကောင်း၏၊ ယဉ်ကျေးသော စိတ်သည် ချမ်းသာကို ဆောင်၏။

× × ×

(၃) ဥက္ကဏ္ဌိတ [လူထွက်ချင်သော ရဟန်း]

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသော အခါ သာဝတ္ထိမြို့၌ သေဌေးသား တယောက်သည် သာသနာတော်၌ ရဟန်းပြု၍ ဆရာဥပဇ္ဈာယ်တို့ ပြောဟောအပ်သော သုတ် အဘိဓမ္မာ၌ လာသော ကျင့်ရေး ကျင့်ရာ ကျင့်ခန်း၊ ဝိနည်း၌ လာသော ကျင့်ရေး ကျင့်ရာ ကျင့်ခန်း များစွာကို ကြားလျှင် 'သာသနာတော်၌ ပြုဘွယ်ကိစ္စ များပြား၏၊ နေနိုင်စရာမရှိ၊ လူထွက်တော့အံ့' ဟု ကြံ၍ မြန်စွာဘုရားကို လျှောက်ရာတွင် ထို ရဟန်းကို မေးတော်မူ၏—

"ရဟန်း၊ သို့ဖြစ်ပါလျှင် တခုတည်းသောအကျင့်ကို ကျင့်နိုင် မည်လော"

"တခုတည်းကိုကား ကောင်းစွာ ကျင့်နိုင်ပါမည်။ ဘယ် အကျင့်ပါနည်း"

"သင်၏ စိတ်တခုတည်းကိုသာ လုံခြုံအောင် စောင့်လော့" ဟု မိန့်တော်မူပြီး ဟောကြားတော်မူသည်—

မြင်တွေ့ရန် လွန်စွာခဲယဉ်းသော၊ အလွန်သိမ်မွေ့ သော၊ တွေ့ရာကာမဂုဏ်၌ ကျရောက်တတ်သော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏၊ လုံခြုံစွာ စောင့်ရှောက် အပ်သော စိတ်သည် ချမ်းသာကို ဆောင်တတ်၏။

× × ×

စိတ်ကို ဖြစ်စေ၍ ပညာလက်နက်ဖြင့် ရန်သူကိုစောင့်ရာ၏၊
ရပြီးသော ဈာန်ချမ်းသာကို သာယာငြိကပ်၍ မနေရာ။

× × ×

(၇) ပူတိဂတ္တ တိဿ [အနာပေါက်သော ရဟန်း]

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ တိဿ အမည်ရှိသော ရဟန်းမှာ တကိုယ်လုံး အနာ ဖုးရွှုးပေါက်၍ သွေးပြည်လိမ်းကျံ နံစော်ညှီပုပ် စက်ဆုပ်ဖွယ် ဖြစ်နေ၏။ တနေ့ မနက်တွင် မြတ်စွာဘုရားသည် ထိုရဟန်းကို တွေ့မြင်၍ ကိုယ်တော်တိုင် ရေနွေးကျိုပြီး ဆေးကြောသုတ်သင်ပေး၏။ ထိုအခါ တိဿသည် အတော်အတန် ပေါ့ပေါ့ပါးပါး ဖြစ်သွားပြီး တည်ကြည်သောစိတ်ဖြင့် အိပ်ရာတွင် လဲလျောင်းနေရာ မြတ်စွာဘုရားသည် သူ၏ ခေါင်းရင်း၌ရပ်ကာ ဓမ္မတရား ညွှန်ကြားတော်မူသည်–

ဤကိုယ်ကာယသည် မကြာမီ ဝိညာဉ်ကင်း၍ စွန့်ပစ်
ရမည့်အခြေသို့ ရောက်ပြီးလျှင် အသုံးမဝင်သော ထင်း
တုံးကဲ့သို့ မြေ၌ တုံးလုံးပက်လက် အိပ်စက်ရလိမ့်မည်။

× × ×

(၈) နန္ဒ ဂေါပါလက [နွားကျောင်းသား]

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ နွားကျောင်းသား နန္ဒသည် ဘုရားအမှူးရှိသော သံဃာကို ပင့်ပြီး ခုနစ်ရက်ပတ်လုံး နို့ဆွမ်း၊ ထောပတ်ဆွမ်း၊ နို့မှုံ့ စသည်တို့ဖြင့် လုပ်ကျွေး ပူဇော်၏။ ခုနစ်ရက်မြောက်သော နေ့တွင် မြတ်စွာ

ဘုရားကိုယ်တိုင် အနုမောဒနာတရား ဟောကြားတော်မူရာ ဒေသနာအဆုံးတွင် နန္ဒသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွား၏။ မြတ်စွာဘုရား ပြန်ကြွသောအခါ နန္ဒသည် သပိတ်ထမ်း၍ လိုက်ပို့၏။ အပြန်တွင် ရန်သူ မူဆိုးသတ်၍ သေရခြင်းကို အကြောင်းပြု၍ ရဟန်းတို့အား တရားဟောကြားတော် မူသည်-

ခိုးသူသည် ခိုးသူတယောက်ကို၊ သို့မဟုတ် ရန်သူသည် ရန်သူတယောက်ကိုမြင်လျှင် ဤဘဝမှာသာ အကျိုးမဲ့ ဖျက်ဆီးနိုင်၏၊ ယုတ်မာစွာ ရန်ငြိုးထားသော စိတ်သည် မိမိကိုယ်ကို ဘဝများစွာ ယုတ်မာအောင်ပြုပြီး အကျိုးမဲ့ ဖျက်ဆီးလေသည်။

× × ×

## (၉) သောရေယျ [သေဋ္ဌေးသား]

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ အရှင်မဟာကစ္စည်းကို ပြစ်မှားမိသော သောရေယျ သေဋ္ဌေးသားသည် ထိုအကျဉ်းပင် မိန်းမဖြစ်၍ သားနှစ်ယောက် မွေးခါမှ အရှင်ကို ကန်တော့၍ ယောကျ်ားဖြစ်ပြန်သော် အရှင်၏အထံ၌ ရဟန်းပြု၍ ရဟန္တာ အဖြစ်သို့ ရောက်လေ၏။ ထိုအခါ ရဟန်းတို့က "ယောကျ်ားဖြစ်စဉ်က ရသည့် သားနှစ်ယောက်နှင့် မာတုဂါမဖြစ်မှရသော သားနှစ်ယောက်တို့တွင် အဘယ်သားတို့ကို သာ၍ချစ်သနည်း" ဟု မေးကြရာ "သားလေးယောက်လုံးကိုပင် ချစ်ခြင်း မရှိ" ဟု ဖြေ၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကြ၍ မိန့်ကြားတော်မူသည်—

ချမ်းသာကို အမေလည်း မပေးနိုင်၊ အဖေလည်း မပေးနိုင်၊ ဆွေမျိုးတို့လည်း မပေးနိုင်ကြ၊ ကောင်းစွာ စောင့်ရှောက်သော စိတ်သာလျှင် မိဘ ဆွေမျိုးတို့ထက် ပိုလွန်၍ ပေးနိုင်၏။

## ၄—ပုပ္ဖ ဝဂ္ဂ

### ပန်းတရားစု

### (၁) ပဥ္စသတ ဘိက္ခု [ရဟန်းငါးရာ]

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရဟန်းငါးရာတို့သည် အစည်းအဝေး ခန်းမ၌ စည်းဝေး၍ ဤမည်သောဌာနတို့၌ မြေကောင်းသည် ညီညွတ်သည် စသဖြင့် မြေကြီးအကြောင်းကို ပြောဆိုနေကြ၏။ ထိုစဉ်တွင် မြတ်စွာဘုရား ကြွလာပြီး—

"ရဟန်းတို့၊ သင်တို့သည် ယခုအခါ ဘယ်စကားကို ဆွေးနွေးနေကြသနည်း" ဟု မေးတော်မူရာ "မြေအကြောင်းကို ပြောနေကြပါသည် မြတ်စွာဘုရား" ဟု လျှောက်ကြ၍ သူတို့အား ညွှန်ကြားတော်မူသည်—

ဘယ်သူသည် ဤကိုယ်ခန္ဓာ မြေကြီးကို ဝေဘန် [illegible]
သနည်း၊ အပါယ်ဘုံ နတ်ဘုံနှင့်တကွသော ဤလူ့ [illegible]

ဘယ်သူ ဝေဘန်စိစစ်သနည်း၊ ကျွမ်းကျင်သော ပန်းသည်သည် ပန်းတို့ကို ရွေးချယ်စိစစ်သကဲ့သို့ ကောင်းစွာ ဟောကြားသော ဓမ္မတရားကို ဘယ်သူ ရွေးချယ် စိစစ်သနည်း။

တရားကျင့်သူသည် ဤခန္ဓာကိုယ် မြေကြီးကို ဝေဘန်စိစစ်မည်၊ အပါယ်ဘုံ နတ်ဘုံနှင့် တကွသော ဤလူ့ဘုံကို တရားကျင့်သူ ဝေဘန် စိစစ်မည်၊ ကျွမ်းကျင်သော ပန်းသည် သည် ပန်းတို့ကို ရွေးချယ် စိစစ်သကဲ့သို့ ကောင်းစွာဟောကြားသော ဓမ္မတရားကို တရားကျင့်သူ ရွေးချယ် စိစစ်လိမ့်မည်။

× × ×

## (၂) ကပ္ပဋ္ဌာနိက ဘိက္ခု [ကမ္မဋ္ဌာန်း ရှုသော ရဟန်း]

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရဟန်းတပါးသည် မြတ်စွာဘုရားအထံမှ ကမ္မဋ္ဌာန်းယူပြီးလျှင် တောသို့သွားကာ စီးဖြန်း၏။ ကြိုးကြိုးစားစား စီးဖြန်းပါသော်လည်း တရားမတွေ့နိုင်သဖြင့် မြတ်စွာဘုရားအထံ ပြန်ကြား လျှောက်ထားရန် ပြန်လာရာ လမ်းခရီးအကြား အစိရဝတီမြစ်သို့ ရောက်သောအခါ ရေအဟုန်ကျိတ်ချေသဖြင့် ထလာသော ရေမြှုပ်တို့ ဖြစ်လိုက် ပျက်လိုက် ဖြစ်နေသည်တို့ကို တွေ့မြင်ရ၍ 'ဤခန္ဓာလည်း ဖြစ်ပြီးလျှင် ဤနည်းတူစွာ ပျက်လိမ့်မည်'ဟု ဆင်ခြင်ကြည့်၏။ ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်တွင် နေလျက် ရောင်ခြည်တော်ဖြင့် ဓမ္မတရား ညွှန်ကြားတော်မူသည်—

ဤ ကိုယ်ကာယကို ရေမြှုပ် ပမာ တံလှပ် ပမာ ကောင်းစွာ ဆင်ခြင် ခွဲခြားသိမြင်ပါလျှင် မာရ်မင်း၏ ပန်းပွင့်တို့ကို ခြေ၍ သေမင်း မမြင်ရာသို့ ရောက်ရာ၏။

× × ×

(၃) ဝိဋူဋဘ [မင်း]

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ဝါသဘ ခတ္တိယာ မိဖုရားမှမွေးသော ပသေနဒီ ကောသလမင်းကြီး၏သား ဝိဋူဋဘသည် ကပိလဝတ်ပြည်မှ သာကီဝင် မင်းသား အပေါင်းတို့ကို သတ်၏။ သတ်ပြီး၍ အပြန်တွင် အစိရဝတီ မြစ်နားဌ စစ်သည် ဗိုလ်ပါနှင့်တကွ တပ်ချ၍ အိပ်နေစဉ်တွင် ရုတ်တရက် မြစ်ရေပေါက်လာပြီး ရေအလျှင်ဖြင့် စစ်သည်နှင့်တကွ ဝိဋူဋဘမင်း ခမျှော၍ သေကျေ ပျက်စီးရ၏။ ထိုသတင်းတို့ကို မြတ်စွာဘုရား ကြားသိသောအခါ ရဟန်းတို့အား ဓမ္မတရား ညွှန်ကြားတော်မူသည်—

ပန်းတို့ကို ကောင်းနိုးရာရာ ရွေးချယ်သောသူကဲ့သို့ ကာမဂုဏ်အာရုံကို အစွဲအလမ်းကြီးစွာရွေးချယ်နေသော လူအပေါင်းကို (ကြီးစွာသော ရေအယဉ်သည် အိပ်မောကျနေသော ရွာကို လွှမ်းမိုး ခေါ်ဆောင်သွားသကဲ့သို့) သေမင်း ခေါ်ဆောင်သွားလေ၏။

## (၄) ပတိပူဇိကာ ကုမာရီ [လင်ကိုပူဇော်သူ]

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသော အခါ တာဝတိံသာ၌ ဥယျာဉ်သို့ဝင်၍ ပန်းဆွတ်နေသော နတ်သမီး တယောက်သည် စုတေ၍ သာဝတ္ထိပြည်၌ အမျိုးသမီးဖြစ်၏။ သားလေးယောက်ရမှ သေလွန်သည်ရှိသော် တာဝတိံသာဝယ် ရှေးဖြစ်မြဲ ပန်းဥယျာဉ်၌ ဖြစ်ပြန်၏။ ထိုအခါ ခင်ပွန်းဖြစ်သော မာလာဘာရီ နတ်သားက "နံနက်ခင်းက သင့်ကို မမြင်။ အဘယ် သို့ သွားသနည်း" ဟု မေးလျှင် စုတေ၍ လူဖြစ်ပြီး တဖန် နတ် ဖြစ်လာကြောင်းတို့ကို ပြောပြ၏။ ထိုနတ်သမီးသည် လင်ကို ပူဇော်သောကြောင့် ပတိပူဇိကာ အမည်ရှိ၏။ ဘုရားရှင်လည်း ဤအကြောင်းကို ရဟန်းတို့အား ဟောကြားပြီးလျှင် ဓမ္မဘုရား သွန်ကြားတော်မူသည်—

ပန်းတို့ကို ရွေးချယ်သောသူကဲ့သို့ ကာမဂုဏ် အာရုံ တို့ကို အစွဲအလမ်းကြီးစွာ ရွေးချယ် တောင့်တသူ အပေါင်းသည် ကာမဂုဏ်တို့၌ အလိုဆန္ဒ မပြည့်မီပင် သေမင်းခေါ်ရာသို့ လိုက်ရလေ၏။

× × ×

## (၅) မစ္ဆရိယ သေဋ္ဌိ [နှမြောသော သေဌေး]

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရာဇဂြိုဟ်ပြည်၏အနီး သက္ကရနိဂုံး၌ သူတပါးတို့အား ပေးရအံ့ သည်ကို နှမြောလှသောကြောင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ် ထက်သို့တက်၍ မိမိဘို့သာ မယားကို မုန့်ကြော်စေသော မစ္ဆရိယ ကောသိယ သေဌေးကို မဒ္ဒလ္လာရ ပျောက်အောင်၊ သဒ္ဓါတရား

ပေါက်အောင် ဟောကြားဆုံးမ၍ မြတ်စွာဘုရားထံသို့ ယူဆောင်ခဲ့သော အရှင်မဟာမောဂ္ဂလာန်၏ ဂုဏ်ကျေးဇူးကို အကြောင်းပြု၍ 'ရဟန်းတို့မည်သည် ပျားပိတုန်းကဲ့သို့ ကျင့်အပ်ကြောင်း'ကို ဟောတော်မူသည်—

ပျားပိတုန်းတို့သည် အဆင်းအနံ့ မပျက်စေဘဲ၊ ပန်းဝတ်ရည်ကို စုပ်ယူသွားသကဲ့သို့ ရဟန်းသည် မြို့ရွာ၌ လူတို့၏ သဒ္ဓါတရား အဆင်းအနံ့ကို မထိခိုက် မပျက်ပြားစေဘဲ ပစ္စည်းလေးပါးဝတ်ရည်ကို စုပ်ယူကျင့်သုံးရာ၏။

× × ×

## (၆) ပါဝေယျ အာဇီဝက [တက္ကတွန်း]

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ထိုပြည်၌ သူကြွယ်မတယောက်သည် ဘုရားရှင်ကို အိမ်သို့ပင့်၍ တရားတော်ကိုနာလျှင် ထိုသူကြွယ်မ သွားပြု၍ မွေးကျွေးပြုစုအပ်သော ပါဝေယျမည်သော တက္ကတွန်း(အာဇီဝက)သည် မစွေရနိုင်ပ်စက်၍ သည်းမခံနိုင်ရကား ဘုရားရှင်ကိုရင်း၊ ဒါယိကာမကြီးကိုရင်း ဆဲရေးလေ၏။ ဘုရားရှင်သည် ဒါယိကာမကြီး နှလုံးမသာခြင်းကို သိတော်မူ၍ ပျောက်ငြိမ်းစိမ့်သောငှာ ညွှန်ကြားတော်မူသည်—

သူတပါးတို့၏ မလျော်သောအမှုကို မရှုရာ၊
သူတပါးတို့၏ ကောင်းမှု မကောင်းမှုကို မရှုရာ၊
မိမိ၏ ကောင်းမှု မကောင်းမှုကိုသာ ရှုရာ၏။

## (၇) ဆတ္တပါဏိ ဥပါသကာ

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ဆတ္တပါဏိအမည်ရှိသော ဥပါသကာသည် ပညာရှိ၏၊ တရားကို သိ၏၊ ပိဋကတ်သုံးပုံကို ဆောင်၏၊ ယဉ်ကျေးသိမ်မွေ့၏။ ပသေနဒီကောသလမင်းကြီးသည် မင်းဖုရားတို့ကို စာပေသင်ကြားပေးရန် သူ့ကိုခေါ်၏။ သို့ရာတွင် မင်းအိမ်ဝယ် လူသားတို့ အနေဖြင့် အန္တရာယ်များလှ၍ သူ လက်မခံချေ။ သူ၏ အကြံပေးချက်အရ မင်းကြီးသည် အရှင်အာနန္ဒာအား တောင်းပန်ပြီး မိဖုရားများ စာသင်ရေးကို စီစဉ်၏။ အရှင်အာနန္ဒာ၏ အထံ၌ မလ္လိကာမိဖုရား၏ ရိုသေစွာစာသင်ခြင်း၊ ဝါသဘခတ္တိယာ မိဖုရား၏ မရိုမသေ စာသင်ခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောတော်မူသည်—

လှပသောအဆင်းသာရှိ၍ အနံ့မရှိသော ပန်းသည် အကျိုးမရှိသကဲ့သို့၊ ကောင်းစွာဟောကြားသော တရားသည်လည်း ရိုသေလေးစားခြင်းမရှိသူအား အကျိုးမရှိချေ။

အရောင် အဆင်း လှပ၍ မွှေးကြိုင်သော ပန်းသည် အကျိုးရှိသကဲ့သို့၊ ကောင်းစွာ ဟောကြားသော တရားသည်လည်း ရိုသေလေးစားခြင်း ရှိသူအား အကျိုးများ၏။

× × ×

## (ဂ) ၀ိသာခါ [ကျောင်းအမကြီး]

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ၀ိသာခါသည် နှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာတို့ဖြင့် ပုဗ္ဗာရုံကျောင်းကြီး ဆောက်၍ ဘုရားအမှူးရှိသော သံဃာအား လှူဒါန်းပူဇော်၏။ ကျောင်းလှူတ်ပူဇော်ပွဲကြီး ပြုလုပ်ပြီးသောအခါ ၀ိသာခါသည် သားသမီး မြေးမြစ်တို့ ခြံရံလျက် ၀မ်းမြောက်စွာ ဥဒါန်းကျူးလေလျှင် ရဟန်းတို့က မြတ်စွာဘုရားအား "မြတ်စွာဘုရား၊ ကျွန်ုပ်တို့သည် ၀ိသာခါ၏ သီချင်းသံကို တခါမျှမကြားဘူးကြပါ။ ယနေ့ သူ ဘယ်ကြောင့် သီချင်းသီပါသနည်း" ဟု လျှောက်ကြားကြရာ 'ရဟန်းတို့၊ ငါ့သမီး သီချင်းမသီပါ။ သူ မျှော်လင့်တောင့်တခဲ့သမျှ ပြည့်စုံ၍ ဥဒါန်းကျူးခြင်းသာ ဖြစ်သည်" ဟု မိန့်ကြားကာ ဓမ္မတရားကို ညွှန်ကြားတော်မူသည်—

> ပန်းအစုအပုံမှ ပန်းကုံးပေါင်းများစွာ ကုံးသကဲ့သို့၊
> မွေးတတ် သေတတ်သောသူသည် ဥစ္စာပန်း အစုအပုံမှ
> ကုသိုလ်ပန်းကုံး များစွာတို့ကို သီကုံးသင့်ပေ၏။

× × ×

## (ဃ) အာနန္ဒပဥှာ [ညီတော်အာနန္ဒာ၏ ပြဿနာ]

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ အရှင်အာနန္ဒာသည် ညနေချမ်းအခါ ဆိတ်ငြိမ်ရာတွင်နေလျက် 'မြတ်စွာဘုရားသည် အမြစ်နံ့သာ၊ အနှစ်နံ့သာနှင့် အပွင့်နံ့သာဟူ၍ မွန်မြတ်သော နံ့သာသုံးမျိုးကို ဟောကြားတော်မူ၏။ ထိုနံ့သာတို့သည် လေစုန်မှာသာ မွှေးရနံ့သင်းပျံ့၏။ လေကို ဆန်၍ သင်းပျံ့ခြင်း မရှိချေ။ လေဆန်၍ မွှေးပျံ့သင်းကြိုင် ရနံ့လှိုင်

သော ပန်းနံ့သာရှိသလော’ဟု စဉ်းစားပြီး မြတ်စွာဘုရားအထံ သွား၍ လျှောက်ကြား၏။ မြတ်စွာဘုရားသည် သူ၏ပြဿနာကို ဖြေရန် ဟောကြားတော်မူသည်—

ပန်းရနံ့သည် လေညာသို့ မသွား၊ စန္ဒကူး ဖြစ်စေ၊ စလပ်ဖြစ်စေ၊ စပယ်ကြက်ရုံးဖြစ်စေ လေညာသို့ မသွား၊ သူတော်ကောင်းတို့၏ အနံ့ကား လေညာသို့ သွား၏၊ အလုံးစုံ အရပ်မျက်နှာ တို့ကို လှိုင်၏၊ စန္ဒကူး၊ စလပ်၊ ကြာနှင့် မြတ်လေးပန်း အပေါင်းတို့ထက် သီလရနံ့က မွန်မြတ်၏။

× × ×

(၁၀) မဟာကဿပ [ရှင်မဟာကဿပ]

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ အရှင်မဟာကဿပသည် ပိပ္ဖလိလိုဏ်၌ နိရောဓသမာပတ် ဝင်စားနေ၏။ သမာပတ်မှ ထသောအခါ ဆင်းရဲသူတို့အား ချီးမြှောက် မစသောအားဖြင့် ဆွမ်းအလှူခံအံ့ဟု ရာဇဂြိုဟ်မြို့သို့ ရှေးရှုလာတော်မူ၏။ ထိုအခါ သကြားမင်းသည် ဆင်းရဲသား ရက်ကန်းသည်အသွင်ယောင်ဆောင်၍ ဆွမ်းလှူကာ ကြွေးကြော် သွား၏။ ဝမ်းမြောက်ရွှင်လန်းစွာ ဥဒါန်းကျူးရင့်သွားသော သိကြား၏ အသံကိုကြားရ၍ မြတ်စွာဘုရားသည် ရဟန်းတို့အား ဓမ္မသာရား ဟောကြားတော်မူသည်—

စလပ်ပန်း၊ စန္ဒကူးပန်းတို့၏အနံ့သည် အနည်းငယ် မျှသာ၊ သီလရှိသောသူတို့၏ ကျော်စောခြင်း အနံ့သည် လွန်ကဲထူးမြတ်၍ နတ်ပြည်ဟှာတိုင်အောင် ရနံ့လှိုင်၏။

× × ×

## (၁၀) ဂေါဓိက [ရဟန်း]

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ နေတော်မူသောအခါ အရှင် ဂေါဓိကသည် ဣသိဂိလိတောင်၌ ဝိပဿနာအလုပ်ကို မဆုတ်မနစ် ကြိုးစားအားထုတ်နေ၏။ မမေ့မလျော့သော လုံ့လဝီရိယကြောင့် စိတ်လွတ်မြောက်ခြင်း စေတောဝိမုတ္တိကို တွေ့ထိလျက် မြုံနေသော ရောဂါကြောင့် မကြာခဏပြန်ပြီး လျောကျ၏။ ထို အကြောင်းကို မာရ်နတ်သိသဖြင့် တနေရာမှ အကဲခပ်ကြည့်ရှုနေ၏။ သို့ဖြင့် အရှင်ဂေါဓိက ပရိနိဗ္ဗာန်ဝင်စံလေရာ မာရ်နတ်သည် သူ၏လားရာဂတိကို လိုက်၍ ရှာ၏။ ထိုအခါ မြတ်စွာဘုရားသည် မာရ်နတ်ကိုခေါ်၍ မိန့်ကြားတော်မူသည်—

သီလနှင့် ပြည့်စုံကုန်သော၊ မမေ့မလျော့ နေလေ့
ရှိကုန်သော၊ ကောင်းစွာသိ၍ လွတ်မြောက်ကုန်သော
သူတို့၏ ခရီးလမ်းစကို မာရ်နတ် ရှာ၍ မရနိုင်ချေ။

× × ×

## (၁၂) ဂရဟ ဒိန္န [သူကြွယ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ တက္ကတွန်းတပည့်ဖြစ်သော ဂရဟ ဒိန္နသည် ယုတ်မာသောအကြံဖြင့် ဘုရားရှင်ကို သံဃာနှင့်တကွ ဆွမ်းပင့်ဘိတ်၏။ သူသည် ကျယ်စွာသော တွင်း၌ ရှားမီးစုဖြင့် ပြည့်စေလျက် တွင်းပေါ်၌ ကြိုးတန်း၍ ပျဉ်ခင်းပြီး နေရာပြင်ထား၏။ ရဟန်း ငါးရာနှင့် တကွ ဘုရားရှင်ကြွတော်မူလျှင် မီးခဲစုမှလှည်းဘီးမျှရှိသော ပဒုမ္မာ ကြာချပ် ငါးရာတို့ ပေါက်ကုန်၏။ ဘုရားရှင်သည် သံဃာနှင့်တကွ ပဒုမ္မာကြာချပ်၌ နေတော်မူ၏။ ဂရဟ ဒိန္နသည် ဤအံ့ဘွယ်သရဲကို

မြင်လျှင် ထိတ်လန့်သောစိတ် ရှိသည်ဖြစ်၍ ဘုရားရှင်ကို ကန်တော့ဝန်ချပြီးလျှင် ရိုသေစွာ ဆွမ်းလုပ်ကျွေး၏။ ဘုရားရှင်သည် ဆွမ်း အနုမောဒနာ ပြုခြင်းငှာ ဓမ္မတရား ဟောကြားတော်မူသည်–

ခရီးလမ်းမတွင် စွန့်ပစ်ထားသော အမှိုက်ပုံ၌ နှစ်သက်စဖွယ် လှပမွှေးကြိုင်သော ကြာပန်းပေါက်သကဲ့သို့၊ အမှိုက်ပုံသဖွယ် လူတို့ အလယ်၌ နေသော ဗုဒ္ဓတပည့်သည် ပညာမျက်စိ မရှိသော လူသာမန်တို့ကို ပညာဖြင့် လွန်ကဲ၏။

# ၅ — ဗာလဝဂ္ဂ

## လူမိုက်တရားစု

### (၁) ပသေနဒီ ကောသလ [မင်းကြီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော် မူသော အခါ ပသေနဒီ ကောသလ မင်းကြီးသည် သူတပါးမယား၌ တပ်မက်သောစိတ်ရှိသည်ဖြစ်၍ လင်ကိုခေါ်ပြီး တယူဇနာဝေးကွာသော အရပ်၌ ကုမုဒြာကြာနှင့် အရုဏဝတီမြေကိုယူရန် စေခိုင်းလိုက်၏။ ညဥ့်အခါ ရာဂစိတ်ဖြင့်အိပ်လေသော် တရေးနိုး၌ 'ဒု သ န သော' ဟူသော အသံကြီးလေးခွန်းကို ကြား၍ ထိတ်လန့်သောစိတ်ဖြင့် မအိပ်နိုင်ဘဲ မိုးသောက်လျှင် မြတ်စွာ ဘုရားအထံသို့ လာ၍ အကြောင်းကို လျှောက်၏—

"အရှင်ဘုရား၊ အိပ်၍ မပျော်သောသူအား ညဥ့်တာ ရှည်လှပါ၏"ဟု လျှောက်၏။ ထိုအခါ မင်းကြီး စေခိုင်းလိုက်သော

ယောက်ျားလည်း ရောက်လာ၍ "အရှင်ဘုရား၊ ခရီးပန်းသော သူအား ယူဇနာခရီးသည် ရှည်လှစွာ၏"ဟု လျှောက်ရာ ဘုရားရှင်လည်း သူတို့ကို အကြောင်းပြု၍ ဓမ္မတရား ဟောကြားတော်မူသည်—

အိပ်၍ မပျော်သောသူအား ညဥ့်တာရှည်၏၊
ခရီးပန်းသူအား ယူဇနာခရီးသည် ရှည်၏၊
သူတော်ကောင်းတရားကို မသိသော သူမိုက်တို့
အား သံသရာရှည်၏။

× × ×

## (၂) မဟာ ကဿပ သဒ္ဓိဝိဟာရိက [ရှင်မဟာကဿပ၏တပည့်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ရှင်မဟာကဿပသည် ပိပ္ဖလိလိုဏ်၌ သတင်းသုံး၏။ သူ၏တပည့် တယောက်သည် သူ၏ အဆုံးအမကို မနာယူချေ။ ဆုံးမသည်ကို ရန်ငြိုးဖွဲ့လျက် သူ ဆွမ်းခံကြွခိုက်တွင် ကျောင်းကို မီးတိုက်၍ ထွက်ပြေးလေ၏။ ထိုအကြောင်းကို ရဟန်းတို့က မြတ်စွာဘုရား အား လျှောက်ကြားကြ၏။ ဘုရားရှင်သည် ထိုတပည့်မိုက်ကို အကြောင်းပြု၍ ရဟန်းတို့အား ဓမ္မတရား ညွှန်ကြားတော်မူသည်—

တရားကျင့်သောသူသည် မိမိထက် မြတ်သည်ကိုဇင်း၊
မိမိနှင့် တန်းတူကိုဇင်း၊ အကယ်၍ မရလျှင် တယောက်
တည်းကျင့်ခြင်းကို မြဲဥ္စာ ပြုရာ၏၊ သူမိုက်၌ အဆွေခင်ပွန်း
အဖြစ် မရှိချေ။

× × ×

## (၃) အာနန္ဒ သေဋ္ဌိ [သေဌေး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သာဝတ္ထိပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော အာနန္ဒ သေဌေး သည် အလွန်ဝန်တိုသည်ဖြစ်၍ မိမိလည်း မစားမသုံးရက်၊ သူတပါးတို့အားလည်း မပေးမကမ်းရက်၊ မူလသိရိ မည်သော မိမိ သားကိုလည်း "ငါကဲ့သို့ နှမြောစုံမက်ရမည်" ဆုံးမ၏။ ထိုသေဌေး သည် သေ၍ ဒွန်းစဏ္ဍားမျိုး၌ ဖြစ်၏။ အရွယ် ရောက် လျှင် ခွက်လက်စွဲ၍ တောင်းစားခြင်းငှာ လှည့်လည်သည်ရှိသော် ဘုရား ရှင်မြင်၍ သား မူလသိရိသေဌေးကို ခေါ်ပြီးသော် အာနန္ဒ သေဌေး ဝင်စားကြောင်း မိန့်တော်မူ၍ မြေ၌မြှုပ်ခဲ့သော အိုး ငါးလုံးကို ဖော်စေပြီး ဤတရား ဟောကြားတော်မူသည်—

ငါ့အား သား သမီး ဥစ္စာ ပ[illegible]ည်းရှိ၏ဟု သူမိုက်သည် စိုးရိမ်ပူပန်၏၊ သို့ရာတွင် မိမိအား အတ္တာမျှ မရှိဘဲလျက် အဘယ်မှာ သားသမီး ဥစ္စာ ရှိမည်နည်း။

× × ×

## (၄) ဂဏ္ဌိ ဘေဒက [ခါးပိုက်နှိုက်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥစ္စာထုပ်ကို ဖြေတတ်သော ခိုးသူ (ခါးပိုက်နှိုက်) နှစ်ယောက်တို့ သည် တရားနာ လာသူတို့နှင့်တကွ ကျောင်းတော်သို့ လာကုန်၏။ တယောက်သည် တရားတော်ကို နာ၍ သောတာပန် တည်၏။ တယောက်ကား သူတပါးဥစ္စာထုပ်ကို ဖြေ၍ခိုး၏။ အိမ်သို့ပြန် ကုန်သည်ရှိသော် ခိုးယူခဲ့သူသည် "သင်ကား မိုက်သောကြောင့် တရားနာနေ၍ တစုံတရာမျှ မရ။ ငါကား ဤမျှသော ဥစ္စာကို

ရသည်”ဟု ဆို၏။ သောတာပန် တည်သော ခိုးသူသည် ဤအကြောင်းကို လျှောက်ရာတွင် ဘုရားရှင် တရားပြတော်မူသည်–

သူမိုက်သည် မိမိမိုက်သော အဖြစ်ကို သိပါလျှင်
ပညာရှိသော်လည်း ဖြစ်နိုင်သေး၏၊ မိုက်လျက်လည်း ငါ
ပညာရှိဟု ထင်မှတ်နေသူကိုစင်စစ် သူမိုက်ဟု ဆိုထိုက်၏။

× × ×

(၅) ဥဒါယီ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥဒါယီရဟန်းသည် ဓမ္မသဘင်သို့ သွားပြီး တရားဟောခုံ ကထိက ထိုင်သော နေရာ၌ နေလေ့ရှိ၏။ အာဂန္တုရဟန်းများ တွေ့မြင်လေရာ ဗဟုသုတပြည့်ဝသော ပုဂ္ဂိုလ်ကြီးဖြစ်လိမ့်မည် ထင်ကြ၍ ခန္ဓာ၊အာယတန စသည်တို့နှင့် စပ်လျဉ်းသော ပြဿနာ မေးလျှောက်ကြ၏။ သူကား ဘာမျှ မသိချေ။ သို့ကြောင့် ရဟန်းတို့က “သူ ဘယ်သူလဲ။ မြတ်စွာဘုရားနှင့် အတူနေလျက် ခန္ဓာ၊ အာယတနမျှ မသိလေ။အဘယ်ကြောင့် တရားဟောပလ္လင်ပေါ် တက်နေဘိသနည်း”ဟု ကဲ့ရဲ့ကာ မြတ်စွာဘုရားအား လျှောက်ကြားကြ၏။ ဘုရားရှင်သည် ဥဒါယီကို အကြောင်းပြု၍ ရဟန်းတို့အား ဓမ္မတရား ဟောကြားတော်မူသည်–

ယောက်မသည် ဟင်းအရသာကို မသိသကဲ့သို့၊သူမိုက်
သည် အသက်ထက်ဆုံး ပညာရှိနှင့် အတူနေသော်လည်း
သူတော်ကောင်းတရားကို မသိချေ။

× × ×

## (၆) တိံသ ပါဝေယျက [ရဟန်းသုံးဆယ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပါဝေယျ တိုင်းသား ရဟန်းသုံးဆယ်တို့ ရှိကြ၏။ သူတို့သည် မြတ်စွာဘုရား **ကပ္ပာသိက** တောတွင်နေစဉ်အခါက မင်းသား များ အဖြစ်ဖြင့် မိန်းမတယောက်ပျောက်၍ လိုက်ရှာကြရာ မြတ်စွာဘုရားနှင့် တွေ့ကြုံကာ တရားနာရသဖြင့် ကိုယ့်ကိုယ်ကိုယ် ပြန်ရှာကြ၍ သောတာပန်များဖြစ်ကြကာ ရဟန်းပြုကြ၏။ ထိုနောက် **အနမတဂ္ဂသုတ်**ဖြင့် ရဟန္တာဖြစ်လေကုန်၏။ ဤရဟန်းသုံးကျိပ်တို့ လျင်မြန်စွာ တရားသိကုန်၏ဟု တရားသဘင်၌ ရဟန်းတို့ပြောဆို ချီးမွမ်းကြရာတွင် ဘုရားရှင် တရားဟောပြတော်မူ၏–

လျှာသည် ဟင်းအရသာကို လျင်မြန်စွာ သိသကဲ့သို့၊
အသိ အလိမ္မာ ဉာဏ်ပညာရှိသူသည် ပညာရှိကို တခဏ
မျှ ဆည်းကပ်ရလျှင် လျင်စွာ တရားသိ၏။

× × ×

## (၇) သုပ္ပဗုဒ္ဓ ကုဋ္ဌ [နူနာရှိသူ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ပရိသတ်စွန်းက နေ၍ တရားနာသော သုပ္ပဗုဒ္ဓ လူနူသည် သောတာပန်ဖြစ်၍ မိမိရသော ဂုဏ်ကို မြတ်စွာဘုရား အထံသွား၍ လျှောက်ကြား၏။ ရဟန်းတို့က "အရှင်ဘုရား၊ မဂ်၏ ဥပနိဿယရှိလျက် အဘယ်ကြောင့် နူလေသနည်း" ဟု လျှောက်သည်တွင် "သူသည် လွန်လေပြီးသောအခါ ပစ္စေကဗုဒ္ဓကို တံထွေးဖြင့် ထွေး၍ ပြစ်မှားဘူးသောကြောင့် လူနူဖြစ်ရသည်" ဟု မိန့်တော်မူပြီး ဓမ္မတရား ညွှန်ကြားတော်မူသည်–

စဉ်းစားဉာဏ်မရှိသော သူမိုက်တို့သည် မိမိကိုယ်ကို မိမိ ရန်သူကဲ့သို့ ပြုလုပ်ကာ မခံမရပ်နိုင်အောင် ထက်မြက်သည့် အကျိုးကို ပေးတတ်သော မကောင်းမှုကို ပြုလျက် လှည့်လည် နေကြသည်။

## (၈) ကဿက [လယ်သမား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ခိုးသူတို့သည် သာဝတ္ထိမြို့အကွင်း၌ ဥစ္စာပစ္စည်းကို ခိုး၍ အသွားတွင် တခုသော လယ်၏ အနီး၌ ဥစ္စာထောင်ထုပ်ကျ၍ ကျန်ခဲ့လေ၏။ လယ်ထွန်ယောကျ်ား တယောက်လည်း ထိုလယ်ကို မိုး မလင်းမီကပင် သွား၍ ထွန်၏။ ဘုရားရှင်သည် လယ်ထွန်ရာသို့ ကြွ၍ အာနန္ဒာအား ဥစ္စာထောင်ထုပ်ကို ညွှန်ပြပြီး ကျောင်းသို့ ပြန်လေ၏။ ဥစ္စာရှင်တို့ ခြေရာခံ၍ လိုက်လာသည် ရှိသော် ဥစ္စာထုပ်ကိုတွေ့၍ လယ်ထွန်ယောကျ်ားကို ဖမ်းပြီး မင်းအိမ်သို့ ပို့လေ၏။ မင်းအိမ်၌ စစ်ကြောသည်ရှိသော် ဘုရားရှင်ကို သက်သေပြုသောကြောင့် မသတ်ဘဲ ကျောင်းသို့သွား၍ လျှောက်လေ၏။ ဘုရားရှင်သည် သက်သေအရာ၌ တည်တော်မူ၍ ဓမ္မတရား ညွှန်ကြားတော်မူသည်—

နောင်တတဖန် ပူပန်ရ၊ မျက်ရေကျရ၊ ငိုကြွေးရ၊ ဆင်းရဲ ဒုက္ခရောက်ရသော အလုပ်ကို လုပ်ခြင်းသည် မကောင်း ချေ။

× × ×

## (၉) သုမန မာလာကာရ [ပန်းတော်ဆက်]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ဗိမ္ဗိသာရမင်းကို ပန်းတော်ဆက်သော သုမန ပန်းသည် သည် ပန်းဆက်ခြင်းငှာ နန်းတော်သို့ အလာတွင် ဆွမ်းခံကြွတော်မူသော ဘုရားရှင်ကို မြင်၍ အလွန်ကြည်ညိုရကား အလုံးစုံသော ပန်းတို့ဖြင့် ပူဇော်၏။ ပူဇော်သမျှသော ပန်းတို့သည် ဘုရားရှင်အပေါ်၌ ဗိတာန်ကြက်သကဲ့သို့ ဖြစ်နေ၍ လူအများ ထွက်၍ကြည့်ကြ၏။ သုမန ပန်းသည်အား လက်ဆောင်များ ပေးကြ၏။ ဗိမ္ဗိသာရမင်းကြီးလည်း ဤ အံ့ဘွယ်သရဲကို မြင်၍ ဆုလာဘ်များစွာ ပေး၏။ ဘုရားရှင်သည် ကျောင်းသို့ရောက်လျှင် ရဟန်းတို့အား ဓမ္မတရား ညွှန်ကြားတော်မူလေသည်—

> နောင်တတဖန် မပူပန်ရ၊ နှစ်သက်ရ၊ ဝမ်းမြောက်ရ၊ ချမ်းသာသုခ ဖြစ်ရသော အလုပ်ကို လုပ်ခြင်းသည် ကောင်း၏။

× × ×

## (၁၀) ဥပ္ပလ ဝဏ္ဏာ [ထေရီ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥပ္ပလဝဏ်ထေရီသည် နန္ဒဝန်တော၌ သီတင်းသုံးနေ၏။ ထိုအခါက ဘိက္ခုနီများ တော၌ နေခြင်းကို တားမြစ် ပိတ်ပင်ခြင်း မရှိသေးချေ။ ဥပ္ပလဝဏ်ထေရီ ဆွမ်းခံသွားနေစဉ် သူ၏ ဦးရီးသား နန္ဒလုလင် သည် သင်္ခမ်းကျောင်းအတွင်းဝင်ကာ ပုန်းကွယ်၍နေပြီး ပြန်လာသောအခါ ထေရီမကို အဓမ္မ ဖျက်ဆီး၏။ သူ၏ ယုတ်မာမှုကို သည်းမခံနိုင်သကဲ့သို့ မြေကြီးသည် ထက်ခြမ်းကွဲကာ သူ့

အား ဆွဲချသွားလေ၏။ ထိုသတင်းကို မြတ်စွာဘုရား ကြားသိသောအခါ ရဟန်းတို့အား ဓမ္မတရား ညွှန်ကြားတော်မူသည်—

သူမိုက်သည် မိမိပြုသော မကောင်းမှုအကျိုး မပေးသေးသမျှကာလပတ်လုံး မကောင်းမှုကို ပျားသကာကဲ့သို့ ထင်မြင်၏၊ သူ၏မကောင်းမှုအကျိုး ပေးသော အခါ သူမိုက်သည် ဒုက္ခရောက်လေ၏။

× × ×

(၁၁) ဇမ္ဗုက [ရဟန်း]

မြတ်စွာဘုရား ဝေဠုဝန် ကျောင်း၌ နေတော် မူသောအခါ ဇမ္ဗုက တက္ကတွန်းသည် ခြေတဖက်ကို မြှောက်လျက် ခံတွင်းကို ကောင်းကင်သို့ ဟ ကာ တဆယ့်ငါးနှစ်ပတ်လုံး နေ၏။ လူတို့သည် သူတော်ကောင်းမှတ်၍ လစဉ်မပြတ် ထောပတ်များ ဆီ အမြိန် အရသာတို့ဖြင့် ပူဇော်လေသော် သမန်းမြက်ဖျားဖြင့် ကော်၍ လျှာဖျား၌တင်ပြီး “သွားကြလော့။ အကျိုးဖြစ်လောက်ပါပြီ” ဆို၍ လွှတ်၏။ ဘုရားရှင်သည် သူ့ထံသို့ ကိုယ်တိုင် ကြွသွားကာ ဆုံးမပြီး ရဟန်းပြုပေး၍ ဓမ္မတရား ဟောကြားတော်မူသည်—

သူမိုက်သည် ခြိုးခြံသောအကျင့်ကို ကျင့်အံ့ဟု လ တိုင်း လ တိုင်း သမန်းမြက်ဖျားဖြင့်သာလျှင် အစာကို ခြိုးခြံ၍ စား၏၊ ဤသို့ကျင့်သော်လည်း သူသည် တရားသိသော သူ၏ တစိတ် တဒေသကိုမျှ မမှီချေ။

× × ×

## (၁၂) အဟိ ပေတ [မြွေပြိတ္တာ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်ပစ္စေကဗုဒ္ဓါ၏ ကျောင်းသခ်မ်းကို မီးတိုက်ခဲ့ဘူးသောကြောင့် အဝီစိ၌ ကြာမြင့်စွာခံပြီး၍ ဂိဇ္ဈကုဋ်တောင်၌ နှစ်ဆယ့်ငါးယူဇနာရှိသော အတ္တဘောဖြင့် မီးတထိန်ထိန် လောင်လျက် ခံနေရသော မြွေပြိတ္တာကို ရှင်မောဂ္ဂလာန်မြင်၍ ဘုရားကို လျှောက်ရာတွင် ဘုရားရှင်သည် ပြိတ္တာ၏ အတ္တုပ္ပတ္တိကို ဟောတော်မူပြီး၍ ဓမ္မတရား ညွှန်ကြားတော်မူသည်—

ညှစ်ခါစ နို့ရည်သည် အခိုး မလွှတ်သေးသကဲ့သို့၊ ပြုခါစ မကောင်းမှုသည် အခိုး မလွှတ်သေးချေ၊ အခိုးလွှတ်ပါလျှင် ပြာဖုံးသော မီးကဲ့သို့ သူမိုက်ကို လောင်လျက်အစဉ် လိုက်လေ၏။

× × ×

## (၁၃) သဋ္ဌိ ကူဋ ပေတ [သံတူ ပြိတ္တာ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ကျောက်ခဲပစ် အတတ်ကို တတ်သူတယောက်သည် ရှင်ပစ္စေကဗုဒ္ဓါကို ကျောက်ခဲဖြင့် ပစ်ခတ်၍ သတ်ခဲ့ဘူးသောကြောင့် ကာလရှည်စွာ အဝီစိ၌ခံရပြီးမှ ဝိပါကကြွင်းဖြင့် ဂိဇ္ဈကုဋ်တောင်၌ ရဲရဲတောက်သော သံတူ အလုံး ခြောက်သောင်းတို့သည် မပြတ်ဦးခေါင်းကို ထုကုန်သည်ဖြစ်၍ သုံးဂါဝုတ်ရှိသော အတ္တဘောဖြင့် ခံနေရသော သဋ္ဌိ ကူဋ ပြိတ္တာကို ရှင်မောဂ္ဂလာန် မြင်၍ ဘုရားကို လျှောက်ရာတွင် ပြိတ္တာ၏ အတ္တုပ္ပတ္တိကို ဟောတော်မူပြီး၍ ဓမ္မတရား ညွှန်ကြားတော်မူသည်—

လူမိုက်၏ အသိသည် လူမိုက်အား အကျိုးမဲ့သာ ဖြစ်၏၊ ယင်းသည် လူမိုက်၏ဖြူစင်ခြင်းကို ပယ်ဖျောက်ပစ်၏၊ သူ၏ ဦးခေါင်းကို ပြတ်ကျစေတတ်၏။

× × ×

## (၁၄) ဝိတ္တ ဂဟပတိ [သူကြွယ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း နေတော်မူသော အခါ မဉ္ဆိကာသဏ္ဍမြို့၌ နေသော အရှင်သုဓမ္မ သည် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့ကို စိတ္တသူကြွယ် ပင့်၍ ဆွမ်းကျွေးရာတွင် မိမိ မခေ့ရဖြင့် သည်းမခံနိုင်သောကြောင့် သူကြွယ်ကို ဆဲရေးလျက် ဘုရားအထံသို့ လာပြီးသော် မိမိပြုခဲ့သောအမှုကို လျှောက်၏။ ဘုရားရှင်သည် ရှင်သုဓမ္မကို သူကြွယ်ထံ ကန်တော့ဝန်ချစေ၍ ဓမ္မ တရား ညွှန်ကြားတော်မူသည်–

မလိမ်မာသောရဟန်းသည် ရဟန်းတို့ အလယ်၌ မိမိ တွင်မရှိသောဂုဏ်ဖြင့် ချီးမွမ်းခြင်း၊ မိမိအား ရှေ့ဆောင် ပြုခြင်း၊ ကျောင်းတို့၌ အစိုးရခြင်း၊ တပါးသော ဒါယကာတို့ ပူဇော်ခြင်းတို့ကို အလိုရှိ၏။

ငါသာပြု၏ဟု ရဟန်းရှင်လူတို့ မှတ်ယူကြစေ၊ အမှု ကြီးငယ် ဆောင်ရွက်သောအခါ ငါ့အလိုသို့ လိုက်ကြ စေဟု မလိမ်မာသော ရဟန်းသည် ဤကဲ့သို့သော အကြံ အစည်မျိုး၊ အလိုဆန္ဒမျိုး၊ မာန်မာနမျိုး ပွားလေ၏။

## (၁၅) ဝနဝါသီ တိဿ [တောနေ သာမဏေ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဝနဝါသီ တိဿသည် ခုနစ်နှစ်ရွယ် သာမဏေ ပြုစဉ်ကပင် သင်္ကန်းတထောင်၊ ဆွမ်းတထောင်၊ ကမ္ဗလာတထောင်ပတို့ကို ရ၏။ ဤသို့သော လာဘ်ပူဇော်သက္ကာရကို စွန့်၍ မိဘဆွေမျိုးတို့ နေရာ သာဝတ္ထိမှ ယူဇနာ တရာ့နှစ်ဆယ်ကွာသော တောရွာငယ်တခု၌ ပြောင်း၊ ပဲ၊ လူး၊ ဆပ် ရတတ်သမျှ အာဟာရကို မှီဝဲလျက် နေသည်။ အံ့ဘွယ်သရဲ ရှိစွတကားဟု ရဟန်းတို့ ချီးမွမ်းကြရာဘုရားရှင်က ဓမ္မတရားညွှန်ကြားတော်မူသည်—

လာဘ်ရကြောင်း အကျင့်သည် တပါး၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်သည် တခြား၊ ဤနှစ်ပါးကို ခွဲခြားသိ၍ ဗုဒ္ဓ၏ တပည့်သားရဟန်းသည် လာဘ် ပူဇော်သက္ကာရကို မလိုလား မတောင့်တဘဲ ဆိတ်ငြိမ်မှု ဝိဝေကကို ပွားရာ၏။

# ၆—ပဏ္ဍိတ ဝဂ်

## လူလိမ္မာ တရားစု

### (၁) ရာဓ [ပုဏ္ဏား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ သာဝတ္ထိမြို့၌ ဆင်းရဲသော ရာဓပုဏ္ဏားသည် ရှင်ပြုလိုသောကြောင့် ရဟန်းတို့ကို တောင်းပန်သော်လည်း သူ့အို မစွမ်းဖြစ်၍ လက်မခံကုန်။ ရှင်သာရိပုတ္တရာကား ဆွမ်းတယောက်မ လောင်းဘူးသော ကျေးဇူးကို ထောက်၍ ရှင်ရဟန်းပြုလျှင်၊ ဆုံးမသြဝါဒကို အလွန် နာယူသည်ဖြစ်၍ နှစ်ရက် သုံးရက်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ သဗ္ဗညုဘုရားရှင်သည် ရာဓမထေရ်ကို အကြောင်းပြု၍ တရားဟောကြားတော်မူသည်—

အပြစ်ကို အပြစ်အားလျော်စွာ နှိပ်နင်း ဆုံးမလေ့
ရှိသော ပညာရှိအား မြေ၌ မြှုပ်ထားသော ရွှေအိုးကို
ပြောကြားသကဲ့သို့သဘောထား၍ ဆည်းကပ်ရာ၏၊ဤကဲ့သို့

သော ပညာရှိကို မှီ၍ ဆည်းကပ်သူမှာ အကျိုးများ၏၊ ဘယ်အခါမျှ အကျိုးမယုတ်ချေ။

× × ×

## (၂) အဿဇိ၊ ပုနဗ္ဗသုက [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကီဋာဂိရိ ဇနပုဒ်၌ အဿဇိနှင့်ပုနဗ္ဗသုက ရဟန်းတို့သည် အခြံအရံ ရဟန်းများနှင့်တကွ ပန်းပင်စိုက်ပျိုးခြင်း စသော သိမ်ဖျင်းသည့် အလုပ်တို့ကို လုပ်ခြင်းဖြင့် အသက်မွေးနေကြ၏။ သို့ကြောင့် ရဟန်းကောင်းတို့သည် ထိုအရပ်၌ မနေနိုင်ကြောင်းကို မြတ်စွာ ဘုရား ကြားသိတော်မူလျှင် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်ကို ခေါ်တော်မူ၍ "သင်တို့၏ သဒ္ဓိဝိဟာရက၊ အန္တေဝါသိက တပည့် တို့ကို ဆုံးမကြချေကုန်လော့"ဟု စေလွှတ်တော်မူ၍ ဓမ္မတရား ညွှန်ကြားတော်မူသည်—

> အမှုရောက်သောအခါ ဆုံးမဩဝါဒ ပေးရာ၏၊ အမှု မရောက်မီ ဆုံးမ ကန့်မြစ်ရာ၏၊ မသင့်လျော်သော အမှု အရာကိုလည်း တားမြစ်ရာ၏၊ ဆုံးမသူကို သူတော် ကောင်းတို့ ချစ်မြတ်နိုး၏၊ သူယုတ်တို့သာ မချစ် မနှစ် သက်ခြင်း ဖြစ်၏။

× × ×

## (၃) ဆန္န [မောင်ဆန်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်ဆန္နသည် "ကပိလဝတ်နန်းတော်မှ သန်းခေါင်ကျော် ကာလ တွင် ကဏ္ဍကမြင်းနှင့် ကျွန်ရင်းဆန်(ဆန္န)နှင့်တကွ တောထွက်

ကြသည့်အခါ သာရိပုတ္တရာလည်း မရှိ၊ မောဂ္ဂလာန်လည်း မသိ၊ ယခု ဘုရားဖြစ်ခါမှ 'ငါ သာရိပုတ္တရာ၊ ငါ မောဂ္ဂလာန်တကား' ဟု ပြောဆိုသူ များကြသည်"ဟု ဆို၍ အဂ္ဂသာဝကတို့ကို ဆဲရေးလေ၏။ ထိုအကြောင်းကို ကြားသိတော်မူ၍ ဆန္ဒကို ဆုံးမရန် ဓမ္မတရား ဟောတော်မူသည်—

ယုတ်သော အဆွေခင်ပွန်းတို့ကို မမှီဝဲရာ၊ ယုတ်သော သူတို့ကို မမှီဝဲရာ၊ မြတ်သော အဆွေခင်ပွန်းတို့ကို မှီဝဲရာ၏၊ မြတ်သောသူတို့ကို မှီဝဲရာ၏။

× × ×

(၄) မဟာ ကပ္ပိန [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကုက္ကုဋဝတီပြည်ကိုစိုးစံ၍ အမတ်တထောင်နှင့်တကွ ရဟန်းပြုလာသောမဟာကပ္ပိနမထေရ်သည် ရဟန္တာဖြစ်ပြီးသည်မှ နောက်၌ "အဟောသုခံ၊ အဟောသုခံ၊ သြော် ချမ်းသာစွ၊ သြော် ချမ်းသာစွ"ဟု မကြာခဏ ဥဒါန်းကျူး၏။ မဟာကပ္ပိနသည် ပြည်စည်းစိမ်ကို အောက်မေ့၍ ဥဒါန်းကျူးသည် ထင်ကြ၍ ရဟန်းတို့ ဘုရားကို လျှောက်ထားရာတွင် ဓမ္မတရား ညွှန်ကြားတော်မူသည်—

ဓမ္မပီတိသည် ချမ်းသာစွာ နေရ၏၊ ပညာရှိသည် အရိယာတို့ သိသော တရား၌ ကြည်လင်သဖြင့် အမြဲ မွေ့လျော်၏။

× × ×

## (၅) ပဏ္ဍိတ [ရှင်သာမဏေ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ရှင်သာရိပုတ္တရာ၏ တပည့် ခုနစ်နှစ် အရွယ်မျှသာ ရှိသေးသော ပဏ္ဍိတ သာမဏေသည် ဆရာနှင့်အတူ ဆွမ်းခံသွားရာတွင် လယ်သမားတို့ မြောင်းသွယ်လျက် ရေယူကြခြင်း၊ မြားသမားများ မြားဖြောင့် နေခြင်းနှင့် လက်သမားတို့ ရထားလှည်းဘီး၊ ပုံတောင်း အကန့်အကွပ် စသည် ပြုလုပ်နေသည်တို့ကို တွေ့မြင်ရ၍ စိတ်ကို ဘာဝနာသို့ဆောင်လျက် ကမ္မဋ္ဌာန်း အားထုတ်လေသော် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဘုရားရှင်သည် ပဏ္ဍိတ သာမဏေကို အကြောင်းပြု၍ ဓမ္မတရား ညွှန်ကြားတော်မူသည်—

> တောင်သူလယ်သမားတို့သည် ရေကို ဆောင်ယူကုန်၏၊ မြားသမားတို့သည် မြားကို ဖြောင့်ကုန်၏၊ လက်သမားတို့သည် သစ်သားကို ရွေကုန်၏၊ ပညာရှိတို့သည် စိတ်ကို ဆုံးမကုန်၏။

× × ×

## (၆) လကုဏ္ဍကဘဒ္ဒိယ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းငယ် သာမဏေငယ်တို့သည် လကုဏ္ဍကဘဒ္ဒိယ ထေရ်ကို ဦးခေါင်း နားရွက်များကိုကိုင်လျက် "ငါတို့ ဘထွေးဖြစ်သော မထေရ်သည် သာသနာတော်၌ မွေ့လျော်၏လော" စသည်ဖြင့် ကျီစယ်ကုန်၏။ မထေရ်ကား အမျက်မထွက်ဘဲ ဆိတ်ဆိတ်နေလေ၏။ ဤအကြောင်းကို ဘုရားရှင် ကြားသိတော်မူ၍ ထိုမထေရ်၏ ရဟန္တာအဖြစ်ကိုသိစေခြင်းငှာဓမ္မတရားဟောကြားတော်မူသည်—

တခဲနက် ကျောက်တောင်သည် လေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

× × ×

(၇) ကာဏမာတာ [ဥပါသိကာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကာဏမည်သော သတို့သမီးသည် ခင်ပွန်းသည်အိမ်သို့ ပြန်လို၍ ကြော်ထားသော မုန့်တို့ကို အမိဖြစ်သော သောတာပန် ဒါယိကာမကြီးသည် အိမ်ဝ၌ ရပ်လာကုန်သော ရဟန်းတို့အား လေးကြိမ်မြောက်အောင်လှူ၍ ကုန်သောကြောင့် လင့်အိမ်သို့ မပြန်ဖြစ်၊ ကြာမြင့်၍နေသောကြောင့် ရဟန်းတို့ကို ကျိန်ဆဲလေလျှင် ဘုရားရှင်သည် ထိုသတို့သမီးကို ဆုံးမ၍ သောတာပန် အဖြစ်သို့ ရောက်စေ၏။ ရဟန်းတို့သည် ဤအကြောင်းကို ပြောဆို ချီးမွမ်း၍ နေကုန်သည် ရှိသော် "ဤသတို့သမီးသည် ရှေးအခါ၌သာ နောက်ကျုသောစိတ် ရှိသည်၊ ယခုကား ကြည်လင်သောစိတ် ရှိ၏"ဟု မိန့်တော်မူပြီး ဓမ္မတရား ညွှန်ကြားတော်မူသည်–

နက်သော ရေကန်သည် ကြည်လင်၏၊ မနောက်ကျု၊ ထို့အတူ ပညာရှိတို့သည် တရားနာပြီး ကြည်လင်ကုန်၏။

× × ×

(၈) ပဉ္စသတ ဘိက္ခု [ရဟန်းငါးရာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ "ဝေရဉ္ဇမြို့ဝယ် ဝါဆိုသောကာလ စားကြွင်းစား ငါးရာတို့သည်

မမြူးတူးကုန်။ သာဝတ္ထိပြည်ဝယ် ဝါဆိုသောကာလ မြူးတူးပျော်ပါး ပြေးလွှား ဟစ်အော်ကုန်သည်။ ရဟန်းတို့ကား အထူးမရှိ၊ ပြကတေ့ နေမြဲပင် နေကြကုန်သည်”ဟု ရဟန်းတို့ ပြောဆိုသံကို ကြားတော်မူ၍ သူတော်ကောင်းတို့ သဘောကို ပြခြင်းငှာ ဟောတော်မူသည်—

သူတော်ကောင်းတို့သည် အလုံးစုံသော အရာတို့၌ တပ်မက်ခြင်းကို စင်စစ် စွန့်ကုန်၏၊ ကာမဂုဏ်ကို အလိုရှိသော သဘောနှင့် စကား မပြောကြချေ၊ ချမ်းသာ ဆင်းရဲနှင့် တွေ့သော်လည်း တက်ကြွခြင်း၊ ငြိုငြင်ခြင်း မရှိကုန်။

× × ×

(၉) ဓမ္မိက [ဥပါသကာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဓမ္မိကဥပါသက သည် သာသနာတော်၌ ကိုယ်တိုင် ရှေးဦးစွာ ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်ပြီးသော် သူ၏ သားမယား တို့ကိုလည်း ရဟန်းပြုစေ၍ အရဟတ္တဖိုလ်သို့ ရောက်စေ၏။ တရားသဘင်၌ ထိုဒါယကာ၏ အကြောင်းကို ရဟန်းတို့ ပြောဆို ချီးမွမ်းလျက် နေကြရာတွင် ဘုရားရှင်သည် တရားစောင့်သူ၏ သဘောကို ဟောတော်မူသည်—

ပညာရှိသည် မိမိအတွက် ဖြစ်စေ၊ သူတပါးအတွက် ဖြစ်စေ မကောင်းမှုကို မပြုချေ၊ သားသမီး စီးပွားဥစ္စာ တိုင်းနိုင်ငံ စည်းစိမ်တို့ကို မတရား အလိုမရှိသူသာ သီလ ရှိသူ၊ ပညာရှိသူ၊ တရားစောင့်သူ ဖြစ်လေသည်။

× × ×

## (၁၀) ဓမ္မဿဝန [တရားနာသူ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ တရားနာခြင်းငှာ လာကုန်သော ဒါယကာ၊ ဒါယိကာမတို့တွင် အချို့သောသူတို့သည် ကာမဂုဏ်၌မွေ့လျော်လိုကုန်သောကြောင့် အိမ်သို့ ပြန်လေကုန်၏။ အချို့သောသူတို့သည် ထိနမိဒ္ဓဖြင့် ငိုက်မျဉ်းကုန်၏။ ရဟန်းတို့သည် ဤအကြောင်းကို ဘုရားရှင်အား လျှောက်ကြရာတွင် လူတို့၏ သဘာဝ ခရီးကို ညွှန်ပြတော်မူသည်—

လူတို့တွင် တဖက်ကမ်းသို့ ရောက်နိုင်သူကား အလွန် နည်းလှ၏၊ တဖက်သို့ မရောက်ဘဲ ကျန်ခဲ့သော သူများ သည် ဤမှာဘက်ကမ်းသို့သာ ပြန်လာကြလေသည်။

ကောင်းစွာ ဟောကြားသောတရား၌ လိုက်နာကျင့် သုံး သူတို့သည် သေမင်းနေရာကို ခက်ခဲစွာ ကူးမြောက်၍ တဖက်ကမ်းသို့ ရောက်သွားကြလေသည်။

× × ×

## (၁၁) ပဥ္စသတ အာဂန္တုက [အာဂန္တုငါးရာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားရှင်ကို ဖူးမြင်ခြင်းငှာ လာကုန်ကြသော ကောသလတိုင်း သား ငါးရာသည် အာဂန္တုရဟန်းတို့ကို အကြောင်းပြု၍ ပညာရှိ၏ သဘောတရားကို ဟောကြားတော်မူသည်—

ပညာရှိသည် မည်းညစ်သော ဒုစရိုက်ကိုပယ်၍ ဖြူစင် သော သုစရိုက်ကို ပွားရာ၏၊ တဏှာမှထွက်၍ တဏှာ ကင်းရာကို ရည်မှန်းပြီး ဆိတ်ငြိမ်ရာ၌ မွေ့လျော်ရာ၏။

ကာမကို စွန့်၍ ကာမ အလျှင်းမရှိသော ဆိတ်ငြိမ်ရာ၌ မွေ့လျော်မှုကို အလိုရှိရာ၏၊ ပညာရှိသည် စိတ်ကို ညစ်ညူးစေတတ်သော အနှောင့်အရှက်တို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

အရဟတ္တမဂ်၏ အကြောင်းဖြစ်သော အင်္ဂါတို့၌ ကောင်းစွာပွားသော သူတို့သည် လောက၌ တစုံတရာကိုမျှ မစွဲလမ်းဘဲ စွဲလမ်းမှု ကင်းရာ ငြိမ်းချမ်းမှု၌ မွေ့လျော်ကုန်၏၊ အာသဝေါ ကုန်သော တန်ခိုးကြီးသောသူတို့သည် ငြိမ်းချမ်းမှုကို ရကုန်၏။

## ၇—အရဟန္တ ဝဂ်

### ရဟန္တာ တရားစု

### (၁) ဇီဝက ပဥှာ [ဆရာဇီဝက ပြဿနာ]

မြတ်စွာဘုရား ဇီဝက သရက်ဥယျာဉ်၌ နေတော်မူသော အခါ ဒေဝဒတ် ကျောက်ဖြင့် ပစ်ချခြင်းကြောင့် ခြေမတော်ဝယ် သွေးခိမ်းတည်၍ အနာယဉ်းသည်ကို ဇီဝကသည် ဓားငယ်ဖြင့် ခွဲခြင်း ဆေးလိမ်းခြင်း ကြပ်စည်းခြင်းဖြင့် ကု၍ "ကိုယ်တော် ပင်ပန်းခြင်း ဖြစ်လေသလော" ဟု လျှောက်ထားသည်တွင် "ဇီဝက၊ တထာဂတသည် ဗောဓိမဏ္ဍိုင်ကပင် အပူခပ်သိမ်း ကင်းငြိမ်းပြီး ဖြစ်လေသည်" ဟု မိန့်ထားပြီး အပူကင်းခြင်း အကြောင်းကို ဟောတော်မူသည်—

သံသရာခရီးကိုသွားပြီးသော၊ စိုးရိမ်ခြင်းမှကင်းသော၊
တရားအားလုံးမှ လွန်မြောက်သော၊ အနှောင်အဖွဲ့ အားလုံးကို ပယ်ပြီးသော သူအား ပူလောင်ခြင်း မရှိချေ။

× × ×

## (၂) မဟာကဿပ [ရှင်မဟာကဿပ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာကဿပသည် သူ၏ သပိတ် သင်္ကန်း စသည်တို့ကို ရိုသေစွာ သုံးစွဲ၏။ ကောင်းမွန်စွာ သိမ်းဆည်းထားလေ့ရှိရာ ရဟန်းတို့သည် သူ့အား သပိတ် သင်္ကန်း အစရှိသော ပရိက္ခရာတို့၌ တွယ်တာသည်ဟု ထင်မြင်ကြ၏။ ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူ၍ ရဟန္တာတို့၏ သဘာဝကို ရှင်းပြတော် မူသည်—

သတိရှိသူတို့သည် ကြိုးစား အားထုတ်ကုန်၏၊ စွဲလမ်း
ငြိကွက်ခြင်း မရှိကုန်၊ ဟင်္သာတို့သည် ရေအိုင်ကို စွန့်၍
ပျံလေကုန်သကဲ့သို့ ရဟန္တာသည် တွယ်တာ ငြိကွက်စရာ
တို့ကို စွန့်ပယ်၏။

× × ×

## (၃) ဗေလဋ္ဌ သီသ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အရှင်ဗေလဋ္ဌသီသ သည် တကြိမ်ဆွမ်းခံကြွတော်မူ၍ ဆွမ်းစား ပြီးသော် ကျန်သောဆွမ်းကို သိုမှီးလျက် ဖလသမာပတ် ဝင်စားရာမှ အထတွင် ထိုဆွမ်းခြောက်ကို စား၍ စား၍ သမာပတ်ကိုပင် ဝင်စား၍ နေလေသည်။ နေ့ရက်ရှည်စွာ ကြာမြင့်မှ ဆွမ်းခံကြွလေ၏။ ဤအကြောင်းကိုသိ၍ ရဟန်းတို့ ကဲ့ရဲ့ကုန်လျက် မြတ်စွာ ဘုရားကို လျှောက်ကြရာတွင် သန္နိဓိကာရက (အစာသိုမှီးခြင်း) သိက္ခာပုဒ်ကို ပညတ်ကာ သူ့၌ကား အပြစ်မရှိသော အဖြစ်ကို ပြရန်ဟောတော်မူသည်—

ရဟန္တာတို့ ပစ္စည်းသိုမှီးခြင်း မရှိကုန်၊ အာဟာရ၏ သဘောကို ကောင်းစွာ သိရှိကုန်၏၊ သုည လွတ်မြောက်မှု နှင့် အကြောင်းကင်းသော လွတ်မြောက်မှု၌ ကျက်စား ကုန်၏၊ ကောင်းကင်၌ ငှက်တို့သွားရာလမ်းကို မမြင်နိုင် သကဲ့သို့ သူတို့သွားရာလမ်းကို မမြင်နိုင်ချေ။

× × ×

## (၄) အနုရုဒ္ဓ [ရှင်အနုရုဒ္ဓာ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ဇာလိနီအမည်ရှိသော နတ်သမီးသည် ရှင်အနုရုဒ္ဓာကို ရည်မှတ်၍ နတ်ပုဆိုးကို ပံ့သကူပစ်၏။ သင်္ကန်းချုပ်သော အခါလည်း မြတ်စွာဘုရားနှင့်တကွ ရဟန်းငါးရာတို့ အလိုငှာ ဆွမ်းခဲဘွယ် စသည် တို့ကို သူ၏ တန်ခိုးဖြင့် ဆောင်ယူလေ၏။ နတ်သမီး စောင်မသည် ကို မသိကြသော ရဟန်းတို့သည် ရှင်အနုရုဒ္ဓာအား ပမာဏကို မသိ ဘဲ အလုပ်အကျွေး ဒါယကာတို့ကို ပြောဘိသည်ဟု ကဲ့ရဲ့ကုန်၏။ ထိုအကြောင်းကို ဘုရားရှင် ဟောကြားတော်မူ၍ မထေရ်၌ အပြစ် မရှိ သည်ကို ထင်ရှားစေခြင်းငှာ ဟောတော်မူသည်—

အာသဝေါကုန်သော ရဟန္တာသည် အာဟာရကို တပ်မက်သောအားဖြင့် မှီဝဲခြင်း မရှိ၊ သုည လွတ်မြောက် မှုနှင့် အကြောင်းကင်းသော လွတ်မြောက်မှု၌ ကျက်စား ၏၊ ကောင်းကင်၌ ငှက်တို့ သွားရာလမ်းကို မမြင်နိုင် သကဲ့သို့ သူ၏ သွားရာလမ်းကို မမြင်နိုင်ချေ။

× × ×

## (၅) မဟာ ကစ္စာယန [ရှင်မဟာကစ္စည်း]

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း၌ နေတော်မူသော အခါ သိကြားမင်းသည် နတ်ပရိသတ်များနှင့် အတူလာ၍ မြတ်စွာ ဘုရားနှင့်တကွ ရဟန်းသံဃာတို့ကို နတ်၌ဖြစ်သော အမွှေးနံ့သာ ပန်းမာလာတို့ဖြင့် ပူဇော်၏၊ ရဟန်းတို့အလယ်တွင် ရှင်ကစ္စည်းကို မတွေ့လျှင် "ကျွန်ုပ်၏ အရှင် မမြင်ပါကလား"ဟု မေး၏။ တွေ့ လျှင် ခြေကိုကိုင်၍ ဦးတိုက်၏။ ထိုအကြောင်းအရာကို ရဟန်းတို့ ပြောဆိုကြ၍ နတ်တို့ ချစ်မြတ်နိုးသော အကြောင်းကို ဟော တော်မူသည်—

ကောင်းစွာ လေ့ကျင့် သင်ကြားပြီးသော မြင်းကဲ့သို့ ဣန္ဒြေတို့ကို ငြိမ်သက် တည်ကြည်အောင် ကောင်းစွာ စောင့်ရှောက်ပြီးသော မာန်မာနကိုလည်း ပယ်ပြီးသော အာသဝေါ ကင်းစင်ပြီးသော လောကဓံ တရားကြောင့် တုန်လှုပ်ခြင်းမရှိသော ရဟန္တာကို နတ်တို့လည်း ချစ်မြတ် နိုးကုန်၏။

× × ×

## (၆) သာရိပုတ္တ [ရှင်သာရိပုတ္တရာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ "အရှင် သာရိပုတ္တရာသည် အကျွန်ုပ်ကို ဒုကုဋ်(နှစ်ထပ်သက်နံ) ဖြင့် ကျင်နာအောင် တိုက်ခိုက်ဘိသည်"ဟု ရဟန်းမလိမ်မာက လျှောက်ထားရာတွင် ရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ မေး တော်မူလျှင် "ခြေသုတ်ပုဆိုး မြေစွယ်ကျိုးနှင့် ချိုကျိုးသော နွား

ဒွန်းစဏ္ဍားသို့ မလွှားမပ မာန်မထကြောင်း”လျှောက်ထားသော အခါ စွပ်စွဲမိသော ရဟန်းသည် ပူပန်ခြင်းဖြစ်၍ ကန်တော့ဝန်ချ၏။ ရှင်သာရိပုတ္တရာလည်း ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီပြီးသော် “အရှင်ဘုရား၊ အကျွန်ုပ်သည် ဤအရှင်၏ အပြစ်ကို သည်းခံပါ၏။ ဤအရှင်လည်း အကျွန်ုပ်၌ အပြစ်ရှိသော် သည်းခံပါလော့” ဟု ဆို၏။ ဘုရားရှင်လည်း ရှင်သာရိပုတ္တရာ၏ ဂုဏ်ကို ပြခြင်းငှာ ဟောတော်မူ၏—

ရဟန္တာသည် မြေကြီးနှင့် တူစွာ သည်းခံ၏၊ အမျက်ဒေါသဖြင့် ဆန့်ကျင်ဘက် မပြု၊ မယိမ်းမယိုင် တံခါးတိုင်ကဲ့သို့ တည်ကြည်၏၊ လောကဓံကြောင့် ဖောက်ပြန်ခြင်း မရှိ၊ ကြည်လင်သော ရေကန်ကဲ့သို့ စိတ်ကြည်လင်၏၊ ဤကဲ့သို့သောသူသည် သံသရာ၌ မကျင်လည်ရ။

× × ×

## (၇) ကောသမ္ဗီ တိဿ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကောသမ္ဗီပြည်မှ တိဿမထေရ်သည် ရဟန္တာဖြစ်သော သာမဏေငယ်နှင့်တကွ မြတ်စွာဘုရားအထံသို့ လာသည်ရှိသော် လမ်းခရီး၌ ကျောင်းတခုဝယ် တည်းခို၍ အိပ်လေ၏။ သာမဏေသည် ဥပဇ္ဈာယ်အား သဟသေယျ အာပတ် (တမိုးတရံတည်းသော ကျောင်း၌ အတူအိပ်ခြင်းအပြစ်) လွတ်စေခြင်းငှာ မထေရ်အိပ်သော ညောင်စောင်းအနီးဝယ် မအိပ်ဘဲ ထိုင်နေ၏။ မထေရ်လည်း အရုဏ်တက်ခါနီး၌ သာမဏေငယ်ကိုနှိုးခြင်းငှာ ယပ်ရိုးဖြင့် ကြမ်းကိုဆောင့်ရာတွင် မျက်စိကို ခိုက်မိ၍ မျက်စိပျက်လေ၏။သာမဏေ

ငယ်သည် ဆရာ နှလုံးမသာမည်စိုး၍ မပြောဘဲ လက်တဖက်ဖြင့် မျက်စိကိုအုပ်၍ လက်တဖက်ဖြင့် ဝတ်ကြီးဝတ်ငယ်ကို ပြုလျှင်– "သာမဏေ မလိမ်မာစွတကား။ လက်နှစ်ဖက်ဖြင့်သာ ကပ်ရာ၏" ဟု ဆိုလေမှ အကြောင်းကို လျှောက်၏။ ဆရာသည်– "သူတော်ကောင်း သာမဏေ၊ ငါကား ဝန်လေးသော အမှုကို ပြုမိ၏။ ငါ၏အပြစ်ကို သည်းခံပါ"ဟု ကန်တော့ဝန်ချ၍ မြတ်စွာဘုရားအထံ ရောက်လျှင် ဤအကြောင်းကို လျှောက်၏။ ဘုရားရှင်လည်း သာမဏေ၏ ရဟန္တာအဖြစ်ကို ထင်ရှားပြရန် ဟောတော်မူသည်—

ကောင်းစွာသိ၍ လွတ်မြောက်သော ငြိမ်သက်သော ဖောက်ပြန်ခြင်း မရှိ သူ၏စိတ်သည် ငြိမ်သက်၏၊ စကားလည်း ငြိမ်သက်၏၊ အလုပ်လည်း ငြိမ်သက်၏။

× × ×

(၈) သာရိပုတ္တ [ရှင်သာရိပုတ္တရာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သုံးကျိပ်သော အရညဝါသီရဟန်းတို့ ရှေ့ဝယ် ရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ "သာရိပုတ္တရာ၊ သဒ္ဓါစသော ဣန္ဒြေငါးပါးကို မပွားစေဘဲ အမြိုက်နိဗ္ဗာန်ကို မျက်မှောက် ပြု၏ ဆိုသော စကားကို သင် ယုံကြည်သလော"ဟု မေး၏။ "အရှင်ဘုရား၊ ကိုယ်တိုင် မသိသောသူသည် သူတပါးတို့ စကားဖြင့် ယုံကြည်ရပါ၏။ အကျွန်ုပ်ကား ကိုယ်တိုင်သိမြင်ပြီးဖြစ်၍ သူတပါးတို့ စကားဖြင့် မယုံကြည်ပါ"ဟု ဖြေ၏။ ဘုရားရှင်သည် ရှင်သာရိပုတ္တရာကို ချီးမွမ်းခြင်းငှာ ဟောတော်မူသည်–

သူတပါးတို့စကားကို မယုံကြည်၊ အကြောင်းတရားတို့မပြုသော နိဗ္ဗာန်ကို ကိုယ်တိုင်လည်း သိ၏၊ အစပ်ကိုလည်း ဖြတ်၏၊ မျိုးစေ့ကိုလည်း သတ်၏၊ အလိုဆန္ဒကိုလည်း ပယ်သူသည် စင်စစ်ယောကျ်ားမြတ် ဖြစ်၏။

× × ×

## (၉) ခဒိရ ရေဝတ [ရှားတောနေ ရှင်ရေဝတ]

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ရှင်သာရိပုတ္တရာ၏ ညီတော် ရေဝတသည် ရှားတော(ခဒိရ) အရပ်၌ သွား၍ နေ၏။ သို့ကြောင့် သူ့ကို ခဒိရ (ရှားတော) ရေဝတ ဟု ခေါ်၏။ သူနေသောအရပ်မှာ လွန်စွာ သာယာကြည်နူးဘွယ် ကောင်းကြောင်း ပြောဆိုချီးမွမ်းကြသော ရဟန်းတို့အား မြတ်စွာဘုရား တရားညွှန်ပြတော်မူသည်—

ရွာမှာ ဖြစ်စေ တောမှာ ဖြစ်စေ ချိုင့်ဝှမ်းရာမှာ ဖြစ်စေ ကုန်းမြေမှာ ဖြစ်စေ ရဟန္တာတို့ နေသောအရပ်သည် မွေ့လျော်ဘွယ် ကောင်း၏။

× × ×

## (၁၀) အညတရ ဣတ္ထိ [အမျိုးသမီးတဦး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းတပါးသည် တော၌ ကမ္မဋ္ဌာန်းစီးဖြန်း၍ နေရာ ပြည့်တန်ဆာ၏ ဖောက်ပြန်ခြင်းကို စွဲ၍ ထိတ်လန့်သောစိတ်ရှိသည်တွင် ဘုရားရှင်သည် ထိုရဟန်း၏စိတ်ကိုသိ၍ ရောင်ခြည်တော်ဖြင့် ထိုရဟန်း၏ အနီးဝယ် တည်သကဲ့သို့ဖြစ်၍ တရားဟောတော်မူသည်—

မွေ့လျော်ဘွယ်ကောင်းသော တောအရပ်တွင် လူတို့ မမွေ့လျော်ကြချေ၊ တောတွင် ရာဂကင်းသူတို့ မွေ့လျော်ကြလိမ့်မည်၊ သူတို့သည် ကာမဂုဏ်ကို ရှာဖွေခြင်း မပြုကြချေ။

## ၈—သဟဿ ဝဂ္ဂ

## တထောင် တရားစု

### (၁) တမ္ဗဒါဠိက [ခိုးသူသတ်သမား]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ငါးဆယ့်ငါးနှစ်ပတ်လုံး ခိုးသူသတ်လုပ်၍ နေသော တမ္ဗဒါဠိကသည် သေခါနီးကာလမှ ရှင်သာရိပုတ္တရာ၏ အနည်းငယ်သော ဓမ္မဒေသနာကို နာရ၍ သောတာပတ္တိမဂ်၏ အတွင်းဖြစ်သော အနုလောမခန္တီသို့ ရောက်လျှင် သေ၍ နတ်ပြည်၌ ဖြစ်လေ၏။ ထိုအကြောင်းကို ရဟန်းတို့ ဆွေးနွေးပြောဆိုကာ အံ့ဩချီးမွမ်း နေသဖြင့် ဘုရားရှင် ဟောကြားတော်မူသည်—

> အကျိုးစီးပွားနှင့် စပ်ဆိုင်ခြင်းမရှိသော စကားပေါင်း
> တထောင်ထက် ကြားနာရ၍ ငြိမ်းအေးကြောင်း ဖြစ်
> သော စကားတခွန်းက မွန်မြတ်၏။

× × ×

## (၂) ဗာဟိယ ဒါရုစီရိယ [ပရဗိုဇ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သုပ္ပါရက သင်္ဘောဆိပ်မှ ဒါရုစီရိယ ပရဗိုဇ်သည် ယူဇနာ တရာ့နှစ်ဆယ်ခရီးကို တညဉ့်တည်းလာ၍ ဆွမ်းခံကြွတော်မူသော ဘုရားရှင် ခြေတော် ဦးတိုက်၍ လက်အုပ်ချီကာ "ဒေသေတုဘန္တေ ဘဂဝါ ဓမ္မံ"စသည်ဖြင့် တရားဟောခြင်းငှာ တောင်းပန်၏။ ဘုရားရှင်သည် နှစ်ကြိမ်ပယ်တော်မူ၍ သုံးကြိမ်မြောက် တောင်း ပန်သည်တွင် တရားဟောတော်မူလျှင် ကိလေသာ ကုန်ခန်း၍ ရဟန်း ဖြစ်လေ၏။ "အနည်းငယ်သော ဘုရားရှင့် စကားသည် များမြတ်သော လောကုတ္တရာအကျိုးကို ပြီးစေနိုင်သည်"ဟု ချီး မွမ်းသော ရဟန်းတို့အား တရားဟောတော်မူသည်—

> အကျိုးစီးပွားနှင့် ယှဉ်ဆိုင်ခြင်း မရှိသော ဂါထာ တထောင်ထက် ကြားနာရ၍ ငြိမ်းအေးကြောင်းဖြစ် သော ဂါထာတပုဒ်က မွန်မြတ်၏။

× × ×

## (၃) ကုဏ္ဍလ ကေသီ [ထေရီ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရာဇဂြိုဟ်မြို့သူ ကုဏ္ဍလကေသီသတို့သမီးသည် မိမိလင်ဖြစ်သော ခိုးသူကို ခိုးသူချ ချောက်၌ ပစ်ချသတ်၍ ပရိဗိုဇ်ရဟန်းတို့အထံ၌ အယူဝါဒတထောင်ကို သင်လျက် အယူဝါဒပြိုင်ခြင်းငှာ လှည့် လည်လေသော် ရှင်သာရိပုတ္တရာနှင့် တွေ့ရာတွင် ရဟန်းပြု၍ မကြာ မြင့်မီ ရဟန္တာဖြစ်လေ၏။ "ဤထေရီသည် လင်ဖြစ်သော ခိုးသူ

ကို အောင်ခဲ့၍ အနည်းငယ်မျှ တရားကို နာကာမျှဖြင့် ရဟန်းကိစ္စ ပြီးပေသည်”ဟု ရဟန်းတို့ ချီးမွမ်းခပြောဆိုရာတွင် ဘုရားရှင် တရား ပြတော်မူသည်—

အကျိုးမရှိသော ဂါထာ ရာပေါင်းများစွာ ရွတ်ခြင်း ထက် ကြားနာရ၍ ငြိမ်းအေးကြောင်းဖြစ်သော တရား တပုဒ်ကို ရွတ်ခြင်းက မွန်မြတ်၏။

လူတယောက်သည် စစ်မြေပြင်၌ လူတသန်းကို နိုင်၏၊ အခြား တယောက်သည် မိမိတယောက်ကိုသာ နိုင်၏၊ စင်စစ် မိမိကိုယ်ကို နိုင်သူသာ အောင်သူတကာတို့ထက် မွန်မြတ်၏။

× × ×

(၄)· အနတ္ထ ပုစ္ဆက [ပုဏ္ဏား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ပုဏ္ဏားတယောက်သည် ဘုရားရှင်အထံ လာပြီး “အရှင်သည် အကျိုးစီးပွား အတ္ထကိုသာ သိပါသလော။ အကျိုးမဲ့ အနတ္ထကို ပါ သိသလော”ဟု မေးလျှောက်၍ မြတ်စွာဘုရားသည် သူ့အား အကျိုးမဲ့ခြင်း အကြောင်းတို့ကို မြွက်ကြားပြီး “ပုဏ္ဏား၊ သင် ဘယ်အလုပ်ဖြင့် အသက်မွေးသနည်း”ဟု မေးတော်မူ၏—

“အို ဂေါတမ၊ အန်ကစားခြင်းဖြင့်”

“သင် ရှုံးသလော၊ နိုင်သလော”

“နိုင်သည့်အခါ နိုင်၍ ရှုံးသည့်အခါ ရှုံးပါသည်”

ထိုအခါ မြတ်စွာဘုရားက တရားညွှန်ပြတော်မူသည်—

မိမိကိုယ်ကို နိုင်ခြင်းသည် စင်စစ် မြတ်၏၊ သူတပါး ကို နိုင်ခြင်းကား မမြတ်ချေ။

မိမိကိုယ်ကို ဆုံးမ၍ အမြဲစောင့်စည်းသူ၏ အောင် ခြင်းကို နတ် ဂန္ဓဗ္ဗ မာရ်နတ် ဗြဟ္မာတို့ မဖျက်ဆီးနိုင်ချေ။

× × ×

## (၅) သာရိပုတ္တ မာတုလ [ရှင်သာရိပုတ္တရာ၏ ဦးရီး]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ဗြဟ္မာ့ပြည်သို့ လားရန်အတွက် လ တိုင်း လ တိုင်း အသပြာ တထောင် အကုန်ခံပြီး တက္ကတွန်းတို့အား ပေးလှူနေသော ဦးရီးကို ရှင်သာရိပုတ္တရာသည် "ဗြဟ္မာပြည်သို့ လားရန်လမ်းကို သင်လည်း မသိ၊ သင့်ဆရာလည်း မသိ၊ တကယ်သိသူကို ငါပြမည်"ဟု ပြော ကာ ဘုရားရှင်ထံသို့ ခေါ်လာ၏။ ထိုအခါ ဘုရားရှင်သည် သာရိ ပုတ္တရာ၏ ဦးရီးကို အကြောင်းပြု၍ တရားပြတော်မူ၏—

အနှစ်တရာ ပတ်လုံး လ တိုင်း လ တိုင်း အသပြာ တထောင် အကုန်ခံ၍ လောကီသားတို့ကို ပေးလှူခြင်း ထက် ဝိပဿနာဖြင့် စိတ်ကိုပွားပြီးသော အရိယာတပါး ကို တခဏမျှ ပေးလှူပူဇော်ခြင်းက မွန်မြတ်၏။

× × ×

## (၆) သာရိပုတ္တ ဘာဂိနေယျ [ရှင်သာရိပုတ္တရာ၏ တူ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဗြဟ္မာ့ပြည်သို့ လားရန်အတွက် လ တိုင်း လ တိုင်း သားတကောင် သတ်ပြီး မီးနတ်ကို ပူဇော်နေသော တူတော်ကို ရှင်သာရိပုတ္တရာ

သည်"ဗြဟ္မာပြည်သို့ သွားရန်လမ်းကို သင်လည်း မသိ။ သင့်ဆရာတို့လည်း မသိကြ။ ဗုဒ္ဓအထံ လိုက်ခဲ့"ဟု ပြောပြီး ခေါ်ဆောင်လာ၏။ ဘုရားရှင်သည် ရှင်သာရိပုတ္တရာ၏တူအား အကြောင်းပြု၍ တရားဟောတော်မူသည်—

တော၌ အနှစ်တရာပတ်လုံး မီးပူဇော်ခြင်းထက် ဝိပဿနာစိတ်ကို ပွားပြီးသော အရိယာတပါးကို တခဏမျှ ပူဇော်ခြင်းက မွန်မြတ်၏။

× × ×

## (၇) သာရိပုတ္တ သဟာယက [ရှင်သာရိပုတ္တရာ၏ အဆွေ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဗြဟ္မာ့ပြည်သို့လားရန် ယစ်ပူဇော်သော သူငယ်ချင်းကို ရှင်သာရိပုတ္တရာသည် "ဗြဟ္မာပြည်သို့ သွားရန်လမ်းကို သင်လည်း မသိ။ သင့် ဆရာတို့လည်း မသိကြ။ ဗုဒ္ဓသာ သိတော်မူသည်"ဟု ပြောကာ ခေါ်ဆောင်လာ၏။ ဘုရားရှင်သည် ရှင်သာရိပုတ္တရာ၏ သူငယ်ချင်းကို အကြောင်းပြု၍ တရားဟောတော်မူသည်—

လောက၌ ကောင်းမှုကိုအလိုရှိ၍ မင်္ဂလာပွဲနေ့ စသည်၌ ပေးလှူသော အလှူမျိုး၊ အထူးစီမံ၍ ဧည့်သည်တို့အား ကျွေးမွေးသော အလှူမျိုးကို အနှစ်တရာပတ်လုံး မပြတ်ပေးလှူခြင်းသည် ဖြောင့်မှန်စွာ ကျင့်သော အရိယာတို့အား ကြည်ညိုရှိခိုးသော စေတနာ၏ လေးဘို့ တဘို့မျှ မမှီချေ။

× × ×

## (၈) ဒီဃာဝု ကုမာရ [သတို့သား]

မြတ်စွာဘုရားသည် ဒီဃာလက်တမြို့ကို အမှီပြု၍ အရညကုဋီ၌ နေတော်မူသော အခါ "ခုနစ်ရက်မျှ အသက်ရှင်အံ့သော ဒီဃာဝုသတို့သားသည် ဘုရားရှင်၏ ပရိတ်တော်ကို နာရာတွင် အသက် တရာ့နှစ်ဆယ်ရှည်ပေသည်။ အခြားအသက်ရှည်ခြင်း အကြောင်းလည်း ရှိပါသေး၏လော" ဟု ရဟန်းတို့ လျှောက်ကြားရာတွင် ဘုရားရှင်က တရားဟောတော်မူသည်—

မိမိထက် အသက် ဂုဏ် ဝါ သိက္ခာကြီးတို့ကို အမြဲ အရိုအသေပြုပြီး ရှိခိုးလေ့ရှိသူမှာ အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာခြင်းနှင့် ခွန်အား ကြီးခြင်း အကျိုးတရား လေးပါးတို့ တိုးပွားကုန်၏။

× × ×

## (၉) သံကိစ္စ [ရှင်သာမဏေ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်း သုံးကျိပ်တို့သည် သံကိစ္စ သာမဏေငယ်နှင့်တကွ တောအုပ်တခု၌ ကမ္မဋ္ဌာန်းစီးဖြန်းနေစဉ် ခိုးသူ ငါးရာတို့သည် ယစ်ပူဇော်ခြင်းငှာ ရဟန်းတပါး ပေးရမည်ဟု တောင်းသည့်ရှိသော် သာမဏေငယ် သံကိစ္စ လိုက်၍ တရားဟောရာတွင် ခိုးသူငါးရာတို့ ရဟန်းပြုလေကုန်၏။ သံကိစ္စ သာမဏေငယ်သည် ထိုခိုးသူ ငါးရာတို့ကို မြတ်စွာဘုရားအထံသို့ ဆောင်သွားလေ၏။ ဘုရားရှင်လည်း ထိုရဟန်းတို့ကို ဆုံးမခြင်းငှာ တရား ဟောတော်မူသည်—

သီလ မရှိ သမာဓိ မရှိသူ၏ အနှစ်တရာ ပတ်လုံး အသက်ရှည်ခြင်းထက် သီလရှိ၍ ကမ္မဋ္ဌာန်း ရှုသောသူ၏ တရက်မျှ အသက်ရှည်ခြင်းက မွန်မြတ်၏။

× × ×

(၁၀) ခါဏု ကောဏ္ဍည [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တောအုပ်တခုရှိ ကျောက်ဖျာထက်ဝယ် ကောဏ္ဍည မထေရ် ဈာန်ဝင်စား၍ နေသည်ကို ခိုးသူ ငါး ရာတို့ မြင်သောကြောင့် အလှန် ကြည်ညို၍ မထေရ်၏ထံ၌ ရဟန်းပြုကြ၏။ မထေရ်သည် ခိုးသူရဟန်းတို့ကို မြတ်စွာဘုရားအထံသို့ ခေါ်၍သွားလေသော် ဘုရားရှင်သည် ထို ခိုးသူရဟန်းတို့ကို ဆုံးမခြင်းငှာ တရားဟော တော်မူသည်—

ပညာ မရှိ သမာဓိ မရှိသောသူ၏ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက် ပညာရှိ၍ ကမ္မဋ္ဌာန်း ရှုသောသူ၏ တရက်မျှ အသက်ရှည်ခြင်းသည် မွန်မြတ်၏။

× × ×

(၁၁) သပ္ပဒါသ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သပ္ပဒါသ မထေရ်သည် သာသနာတော်၌ မမွေ့လျော်နိုင်သည် ဖြစ်၍ 'သေခြင်း၊လူထွက်ခြင်းတို့တွင် သေခြင်းပင် မြတ်သေး၏' ဟု ကြံ၍ မြွေဟောက်ကို အိုးတွင်ထည့်ကာ လက်နှိုက်သော်လည်း

မြွေ မကိုက်။ လည်ကိုဖြတ်အံ့ဟု လည်ချောင်းထက် သင်ဓုန်းဓား တင်၍ မိမိသီလကို ဆင်ခြင်ရာတွင် ဖြူစင်သော သီလကို မြင်၍ ပြန့်နှံ့သော ပီတိ ပါမောဇ္ဇဖြင့် ဝိပဿနာသို့ ရောက်စေ၍ ရဟန္တာ ဖြစ်လေ၏။ ဘုရားရှင်သည် ဤအကြောင်းကို မိန့်တော်မူ၍ တရား ဟောတော်မူသည်—

ပေါ့ပေါ့ ဆဆနှင့် လုံ့လဝီရိယ မရှိသောသူ၏ အနှစ် တရာပတ်လုံး အသက်ရှည်ခြင်းထက် ကောင်းစွာ အား ထုတ်သူ၏ တရက်မျှ အသက်ရှည်ခြင်းသည် မွန်မြတ်၏။

× × ×

## (၁၂) ပဋာစာရီ [ပဋာစာရာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ပဋာစာရီ မည်သော အမျိုးသမီးသည် အမိ အဖ မောင် လင် နှင့် သားနှင်ယောက်တို့ သေပျောက်ခြင်းကြောင့် အဝတ်မကပ် ရူးသွပ်သော အဖြစ်သို့ရောက်၍ "သားငယ်ကိုစွန်သုတ်၊ ရေမြုပ်၍ သားကြီး သေ၊ လင်သက်ဝေ မြွေခဲ၊ အိမ်လဲလို့မိနှင့်ဖ၊ မောင်ကာစ ဆုံး ချေပြီ" ဟု တောက်တီးယွင်းရွတ် ဆိုရွတ်ယောင်မှားလျက် ဘုရား အထံသို့ လာလေသော် "နှမပဋာစာရီ၊ သံသရာ၌ သားသမီး သော ကကြောင့် ယိုကျသော မျက်ရည်စုသည် လေးခုသော သမုဒ္ဒရာ ထက် များသေး၏" ဟု မိန့်တော်မူလျှင် သောက လွင့်ပါးသွား၏။ "ပဋာစာရီ၊ သေမင်းနှိပ်စက်သည်ရှိသော် မိဘမောင်ဘွားလင်သား ဆွေမျိုးတို့ ကိုးကွယ်ရာ မရှိ။ မိမိကြမ္မာငင်ရာသို့ သွားရလိမ့်မည်" ဟု မိန့်တော်မူလျှင် သောတာပန်တည်၍ ရဟန်းပြုပြီး ဥဒယဗ္ဗယ

ကမ္ဗောဇန်းကို ဆင်ခြင်ရာတွင် ဂန္ဓကုဋိရှေ့တိုက်တော်မှ နေလျက် ရောင်ခြည်တော်လွှတ်ပြီးလျှင် တရားဟောတော်မူသည်—

အဖြစ်အပျက်ကို မရှု မဆင်ခြင် မမြင်မူ၍ အနှစ်တရာ ပတ်လုံး အသက်ရှည်ခြင်းထက် အဖြစ်အပျက်ကို ကောင်းစွာမြင်သူ၏ တရက်မျှ အသက်ရှည်ခြင်းသည် မွန်မြတ်၏။

× × ×

## (၁၃) ကိသာ ဂေါတမီ [အမျိုးသမီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကိသာဂေါတမီ မည်သော အမျိုးသမီးသည် သားငယ်သေဆုံးသည်ကို "ကုစား ပေးပါလော့" ဟု မြတ်စွာဘုရား အထံသာ၍ လျှောက်လေ၏။ ဘုရားရှင်လည်း "မသေဘူးသော အမျိုးအိမ်မှ မုန်ညင်းစေ့ တလက်ဆုပ်ကို ယူခဲ့" ဟု မိန့်တော်မူသည် ရှိသော် အိမ်ခြေ ခုနစ်ကုဋေ ရှိသော သာဝတ္ထိမြို့အလုံး၌ မသေဘူးသော အိမ်ကို ရှာဖွေမရသောကြောင့် သောကကိုဖြေ၍ သားငယ်ကို စွန့်ပစ်ပြီး ရဟန်းပြုလေ၏။ သူသည် မီးလျှံတောက်သည်ကိုငြင်း၊ ငြိမ်းသည်ကိုငြင်း မြင်၍ ဆင်ခြင်လေသော် ဘုရားရှင်သည် ဂန္ဓကုဋိ တိုက်တော်မှ ရောင်ခြည်တော်လွှတ်၍ တရားဟောတော်မူသည်—

သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ဘဲ အနှစ်တရာ ပတ်လုံး အသက်ရှည်ခြင်းထက် သေခြင်းကင်းသောနိဗ္ဗာန် ကို မြင်သောသူ၏ တရက်မျှ အသက်ရှည်ခြင်း သည် မွန်မြတ်၏။

## (၁၄) ဗဟု ပုတ္တိကာ [သားများ အမေ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူခသော အခါ သားခုနစ်ယောက်သမီးခုနစ်ယောက်ရှိသောကြောင့် ဗဟုပုတ္တိကာ မည်သော ဒါယိကာမကြီးသည် ဘိက္ခုနီဖြစ်၍ ဟောတော်မူသော တရားကို ဆင်ခြင်အောက်မေ့၍ နေသည်တွင် ဂန္ဓကုဋိတိုက်တော်၌ နေလျက် ဆုံးမတော်မူခြင်းငှာ တရားဟောတော်မူသည်–

မြတ်သောတရားကို မမြင်ဘဲ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက် မြတ်သောတရားကို မြင်ရသော သူ၏ တရက်မျှ အသက်ရှည်ခြင်းသည် မွန်မြတ်၏။

# ၉—ပါပ ဝဂ်
## မကောင်းမှုတရားစု

### (၁) ဇူငွေက သာဠက (ကေသာဠက)

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဇူငွေကသာဠကမည်သော ဆင်းရဲသား ပုဏ္ဏားသည် တရားတော်ကို နာစဉ် အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ကိုယ်ဘွင်ရုံသော ပုဆိုးဖြင့် ပူဇော်မည် အကြံဖြစ်သည်။ လင်မယား နှစ်ယောက်လုံးမှ ခြုံစရာတထည်သာ ရှိသောကြောင့် မစွေ့ရကန့်ကွက်၍ အကြံပျက်ပြန်သည်။ သန်းခေါင်ယာမ်၌ ကြံရာတွင် ပျက်ပြန်၏။ မိုးသောက်ယာမ်၌ အလှူမြှောက်၍ "ငါ အောင်ပြီ" ဟု ကြွေးကြော်သောကြောင့် ပသေနဒီ ကောသလမင်းကြီး မေးလျှင် အကြောင်းကိုပြော၏။ မင်းကြီးသည် မြင်းလေးစီး၊ ရွာကြီးလေးရွာ၊ အသပြာ လေးထောင်တို့ကို အစပြု၍ လေးခု လေးခုစီ သဗ္ဗစတုက္ကဆုလာဘ်ကို ပေး၏။ ထိုအကြောင်းကို ရဟန်းတို့ပြောဆိုသည်တွင် ဘုရားရှင်သည် ဟောတော်မူသည်—

> ကုသိုလ် ကောင်းမှုကို အလျင် ပြုရာ၏၊ စိတ်ကို မကောင်းမှုမှ တားမြစ်ရာ၏၊ ကောင်းမှုပြုရန် နှေးသောသူ၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏။

× × ×

## (၂) သေယျသက [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ရှင်ဥဒါယီ၏တပည့် သေယျသက မည်သော ရဟန်းသည် ကာမန္ဒိပ်စက်၍ လက်ဖြင့်သုက်လွှတ်ခြင်းအမှုကို အဖန်တလဲလဲ ပြုသောကြောင့် ဘုရားရှင်သည် ထိုရဟန်းအား "အဘယ်ကြောင့် ဝန်လေးသောအမှုကို ပြုဘိသနည်း။ အချည်းနှီးယောကျ်ား၊ သင် သည် မလျောက်ပတ်သော အမှုကိုပြု၏" စသည်ဖြင့် ကဲ့ရဲ့ပြစ်တင်ပြီးလျှင် ဆုံးမတော်မူခြင်းငှာ ဟောတော်မူသည်–

> မကောင်းမှုကိုအကယ်၍ပြုမိလျှင်ယင်းကိုနောက်ထပ် တဖန် မပြုရာ၊ထိုတွင် စိတ်အလိုဆန္ဒမျှ မပြုရာ၊ မကောင်းမှု တိုးပွားခြင်းသည် ဆင်းရဲဒုက္ခ၏ အကြောင်းတည်း။

× × ×

## (၃) လာဇာ ဒေဝ ဓိတာ [ပေါက်ပေါက်နတ်သမီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ လယ်စောင့်သော သတို့သမီးတယောက်သည် ရှင်မဟာကဿပကို ပေါက်ပေါက်လှူသောကုသိုလ်ကြောင့် စုတေလျှင် တာဝတိံသာ၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ဝယ် လာဇာ (ပေါက်ပေါက်)

ဒေဝဓီတာ အမည်ဖြင့် နတ်သမီးဖြစ်၏။ သူသည် မိမိစည်းစိမ် ထာဝရတည်စိမ့်သောငှာ ရှင်မဟာကဿပ၏ ကျောင်းပရိဝုဏ်၌ တံမြက် သုတ်သင်လာသည်ကို မထေရ် ခွင့် မပေးသောကြောင့် ကောင်းကင်မှာနေ၍ ငိုကြွေး၏။ ထိုအသံကို ဘုရားရှင် ကြားတော်မူ၍ ဂန္ဓကုဋိ၌နေလျက် တရားဟောတော်မူသည်–

ကောင်းမှုကို အကယ်၍ပြုမိလျှင် ယင်းကို ထပ်ကာ ထပ်ကာ ပြုရာ၏၊ ထိုတွင် စိတ်အလိုဆန္ဒ ဖြစ်စေရာ၏၊ ကောင်းမှု တိုးပွားခြင်းသည် ချမ်းသာသုခ၏ အကြောင်း တည်း။

× × ×

## (၄) အနာထ ပိဏ္ဍိက [အနာထပိဏ်သေဋ္ဌေး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အနာထပိဏ် သေဋ္ဌေးသည် ငါးဆယ့်လေးကုဋေသော ဥစ္စာဖြင့် ကျောင်းဆောက်၊ တဆယ့်ရှစ်ကုဋေသည်း ကမ်းပြို၍ရှာမရ၊ ဘုရား အမှူးရှိသော သံဃာတော်အားလည်း ဆန်ကွဲကိုချက်၍ ပုန်းရည် ဟင်းတခွက်ဖြင့် ပြုနေကျဝတ်ကို မချွတ် ရအောင်သာ လှူဒါန်း ရ၏။ တနေ့သ၌ တံခါးစောင့်နတ်သည် "ရှင်သေဋ္ဌေး၊ သင်သည် အလှူဝတ်ကို လွတ်ပါတော့လော့။ အလှူရဲ၍ မွဲသည် မဟုတ် လော"ဟုဆိုလျှင် "ငါ့အိမ်တံခါးမှခဝယ် ယုတ်မာလှသော နင် မနေလင့်၊ သွားလော့"ဟု နှင်ရာတွင် နတ်သည် ကိုးကွယ်ရာ မရ သောကြောင့် ငါးဆယ့်လေးကုဋေသော ဥစ္စာတို့ကို ကျိကြ၌ ပြည့် စေ၍ ကန်တော့ဝန်ချ၏။ ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်သည်ရှိသော် ဟောတော်မူသည်–

မကောင်းမှုပြုသူသည် မကောင်းကျိုးမပေးသေးသမျှ ကောင်းသော ချမ်းသာကို တွေ့မြင်ရ၏၊ မကောင်းကျိုး ပေးသောအခါ သူယုတ်မာသည် မကောင်းသော ဆင်းရဲကို တွေ့မြင်ရ၏။

ကောင်းမှုပြုသူလည်း ကောင်းကျိုး မပေးသေးသမျှ မကောင်းသော ဆင်းရဲကို တွေ့မြင်နေရ၏၊ ကောင်းကျိုး ပေးသောအခါ ကောင်းမှု ပြုသူသည် ကောင်းသော ချမ်းသာကို တွေ့မြင်ရ၏။

× × ×

(၅) အသံယတ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ရဟန်းတပါးသည် သပိတ် ပရိက္ခရာ အိပ်ရာ နေရာတို့ကို သုံးစွဲသည့်နေရာတွင် ထားခဲ့၍ ပျက်စီးကုန်၏။ ထိုအခါ ရဟန်းတို့က 'သင်္ကန်း သပိတ် ပရိက္ခရာတို့ကို သုံးစွဲပြီး ကောင်းစွာ သိမ်းဆည်းခြင်း မပြုက အာပတ်သင့်၏''ဟု ဆိုလေလျှင် ''အနည်းငယ်မျှ ကျူးလွန်သည်မှာ ကိစ္စမရှိပါ''ဟု ပြန်ပြော၏။ ရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကြရာ ထို ရဟန်းကို ဆုံးမတော်မူခြင်းငှာ ဟောတော်မူသည်—

အနည်းငယ်မျှသော မကောင်းမှုသည် အကျိုးမပေး နိုင်ဟု မထေမဲ့မြင် မပြုရာ၊ မိုးပေါက် ကျဖန်များသဖြင့် ရေအိုးပြည့်သကဲ့သို့ သူမိုက်သည် အတန်ငယ် အတန်ငယ် ပြုဖန်များသော် မကောင်းမှုဖြင့် ပြည့်၏။

× × ×

## (၆) ဗိဠာလ ပါဒက [သေဌေး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဥပါသကာတို့သည် ဘုရားအမှူးရှိသော သံဃာတို့ကို ဆွမ်းဖိတ်ပြီး အရပ်ထည်းတွင် လှည့်သည်ကာ သဒ္ဓာတတ်အားသမျှ ကုသိုလ်ပါဝင်ရန် နှိုးဆော်ကြ၏။ ဗိဠာလ ပါဒက အမည်ရှိသော သေဌေးကား "မိမိမလှူနိုင်ဘဲ သူတပါး အားကိုးနှင့် လှူရမည်လော"ဟု အမျက်ထွက်ကာ လှူသင့်သလောက် မလှူချေ။ အလှူခံသူတို့ စိတ်ပျက်စေရန် အနည်းတကာ့အနည်းဆုံး ပေးလှူ၏။ သို့ရာတွင် အလှူခံတို့ကား စိတ်မပျက်ကြချေ။ ကောင်းမှန်စွာ ခံယူပြီး သူ့အတွက် ကုသိုလ်ပြုပေး၍ နောင်တရကာ တောင်းပန်သဖြင့် မြတ်စွာဘုရားသည် သေဌေးကြီးအား ကောင်းမှုကုသိုလ်၏ သဘောကို ဟောတော်မူသည်–

အနည်းငယ်မျှသော ကောင်းမှုဖြစ်၍ အကျိုးမရနိုင်
ဟု မထေမဲ့မြင် မပြုရာ၊ မိုးပေါက် ကျဖန်များသဖြင့် ရေ
အိုးပြည့်သကဲ့သို့ ပညာရှိသည် အဘန်ငယ် အတန်ငယ်
ပြုဖန်များသော် ကောင်းမှုဖြင့် ပြည့်၏။

× × ×

## (၇) မဟာဓနု [ကုန်သည်ကြီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ လှည်းငါးရာတို့ဖြင့် ကုန်ရောင်းသွားသော မဟာဓနု ကုန်သည်သည် တောအုပ်၌ ခိုးသူငါးရာရှိသည့် သတင်းကြား၍ မသွားဝံ့

ဘဲ ရွာငယ်၌ တည်းခိုနေသည်ကို ရဟန်းတို့ ‌ပြောက်ကြရာတွင် ရဟန်းတို့ကို ဆုံးမခြင်းငှာ ဟောတော်မူသည်—

အဖော်နည်းပြီး ဥစ္စာများသော ကုန်သည်သည် ဘေးအန္တရာယ်ရှိသောခရီးကို ကြဉ်ရှောင်သကဲ့သို့၊ အသက်ရှည်လိုသူသည် အဆိပ်ကို ကြဉ်ရှောင်သကဲ့သို့ ပညာရှိသည် မကောင်းမှုကို ကြဉ်ရှောင်ရာ၏။

× × ×

## (၈) ကုက္ကုဋ မိတ္တ [မုဆိုး]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ရာဇဂြိုဟ်ပြည်၌ သောတာပန်ဖြစ်သော သဌေးသမီးတယောက်သည် အရှယ်ရောက်သည်ရှိသော် ကုက္ကုဋ မိတ္တ မုဆိုး၏ မယားဖြစ်၍ လင် တောသွားအံ့သောကာလ လေး မြား ပိုက်ကွန်တို့ကို ထုတ်၍ ပေးရခြင်း၊ ရသောအမဲတို့ကို သိမ်းဆည်းသိုမှီးခြင်း ပြုရ၏။ ဤအမှုအရာကို ရဟန်းတို့ မြင်၍ "သောတာပန်တို့သည် ပါဏာတိပါတကံကို ပြုကုန်သေး၏လော" ဟု ပြောက်ကြရာတွင် ဟောတော်မူသည်—

အကယ်၍ လက်မှာ အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင်နိုင်၏၊ အနာမရှိသောလက်၌ အဆိပ်မတက်ချေ၊ ထို့အတူ မကောင်းမှု မပြုသူအား မကောင်းမှု မရှိချေ။

× × ×

## (၉) ကောကလုဒ္ဒက [ငှက်မှုဆိုး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကောကမည်သော မုဆိုးသည် ဆွမ်းခံကြွသော မထေရ်တပါးကို ခွေးဖြင့် စူးစူးတိုက်၍ လိုက်လေသော် သစ်ပင်ထက်သို့ တက်၍ မထေရ် ပြေးလေ၏။ အောက်ကနေ၍ တုတ်ဖြင့်ထိုးသည်ရှိသော် မထေရ်၏သင်္ကန်းသည် မုဆိုး၏အပေါ်သို့ လွှား၍ကျလေ၏။ ခွေးတို့လည်း မုဆိုးကို ရဟန်းထင်၍ ကိုက်၍ သေစေကုန်၏။ ဤအကြောင်းတို့ကို ဘုရားရှင်အား လျှောက်ကြားရာတွင် ရဟန်းတို့ကို ဆုံးမခြင်းငှာ ဟောတော်မူသည်—

မပြစ်မှား ထိုက်သော၊ စင်ကြယ်သော၊ ကိလေသာ ကင်းသူအား ပြစ်မှားပါလျှင် လေညာသို့ လွှင့်ပစ်သော မြူမှုန်သည် လွှင့်သူအပေါ်သို့ ပြန်ကျသကဲ့သို့ ပြစ်မှားသော သူကိုသာ မကောင်းကျိုးပေး၏။

× × ×

## (၁၀) မဏိကာရ တိဿ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကျောက်ထွင်းသမား တယောက်အိမ်၌ ပတ္တမြားကို ကြိုးကြာငှက် မျိုသည်ကို ဆွမ်းခံစား၍နေသော တိဿမထေရ်ယူမည်ဟု ယိုးစွပ်လျက် မထေရ်အား ချည်လျက် ရိုက်စစ်၏။ ကြိုးကြာသေမည်စိုး၍ ကြိုးကြာမျိုသည် ဟူ၍လည်း ပြောတော်မမူ။ မယားတောင်းပန်၍ မရ။ ကြိုးကြာသည် မထေရ်၏ ဖြာဖြာယိုသွက်

သောသွေးကို သောက်လေသော် ကြိုးကြာကို ခြေဖြင့် ကျောက်၍ သေလေ၏။ ကြိုးကြာ သေရာတွင်မှ "ဒါယကာ၊ သင့်ပတ္တမြားကို ကြိုးကြာငှက် မျိုသည်"ဟု မိန့်တော်မူ၏။ မထေရ်လည်း မကြာမြင့်မီ ထိုအနာဖြင့် ပရိနိဗ္ဗာန်စံ၏။ ကျောက်ထွင်းသမားငရဲ၌ ဖြစ်လေ၏။ ကြိုးကြာသည် လူ့ဝမ်း၌ ပဋိသန္ဓေနေလေ၏။ တောင်းပန်သော မယားသည် နတ်ပြည်၌ဖြစ်လေ၏။ ထိုသဘောကို ဟောကြားတော်မူသည်—

အချို့သောသူတို့သည် အမိဝမ်း၌ ဖြစ်ကုန်၏၊ ယုတ်မာသောသူတို့သည် ငရဲ၌ဖြစ်ကုန်၏၊ သူတော်ကောင်းတို့သည် နတ်ပြည်၌ ဖြစ်ကုန်၏၊ အာသဝေါ ကင်းသူတို့ ပရိနိဗ္ဗာန် ပြုကုန်၏။

× × ×

## (၁၁) တယောဇန [လူသုံးယောက်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါတရားသဘင်၌ ရဟန်းတို့သည် သာဝတ္ထိပြည်၌ မီးလောင်သော အိမ်မှ မြက်ကရွတ်သည် မီးတောက်နှင့်တကွ လွင့်၍ ကျီးတကောင်၏ ဦးခေါင်းငယ် စွပ်မိ၍ ကျီး သေရှာလေ၏ဟု အချို့က ပြောကုန်၏။ သမုဒ္ဒရာတွင် သင်္ဘောမသွား၍ သူယုတ် စာရေးတံချရာတွင် သင်္ဘောသူကြီး၏မယားကိုကျ၍ လည်၌ အိုးဆွဲချပြီး မြှုပ်လေသည်ဟု အချို့က ပြောကုန်၏။ ဘုရားဖူး လာသော ရဟန်းခုနစ်ယောက်တို့ လိုဏ်တခု၌ အိပ်နေစဉ် ကျောက်ဖျာကြီး ပိတ်သွား၍ ခုနစ်ရက်ပတ်လုံး အာဟာရပြတ်ခဲ့သည်ဟု အချို့က ပြောကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုသတ္တဝါတို့ အတိတ်

က ပြုခဲ့သော မကောင်းမှုတို့ကို ပြန်ပြောင်း ဟောကြားပြီး တရား ပြတော်မူသည်—

မကောင်းမှု ပြုသူသည် ကောင်းကင်၌ နေသည်ဖြစ်စေ၊ သမုဒ္ဒရာ၌ နေသည်ဖြစ်စေ၊ တောင်ခေါင်း၌ နေသည် ဖြစ်စေ မကောင်းကျိုးမှ မလွတ်နိုင်၊ အပြစ်မှ လွတ်သော နေရာအရပ် မရှိချေ။

× × ×

## (၁၂) သုပ္ပ ဗုဒ္ဓ [ဒေဝဒတ်၏ အဖ]

မြတ်စွာဘုရား နိဂြောဓာရုံကျောင်း၌ နေတော်မူသောအခါ ဒေဝဒတ်၏အဖ သုပ္ပဗုဒ္ဓ မင်းကြီးသည် မြတ်စွာဘုရား ဆွမ်းခံကြွတော်မူသည်ကို ဆီးတားပိတ်ပင်၍ ဘုရားရှင်က “မြေမျို လိမ့်မည်”ဟု မိန့်တော်မူသည်တွင် ပြာသာဒ် ဘုံခုနစ်ဆင့်ထက်သို့ တက်၍ နေလေ၏။ ခုနစ်ရက်တိုင်လျှင် ပြာသာဒ်ထက်၌ မနေနိုင်ဘဲ အောက်သို့ဆင်းရာတွင် မြေမျိုလေ၏။ ဤအကြောင်းကို ရဟန်းတို့အား မိန့်တော်မူ၍ တရားဟောတော်မူသည်—

မကောင်းမှုပြုသူသည် ကောင်းကင်၌ နေသည်ဖြစ်စေ၊ သမုဒ္ဒရာ၌ နေသည်ဖြစ်စေ၊ တောင်ခေါင်း၌နေသည် ဖြစ်စေ သေခြင်းမှ မလွတ်နိုင်၊ သေမင်း မညှဉ်းဆဲနိုင်သော နေရာအရပ် မရှိချေ။

## ၁၀—ဒုဏ္ဏဝဂ်

### ဒုဏ်တရားစု

### (၁) ဆဗ္ဗဂ္ဂိယ [ခြောက်ဦးအဖွဲ့]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဆယ့်ခုနစ်ဦးဂိုဏ်းဖြစ်သော သတ္တရသဝဂ္ဂိ ရဟန်းတို့ကို ခြောက်ဦးဂိုဏ်းဖြစ်သော ဆဗ္ဗဂ္ဂိ ရဟန်းတို့ ရိုက်ပုတ်လျက် ညှဉ်းဆဲကြလေ ပြုကုန်၏။ ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူသဖြင့် သိက္ခာပုဒ်ပညတ်ပြီး ဆဗ္ဗဂ္ဂိရဟန်းတို့အား ဆုံးမခြင်းငှာ ဟောတော်မူသည်--

သတ္တဝါ မှန်သမျှ ဒဏ်ကိုလန့်ကုန်၏၊ သေခြင်းကို ကြောက်ကုန်၏၊ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါကို မညှဉ်းဆဲ မသတ်ဖြတ်ရာ။

× × ×

## (၂) ဆဗ္ဗဂ္ဂိယ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် သတ္တရသဝဂ္ဂိ ရဟန်းအတို့အပေါ် မကျေနိုင် ဖြစ်နေ၏။ ရိုက်လျှင်လည်း အာပတ်သင့်မည်ကြောင့် မရိုက်ဝံ့ကြချေ။ လက်ပြကာ ခြိမ်းခြောက်၏။ ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူ၍ သိက္ခာပုဒ် ပညတ်ပြီးလျှင် ဆဗ္ဗဂ္ဂိတို့အား ဆုံးမခြင်းငှာ ဟောတော်မူသည်—

သတ္တဝါဟူသမျှ ဒဏ်ကို လန့်ကုန်၏၊ ကိုယ့်အသက်ကို ချစ်မြတ်နိုးကုန်၏၊ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါကို မညှဉ်းဆဲ မသတ်ဖြတ်ရာ။

× × ×

## (၃) သမ္ဗဟုလ ကုမာရ [လူငယ်များ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ များစွာသောလူငယ်တို့သည် ရေမြွေတကောင်ကို ရိုက်ပုတ်နေကြ၏။ မြတ်စွာဘုရား ဆွမ်းခံကြွလာသည်နှင့် ကြုံလေရာ "လူငယ်တို့ သင်တို့သည် မိမိချမ်းသာရေးအတွက် အချည်းနှီး သက်သက် မြွေကို ရိုက်နှက်နေကြသည်။ ဤသို့ပြုသဖြင့် ဖြစ်လေရာ ဘဝတွင် ချမ်းသာသုခ မရနိုင်။ မိမိ စိတ်ကျေနပ်မှုအတွက် သူတပါးကို မထိပါးစေသင့်ပါ" ဟု မိန့်တော်မူ၍ သူတို့အား ဟောတော်မူသည်။

သတ္တဝါတို့သည် ချမ်းသာကို အလိုရှိကုန်၏။ မိမိ ချမ်းသာအတွက် သူတပါးကို ညှဉ်းဆဲသူသည် ဖြစ်လေရာ ဘဝ၌ ချမ်းသာကို မရချေ။

သတ္တဝါတို့သည် ချမ်းသာကို အလိုရှိကုန်၏။ မိမိ
ချမ်းသာအတွက် သူတပါးကို မညှဉ်းဆဲသူသည် ဖြစ်
လေရာဘဝ၌ ချမ်းသာကို ရလေ၏။

× × ×

(၄) ကောဏ္ဍဓာန [ရဟန်း]

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူသောအခါ ကဿပဘုရားလက်ထက် နတ်ဖြစ်၍ မာတုဂါမ အသွင်ဖြင့် ရဟန်းတယောက်ကို သူတပါးတို့ မသင်္ကာစရာ ပြုခဲ့သောကြောင့် ကောဏ္ဍဓာန မထေရ်အနီး၌ သတို့သမီးကို အခါခပ်သိမ်း သူတပါးတို့မြင်ရ၍ မသင်္ကာဖြစ်ကာ ပြောဆိုကြသည်။ မထေရ်ကား မမြင်။ ပြောကြဖန်များသဖြင့် သည်းမခံနိုင်သောကြောင့် ဆဲရေးလေ၏။ ဘုရားရှင်သည် ကောဏ္ဍဓာနကို ဆုံးမခြင်းငှာ ဟောတော်မူလေသည်—

ဘယ်သူ့ကိုမျှ ကြမ်းကြုတ်သောစကား မဆိုလင့်၊
ဆိုလျှင် သင့်ကိုလည်း သူတပါးတို့ ပြန်၍ ဆိုကုန်ရာ၏၊
ချုပ်ချယ်သော စကားသည် ဒုက္ခဖြစ်စေတတ်၏၊ သူတ
ပါးကို ဒဏ်ပြုလျှင် ကိုယ်လည်း ဒဏ်ပြန်ခံရ၏။

အနားပြတ်သော ကြေးခွက် (လင်းကွင်း)သည် အသံ
မထွက် ငြိမ်သက်သကဲ့သို့၊ မိမိကိုယ်ကို ငြိမ်သက်အောင်
စောင့်ရှောက်လျှင် သင်သည် နိဗ္ဗာန်သို့ ရောက်၏၊ သင့်
အား ချုပ်ချယ်ခြင်း မရှိ။

× × ×

## (၅) ဥပေါသထိက ဇာတ်ထီနံ [ဥပုသ်သည် အမျိုးသမီးများ]

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း၌ နေတော်မူသောအခါလင်ဆု သားဆု နတ်ရွာဆုကို တောင့်တ၍ ဥပုသ်စောင့်ကြသော အမျိုးသမီး ငါးရာတို့ကို ဝိသာခါခေါ်၍ လာရာတွင် ဘုရားရှင်သည် ထိုအမျိုးသမီးတို့ကို ဆုံးမခြင်းငှာ ဟောတော်မူသည်—

နွားကျောင်းသားသည် နှင်တံဖြင့် နွား တို့ ကို
စားကျက်သို့ မောင်းနှင်သကဲ့သို့၊ အိုခြင်း သေခြင်းတို့သည်
သတ္တဝါတို့၏ အသက်ကို မောင်းနှင် နေလေသည်။

× × ×

## (၆) အဇဂရ ပေတ [စပါးကြီးမြွေ ပြိတ္တာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကဿပဘုရားလက်ထက် ဂန္ဓကုဋိတိုက်တော်ကို မီးတိုက်ဖူးသောကြောင့် မီးတသိန်ထိန်လောင်လျက် နှစ်ဆယ့်ငါးယူဇနာ ရှိသော အတ္တဘောဖြင့် ဂိဇ္ဈကုဋ်တောင်ဝယ် ခံနေရသော စပါးကြီးမြွေ ပြိတ္တာကို အကြောင်းပြု၍ ဟောတော်မူသည်—

သူမိုက်သည် ယုတ်မာသော အမှုကို ပြုသော်လည်း
ပြုမှန်း မသိချေ၊ သို့ရာတွင် သူ၏ မကောင်းမှုကြောင့်
မီးလောင်သကဲ့သို့ ပူပန်ရ၏။

× × ×

## (၇) မဟာ မောဂ္ဂလာန [ရှင်မဟာမောဂ္ဂလာန်]

မြတ်စွာဘုရား ဇေဘဝန် ကျောင်း၌ နေတော်မူသောအခါ တိတ္ထိငါးရာတို့သည် ခိုးသား ငါးတို့ကို တန်စိုးလက်ဆောင်ပေး၍

ကာဠကျောက်ဖျာ၌ သီတင်းသုံးနေသော မဟာမောဂ္ဂလာန်ကို ရိုက်သတ်စေ၏။ သို့ကြောင့် အဇာတသတ်မင်းသည် ထိုတိတ္ထိများနှင့် ခိုးသားငါးရာတို့ကို သတ်ပစ်လေ၏။ ဤအကြောင်း ဘုရားရှင်အား ရဟန်း လျှောက်ကြားရာတွင် ဟောတော်မူသည်--

အပြစ် မရှိသူ၊ မပြစ်မှားထိုက်သူတို့ကို ပြစ်မှားသူသည် ဒဏ်ဆယ်ပါးတို့တွင် တပါးပါးသို့ အမြန်ရောက်တတ်၏။

ပြင်းထန်သော ရောဂါဝေဒနာ ခံစားရခြင်း၊ ပစ္စည်းဥစ္စာ ပျက်စီးဆုံးပါးခြင်း၊ ခြေလက် စသော ကိုယ်အင်္ဂါ ပျက်စီးခြင်း၊ ကုဋ္ဌနူနာစသော အနာမျိုး နှိပ်စက်ခြင်း၊ ရူးသွပ်ခြင်း၊မင်းဘေးကြောင့် စီးပွားဥစ္စာ ရာထူးဂုဏ်သိန် ပျက်စီးခြင်း၊ ကြမ်းကြုတ်စွာ စွပ်စွဲခြင်း ခံရခြင်း၊မိခိုရာ ဆွေမျိုးဆက် ပြတ်ခြင်း၊ စည်းစိမ် ပျက်စီးခြင်း၊နေအိမ်ကို မီးလောင် မီးကျွမ်းခြင်းတို့ဖြင့် သေလွန်ပြီးနောက်လည်း ငရဲသို့ ရောက်၏။

× × ×

## (၈)ဗဟုဘဏ္ဍိက [ပစ္စည်းစုသော ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပစ္စည်းဘဏ္ဍာ များပြားသော ရဟန်းတပါးသည် အလိုနည်းမှုဖြစ်စေခြင်းငှာ ဆုံးမတော်မူသည်ကို အမျက်ထွက်၍ ကိုယ်ဝတ်သင်္ကန်းကိုချွတ်လျက် သံဃာ့အလယ်၌ နေသောကြောင့် ဆုံးမတော်မူခြင်းငှာ ဟောတော်မူသည်—

အဝတ်မဝတ်ဘဲ ကျင့်ခြင်း၊ ဆံကျစ်ထုံးခြင်း၊ ရွှံ့ညွှံ လူး၍ ကျင့်ခြင်း၊ အစာမစားဘဲ ကျင့်ခြင်း၊ မြေကြီးပေါ် အိပ်၍ ကျင့်ခြင်း၊ မြူမှုန်လိမ်းကျံ၍ ကျင့်ခြင်း၊ ဆောင့် ကြောင့်ထိုင်၍ ကျင့်ခြင်း စသည်တို့သည် ယုံမှားခြင်းကို မလွန်မြောက်သူအား မသုတ်သင်နိုင်ချေ။

× × ×

## (၉) သန္တတိ မဟာမတ္တ [အမတ်ကြီး]

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူသောအခါ သန္တတိအမတ်ကြီးသည် စစ်တိုက်ရာမှအပြန် ကျောင်းတော်သို့ ဝင်၍ တရားနာရာတွင် အရဟတ္တဖိုလ်သို့ ရောက်၍ ထန်းခုနစ် ဆင့်မြင့်သော ကောင်းကင်၌ လက်ကောက် လက်ကျပ် လက် စွပ် တန်ဆာများ ဆင်ယင်လျက်ပင် ပရိနိဗ္ဗာန်ပြု၏။ သူ့ကို သမဏ (ရဟန်း)၊ ဗြာဟ္မဏ (ပုဏ္ဏား)၊ ဘိက္ခု (ရဟန်း) ဟု ဆိုသိုက်မည်လောဟု ရဟန်းတို့ ပြောဆိုကြရာတွင် ဟောတော် မူသည်–

ငြိမ်သက်သော၊ ဣန္ဒြေကို ဆုံးမသော အမြဲ ဗြဟ္မစာရီ ကျင့်သော၊ ခပ်သိမ်းသော သတ္တဝါကို ဒဏ်မသားသော သူသည် တန်ဆာ ဆင်သော်လည်း သာမဏ ဗြာဟ္မဏ ဘိက္ခုမည်လေသည်။

× × ×

## (၁၀) ပိလောတိက တိဿ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူသောအခါ ပုဆိုးနွမ်းပိုင်းတထည်နှင့် တောင်းစားနေကျဖြစ်သော ခွက်ငယ်

တခုကို အဖန်ဖန်အောက်မေ့၍ လူထွက်လိုသောစိတ်ကို ကိုယ့်ရှင် ကိုယ်ပင် ဆုံးမ၍ မဂ်ဖိုလ်သို့ရောက်သော ပိလောတိက တိဿမထေရ်၏အကြောင်းကို ရဟန်းတို့ ပြောကြားရာဘွင် ဟောဘော်မူသည်—

မြင်းကောင်းသည် ကြိမ်ကို ရှောင်သကဲ့သို့ လောက၌ ကဲ့ရဲ့ဘွယ်လွှတ်ကင်းသူ၊ ရှက်တတ်သူ လွန်စွာ ရှားပါးလေသည်။

ကြိမ်အတို့ခံရသော မြင်းကောင်းကဲ့သို့ လုံ့လ ရှိကြလော့၊ ထိတ်လန့်ကြလော့၊ ယုံကြည်ခြင်း၊ အကျင့်သီလ၊ လုံ့လ၊ ဝီရိယ၊ သမာဓိ၊ ဆုံးဖြတ်တတ်ခြင်း၊ ဝိဇ္ဇာ၊ စရဏ၊ သတိရှိခြင်းအားဖြင့် အလွန်ရှည်လျားသော ဤ ဝဋ္ဋဆင်းရဲကို ပယ်ကြကုန်လော့။

× × ×

## (၁၁) သုခ [ရှင်သာမဏေ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ရှင်သာရိပုတ္တရာ၏တပည့် သုခ သာမဏေသည် ရေမြောင်းကိုင်း၊ မြားသမားကိုင်း၊ လက်သမားကိုင်း ဥပမာပြု၍ မိမိကိုယ်ကို ဆုံးမ၍ အရဟတ္တဖိုလ်သို့ ရောက်သည်ကို အကြောင်းပြု၍ ဟောတော်မူသည်—

တောင်သူလယ်သမားတို့သည် ရေကို ဆောင်ယူကုန်၏၊ မြားသမားတို့သည် မြားကို ဖြောင့်ကုန်၏၊ လက်သမားတို့သည် သစ်ကို ရွေကုန်၏၊ ပညာရှိတို့သည် စိတ်ကို ဆုံးမကုန်၏။

# ၁၁—ဇရာ ဝဂ်

## အိုခြင်း တရားစု

### (၁) ဝိသာခါယ သဟာယိကာ [ဝိသာခါ၏ အဖော်များ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဝိသာခါ ဒါယိကာမသည် သေရည်သောက်ကုန်သော အမျိုးသမီး ငါးရာတို့ကို ကျောင်းသို့ခေါ်၍ ဆုံးမတော်မူပါဟု လျှောက်၏။ အမျိုးသမီးတို့သည်လည်း သေယစ်ကုန်သောကြောင့် ဘုရားရှင်ရှေ့တော်၌ ရယ်ရွှင်ခြင်း၊ က ခြင်း၊ သီခြင်းကို ပြုကုန်၏။ ဘုရားရှင်သည် မျက်မှောင်တော်မှ ညိုသောရောင်ခြည်လွှတ်၍ မိုက်မှောင် ချထားတော်မူရာ မာတုဂါမတို့အား ထိတ်လန့်ခြင်း၊ ကြောက်ခြင်းဖြစ်၍ သူရာယစ်ခြင်း ပျောက်ငြိမ်းလေ၏။ ထိုအခါ ဘုရားရှင်သည် မြင့်မိုရ်တောင်ထက်သို့တက်၍ ဥဏ္ဏာလုံမွေးရှင်တော်မှ ဖြူသော ရောင်ခြည်တော်လွှတ်၍ အလင်းကို ဖြစ်စေပြီးလျှင် ဟောတော်မူသည်—

အမြဲမပြတ် ကိလေသာမီး တောက်လောင် နေပါလျက် အဘယ်ကြောင့် ရယ်မောအားရ နှစ်သက်နေကြသနည်း၊ အဝိဇ္ဇာမှောင်ထုကြီး ပိတ်ဆည်းနေပါလျက် ဘယ်ကြောင့် ပညာဆီမီးကိုမရှာမှီးဘဲ နေကြပါသနည်း။

× × ×

## (၂) သိရိမာ [ပြည့်တန်ဆာ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ **သိရိမာ**အမည်ရှိသော ပြည့်တန်ဆာမအိမ်၌ ရဟန်းရှစ်ပါးတို့ကို ကောင်းမွန်စွာ အမြဲလုပ်ကျွေး၏။ ရဟန်းတပါးသည် သိရိမာ၏ အဆင်း၌ တပ်မက်မောသည်ဖြစ်၍ မစားနိုင် မသောက်နိုင် တမှိုင်မှိုင် တခွေခွေ နေလေ၏။ သိရိမာသည်လည်း ထိုခဏ၌ စွဲရောက်လာသော ရောဂါဖြင့် သေဆုံးလေ၏။ ဘုရားရှင်သည် သေဆုံး၍ သုံးရက်မြောက်သောနေ့၌ ဖူးဖူးရောင်သော သိရိမာ၏အကောင်ကို အသုဘရှုခြင်းငှာ ရဟန်းတို့နှင့်တကွ သုသာန်သို့ ကြွတော်မူလျှင် ထိုရဟန်းလည်း လိုက်လေ၏။ ဘုရားရှင်သည် "ချစ်သားတို့၊ ဝိညာဉ်ရှိစဉ်အခါ၌ သိရိမာကို ဥစ္စာဘဆောင်ပေးမှ တနေ့ ရသည်။ ယခုကား တချင်ရွေးမျှ ပေးမည့်သူ မရှိ။ အချည်းနှီး ယူမည့်သူ မရှိတကား" ဟု မိန့်တော်မူ၍ ဟောတော်မူသည်—

ဆန်းကြယ်စွာ ပြုလုပ်သော အရုပ်နှင့်တူသော၊ အရိုးတို့ဖြင့် ဆောက်ထားသော၊ နာကျင်တတ်သော၊ လူအများ ကြံစည်အပ်သော၊ ကိုးပေါက်ဒွါရ အမာဝ ရှိသော၊ တည်မြဲခြင်းမရှိသော ကိုယ်ကို ရှုပါလော။

## (၃) ဥတ္တရာထေရီ [ဘိက္ခုနီ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အသက် တရာ့နှစ်ဆယ်ရှိသော ဥတ္တရာထေရီသည် သာဝတ္ထိမြို့တွင်း ဆွမ်းခံဝင်ရာ မြတ်စွာဘုရားနှင့် ရင်ဆိုင်တွေ့၍ လမ်းဖယ်ပေးသဖြင့် ကိုယ်ကိုမထိန်းနိုင်ဘဲ မြေပြင်၌ လဲကျသွားလေ၏။ ဘုရားရှင်သည် ဥတ္တရာထေရီအား ဆုံးမရန် အိုခြင်းတရားကို ဟောတော်မူသည်—

ဤကိုယ်ကာယသည် ဆွေးမြေ့ ဟောင်းမြင်း အိုမင်းတတ်၏၊ အနာရောဂါတို့၏ တည်ရာဆိပ်လည်း ဖြစ်၏၊ ယိုယွင်း ပျက်စီး၏၊ ပုပ်၍ ပျက်စီးတတ်၏၊ အသက်သည် သေခြင်း အဆုံး ရှိ၏။

× × ×

## (၄) အဓိမာနိက [ရဟန်းများ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကမ္မဋ္ဌာန်းစီးဖြန်း၍ လောကီစျာန်ရရာတွင် ရဟန်းကိစ္စ ပြီးပြီဟု ထင်မှတ်၍ ကျောင်းတော်သို့ လာကုန်သော ရဟန်းငါးရာတို့ကို သုသာန်သို့ စေလွှတ်တော်မူ၍ သေခါစဖြစ်သော သူကောင်၌ ရာဂဖြစ်၍ ရဟန်းကိစ္စမပြီးသောအဖြစ်ကို သိကုန်၏။ ထိုရဟန်းတို့အား ဂန္ဓကုဋိတိုက်၌နေ၍ ရောင်ခြည်တော်လွှတ်ပြီး တရားပြတော်မူသည်—

တန်ဆောင်မုန်းလ၌ စွန့်ပစ်ထားသော ဗူးတောင်းကဲ့သို့ ခိုအဆင်းနှင့်တူသော အရိုးတို့ကို တွေ့မြင်ရလျက် သင်တို့ ဘယ်သို့ မွေ့လျော် နှစ်သက်ကြသနည်း။

× × ×

## (၅) ရူပနန္ဒာ ထေရီ [ဘိက္ခုနီ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိမိရုပ်အဆင်း၌ သာယာ နှစ်သက်နေသော ဇနပဒကလျာဏီ နန္ဒာထေရီကို ဆုံးမတော်မူခြင်းငှာ ကိုယ်ခန္ဓာ၏ သဘောကို ဟောတော်မူသည်—

အိုခြင်း၊ သေခြင်း၊ မာနထောင်လွှားခြင်း၊ ကျေးဇူးကန်းခြင်းတို့၏ တည်ရာ ဤမြို့ကို အရိုးတို့ဖြင့် တည်ဆောက်၏၊ အသားအသွေးတို့ဖြင့် လိမ်းကျံ မွမ်းမံထားလေသည်။

× × ×

## (၆) မလ္လိကာဒေဝီ [မိဖုရား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပသေနဒီ ကောသလမင်းကြီးသည် မလ္လိကာ မိဖုရားကြီး ကွယ်လွန်သောကြောင့် ပူဆွေးနေ၏။ တနေ့တွင် မြတ်စွာဘုရား ဆွမ်းခံကြွရင်း နန်းတော်သို့ ဝင်၏။ ကောသလမင်းကြီးက နန်းတွင်းသို့ ပင့်သော်လည်း မဝင်ချေ။ ရထားဘင်းကုပ်မှာပင် နေလျက် မင်းကြီးအား ရထားတို့ကိုပြကာ ဓမ္မဘရား ဟောကြားတော်မူသည်—

အဆန်းတကြယ် တန်ဆာ ဆင်သားသော မင်းစီး ရထားတို့လည်း ဆွေးမြေ့ဟောင်းနွမ်းကုန်၏၊ ထို့အတူ ကိုယ်ကာယလည်း ဆွေးမြေ့ အိုမင်း၏၊ သူတော်ကောင်းတို့ တရားကား ဆွေးမြေ့ဟောင်းနွမ်း အိုမင်း

ခြင်း မရှိချေ၊ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့် နှီးနှော ပြောကုန်၏။

× × ×

## (၇) လာဠုဒါယီ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ မင်္ဂလာအရာ၌ အမင်္ဂလာကို၊ အမင်္ဂလာအရာ၌ မင်္ဂလာကို ဟောခြင်း စသည်ဖြင့် အရာဌာနကို မသိတတ်သော လာဠုဒါယီမထေရ်ကို အကြောင်းပြု၍ ဗဟုသုတနည်းသူတို့၏ သဘောကို ဟောတော်မူသည်–

အကြားအမြင် နည်းသောသူသည် နွားလားကဲ့သို့ အသက်ကြီးသွား၏၊ သူ့အသား အဆီ တိုးပွားသော်လည်း ဥာဏ်ပညာ မတိုးပွားချေ။

× × ×

## (၈) အာနန္ဒပုစ္ဆိတ ဥဒါန [ရှင်အာနန္ဒာ၏ အမေး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားရှင် ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် သဗ္ဗညုအဖြစ်သို့ ရောက်တော်မူစဉ်က ဥဒါန်း ကျူးတော်မူခဲ့ခြင်းကို အရှင်အာနန္ဒာ လျှောက်ထားရာ ထိုဥဒါန်းကို ပြန်လည် ဟောကြားတော် မူသည်–

အဖန်တလဲလဲ ပဋိသန္ဓေနေရခြင်းမှာ ဆင်းရဲလှပါ၏၊ သို့ကြောင့် လက်သည်ကိုရှာဖွေရာ မတွေ့နိုင်သောကြောင့် ငါသည် ဘဝများစွာ လှည့်လည်၍ နေခဲ့ရပါသည်။

ဟယ် လက်သည်၊ သင့်ကို ယခု တွေ့လေပြီ၊ တဖန် အိမ်ဆောက်ရတော့မည် မဟုတ်ပါ၊ သင်၏ အလုံးစုံသော အခြင်တို့ကို ချိုးဖျက်လိုက်ပါပြီ၊ အထွတ်ကို ဖျက်ချလိုက်ပါပြီ၊ ငါ့စိတ်သည် ပြုပြင်ခြင်းမရှိသော တဏှာကုန်ရာသို့ ရောက်သွားလေပြီ။

× × ×

## (၉) မဟာ ဓန သေဋ္ဌိ ပုတ္တ [သေဋ္ဌေးကြီးသား]

မြတ်စွာဘုရား ဗာရာဏသီပြည် မိဂဒါဝုန်တော၌ နေတော်မူသောအခါ ငယ်စဉ်ကာလ၌ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း အတတ်ကိုသာ သင်လျက် မိဘတို့ သေလွန်လျှင် သေသောက်ကြူးတို့နှင့် ပေါင်းဖော်၍ ဥစ္စာပြုန်းတီး ပျက်စီးသဖြင့် ခွက်လက်စွဲ၍ တောင်းစားသော မဟာဓန သေဋ္ဌေးသားကို အကြောင်းပြု၍ ဟောကြားတော်မူသည်—

အရွယ်ရှိတုန်း တရားလည်း မကျင့် ဥစ္စာလည်း မရှာသူတို့သည် ငါးမရှိသော ရွှံ့ညွံထဲ၌ ကိုးကြာအိုကြီးကဲ့သို့ ကြံမှိုင်နေရ၏။

အရွယ်ရှိတုန်း တရားလည်း မကျင့် ဥစ္စာလည်း မရှာသူတို့သည် လေးက လွှတ်လိုက်သော မြားကဲ့သို့ ရှေးဖြစ်ဟောင်းကိုသာ ပြန်ပြောင်းအောက်မေ့ပြီး အိပ်ရ၏။

## ၁၂–အဋ္ဌ ဝဂ္ဂ
## မိမိကိုယ် တရားစု

### (၁) ဗောဓိ ရာဇ ကုမာရ [မင်းသား]

မြတ်စွာဘုရား သေသကဠ အမည်ရှိသော တောအုပ်၌ နေတော်မူသောအခါ ရှေးဘဝ၌ ကျွန်းတခုဝယ် ငှက်ဥတို့ကို စားဘူးသော အကုသိုလ်ကြောင့် သားသမီးမရနိုင်သော ဗောဓိမင်းသားကို ဆုံးမခြင်းငှာ ဟောကြားတော်မူသည်–

မိမိကိုယ်ကို ချစ်မြတ်နိုးပါလျှင် ကောင်းစွာ စောင့်ရှောက်ရာ၏၊ ပညာရှိသည် အရွယ်သုံးပါးတွင် တပါးပါးသော အရွယ်၌ မိမိကိုယ်ကို သုတ်သင်ရာ၏။

× × ×

### (၂) ဥပနန္ဒ သကျပုတ္တ [ရဟန်း]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ "ပစ္စည်းလေးပါး၌ အလိုအပိုမထား၊ ခေါင်းပါးရောင့်ရဲရမည်"ဟု

ပဍ္ဍင်းငယ် သာမဏေငယ်များကို ဟောကြားပြီးလျှင် မိမိ ချည်းသာ များစွာသော ပစ္စည်း ပေါပည်းထပ်မျှ ရအောင်ယူသော ဥပနန္ဒ အမည်ရှိသော သကျပုတ္တ မထေရ်ကို ဆုံးမခြင်းငှာ ဟောကြားတော်မူသည်—

မိမိကိုယ်ကိုသာ ရှေးဦးစွာလျောက်ပတ်သော အကျင့်၌ သွင်းထားရာ၏၊ ထိုနောက်မှ သူတပါးကို ဆုံးမရာ၏၊ ထိုသို့ပြုသော ပညာရှိသည် မညစ်ညူးနိုင်ချေ။

× × ×

(၃) ပဓာနိက တိဿ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူသော အခါ သူတပါးတို့အား "ညဉ့်သုံးယာမ် ကာလပတ်လုံး စကြံသွား၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းအပ်၏"ဟု နှိုးဆော်၍ မိမိမူကား ညဉ့်သုံးယာမ်ပတ်လုံး အိပ်၍နေသော ပဓာနိက တိဿ မထေရ်ကို ဆုံးမခြင်းငှာ ဟောကြားတော်မူသည်—

သူတပါးကို ဆုံးမသကဲ့သို့ မိမိကိုယ်ကို ဆုံးမရာ၏၊ မိမိကိုယ်ကို ကောင်းစွာ ဆုံးမပြီးမှ သူတပါးကို ဆုံးမရာ၏၊ မိမိကိုယ်ကို ဆုံးမရန်ကား လွန်စွာခဲယဉ်း၏။

× × ×

(၄) ကုမာရ ကဿပ မာတာ [ဘိက္ခုနီ]

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူသော အခါ ကုမာရကဿပ၏ မယ်တော်ဖြစ်သော ဘိက္ခုနီသည် တဆယ့်နှစ်နှစ်ပတ်လုံး သားနှင့်ကွေကွင်းခြင်းကြောင့်ဖြစ်သော ဒုက္ခဖြင့် ငိုကြွေ

လျက်သာနေ၏။ မထေရ်လည်း ဆွမ်းခံရာ၌ မယ်တော်ကိုတွေ့၍ "သင်သည် ချစ်ခြင်းတခုကိုမျှ မဖြတ်နိုင်တကား" ဟု မိန့်တော်မူလျှင် "ငါကား သားကိုချစ်၍ ဆယ့်နှစ်နှစ်တိုင်အောင် ရင်ပပ်စည်တီး ကြီးသော ဆင်းရဲသို့ရောက်၍နေလေ၏။ သားကမူကား ကြမ်းကြုတ်သည်တကား" ဟု သား၌ အချစ်ကို စွန့်ပစ်ရာတွင်မှ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဤအကြောင်းကို ရဟန်းတို့ ပြောဆိုရာတွင် ဟောတော်မူသည်—

မိမိကိုယ်သာ မိမိ ကိုးကွယ်ရာ ဖြစ်၏၊ သူတပါးသည် မိမိကိုးကွယ်ရာ ဘယ်မှာ ဖြစ်အံ့နည်း၊ မိမိကိုယ်ကို ကောင်းစွာ ဆုံးမခြင်းဖြင့် ရခဲစွာသော ကိုးကွယ်ရာကို ရလေ၏။

× × ×

(၅) မဟာ ကာလ [ဥပါသကာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ရှေးဘဝက မင်းခစားဖြစ်၍ အပြစ်မဲ့သော ယောကျ်ားတယောက်ကို သူခိုးဟူ၍ သတ်ခဲ့ဘူးသော မကောင်းမှုကြောင့် ကျောင်းမှ တရားနာ၍အပြန် ခိုးသူတို့ ချထားခဲ့သော ဥစ္စာထုပ်၏ အနီး၌ သူခိုးဟု ယိုးစွပ်လျက် ရိုက်သတ်၍ သေသော မဟာ ကာလ ဥပါသကာ ကို အကြောင်းပြု၍ ဟောတော်မူသည်—

ကျောက်မှဖြစ်သော ဝရဇိန်သည် မိမိမှီရာဖြစ်သော ကျောက်ကို ထိုးဖောက် ဖျက်ဆီးသကဲ့သို့၊ မိမိပြုသော မိမိ၌ဖြစ်သော မိမိကြောင့်ဖြစ်သော မကောင်းမှုသည် ထိုသူမိုက်ကိုပင် ဖျက်ဆီး၏။

× × ×

## (၆) ဒေဝဒတ္တ [ဒေဝဒတ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဘုရားရှင်ကို သတ်ခြင်းငှာ လုံ့လပြုသော ဒေဝဒတ်၏ များစွာသော ပျက်စီးခြင်းသို့ ရောက်သည်ကို အကြောင်းပြု၍ဟောတော်မူသည်—

မာလောနွယ်သည် မိမိမှီရာ သစ်ပင်ကို လွှမ်းမိုးသကဲ့သို့ သီလမရှိခြင်း၏ အရင်းခံဖြစ်သည့် တဏှာလွှမ်းမိုးခံရသူသည် ရန်သူ၏အလိုကျ မိမိအကျိုးမဲ့ကို မိမိကိုယ်တိုင် ပြုလုပ်၏။

× × ×

## (၇) သံဃဘေဒ [သံဃဘေဒကကံ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဒေဝဒတ်သည် သံဃဘေဒ ကံကို ပြုဘိသည်ဟု ရဟန်းတို့ လျှောက်သည်ကို ကြားသိတော်မူ၍ ဟောကြားတော်မူသည်—

ကောင်းလည်း မကောင်း ကိုယ်ကျိုးလည်း မရှိသော အလုပ်ကို လုပ်ရန် လွယ်၏၊ အကျိုးလည်း ရှိ ကောင်းလည်း ကောင်းသော အလုပ်ကို လုပ်ရန် အလွန်ခဲယဉ်း၏။

× × ×

## (၈) ကာလ [ဝန်တိုသော ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကာလ မထေရ်၏ အလုပ်အကျွေးဖြစ်သော ဒါယိကာမကြီးကို တရားဟောတော်မူစဉ် ကာလ မထေရ်သည် မိမိအား ပူဇော်

သက္ကာရ ယုတ်မည်စိုးသောကြောင့် "အရှင်ဘုရား၊ ဤဒါယိကာမကြီးသည် နှုန့်နှေးလှ၏။ ခန္ဓာ စသည်နှင့် စပ်သော တရားကို ဟောတော်မမူပါလင့်"ဟု တားမြစ်၏။ ဘုရားရှင်သည် ကာလမထေရ်ကို ဆုံးမခြင်းငှာ ဟောဟော်မူသည်—

ပညာမဲ့သူသည် ယုတ်မာသော အယူအဆဖြင့် တရားနှင့် အညီ အသက်မွေး၍ ပူဇော်ခံထိုက်သည့် အရိယာတို့၏ အဆုံးအမကို တားမြစ်၏၊ ဝါးသီးသည် ဝါးပင်ကို သတ်ရန် သီးသကဲ့သို့ ထိုသူသည် မိမိ အကျိုးမဲ့ ပျက်စီးရန်သာ ဖြစ်၏။

× × ×

## (၉) စူဠကာလ [ဥပါသကာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကျောင်းမှ တရားနာ၍ ပြန်သွားသော စူဠကာလ ဥပါသကာကို ခိုးသူတို့ပစ်ထားခဲ့သော ဥစ္စာထုပ်အနီး၌ ဥစ္စာရှင်တို့တွေ့၍ ခိုးသူဟု ယိုးစွပ်လျက် ချည်နှောင်၍ ယူသွားလေသော် ရေခပ်သော အမျိုးသမီးတို့က ခိုးသူ မဟုတ်ကြောင်း ပြော၍ လွှတ်လေ၏။ ထိုဒါယကာသည် ဤအကြောင်းကို ဘုရားရှင်အား လျှောက်လေသော် "ရှေးကုသိုလ်ကံကို အမှီပြု၍ လွတ်သည်၊ ရေခပ်သော မာတုဂါမတို့ကို အမှီပြု၍ လွတ်သည် မမှတ်သင့်"ဟု မိန့်တော်မူ၍ ဟောတော်မူသည်—

မကောင်းမှုကို မိမိပြုလျှင် မိမိပင် ညစ်ညူး၏၊ ကောင်းမှုကို မိမိပြုလျှင် မိမိပင် စင်ကြယ်၏၊ စင်ကြယ်ခြင်း၊ ညစ်

ညူးခြင်းကို မိမိပင် ပြုလုပ်၏၊ တယောက်က အခြား တယောက်ကို မသုတ်သင်ချေ။

× × ×

## (၁၀) အတ္တဒတ္ထ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဘုရားရှင်သည် လေးလ လွန်သဖြင့် ပရိနိဗ္ဗာန် စံတော်မူအံ့ဟု အာယုသင်္ခါရ လွှတ်တော်မူသည်ရှိသော် ရဟန်းတို့သည် သံဝေဂ ဖြစ်၍ ဘုရားအထံသို့ လာကုန်၏။ အတ္တဒတ္ထ မထေရ်ကား သက်တော် ထင်ရှား ဘုရားရှိခိုက် တရားအမြိုက်ကို ရလိုက်အောင် ယူမည်ဟု ကြံစည်လျက် ရဟန်းတရားကိုသာ အားထုတ်နေ၏။ ဘုရားအထံသို့ မသွားမလာကြောင်းကို ရဟန်းတို့ မြတ်စွာဘုရားအား လျှောက်ကြားလေသော် ခေါ်၍ မေးလျှင် စိတ်အကြံကို လျှောက်လေ၏။ ဘုရားရှင်သည် ထိုမထေရ်အား ကောင်းချီး ပေး၍ ဟောတော်မူသည်—

သူတပါး၏ အကျိုးစီးပွားအတွက် မိမိအကျိုးစီးပွား မဘုတ်ယုတ်စေရာ၊ ကိုယ့်အကျိုးစီးပွားကို ကောင်းစွာ သိ၍ ကိုယ့်အကျိုးစီးပွားတိုးပွား အောင် အားထုတ်ရာ၏။

## ၁၃—လောက ဝဂ္ဂ

### လောက တရားစု

(၁) ဒဟရ ဘိက္ခု [ပဥ္စင်းငယ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ပဥ္စင်းငယ်တပါးသည် ဝိသာခါ ဒါယိကာမအိမ်သို့ ဆွမ်းဘုဉ်းပေးသွား၏။ ဝိသာခါ၏ မြေးဖြစ်သော သတို့သမီးသည်လည်း ဖွားအေ အရာ၌တည်၍ ဆွမ်းလုပ်ကျွေး၏။ သူသည် ရေအိုး၌ မိမိမျက်နှာရိပ်ကိုမြင်၍ ပြုံး၏။ ပဥ္စင်းငယ်လည်း ပြုံး၏။ သတို့သမီးသည် "ဦးခေါင်းပြတ်ပြီး သူက ပြုံးသေးသလော"ဆို၏။ ပဥ္စင်းငယ်သည် အမျက်ထွက်၍ "နင်လည်း ဦးခေါင်းပြတ်မ။ နင့်မိဘလည်း ဦးခေါင်းပြတ်မပင်တည်း"ဟု ဆဲရေးလေ၏။ သတို့သမီးငယ်လည်း ငို၍ ဝိသာခါအား ပြော၏။ ဝိသာခါသည် နှစ်ယောက်လုံးကိုပင် စိတ်ကျေနပ်အောင် မတတ်နိုင်။ ထိုခဏ၌ ဘုရားရှင် ကြွလာ၍ အကြောင်းကို လျှောက်လျှင် ပဥ္စင်းငယ်ကို ဆုံးမခြင်းငှာ ဟောတော်မူသည်—

အယုတ် တရားကို မမှီဝဲရာ၊ မေ့မေ့ လျော့ လျော့ မနေရာ၊ မှားသောအယူကို မယူရာ၊ လောကကြီးပွားရေး အတွက် သက်သက် မဖြစ်စေရာ။

× × ×

## (၂) သုဒ္ဓောဒန [ခမည်းတော်]

မြတ်စွာဘုရား နိဂြောဓာရုံကျောင်း၌ နေတော်မူသောအခါ ရဟန္တာအပေါင်း နှစ်သောင်းနှင့်တကွ ကပိလဝတ်ပြည်သို့ အိမ်စဉ်အတိုင်း ဆွမ်းခံဝင်တော်မူရာတွင် သုဒ္ဓောဒန မင်းကြီးသည် လျင်မြန်စွာ နန်းထက်က ဆင်း၍ လာပြီးသော် ဘုရားကို ပျံခိုး လျက် "အရှင်ဘုရား၊ အကျွန်ုပ်တို့ အသမ္ဘိန္နခတ္တိယ မင်းမျိုးသည် တောင်းစားရိုး မရှိ၊ကြီးဘိဂုဏ်အင် ဆင်များ၊မြင်းများ၊ရွှေရထား ဖြင့် သွားနေကျဖြစ်လျက် မရှုံမရှက် အိုးခွက်လက်စွဲ မျက်နှာမဲ့နှင့် ပြုခဲ့သည့်အမှုကို ပြုတော်မူဘိသည်"ဟု လျှောက်ရာတွင် "အိမ် စဉ်မပြတ် ဆွမ်းခံဝတ်ကား မချွတ်စေရ သမ္ဗုဒ္ဓတို့ ဝံသနွယ်စစ် ကျင့်ရိုးဖြစ်သည်" ဟု မိန့်တော်မူ၍ ဟောတော်မူသည်—

ထကြွလုံ့လ ရှိရာ၏၊ မဒမ္မ မလျော့ရာ၊ ဓမ္မတရားကို ကောင်းစွာ ကျင့်ရာ၏၊ တရားကျင့်သူသည် ဤဘဝ ထို ဘဝ၌ ချမ်းသာစွာ အိပ်ရာ၏။

ဓမ္မတရားကိုကောင်းစွာ ကျင့်ရာ၏၊ မကောင်း မကျင့် ရာ၊ တရားကျင့်သူသည် ဤဘဝ ထိုဘဝ၌ ချမ်းသာစွာ အိပ်ရာ၏။

## (၃) ဝိပဿက [ကမ္မဋ္ဌာန်းစီးဖြန်းသော ဘိက္ခု]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကမ္မဋ္ဌာန်းစီးဖြန်းသော ရဟန်း ၎ါးရာတို့သည် မိုးရွာတုန်းကာလ ရေပွက်ကိုမြင်၍ "ဤရေပွက်ကဲ့သို့ အတ္တဘောသည်လည်း ဖြစ်၍ ပျက်သည်"ဟု နှလုံးသွင်းကြရာတွင် ဂန္ဓကုဋိတိုက်၌ နေတော်မူလျက် ရောင်ခြည်တော် လွှတ်၍ ဆုံးမခြင်းငှာ ဟောတော်မူသည်—

ရေပွက်ကို ရှုသကဲ့သို့ လောကကို ရှုရာ၏၊ မျက်လှည့် (တံလှပ်) ကို ရှုသကဲ့သို့ လောကကို ရှုရာ၏၊ ဤသို့ လောကကို ရှုသူအား သေမင်း မမြင်ချေ။

× × ×

## (၄) အဘယ ရာဇ ကုမာရ[မင်းသား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကချေသည်မ တယောက် သေရာတွင် သောကဖြစ်၍ နေသော အဘယမင်းသားကို ဆုံးမခြင်းငှာ ဟောကြားတော်မူသည်—

လာလှည့်ကုန်၊ အဆန်းတကြယ် တန်ဆာဆင်ထားသည့် မင်းရထားပမာ လောကကို ရှုကြလော့၊ ယင်း၌ သူမိုက်တို့ နစ်မြုပ်နေကြလျက် ပညာရှိတို့ ကပ်ငြိခြင်း မရှိချေ။

× × ×

## (၅) သမ္မဇ္ဇန[တံမြက်လှည်းသူ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ သမ္မဇ္ဇန မထေရ်သည် ဘာဝနာကို အားမထုတ်ဘဲ ကျောင်းပရိ

ဝဏ္ဏကိုသာ တံမြက်လှည်းလျက် နေ၏။ ရှင်ရေဝတ မထေရ် ဆုံးမရာတွင်မှ ဘာဝနာကို အားထုတ်၍ ရဟန္တာ ဖြစ်သည်။ ဤအကြောင်းကို ဘုရား သိတော်မူရာတွင် ဟောကြားတော်မူသည်—

ရှေးအခါက မေ့လျော့သော်လည်း နောက်အခါ၌ မမေ့လျော့သူသည် တိမ်တိုက်မှ လွတ်သော လကဲ့သို့ လောကကို ထွန်းလင်း၏။

× × ×

## (၆) အင်္ဂုလိမာလ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူသောအခါ အင်္ဂုလိမာလထေရ် ပရိနိဗ္ဗာန်ယူသည်ရှိသော် "ဤမထေရ်သည် များစွာသော လူတို့ကို သတ်၍ ဘယ်သို့ ပရိနိဗ္ဗာန်ပြုမည်နည်း" ဟု လျှောက်ကြရာတွင် ဟောတော်မူသည်—

မိမိပြုခဲ့သော မကောင်းမှုကို ကောင်းမှုဖြင့် ပုံးအုပ် ဖယ်ခွာသူသည် တိမ်တိုက်မှလွတ်သော လကဲ့သို့ လောက ကို ထွန်းလင်း၏။

× × ×

## (၇) ပေသ ကာရ ဓီတာ [ရက်ကန်းသည်]

မြတ်စွာဘုရား အဂ္ဂါဠဝစေတီ၌ နေတော်မူသော အခါ အာဠဝီပြည်သားတို့သည် ဘုရားရှင်ကို ပင့်၍ ဆွမ်းလုပ်ကျွေးကုန်၏။ ဘုရားရှင်သည် ဆွမ်းစားပြီးသော အဆုံး၌ အနုမောဒနာ မပြုဘဲ မရဏာနုဿတိကို ပွားလေ့ရှိသော ရက်ကန်းသည် သမီး ငယ်တယောက်ကို ငံ့လင့်တော်မူ၍ ဆိတ်ဆိတ်နေလေ၏။ သတို့

သမီးလည်း အိမ်မှ ရက်ဖောက်ရောက်၍ လာပြီးလျှင် "ရက်ဖောက် တောင်းကို အဘထံသို့ ပို့ချေဦးအံ့။ ပြန်မှ တရားတော်ကို နာ အံ့" ဟု ကြံ၍ သွားမည်ရှိရာတွင် ဘုရားသခင်သည် သတိုးသမီး သွားသည်ရှိသော် ကတိမမြဲသော ပုထုဇဉ်အဖြစ်ဖြင့် သေရလတ္တံ့ သည်ကို မြင်တော်မူ၍ လည်ဆန့်၍ ချမ်းမြေ့ ကြည်လင်သော မျက်စိဖြင့် သတိုးသမီးကို ကြည့်တော်မူလျှင် သတိုးသမီးသည် အလို ကိုသိ၍ ရှေ့တော်သို့ လာ၍ ရှိခိုးလျက်နေ၍ ဘုရားရှင် မေးတော် မူသည်—

"သတိုးသမီးငယ်၊ သင် ဘယ်မှလာသနည်း"

"တပည့်တော် မသိပါ"

"အဘယ်ကို သွားမည်နည်း"

"မသိပါ ဘုရား"

"သင် မသိသလော"

"တပည့်တော်မ သိပါ၏"

"သင် သိ၏လော"

"မသိပါ ဘုရား"

ပရိသတ်တို့သည် သတိုးသမီးငယ်ကို ကဲ့ရဲ့ကုန်၏။ ဘုရားရှင် သည် သတိုးသမီးကို ခေါ်၍ "သင်ဖြေအပ်သော စကား လေး ခွန်းကို အသေအချာ လျှောက်ဦးလော့" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား၊ ကျွန်ုပ်သည် အဘယ် ဘဝမှ လာခဲ့သည်လည်း မသိပါ။ အဘယ်ဘဝသို့ သွားရမည်လည်း မသိပါ။ သေရမည် ဟု ကေန် သိပါ၏။ နေ့သေမည် ညသေမည် အဘယ်ကာလဝယ် သေမည် မသိပါ"

ထိုအခါ ဘုရားရှင်လည်း ကောင်းချီးပေးတော်မူ၍ တရားဟောတော်မူသည်—

ဤလောက(လူအပေါင်း)သည် မျက်ကန်းအတိသာ ဖြစ်၏၊ ဤလောက၌ အနည်းငယ်မျှသောသူသည် မြင်၏၊ ပိုက်ကွန်မှလွတ်သောငှက် နည်းသကဲ့သို့ နတ်ရွာနိဗ္ဗာန်သို့ သွားသောသူ နည်းလှစွာ၏။

× × ×

## (၈) တိံသ ဘိက္ခု [ရဟန်းသုံးဆယ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အာဂန္တု ရဟန်းသုံးကျိပ်တို့သည် ဘုရားအထံတော်မှ သာရဏီယ တရားကိုနာ၍ ပဋိသမ္ဘိဒါ ပတ္တရဟန္တာဖြစ်၍ ကောင်းကင်သို့ သွားကြလေသည်ကို အကြောင်းပြု၍ တရားဟောကြားတော်မူသည်—

ဟင်္သာတို့သည် နေလမ်းကြောင်းခရီး၌ သွားကြ၏၊ တန်ခိုးရှိသောသူတို့သည် ကောင်းကင်၌ သွားကုန်၏၊ ပညာရှိတို့သည် စစ်သည်ဗိုလ်ပါနှင့် တကွသော မာရ်မင်းကို အောင်၍ လောကမှ ထွက်ကုန်၏။

× × ×

## (၉) စိဥ္စမာဏ ၀ိကာ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကိုယ်ဝန်ဆောင်အဟန် သဏ္ဍာန်ပြု၍ သဗ္ဗညုဘုရားရှင်ကို သူ့လင်ဖြစ်ကြောင်းနှင့် မကောင်းအောင်စွပ်စွဲသော စိဥ္စမာဏဝိကာ မိန်းမယုတ်ကို မြေမျိုလေသည်ဟု ပြောဆိုကြကုန်သော ရဟန်းတို့အား ဟောတော်မူသည်--

သစ္စာတရားတခုကို လွန်သော၊ ချွတ်ယွင်းသောစကားကို ဆိုလေ့ရှိသော၊ တမလွန်လောကသို့ သက်သောသူအား မပြုသောမကောင်းမှု မရှိချေ။

× × ×

## (၁၀) အသဒိသဒါန [အသဒိသ အလှူ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကောသလမင်းကြီးလှူသော အသဒိသဒါန၌ ဝန်တိုစိတ်ရှိ၍ နိုင်ငံမှ နှင်ထုတ်ခြင်းခံရသော ကာဠအမတ်၊ ဝမ်းမြောက်စိတ် ရှိ၍ ခုနစ်ရက်ပတ်လုံး မင်းစည်းစိမ်ကိုရသော ဇုဏှအမတ်တို့ကို အကြောင်းပြု၍ တရားဟောတော်မူသည်—

ဝန်တိုသူတို့သည် စင်စစ် နတ်ပြည်သို့မရောက်ကုန်၊ သူမိုက်တို့သည် စင်စစ် အလှူကို မချီးမွမ်းကုန်၊ ပညာရှိတို့သာလျှင် အလှူကို ဝမ်းမြောက်ကြ၏၊ သို့ကြောင့် သူတို့သည် တမလွန်ဘဝ၌ ချမ်းသာ၏။

× × ×

## (၁၁) ကာလ [သေဌေးသား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အနာထပိဏ်သေဌေးသည် ကာလမည်သော မိမိသားကို မြတ်စွာဘုရားအထံသို့ မသွားလိုသောကြောင့် "အသပြာတထောင် ပေးမည်။ မြတ်စွာဘုရားအထံ သွား၍ ဂါထာတပုဒ်ကို သင်ချေ" ဟု စေလွှတ်လိုက်၏။ သေဌေးသားသည် ဂါထာကိုသင်ရာတွင် သောတာပန်ဖြစ်၍ အိမ်သို့ရောက်လျှင် အဖပေးသော အသပြာ တထောင်ကို မယူဘဲ နေလေ၏။ သေဌေးသည် ဤအကြောင်း ကို ဘုရားရှင်အား လျှောက်သော် သောတာပန်တည်ကြောင်း ကိုပြ၍ တရားဟောတော်မူသည်—

မြေပြင်၌ ဧကရာဇ်မင်း ပြုသည်ထက်ငြား၊ နတ်ပြည်
ဗြဟ္မာ့ပြည်သို့ သွားရသည်ထက်ငြား၊ တလောကလုံးကို
အစိုးရသည်ထက်ငြား သောတာပတ္တိဖိုလ်က မွန်မြတ်၏။

# ၁၄—၄၆ ဝဂ္ဂ

## မြတ်စွာဘုရား တရားစု

### (၁) မာရ ဓီတရော [မာရ်မင်းသမီးများ]

မြတ်စွာဘုရား အဇပါလညောင်ပင်ရင်း၌ နေတော်မူသောအခါ တဏှာ၊ အရတိ၊ ရာဂါ အမည်ရှိကုန်သော မာရ်မင်းသမီး သုံးယောက်တို့သည် အထူးထူးအပြားပြားသော မာတုဂါမအဟန် ဖန်ဆင်းကုန်လျက် ဘုရားရှင်ကို ကာမဂုဏ်ဖြင့် ဖြားယောင်း ပြောဆိုလာကုန်၏။ ဘုရားရှင်သည် ထိုနတ်သမီးတို့၏ အမူအရာကို နှစ်သက်တော်မမူသောကြောင့် ဟောတော်မူသည်–

မြတ်စွာဘုရား၏ကိလေသာရန်အောင်ပွဲကို မည်သူမျှ
မဖျက်ဆီးနိုင်၊ လောက၌ မည်သူမျှမတုနိုင်၊ အပိုင်းအခြား
မရှိ၊ အလုံးစုံကို သိမြင်နိုင်သည့် ဉာဏ် ရှိတော်မူသော
တဏှာ စသည် ခရီးလမ်းကြောင်းကို ပယ်ဖျက်တော်မူပြီး

သော ထိုမြတ်စွာဘုရားကို သင်တို့ ဘယ်လမ်းခရီးဖြင့် ခေါ်ဆောင်ကြမည်နည်း။

မြတ်စွာဘုရားမှာ တစုံတခုသော လောကသို့ ဆောင်ခြင်းငှာ၊ ပိုက်ကွန်ပမာ မေ့ရှက်ရစ်ပတ် ငြိကပ်တတ်သော တဏှာ မရှိ၊ အပိုင်းအခြား မရှိ၊ အလုံးစုံကို သိမြင်သည့် ဉာဏ် ရှိတော်မူသော၊ တဏှာစသည့် ခရီးလမ်းကြောင်းကို ပယ်ဖျက်တော်မူပြီးသော ထိုမြတ်စွာဘုရားကို သင်တို့ ဘယ်လမ်းခရီးဖြင့် ခေါ်ဆောင်ကြမည်နည်း။

× × ×

## (၂) ဒေဝေါရောဟဏ [နတ်ပြည်မှ ဆင်းခန်း]

မြတ်စွာဘုရားသည် သာဝတ္ထိပြည် တောင်တံခါးအနီး ကဏ္ဍဥယျာဉ်ခေါင့် စိုက်အပ်သော သရက်ပင်ရင်း၌ တိတ္ထိတို့ကို နှိပ်နင်းခြင်းငှာ ရေမီးအစရှိသော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးသည့်အဆုံး၌ နှစ်လှမ်း သုံးဘဝါးဖြင့် တာဝတိံသာသို့ တက်တော်မူ၍ ပင်လယ် ကသစ်ပင်၏ အရင်းဝယ် ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာထက်၌ မယ်တော်ဖြစ်ဖူးသော သန္တုသိတာ နတ်သားကို အကြီးအမှူးပြု၍ ဟသောင်းသော စကြဝဠာမှ လာကုန်သော နတ်ဗြဟ္မာတို့အား အဘိဓမ္မာဒေသနာတော်ကို ဝါတွင်း သုံးလပတ်လုံး ဟောတော်မူ၍ ဝါကျွတ်သောအခါ သိကြားမင်း ဖန်ဆင်းသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟု ဆိုအပ်သော စောင်းတန်းသုံးသွယ်ဖြင့် နတ်ဗြဟ္မာအပေါင်း ခြံရံအပ်သည်ဖြစ်၍ ခြောက်သွယ်သော မရောင်ခြည်တော်ကိုလွှတ်လျက် ဘုရား၏တင့်တယ်ခြင်းဖြင့် သင်္ကာသနဂိုရ်ပြည်သို့ ဆင်းတော်မူရာ

ရှင်သာရိပုတ္တရာသည် ဤသို့သော အံ့ဘွယ် တင့်တယ်တော်မူခြင်းကိုမြင်လျှင် "န မေ ဒိဋ္ဌော ဣတော ပုဗ္ဗေ" စသော ဂါထာဖြင့် ချီးမွမ်းတော်မူ၍ ခပ်သိမ်းသော လူနတ်ဗြဟ္မာတို့သည် ရှင်ပင် ဘုရားအား အလွန်မြတ်နိုးကြသည်ဟု လျှောက်၏။ ဘုရားရှင်သည် ဤသို့လျှောက်သည်ကို စကားစပ်ပြု၍ ဟောတော်မူသည်—

ပညာရှိတို့သည် ဈာန်၌ လေ့ကျက်ကုန်၏၊ လွတ်မြောက်ခြင်း၊ ကိလေသာမှ ငြိမ်းခြင်း၌ မွေ့လျော်ကုန်၏၊ သစ္စာကို သိကုန်သော၊ လွန်စွာသတိရှိကုန်သောသူတို့အား နတ်တို့လည်း ချစ်မြတ်နိုးကုန်၏။

× × ×

## (၃) ဧရက ပတ္တ [နဂါးမင်း]

မြတ်စွာဘုရား ဗာရာဏသီကိုအမှီပြု၍ ကုက္ကို ခုနစ်ပင်၏ အနီး၌ နေတော်မူသောအခါ၊ ကဿပဘုရားရှင်လက်ထက် ရဟန်းဖြစ်သောအခါ အာပတ်၌ ကုက္ကုစ္စဖြင့်စုတေ၍ နဂါးအဖြစ်သို့ရောက်သော ဧရက ပတ္တ နဂါးမင်းသည် လူ့ပြည်၌ ဘုရားဖြစ်လျှင် သိရအောင်ဟု မိမိသမီးကို ပါးပျင်းပေါ်၌ထားပြီးသော် "ကိံ သု အဓိပတိ ရာဇာ"အစရှိသောသီချင်းကိုဆို၍ လခွဲတကြိမ် ကစေ၏။ "ဤသီချင်း၏ အဖြေဖြစ်သော သီချင်းကို သီဆိုနိုင်သော ယောကျ်ားအား နဂါးပြည်နှင့်တကွ ငါ့သမီးကို ပေးမည်" ဟူ၍လည်း ကြွေးကြော်၏။ ဘုရားသခင်သည် ဥတ္တရလုလင်ကို ခေါ်တော်မူ၍ "ဆဒ္ဒွာရာ ဓိပတိ ရာဇာ" စသော သီချင်းကို ပေးတော်မူ၍ နဂါးအထံသို့ သွား၍ သီချေဟု စေလွှတ်လိုက်၏။ ထိုသီချင်းတို့ကို ဥတ္တရလုလင် သီသည်ရှိသော် နဂါးမင်းကြီး အလွန်

ဝမ်းမြောက်၍ "သဗ္ဗညုဘုရား ဖြစ်လေပြီတကား" ဟု မြူးတူး ရွှင်လန်းလျက် မြတ်စွာဘုရားအထံသို့ လာပြီးလျှင် "အရှင်ဘုရား၊ အကျွန်ုပ်သည် ကဿပဘုရားသာသနာတော်၌ အနှစ် နှစ်သောင်းကာလပတ်လုံး ရဟန်းတရားကို အားထုတ်ပါလျက် အနည်းငယ်သော ကုက္ကုစ္စ အကုသိုလ်ဖြင့် နဂါးအဖြစ်သို့ ရောက်ချေသည်" ဟု လျှောက်၏။ ဘုရားရှင်သည် ထိုသို့လျှောက်သည်ကို စကားစပ်ပြု၍ ဟောတော်မူသည်—

လူ၏အဖြစ်ကို ရခြင်းသည် ငြိုငြင်၏၊ သတ္တဝါတို့၏ အသက်ရှည်ခြင်းသည် ငြိုငြင်၏၊ သူတော်ကောင်းတရားနာရခြင်းသည် ငြိုငြင်၏၊ ဘုရားတို့ ဖြစ်တော်မူခြင်းသည် ငြိုငြင်၏။

× × ×

(၅) အာနန္ဒ ပဥှာ [အာနန္ဒာ၏ ပြဿနာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ "ရှေးရှေး ဘုရားရှင်တို့သည် ဩဝါဒပါတိမောက်ကို အဘယ်သို့ ပြလေကုန်သနည်း" ဟု လျှောက်ထားသော အရှင် အာနန္ဒာ၏ ပြဿနာကို ဖြေဆိုတော်မူသည်—

အလုံးစုံသော မကောင်းမှုကို မပြုခြင်း၊ ကုသိုလ်ကို ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်း၊ ဤသည်လျှင် ဘုရားရှင်တို့၏ အဆုံးအမတော်တည်း။

သည်းခံခြင်း ခန္တီသည် မြတ်သော အကျင့်တည်း၊ နိဗ္ဗာန်ကို မြတ်၏ ဟူ၍ ဘုရားရှင်တို့ ဟောတော်မူကုန်၏၊

ရဟန်းသည် သူတပါးကို မညှဉ်းဆဲ၊ သူတပါးကို ညှဉ်းဆဲသူသည် ရဟန်းမဟုတ်။

သူတပါးကို မကဲ့ရဲ့ မစွပ်စွဲအပ်၊ မညှဉ်းဆဲအပ်၊ ပါတိမောက္ခ သီလကို စောင့်ရှောက်ရာ၏၊ အစာအာဟာရ၌ အတိုင်းအရှည်ကို သိရာ၏၊ ဆိတ်ငြိမ်ရာအရပ်၌ နေရာ၏၊ စိတ်ကို အစိုးရခြင်း သမာဓိ၌ လုံ့လပြုရာ၏၊ ဤသည်လျှင် ဘုရားရှင်တို့၏ အဆုံးအမတော်တည်း။

× × ×

## (၅) အနဘိရတိ [လူထွက်ချင်သော ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိဘ၏ အမွေဖြစ်သော အသပြာတရာကို အမှီပြု၍ သာသနာတော်၌ မမွေ့လျော် လည်တမျှော်မျှော်ရှိသော ရဟန်းငယ်တယောက်ကို အကြောင်းပြု၍ ဟောတော်မူသည်။

အသပြာ မိုးရွာသဖြင့်လည်း ကာမဂုဏ်တို့၌ ရောင့်ရဲခြင်း မရှိ၊ ကာမဂုဏ်တို့သည် သာယာအပ်သော သဘော ရှိကုန်၏၊ ဆင်းရဲခြင်း၏ အကြောင်းဟု သိသော ကြောင့်-

ဗုဒ္ဓတပည့် ပညာရှိသည် နတ်၌ ဖြစ်သော ကာမဂုဏ်တို့၌သော်လည်း မွေ့လျော်ခြင်း မရှိချေ၊ တဏှာကင်းရာ နိဗ္ဗာန်၌ မွေ့လျော်၏။

## (၆) အင်္ဂုဒတ္တ [ရသေ့]

မြတ်စွာဘုရား အင်္ဂတိုင်းနှင့် မာဂဓတိုင်း၏အကြား တခုသော သဲစု၌ နေတော်မူသောအခါ တပည့်တို့အား "တောတောင်ကို ကိုးကွယ်ကုန်လော့။ သစ်ပင်ကို ကိုးကွယ်ကုန်လော့" စသည်ဖြင့် ဆုံးမ၍ နေလေ့ရှိသော အင်္ဂုဒတ္တရသေ့ကို အကြောင်းပြု၍ ဟောကြားတော်မူသည်—

ဘေးဖြင့် ထိတ်လန့်ကုန်သော လူတို့သည် များစွာသော တောင်များ၊ တောများ၊ အရံ၊ အဓိကရသစ်ပင်တို့ကို ကိုးကွယ် ဆည်းကပ်ကုန်၏။

သို့ရာတွင် ဤတောတောင် သစ်ပင်အပေါင်းသည် ဘေးကင်းသော ကိုးကွယ်ရာ မဟုတ်၊ မြတ်သော ကိုးကွယ်ရာ မဖြစ်၊ ဒုက္ခခပ်သိမ်းမှ မလွတ်ချေ။

သူတော်ကောင်းသည် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ် ဆည်းကပ်၏၊ မြတ်သော သစ္စာလေးပါးတို့ကို ဉာဏ်ဖြင့် ကောင်းစွာ သိမြင်၏။

ဒုက္ခသစ္စာ၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ၊ ဒုက္ခမှ လွတ်မြောက်သော နိရောဓ သစ္စာ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ—

ရတနာသုံးပါး တည်းဟူသော ဤကိုးကွယ်ရာသည်သာ ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာ မည်၏၊ ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်လျှင် ဒုက္ခဟူသမျှ လွတ်မြောက်၏။

× × ×

## (၇) အာနန္ဒ ပဉှာ [အာနန္ဒာ၏ ပြဿနာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ "ယောကျ်ားအာဇာနည်သည် အဘယ်အမျိုး၌ ဖြစ်နိုင်သနည်း" ဟူ၍ ရှင်အာနန္ဒာ လျှောက်သော ပြဿနာကို အကြောင်းပြု၍ အာဇာနည်အကြောင်းကို ဟောတော်မူသည်—

ယောကျ်ားအာဇာနည်သည် ရခဲ၏၊ သူသည် ခပ်သိမ်းသော အမျိုး၌ မဖြစ်၊ ပညာရှိသော ထိုသူဖြစ်သော အမျိုးသည် ကြီးပွားချမ်းသာ၏။

× × ×

## (၈) သမ္ဗဟုလ ဘိက္ခု [ရဟန်းအများ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ "ကာမဂုဏ်သည် ချမ်းသာ၏။ မင်း စည်းစိမ်သည် ချမ်းသာ၏" ဟု ပြောဆိုကြသော ရဟန်းများ ငါးရာကို အကြောင်းပြု၍ ချမ်းသာကြောင်းတရားကို ဟောတော်မူသည်—

ဘုရားရှင်တို့ ဖြစ်တော်မူခြင်းသည် ချမ်းသာ၏၊ သူတော်ကောင်း တရားကို ဟောကြားခြင်းသည် ချမ်းသာ၏၊ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာ၏၊ ညီးခြံသော အကျင့်သည် ချမ်းသာ၏။

× × ×

## (၉) သုဝဏ္ဏစေတိယ [ရွှေစေတီ]

မြတ်စွာဘုရား သာဝတ္ထိမှ ဗာရာဏသီသို့အသွား ခရီးအကြားတောဒေယျရွာအနီး ဒေဝဌာန၌ နေတော်မူသောအခါ လယ်

ထွန်းသော ပုဏ္ဏားတယောက်သည် ထိုနေရာဌာနကို ရှိခိုးနေ၍ "ပုဏ္ဏား၊ ဤအဆောက်အဦကား အဘယ်ပါနည်း"ဟု မေးတော်မူ၏။

"မြတ်စွာဘုရား၊ယင်းသည် အကျွန်ုပ်တို့၏ ရှေးဟောင်းစေတီ ဖြစ်ပါသည်"

"ဤစေတီမှာ ကဿပဘုရား၏ စေတီတော်ဖြစ်၍ ရှိခိုးထိုက်ပေသည်"ဟု မိန့်တော်မူကာ ရှိခိုးပူဇော်ခြင်း၏ အကျိုးတရားကို ဟောကြားတော်မူသည်–

> သူတော်ကောင်းသည် ပူဇော်ထိုက်သော ဘုရားရှင်တို့ကိုရင်း၊ တဏှာ မာန ဒိဋ္ဌိတို့ကို လွန်မြောက်၍ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမှ ကင်းသော တပည့်သား သံဃာတို့ကိုရင်း ရှိသေစွာ ပူဇော်၏။
>
> ကိလေသာ အပူငြိမ်း၍ ကြောက်လန့်ခြင်း ကင်းသည့် ပူဇော်ထိုက်သော သူတို့ကို ရိုသေစွာ ပူဇော်သူ၏ ကောင်းမှုသည် ဤ၍ ဤမျှ ရှိ၏ဟု မည်သူမျှ မရေတွက် မပိုင်း ဖြတ်နိုင်။

## ၁၅—သုခ ဝဂ်
## ချမ်းသာခြင်း တရားစု

### (၁) ဉာတိ ကလဟ [ဆွေမျိုးအချင်းချင်း]

မြတ်စွာဘုရား သက္ကတိုင်း၌ နေတော်မူသောအခါ ကပိလဝတ်နှင့် ကောလိယမြို့အကြား ရောဟိနီမြစ်တွင် ရေလုယက်ကြကုန်သော လယ်လုပ်သားတို့၏ ငြင်းခုံခြင်းကို အစပြု၍ ခိုက်ရန်ကြီးဝှာဖြစ်ကုန်သော ဆွေတော်မျိုးတော်တို့ကို ဆုံးမခြင်းငှာ ဟောတော်မူသည်—

ရန်ရှိသော သူတို့အထံ၌ ရန်ကင်းသည်ဖြစ်၍ ငါတို့ ချမ်းသာစွာ အသက်ရှည်ကုန်၏ တကား၊ လူတို့ ရန်ရှိစဉ် ရန်ကင်းစွာ ငါတို့ နေကုန်အံ့။

ကိလေသာဖြင့် နာကျင်သူတို့အထံ၌ နာကျင်ခြင်းကင်းသည်ဖြစ်၍ ငါတို့ ချမ်းသာစွာ အသက်ရှည်ကုန်၏ တကား၊ လူတို့ နာကျင်ကြစဉ် နာကျင်ခြင်းကင်းစွာ ငါတို့ နေကုန်အံ့။

ကာမဂုဏ်ကို လုံ့လထုတ်သူတို့ အထံ၌ လုံ့လထုတ်ခြင်းကင်းသည်ဖြစ်၍ ငါတို့ ချမ်းသာစွာ အသက်ရှည်ကုန်၏ တကား၊ လူတို့လုံ့လထုတ်စဉ် လုံ့လကင်းစွာ ငါတို့ နေကုန်အံ့။

× × ×

## (၂) မာရ [မာရ်နတ်မင်း]

မြတ်စွာဘုရား ပဉ္စသာလ ပုဏ္ဏားရွာ၌ ဆွမ်းခံဝင်သည် ရှိသော် မာရ်နတ်လှည့်ပတ်သောကြောင့် တစိုးတစိ သော ဆွမ်းကိုမျှ မရ။ မာရ်နတ်လည်း လမ်းခရီး၌ ကြိုဆီး၍ "အရှင်ဘုရား၊ ဆွမ်းမရသောကြောင့် ပင်ပန်းတော် မူသလော" ဟု လျှောက်၍ ဖြေကြားတော်မူသည်—

ငါတို့မှာ စိုးရိမ်ကြောင့်ကြစရာ တစုံတခုမျှ မရှိ၊ ချမ်းသာစွာ ငါတို့ နေကုန်၏၊ အာဘဿရဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့ကဲ့သို့ နှစ်သက် ဝမ်းမြောက်ခြင်း၊ ပီတိလျှင် အစာရှိကုန်၏။

× × ×

## (၃) ကောသလ [စစ်ရှုံးသော မင်းကြီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကောသလမင်းကြီးသည် အဇာတသတ်မင်းနှင့် စစ်ထိုးရာဝယ် စစ်ရှုံး၍ နှလုံးမသာမယာရှိကြောင်းကို ရဟန်းတို့ ပြောဆိုကြသော စကားစပ်တွင် ဟောကြားတော်မူသည်–

အောင်သောသူ၊ ဝါ- အောင်ခြင်းသည် ရန်ပွားစေ၏၊
ရှုံးသူသည် ဆင်းရဲငြိုငြင်စွာ နေရ၏၊ ကိလေသာမီး ငြိမ်း
သူသည် အနိုင် အရှုံးကို စွန့်၍ ချမ်းသာစွာ နေရ၏။

× × ×

## (၄) ကုလ ဒါရိကာ [သတို့သမီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သတို့သမီးတယောက်၏ ထိမ်းမြားမင်္ဂလာပြုသောနေ့၌ သံဃာနှင့် တကွ ဘုရားရှင်ကိုပင့်၍ ဆွမ်းကျွေး၏။ သတို့သားသည်လည်း သတို့သမီးကို စိန်းစိန်းကြည့်လျက် ကိလေသာ၏ အစွမ်းဖြင့် ကြံ၏။ ဘုရားရှင်သည် သတို့သမီး သတို့သားတို့ကို ဆုံးမခြင်းငှာ ဟောတော်မူသည်—

ရာဂနှင့်တူသော မီး မရှိ၊ ဒေါသနှင့်တူသော အပြစ်မရှိ၊
ခန္ဓာနှင့် တူသော ဆင်းရဲ မရှိ၊ နိဗ္ဗာန်ထက် လွန်သော
ချမ်းသာ မရှိ။

× × ×

## (၅) ဂေါနင်္ဂ [နွားပျောက်ရှာသူ]

မြတ်စွာဘုရား အာဠဝီပြည်၌ နေတော်မူသောအခါ နွားပျောက်၍ရှာသောဥပါသကာ တယောက်သည် နွားရ၍ အိမ်သို့ ပြန်ပြီးသော် နွာ ကို ခြံ၌သွင်း၍ မွတ်သိပ်ဆာလောင်သည် ဖြစ်လျက် ထမင်းမစားရဘဲ တရားနာလိုသော ဆန္ဒအားကြီး၍ ဘုရား အထံတော်သို့ လာ၏။ ဘုရားရှင်သည် ထိုယောကျ်ားအား ထမင်း အာဟာရကျွေးမွေး၍မွတ်သိပ်ခြင်းကင်းသည်ရှိသော် တရားဟော

တော်မူ၏။ ထိုနောက် ထိုယောကျ်ားအား ထမင်းကျွေးမွေးခြင်း နှင့် စပ်၍ ရဟန်းတို့အား တရားဟောတော်မူသည်—

မွတ်သိပ်ခြင်းသည် လွန်ကဲသော ရောဂါ မည်၏၊ သင်္ခါရတို့သည် လွန်ကဲသော ဆင်းရဲမည်ကုန်၏။ ဤ အကြောင်းကို ဟုတ်သည့်အတိုင်း သိ၍ ချမ်းသာတကာ တို့ထက် မြတ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုရာ၏။

× × ×

(၆) ပသေနဒီ [ကောသလမင်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပသေနဒီ ကောသလမင်းကြီးသည် ဤသို့ လျှောက်၏။ "အရှင် ဘုရား၊ အကျွန်ုပ်သည် ရှေးအခါက ဆန်တစိတ်ချက် ထမင်းကို စား၍ မနေသာ မထိုင်သာ ရောဂါဥပဒ်များ၏။ ယခုမူကား အရှင်ဘုရားသြဝါဒဖြင့် တကွမ်းစားမျှလောက်သောဆန်ကိုချက် သောအစာဖြင့် ရောင့်ရဲ မျှတသောကြောင့် ရောဂါ ငြိမ်းပေ သည်။ ရှေးအခါ တူတော် အဇာတသတ်မင်းနှင့် စစ်ဖက်ရသည်။ သမီးတော် ဝဇီရာကုမာရီနှင့်တကွ ကာသိကရွာကို တူတော် အား ပေးလိုက်ရတွင်မှ စစ်တိုက်ငြိမ်းပေသည်။ ဆွေတော် မျိုး တော်ဖြစ်သော ဝါသဘခတ္တိယာ မင်းသမီးကိုရ၍ ဘုရားတပည့် သံဃာတို့နှင့် အကျွမ်းတဝင်ဖြစ်ပေသည်"ဟု လျှောက်၏။ ဘုရား ရှင်သည် မင်းကြီးအား တရားဟောတော်မူသည်—

လွန်ကဲသော လာဘ်ကား အနာကင်းသော အဖြစ် တည်း၊ လွန်ကဲသော ဥစ္စာကား ရောင့်ရဲခြင်းတည်း၊လွန်ကဲ

သော အဆွေအမျိုးကား အကျွမ်းဝင်သော သူတည်း၊
လွန်ကဲသော ချမ်းသာကား နိဗ္ဗာန်တည်း။

× × ×

## (၇) တိဿ [ရဟန်း]

မြတ်စွာဘုရား ဝေသာလီပြည်၌ နေတော်မူသောအခါ "လေးလ လွန်သဖြင့် ပရိနိဗ္ဗာန် စံတော်မူအံ့"ဟု အာယုသင်္ခါရ လွှတ်တော်မူသည်ကို ကြား၍ 'သက်တော်ထင်ရှား ဘုရားရှင်ရှိခိုက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရလိုက်အောင် ကျင့်အံ့'ဟု အားထုတ်သော တိဿရဟန်းကို အကြောင်းပြု၍ မဂ်ဖိုလ်၏ အရသာကို ဟောတော်မူသည်–

ဆိတ်ငြိမ်ရာ၌ရသော တရားအရသာနှင့် ကိလေသာ အပူငြိမ်းရာ နိဗ္ဗာန်၏အရသာကို ခံစားရသူသည် တရား၏ အစွမ်းကြောင့် ဖြစ်သည့် နှစ်သက် ဝမ်းမြောက်ခြင်း အရသာကို ခံစားရသည့်အတွက် အပူကင်း၏၊ မကောင်းမှု ကင်း၏။

× × ×

## (၈) သက္ကုပဋ္ဌာန [သူနာပြု သိကြားမင်း]

မြတ်စွာဘုရား ဝေဠုဝရွာ၌ နေတော်မူ၍ အာယုသင်္ခါရ လွှတ်တော်မူပြီးနောက် ဝမ်းသွေးသွန်သော အနာ ကပ်ရောက်၏။ သိကြားမင်းသည် သူနာပြုစုခြင်းငှာ မထင်ရှားသော အသွင်ဖြင့်လာ၍ ခြေတော်ကို ဆုပ်နယ်၍ မေးတော်မူ၏–

"အသူနည်း"

"အကျွန်ုပ် သိကြွားမင်းတည်း"

"သိကြွားမင်း၊ နတ်တို့ဟူသည်ကား ယူဇနာ၁တရာကပင် လူတို့အနံ့အငွေ့ကို မခံနိုင်၊ စက်ဆုပ်၏။ ငါ့အား အလုပ်အကျွေးရဟန်းများစွာ ရှိ၏။ နတ်ရွာသို့ ပြန်လေလော့"

"အရှင်ဘုရား၊ သီလ တည်းဟူသော ဂုဏ်ရနံ့သည် ယူဇနာ၅ရှစ်သောင်းလေးထောင် မြင့်မိုရ်တောင်ထက်ကပင် မွှေးကြိုင်ပါသည်။ အကျွန်ုပ် ပြုပါအံ့"ဟု လျှောက်၍ ဘုရားရှင်၏ မစင်အိုးကို နံ့သာအိုးကဲ့သို့ ဦးခေါင်းထက်တင်၍ လုပ်ကျွေးလျက် ရောဂါပျောက်မှ ပြန်လေ၏။ ဤအကြောင်းကို ရဟန်းတို့ ချီးမွမ်းအံ့ဩ၍ ပြောဆိုကြရာတွင် တရားဟောတော်မူသည်—

သူတော်ကောင်းတို့ကို ဖူးမြင်ရခြင်းသည် ကောင်း၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏၊ သူမိုက်တို့ကို မမြင်ရခြင်းကြောင့် အမြဲသာလျှင် ချမ်းသာ၏။

သူမိုက်နှင့်ပေါင်းဖော်၍ လှည့်လည်သူသည် ရှည်မြင့်စွာ ကာလပတ်လုံး စိုးရိမ်ရ၏၊ သူမိုက်တို့နှင့် အတူတကွနေခြင်းသည်ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲ၏။

ပညာရှိသည်သာလျှင် ချမ်းသာသော ပေါင်းဖော်ခြင်း ရှိ၏၊ ဆွေမျိုးတို့နှင့် ပေါင်းဖော်ရသကဲ့သို့တည်း၊ ထို့ကြောင့်သာ တည်ကြည်၍ ဗဟုသုတလည်းဖြစ်သော၊ မဂ်ဖိုလ်ဝန်ကို ဆောင်သော၊သီလ ဓုတင် ပြည့်စုံသော၊ အကျင့်ရှိသော၊ မြတ်သောပညာရှိ သူတော်ကောင်းကို (လမင်းသည် ကောင်းကင်ခရီးကို ကပ်သကဲ့သို့)မှီဝဲ ဆည်းကပ်ရာ၏။

# ၁၆—ပိယ ဝဂ်

## ချစ်ခြင်း တရားစု

### (၁) တယောဇန [လူသုံးယောက်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဂေဟာဿိတပေမ (အိမ်သူတို့ ချစ်ခြင်း)ဖြင့် ချစ်ခင်လေးမြတ်ကုန်သော သားအဖ သားအမိ ရဟန်း သုံးဦးတို့ကို အကြောင်းပြု၍ ချစ်ခြင်းတရား ဟောကြားတော်မူသည်—

အားမထုတ်သင့်ရာ၌ ကိုယ်တိုင် အားထုတ်၍၊ အားထုတ်သင့်ရာ၌ အားမထုတ်ဘဲ မိမိအကျိုးစီးပွားကို စွန့်လျက် ကာမဂုဏ်ကို မြတ်နိုး စွဲလမ်းနေသူသည် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဖြင့် မိမိ အကျိုးစီးပွား အားထုတ်သူ ရသော အကျိုးကို တောင့်တ၏။

ချစ်သူတို့နှင့် မပေါင်းဖော်လင့်၊ မချစ်သူတို့နှင့်လည်း တရံတဆစ်မျှ မပေါင်းဖော်လင့်၊ ချစ်သူတို့ကို မြင်ရ

ခြင်းသည် ဆင်းရဲ၏၊ မချစ်သူတို့ကို မြင်ရခြင်းသည် ဆင်းရဲ၏။

ထို့ကြောင့် ချစ်ခြင်း မပြုရာ၊ ချစ်သူနှင့် ကွေကွင်းရခြင်းသည် ယုတ်မာ၏၊ ချစ်ခြင်း မုန်းခြင်း မရှိသူတို့အား အထုံးအဖွဲ့ မရှိကုန်။

× × ×

## (၂) ကုဍ္ဍလမိက [သူကြွယ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ သားသေခြင်းကြောင့် သောကနှိပ်စက်သည်ဖြစ်၍ ငိုကြွေးမြည်တမ်းသော သူကြွယ်တယောက်ကို အကြောင်းပြု၍ ချစ်ခြင်း၏အပြစ်ကို ဟောတော်မူသည်—

ကာမဂုဏ်ကို မြတ်နိုးခြင်းကြောင့် စိုးရိမ်ခြင်း ဖြစ်၏၊ ကာမဂုဏ်ကို မြတ်နိုးခြင်းကြောင့် ကြောက်ခြင်း ဖြစ်၏၊ ချစ်ခြင်းမှ ကင်းလွတ်သော ပုဂ္ဂိုလ်အား သောက မရှိ၊ ကြောက်မြင်း အဘယ်မှာ ရှိရတော့အံ့နည်း။

× × ×

## (၃) ဝိသာခါ [ကျောင်းအမကြီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မြေးသေ၍ ငိုကြွေးလျက်နေသော ဝိသာခါ ဒါယိကာမကို အကြောင်းပြု၍ ချစ်ခြင်း၏အပြစ်ကို ဟောတော်မူသည်—

ချစ်မြတ်နိုးခြင်းကြောင့် စိုးရိမ်ခြင်း ဖြစ်၏၊ ချစ်မြတ်နိုးခြင်းကြောင့် ကြောက်ခြင်း ဖြစ်၏၊ ချစ်ခြင်းမှ ကင်း

လွတ်သူအား စိုးရိမ်ခြင်း မရှိ၊ ကြောက်ခြင်း အဘယ်မှာ ရှိအံ့နည်း။

× × ×

## (၄) လိစ္ဆဝီ [မင်းသား]

မြတ်စွာဘုရား ဝေသာလီပြည် ကူဋာဂါရ၌ နေတော်မူသော အခါ ပြည့်တန်ဆာမ တယောက်ကြောင့် လိစ္ဆဝီမင်းတို့၏ သေ ကျေပျက်စီးခြင်းကို အကြောင်းပြု၍ ချစ်ခြင်းတရားကို ဟော ကြားတော်မူသည်—

မေ့လျော်ခြင်းကြောင့် စိုးရိမ်ခြင်း ဖြစ်၏၊ မေ့လျော် ခြင်းကြောင့် ကြောက်ခြင်းဖြစ်၏၊ မေ့လျော်ခြင်းမှကင်း လွတ်သူအား စိုးရိမ်ခြင်း မရှိ၊ ကြောက်ခြင်း ဘယ်မှာ ရှိအံ့နည်း။

× × ×

## (၅) အနိတ္ထိဂန္ဓ [သတို့သား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သာဝတ္ထိမြို့၌ အနိတ္ထိဂန္ဓသတို့သားသည် ဖွားမြင်သည်မှစ၍ မိန်းမ ကို မမြင်လို၊ မနီးလို။ အရွယ်ရောက်သောအခါ ရွှေရုပ်နှင့်တူသော အမျိုးသမီးကိုရ၍ အလွန်ချစ်မြတ်နိုး၏။ ထိုအမျိုးသမီး သေဆုံး လေ၍ သတို့သားသည် သောကနှိပ်စက်သဖြင့် မစားနိုင် မသောက် နိုင်ဖြစ်၏။ ဘုရားရှင်သည် ထိုသတို့သားကို ဆုံးမခြင်းငှာ ဟော တော်မူသည်—

ကာမဂုဏ်ကြောင့် စိုးရိမ်ခြင်း ဖြစ်၏၊ ကာမဂုဏ်ကြောင့် ကြောက်ခြင်း ဖြစ်၏၊ ကာမဂုဏ်မှ ကင်းလွတ်သူအား စိုးရိမ်ခြင်း မရှိ၊ ကြောက်ခြင်း ဘယ်မှာ ရှိအံ့နည်း။

× × ×

## (၆) အညတရ ဗြာဟ္မဏ [ပုဏ္ဏားတယောက်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရိတ်ခါနီးသော လယ်ကို တန့်မျှမကျန်ရအောင် ရေဖျက်ဆီးခြင်းကြောင့် သောကနှိပ်စက်၍နေသော အညတရပုဏ္ဏားကို ဆုံးမခြင်းငှာ ဟောတော်မူသည်—

တဏှာကြောင့် စိုးရိမ်ခြင်း ဖြစ်၏၊ တဏှာကြောင့် ကြောက်ခြင်း ဖြစ်၏၊ တဏှာမှ ကင်းလွတ်သူအား စိုးရိမ်ခြင်း မရှိ၊ ကြောက်ခြင်း ဘယ်မှာ ရှိအံ့နည်း။

× × ×

## (၇) ပဉ္စသတ ဒါရက [သူငယ်ငါးရာ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ အရှင်မဟာကဿပအား မုန့်လှူသော သူငယ်ငါးရာတို့ကို အကြောင်းပြု၍ ဟောကြားတော်မူသည်--

သီလအမြင်နှင့် ပြည့်စုံသော၊ တရား၏ တည်ရာဖြစ်သော၊ မှန်သော စကားကို ဆိုတတ်သော၊ မိမိအလုပ်ဖြစ်သော သိက္ခာကို ပြုတတ်သော ပုဂ္ဂိုလ်ကို လူချစ် လူခင်ပေ၏။

## (ဂ) ကေအနာဂါမိ [အနာဂါမ်တဦး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အနာဂါမ် မထေရ်တပါးကို တပည့်တို့သည် "တရားအထူးကို ရပြီလော" ဟု လျှောက်၏။ မထေရ်ကား 'အရဟတ္တဖိုလ်သို့ ရောက်မှ ပြောအံ့' ကြံ၍ ဆိတ်ဆိတ်နေ၏။ မျှားမကြာမီ စုတေ၍ သုဒ္ဓာဝါသဘုံ၌ ဖြစ်လေ၏။ တပည့်တို့သည် အချည်းနှီး သော သေခြင်းဟု ထင်မှတ်ကုန်၍ မြတ်စွာဘုရားအား လျှောက် ရာတွင် အနာဂါမ်၏ အဖြစ်ကို မိန့်တော်မူ၍ ပြတော်မူသည်—

နိဗ္ဗာန်ကို လိုလား၍ စိတ်ဖြင့် ရောက်သည်လည်း ဖြစ် ရာ၏၊ ကာမတို့၌ မကပ်ငြိသော စိတ်သည်လည်း ဖြစ် ရာ၏၊ ထိုပုဂ္ဂိုလ်ကို ရေစုန်ဆန်တက်မည့်သူဟု ဆိုအပ်၏။

× × ×

## (ဃ) နန္ဒိယ [ကျောင်းတကာ]

မြတ်စွာဘုရား မိဂဒါဝုန်တော၌ နေတော်မူသော အခါ ကျောင်းတကာဖြစ်သော နန္ဒိယဥပါသကာ၏ ယူဇနာ တရာမြင့် သော၊ ရတနာခုနစ်ပါးဖြင့်ပြီးသော ဘုံပြာသာဒ်ကြီး ပေါက် လင့်သည်ကို ရှင်မောဂ္ဂလာန် နတ်ပြည်သို့ ကြွတော်မူရာတွင် မြင် ခဲ့၍ ဘုရားရှင်ထံသို့ ရောက်လျှင် "အရှင်ဘုရား၊ ကောင်းမှုရှိကုန် သော သူတို့အား မသေမီ နတ်ပြည်၌ ဘုံဗိမာန် ပေါက်ပါမည် လော" ဟု လျှောက်၏။ "ချစ်သား မောဂ္ဂလာန်၊ နန္ဒိယ ဗိမာန် ကို ကိုယ်တိုင်မြင်ခဲ့ရပြီ မဟုတ်တုံလော" ဟု မိန့်တော်မူ၍ ဟော ကြားတော်မူသည်—

ကာလကြာမြင့်စွာ ကွဲကွာ၍ အဝေးမှ ချမ်းသာစွာ ပြန်လာသောသူကို ဆွေမျိုး မိတ်ဆွေ ချစ်ကျွမ်းဝင်သော သူတို့ အလွန်နှစ်သက် ဝမ်းမြောက်ကုန်သကဲ့သို့—

ပြုပြီးသောကောင်းမှုရှိသော သူကိုလည်း ဤဘဝမှ တမလွန်ဘဝသို့သွားသည်ရှိသော် သူ၏ကောင်းမှုတို့သည် ချစ်သော ဆွေမျိုး ရောက်လာသကဲ့သို့ ကြိုဆို ချီးမြှောက်ကုန်၏။

# ၁၇—ကောဓ ဝဂ်

## အမျက်ဒေါသ တရားစု

### (၁) ရောဟိဏီ [မင်းသမီး]

မြတ်စွာဘုရား နိဂြောဓာရုံကျောင်း၌ နေတော်မူသော အခါ အနုရုဒ္ဓာမထေရ်၏ နှမဖြစ်သော ရောဟိဏီ အမည်ရှိသော မင်းသမီးသည် နူနာစွဲ၍ ရှက်သောကြောင့် မောင်တော်ထံ မလာဝံ့သည်ကို ခေါ်၍ "စရပ်ဆောက်လုပ်ခြင်းကုသိုလ်ကို ပြုလော့" ဟု တိုက်တွန်း၏။ ရောဟိဏီလည်း စရပ်ဆောက်လုပ်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာကို ပင့်၍ ဆွမ်းလုပ်ကျွေး၏။ ဘုရားရှင်လည်း ရောဟိဏီကို ခေါ်တော်မူ၍ "သင်သည် ရှေးအခါ ဗာရာဏသီမင်းကြီး၏ မိဖုရားဖြစ်သော ဘဝက မောင်းမငယ်တယောက်ကို အမျက်ထွက်၍ ယားစေတတ်သော အမှုန့်ဖြင့်ပြု၍ နှိပ်စက်ခဲ့ဖူးသောကြောင့် ဤရောဂါ ဖြစ်သည်။ မာန ဒေါသကို ပယ်အပ်သည်သာတည်း" ဟု မိန့်တော်မူ၍ တရားဟောတော်မူသည်—

အမျက်ကို စွန့်ရာ၏၊ မာနကို စွန့်ရာ၏၊ အလုံးစုံသော သံယောဇဉ်ကို လွန်မြောက်ရာ၏၊ နာမ်ရုပ်၌ မငြိတွယ်သော ကြောင့်ကြ မရှိသော ပုဂ္ဂိုလ်တို့ ဆင်းရဲသို့ မကျရောက်ကုန်။

× × ×

## (၂) အညတရဘိက္ခု [ရဟန်းတပါး]

မြတ်စွာဘုရား အဂ္ဂါဠဝ စေတီ၌ နေတော်မူသော အခါ ရဟန်းတယောက်သည် ကျောင်းဆောက်ရန် နှစ်သက်ဖွယ်ရှိသော သစ်ပင်ကို ခုတ်လှဲခြင်းငှာ အားထုတ်၏။ ရုက္ခဇိုဝ်းနတ်သည် ဗိမာန်ကို မဖျက်ဆီးပါလင့်ဟု တောင်းပန်၏။ မရသောကြောင့် သနားအောင် သားငယ်ကိုပြ၍ တောင်းပန်ရာတွင် မြောက်ချီသော ဓားကို မဟန့်နိုင်၍ သားငယ်လက်ကို ခုတ်မိ၍ သေဆုံးလေ၏။ ရုက္ခဇိုဝ်းလည်း ရဟန်းကို သတ်လိုလျက် အမျက်ကိုဖြေ၍ မြတ်စွာဘုရားထံသို့ လာပြီးသော် ဤအကြောင်းကို လျှောက်၏။ ဘုရားရှင်သည် ရုက္ခဇိုဝ်းအား တရားဟောကြားတော်မူသည်—

လျင်မြန်စွာသွားသော ရထားကို တားမြစ်သကဲ့သို့ စင်စစ်ဖြစ်ပေါ်လာသော အမျက်ကို တားမြစ်နိုင်သူကို သာရထိ (ရထားထိန်း)ဟု ငါဆို၏၊ အမျက်ကို မတားနိုင်သောသူသည် ကြိုးကိုင်သာတည်း။

× × ×

## (၃) ဥတ္တရာ [သေဋ္ဌေးသမီး]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ပုဏ္ဏသေဋ္ဌေးသမီး ဥတ္တရာသည် မိစ္ဆာအယူရှိသော သုမနသေဋ္ဌေး သားနှင့် သင့်မြတ်သည်ဖြစ်၍ ဥပုသ်စောင့်ခွင့်၊ ဒါနပြုခွင့်ကို မရသောကြောင့် အသပြာ တသောင်း ငါးထောင်ဖြင့် သိရိမာ မည်သော ပြည့်တန်ဆာကို လခွဲ (ဆယ့်ငါးရက်) ကာလပတ်လုံး ငှား၍ လင်၏အထံ၌ နေစေပြီး မိမိသည် ဥပုသ်သီတင်းဆောက် တည်၍ ဘုရားအမှူးရှိသော သံဃာအား အလှူပေးလျက်နေ၏။ ပြည့်တန်ဆာ သိရိမာလည်း မိမိကိုယ်ကို အရှင်ကဲ့သို့ ထင်မှတ်၍ ဥတ္တရာကို ငြူစူသောကြောင့် ကျိုက်ကျိုက်ဆူသော ဆီပူဖြင့် လောင်း၏၊ ဥတ္တရာ၏ မေတ္တာကြောင့် ကျိုက်ကျိုက်ဆူနေသော ဆီပူသည် ဂေါ်သီတစန္ဒကူးကဲ့သို့ အေးမြ၏။ သိရိမာလည်း ဤအံ့ဘွယ်သရဲကို မြင်၍ ထိတ်လန့်သောကြောင့် ဥတ္တရာအား တောင်းပန်ဝန်ချ၏။ "ဘုရားရှင်ထံ တောင်းပန်ဝန်ချလော့" ဟု ဆို၍ ဘုရားရှင်ကြွတော်မူလာသောအခါ အကြောင်းကို လျှောက် ၍ တောင်းပန်ဝန်ချစေ၏။ ဘုရားရှင်သည် "သာဓု သာဓု ဥတ္တရာ" ဟု ကောင်းချီးပေးတော်မူ၍ တရားဟောတော်မူသည်—

> အမျက် ထွက်သော သူကို အမျက်မထွက်ခြင်းဖြင့် အောင်ရာ၏၊ မကောင်းသောသူကို သူတော်ကောင်းပြု သဖြင့် အောင်ရာ၏၊ ဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ် မမှန် ပြောဆိုသူကို မှန်ကန်သော စကားဖြင့် အောင်ရာ၏။

## (၄) မဟာ မောဂ္ဂလာန ပဉှာ [ရှင်မောဂ္ဂလာန် ပြဿနာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မောဂ္ဂလာန်နတ်ပြည်သို့ ဒေသစာရီကြွရာတွင် နတ်သမီး နတ်သားတို့ ဘုံဗိမာန်နှင့် စံနေကြသည်ကို မြင်ခဲ့သောကြောင့် "အရှင်ဘုရား၊ မှန်သောစကားကို ဆိုကာမျှဖြင့် အမျက်ကို ငြိမ်းစေကာမျှဖြင့် အနည်းငယ် ပေးလှူကာမျှဖြင့် နတ်ရွာသို့ ရောက်၏လော" ဟု လျှောက်ရာတွင် "ချစ်သား မောဂ္ဂလာန်၊ ကိုယ်တိုင်မြင်ခဲ့ပြီ မဟုတ်လော" ဟု မိန့်တော်မူ၍ ဟောတော်မူသည်—

> မှန်သောစကားကို ဆိုရာ၏၊ အမျက် မထွက်ရာ၊ သူတပါးတောင်းသော် အနည်းငယ်သော်လည်း လှူရာ၏၊ ဤအကြောင်းသုံးပါးကြောင့် နတ်တို့ထံသို့ ရောက်ရာ၏။

× × ×

## (၅) ဗုဒ္ဓ ပိတု [မြတ်စွာဘုရား ခမည်းတော်]

မြတ်စွာဘုရား သာကေတမြို့၌ နေသော်မူသောအခါ ပုဏ္ဏားကြီးသမီး ခင်ပွန်းတို့သည် ဘုရားရှင်ကို တွေ့မြင်ကတည်းကပင် လျှင် "ချစ်သား၊ ဘယ်အရပ်သို့ သွားနေသနည်း။ မိဘတို့ အိုမင်းမစွမ်းရှိပြီ။ ကြည့်ပါဦးလေ့" ဟု လျှောက်၍ စုံမက်မြတ်နိုးစွာ ဝါတွင်းသုံးလပတ်လုံး လုပ်ကျွေး၏။ ဘုရားရှင်ကို တပါးသောသူတို့ ဘိတ်မန်သည်ရှိသော် ထိုပုဏ္ဏားကို ပန်ကြား၍ ဘိတ်မန်ရကုန်၏။ မြတ်စွာဘုရား ခမည်းတော် မယ်တော်ဟု တွင်၏။ ဘဝငါးရာပတ်လုံး မိဘ၊ သိုမျှလောက်ပတ်လုံး မိထွေး ဘထွေးဖြစ်ဖူးကုန်၏။ မြတ်စွာဘုရား တရားကို မပြတ်နာ၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၍ ပရိနိဗ္ဗာန်ယူလေကုန်၏။ "အဘယ်ဘုံသို့ ဖြစ်ရှာ

လေသနည်း”ဟု ရဟန်းတို့လျှောက်ရာတွင် နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောတော်မူသည်—

သူတပါးတို့ကို ညှဉ်းဆဲခြင်း မရှိ၊ ကိုယ်ကို အမြဲစောင့်ရှောက်ကုန်သော သူတော်ကောင်းတို့သည် စိုးရိမ်ခြင်းကင်းရာ သေခြင်းကင်းရာ ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကုန်၏။

× × ×

(၆) ပုဏ္ဏဒါသီ [ကျွန်မလေး]

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်၌ နေတော်မူသော အခါ ၌ရာခင်းခွင့် သမုတိရသော မလ္လမင်းသား ဒဗ္ဗသည် လက်ညှိုးကို မီးထွန်းလျက် ရဟန်းတို့ကို လက်ညှိုးမီးရောင်ဖြင့် မိမိနှစ်သက်ရာသို့ ဆောင်၍ နေရာခင်း၏။ ရာဇဂြိုဟ်သေဌေး ကျွန်မပုဏ္ဏာလည်း စပါးထောင်းရာမှ မြင်၍ 'ငါ့မှာ ဒုက္ခနှိပ်စက်သောကြောင့် မအိပ်ရ။ ဤအရှင်တို့မှာ ညဉ့်နက်သန်းခေါင် အဘယ်ကိစ္စရှိ၍ နေကြလေသနည်း' ဟု ကြံစည်အောက်မေ့၏။ နံနက်အထ၌လည်း ဆန်ကွဲကို ရေဆွတ်၍ မုန့်လက်ကောက်လုပ်ပြီးလျှင် ရေခပ်ချင်းစားရန် ခါးပိုက်၌ ထည့်၍ ရေဆိပ်သို့သွား၏။ မြတ်စွာဘုရား ဆွမ်းခံကြွလာသည်နှင့် ရင်ဆိုင်တွေ့သော် ရှိသေစွာ မုန့်လက်ကောက်ကို လှူ၏။ ဘုရားရှင်လည်း သပိတ်တော်နှင့် ခံတော်မူ၍ ထိုအရပ်၌ပင် ဘုဉ်းပေးတော်မူ၍ "ပုဏ္ဏာ၊ သင်ယမန်နေ့ညက ငါ့တပည့်သားတော်တို့ကို မြင်သဖြင့် အဘယ်သို့အကြံဖြစ်သနည်း"ဟု မေးတော်မူလျှင် မိမိအောက်မေ့သော အတိုင်း လျှောက်လေသော် "ငါဘုရား တပည့်တော်တို့သည် အခါခပ်

သိမ်း နိုးကြားခြင်းနှင့် ယှဉ်ကုန်၏" ဟု မိန့်တော်မူလျက် ဟော ကြားတော်မူ၏—

အမြဲ နိုးကြားကုန်လျက် နေ့ညဉ့်မပြတ် သူတော်ကောင်းအကျင့်ကို ကျင့်ကုန်သော၊ နိဗ္ဗာန်သို့ စိတ်ဝင်စားနေသော သူတို့မှာ ကာမစသော အာသဝေါတို့ ကုန်ခန်းကုန်၏။

× × ×

## (၇) အတုလျ [ဒါယကာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အတုလျမည်သော ဥပါသကာသည် ရှင်ရေဝတ မထေရ်ကို စကားမပြော တုဏှိဘောနေသည် ဟု ကဲ့ရဲ့၏။ ရှင်သာရိပုတ္တရာကိုလည်း အဘိဓမ္မာ တရားချည်း ဟောသည်ဟု ကဲ့ရဲ့၏။ ရှင်အာနန္ဒာကိုလည်း စကားတတ်လွန်းသည် ဟု ကဲ့ရဲ့၏။ သို့ကြောင့် မြတ်စွာဘုရားသည် အတုလျအား တရားဟောတော်မူသည်—

အို အတုလျ၊ ဤကဲ့ရဲ့ခြင်းသည် ရှေး၌ပင် ဖြစ်၏၊ ဤကဲ့ရဲ့ခြင်းသည် ယခုကာလမှဖြစ်သည် မဟုတ်၊ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏၊ များစွာ ပြောဟောသူကိုလည်း ကဲ့ရဲ့ကုန်၏၊ နှိုင်းချင့်၍ ပြောဟောသူကိုလည်း ကဲ့ရဲ့ကုန်၏၊ လောက၌ ကဲ့ရဲ့ လွတ်သူ မရှိ။

စင်စစ် ကဲ့ရဲ့ခံရသူ၊ စင်စစ် ချီးမွမ်းခံရသူဟူ၍ ရှေးအခါ၌ မရှိခဲ့ဘူး၊ နောင်အခါ၌လည်း ရှိလိမ့်မည် မဟုတ်၊ ယခုအခါ၌လည်း မရှိ။

ကောင်းသော အသက်မွေးခြင်း ရှိ၍ ပညာနှင့်လည်း ပြည့်စုံ၊ သီလနှင့်လည်း ပြည့်စုံသူကို ပညာရှိတို့ ဟုတ်တိုင်းမှန်ရာ သိ၍ နေ့တိုင်း နေ့တိုင်း ချီးမွမ်းကြလျှင်—

အကောင်းဆုံး ဇမ္ဗူရာဇ် ရွှေပြားနှင့်တူသော ထိုသူကို ဘယ်သူ ကဲ့ရဲ့နိုင်မည်နည်း၊ နတ်ပြဟ္မာတို့သည်လည်း ချီးမွမ်းကုန်၏။

× × ×

## (၈) ဆဗ္ဗဂ္ဂိယ [ခြောက်ဦးအဖွဲ့]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ တောင်ဝေး တဖက် တချောင်း ထောက်၍ သစ်သားဖိနပ်ကို စီးပြီး စကြံသွားကုန်သော ဆဗ္ဗဂ္ဂီရဟန်းတို့ကို ဆုံးမတော်မူခြင်းငှာ ဟောတော်မူသည်—

ကိုယ်နှင့်ဆိုင်ရာ မကောင်းမှုကို စောင့်ရှောက်ရာ၏၊ ကိုယ်ဖြင့် မကောင်းမှုမှ စောင့်ရှောက်ရာ၏၊ ကိုယ်ဖြင့် မကောင်းသော အကျင့်ကို ပယ်၍ ကိုယ်ဖြင့်ပင် ကောင်းသော အကျင့်ကို ကျင့်ရာ၏။

နှုတ်နှင့်ဆိုင်ရာ မကောင်းမှုကို စောင့်ရှောက်ရာ၏၊ နှုတ်ဖြင့် မကောင်းမှုမှ စောင့်ရှောက်ရာ၏၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို ပယ်၍ နှုတ်ဖြင့်ပင် ကောင်းသော အကျင့်ကို ကျင့်ရာ၏။

စိတ်နှင့်ဆိုင်ရာ မကောင်းမှုကို စောင့်ရှောက်ရာ၏၊ စိတ်ဖြင့် မကောင်းမှုမှ စောင့်ရှောက်ရာ၏၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ပယ်၍ စိတ်ဖြင့်ပင် ကောင်းသော အကျင့်ကို ကျင့်ရာ၏။

ပညာရှိတို့သည် ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ စိတ်ဖြင့်ရင်း မကောင်းမှုမှ စောင့်ရှောက်ကုန်၏၊ ထို ကိုယ် နှုတ် စိတ် သုံးပါးတို့ဖြင့် မကောင်းမှုမှ စောင့်ရှောက်သော ပညာရှိတို့သည်သာလျှင် ကောင်းစွာ စောင့်ရှောက်သောသူတို့ မည်ကုန်၏။

# ၁၈—မလ ဝဂ္ဂ

## အညစ်အကြေး တရားစု

### (၁) ဂေါဃာတက ပုတ္တ [နွားသတ်သမားသား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ သာဝတ္ထိပြည်တွင် နွားသတ်၍ အသက်မွေးသူ၏သားသည် အဖေ နာမကျန်းရသော ကာလ၌ နွားကဲ့သို့ အော်လျက် ကြောက်မက်ဖွယ်ဖြစ်သည်ကိုမြင်၍ တက္ကသိုလ်ပြည်သို့ ထွက်ပြေးလျက် ရွှေပန်းတိမ်အတတ်ကို သင်ပြီးလျှင် သားမယားမွေး၍နေ၏။ ထိုရွှေပန်းတိမ်၏ သားသမီးတို့သည် အရွယ်ရောက်သော အခါ သာဝတ္ထိပြည်သို့ လာ၍နေကုန်၏။ သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်၏။ ဘုရားအမှူးရှိသော သံဃာကိုပင့်၍ အိုမင်းမစွမ်း ရှိသော အဘကို ခေါ်၍ တရားနာစေ၏။ ဘုရားရှင်သည် အနုမောဒနာ တရား ဟောတော်မူသည်—

ယခုအခါ ဖက်ရွက်လျော်ကဲ့သို့ ဖြစ်ပြီဘကား၊ သေ
မင်းတမန်တို့လည်း သင်၏အနီး၌ တည်လာကုန်၏၊ ဆုတ်

ယုတ်ခြင်း အ၀၌လည်း တည်၏၊ သင့်အား ရိက္ခာလည်း မရှိချေတကား။

သင်သည် မိမိ၏ကျွန်း (ဆီမီး) ကို ပြုလော့၊ လျင်မြန်စွာ လုံ့လပြုလော့၊ ပညာရှိ ဖြစ်လော့၊ အညစ်အကြေးကို ထုတ်ပစ်၍ ကိလေသာကင်းသည် ဖြစ်၍ အရိယာတို့ မြေဖြစ်သော နတ်ပြည်သို့ ကပ်လော့။

ယခုအခါ အရွယ်ဆုတ်ယုတ်၍ သေမင်း၏ အထံသို့ သွားချိန်ရောက်ပြီ၊ သင့်အား စပ်ကြား၌ ဆိုင်းလင့်၍ နေခြင်း မရှိ၊ သင့်အား ရိက္ခာလည်း မရှိ။

သင်သည် မိမိ၏ကျွန်း (ဆီမီး) ကို ပြုလော့၊ လျင်စွာ လုံ့လပြုလော့၊ ပညာရှိ ဖြစ်လော့၊ အညစ်အကြေးကို ထုတ်ပစ်၍ ကိလေသာကင်းသည် ဖြစ်၍၊ တဖန် ပဋိသန္ဓေနေခြင်းအဖြစ်သို့ မရောက်လင့်။

× × ×

## (၂) အညတရဗြာဟ္မဏ [ပုဏ္ဏားတယောက်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းတို့ ဆွမ်းခံဝင်အံ့သောငှာ သင်္ကန်းရုံရာအရပ်၌ မြက်သုတ်သင်ခြင်း၊ သဲဖြူခင်းခြင်း၊ မဏ္ဍပ်ဆောက်ခြင်းကိုပြုသော ပုဏ္ဏားတယောက်သည် စရပ်သာမှုခေါ်သောနေ့၌ ဘုရားအမှူးရှိသော သံဃာတို့ကို ပင့်၍ ဆွမ်းကျွေး၏။ ဘုရားရှင်သည် အနုမောဒနာတရား ဟောတော်မူသည်—

ပန်းတိမ်သည်သည် ငွေ၏ အညစ်အကြေးကို တဖြည်းဖြည်းထုတ်သကဲ့သို့ ပညာရှိသည် အစဉ်သဖြင့် အတန်ငယ် အတန်ငယ် ခဏတိုင်း ခဏတိုင်း မိမိသန္တာန်၌ ထင်ရှား

ရှိသော ကိလေသာ အညစ်အကြေးကို တဖြည်းဖြည်း ထုတ်ရာ၏။

× × ×

(၃) တိဿ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တိဿ မထေရ်သည် နှမက ကပ်လှူသော သင်္ကန်းသစ်ကို နက်ဖြန် ရုံအံ့ဟု ခေါက်၍ သင်္ကန်းတန်း၌ တင်ထား၏။ ထိုခဏ၌ ရောက်သောရောဂါဖြင့် သေ၍ သင်္ကန်း၌တပ်သောတဏှာကြောင့် ထိုသင်္ကန်း၌ သန်းဖြစ်၏။ ရဟန်းတို့ သင်္ကန်း ဝေဘန်အံ့သော ကာလ သင်္ကန်းပေါ်၌ ပြေးလွှား၍ "ငါ့သင်္ကန်းကို မလုယက်ကုန်လင့်"ဟု မြည်တမ်းသည်ကို ဘုရားရှင် ကြားသိတော်မူ၍ "ခုနစ်ရက်လွန်မှ သင်္ကန်းကို ဝေဘန်ကြလော့" ဟု မိန့်တော်မူသည်။ ခုနစ်ရက်လွန်လျှင် သန်းဘဝမှ စုတေ၍ တုသိတာဘုံ၌ ဖြစ်လေ၏။ "အဘယ်ကြောင့် ခုနစ်ရက်လည်မှ ဝေဘန်ရသနည်း" ဟု ရဟန်းတို့ မေးလျှောက်ကုန်ရာ ၎င်းအကြောင်းကို မိန့်တော်မူ၍ အညစ်အကြေးတရား ဟောကြားတော်မူသည်—

သံချေးသည် သံမှသာလျှင် ဖြစ်၍ ထိုသံကိုသာ စား သကဲ့သို့ ပစ္စည်းလေးပါး၌ လွန်၍ကျင့်သော သူကို မိမိ အမှုတို့သည် ဒုဂ္ဂတိဘဝသို့ ဆောင်ကုန်၏။

× × ×

(၄) လာဠုဒါယိ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ လာဠုဒါယိ မထေရ်သည် ရှာသာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကို

ပြုစု၍ မိမိကိုယ်ကို တရားဟောတတ်ဟန် ပြောဆို၍ တရားဟောခါနီး၌ ဟောစရာတရား တစုံတခုကိုမျှ ရှာမရ၍ အရှက်ကြီးကွဲသည်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်—

အတတ်ပညာတို့သည် သရဇ္ဈာယ်မှု မရှိခြင်းလျှင် အညစ်အကြေး ရှိကုန်၏၊ အိမ်တို့သည် မပြု မပြင် မသုတ်သင်ခြင်းဟူသော အညစ်အကြေး ရှိကုန်၏၊ ပျင်းရိခြင်းသည် အဆင်း၏ အညစ်အကြေး မည်၏၊ မေ့လျော့ခြင်းသည် စောင့်ရှောက်ခြင်း၏ အညစ်အကြေး မည်၏။

× × ×

## (၅) အညတရ ကုလ ပုတ္တ [အမျိုးသား တယောက်]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ အမျိုးကောင်းသားတယောက်သည် မိမိမယား လွန်ကြူး၍ ကျင့်သည်ကို နှလုံးမသာယာရှိ၍ ရတနာသုံးပါး အထံသို့ မဆည်းကပ်နိုင် ဖြစ်နေ၏။ တနေ့သ၌ ဘုရားအထံသို့ကပ်၍ အကြောင်းကို လျှောက်၏။ ဘုရားရှင်သည် ထိုဒါယကာကို ဆုံးမခြင်းငှာ ဟောကြားတော်မူသည်—

လွန်ကြူး၍ ကျင့်ခြင်းသည် မိန်းမ၏ အညစ်အကြေး မည်၏၊ ဝန်တိုခြင်းသည် ပေးကမ်းခြင်း၏ အညစ်အကြေး မည်၏၊ ဤလောက၌ရင်း တပါးသော လောက၌ရင်း ယုတ်မာသော တရားတို့သည် စင်စစ် အညစ်အကြေး မည်ကုန်၏။

ထို့ထက် ညစ်ညူးသော အညစ်အကြေးကို ဆိုအံ့၊ အဝိဇ္ဇာသည် လွန်ကဲသော အညစ်အကြေး မည်၏၊ ယင်းကို ပယ်၍ ရဟန်းတို့သည် အညစ်အကြေး ကင်းကုန်လော့။

× × ×

## (၆) စူဠ သာရိ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဆေးကုခြင်းစသော နှစ်ဆယ့်တပါးသော အနေသနဖြင့် ပစ္စည်းရှာမှီး၍ အသက်မွေးလေ့ရှိသော စူဠသာရိမည်သော ရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူသည်—

အရှက်မရှိသူသည် ကျီးရဲနှင့်တူစွာ ကျင့်သဖြင့်ရင်း၊ သူတပါးဂုဏ်ကို ဖျက်ဆီးသဖြင့်ရင်း၊ သူတပါးပြုသည်ကို မိမိပြုယောင်ဆောင်သဖြင့်ရင်း၊ ကြမ်းကြုတ်သဖြင့်ရင်း၊ ညစ်ညူးသော အကျင့်ဖြင့်ရင်း အသက်မွေး လွယ်ကူ၏။

ရှက်ကြောက်ခြင်းရှိသူကား အမြဲ စင်ကြယ်သည်ကို ရှာသဖြင့်ရင်း၊ မတွန့်ဆုတ်သဖြင့်ရင်း၊ မကြမ်းကြုတ်သဖြင့်ရင်း၊ စင်ကြယ်စွာ အသက်မွေးသဖြင့်ရင်း၊ သင့် မသင့်ကို မြင်မြော်သဖြင့်ရင်း အသက်မွေး ခဲယဉ်း၏။

× × ×

## (၇) ပဉ္စ ဥပါသကာ [ငါးယောက်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပဉ္စသီလ ငါးပါးကို တပါးစီ ထိန်းကြကုန်သော ဥပါသကာ ငါးယောက်တို့သည် "ပါဏာတိပါတာ ဝေရမဏိသည် ခဲယဉ်း၏။ အဒိန္နာဒါနာ ဝေရမဏိသည် ခဲယဉ်း၏" စသည်ဖြင့် ငြင်းခုန်ကြ၍

မြတ်စွာဘုရားထံ လျှောက်လေသော် ငါးပါးလုံးပင် ခဲယဉ်းကြောင်း မိန့်တော်မူ၍ ဟောတော်မူသည်—

လောက၌ တစုံတယောက်သည် သူ့တပါးအသက်ကို သတ်၏၊ မဟုတ် မမှန်သော စကားကိုပြော၏၊ ပိုင်ရှင်မပေးသော သူ့တပါးဥစ္စာကို ခိုးယူ၏၊ သူ့တပါးမယားကို ပြစ်မှား ကျူးလွန်၏၊သေရည်ကိုလည်း သောက်လေ့ ရှိ၏၊ ထိုသူသည် ဤဘဝ၌ပင်လျှင် မိမိ၏ ပင်ရင်းအခြေအမြစ်ကို တူးဖြို ဖျက်ဆီးသည် မည်၏။

အို ယောကျ်ား၊ ဤသို့ သိလော့၊ မစောင့်စည်းသော အကုသိုလ်တို့သည် ယုတ်မာသော သဘော ရှိကုန်၏၊ လောဘ ဒေါသတို့သည် သင့်ကိုကြာ ၂င့်စွာ ဆင်းရဲခြင်းငှာ မနှောင်ဖွဲ့စေကုန်လင့်။

×                    ×                    ×

## (ဂ) တိဿ ဒဟရ [ပဥ္စင်းငယ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ တပါးသူတို့ အလှူဒါနပေးသည်ကို ကဲ့ရဲ့ရှုတ်ချတတ်သော တိဿ ပဥ္စင်းငယ်ကို အကြောင်း ပြု၍ ဟောတော်မူသည်—

လူတို့သည် ယုံကြည်သည်အလျောက် ကြည်ညိုသည် အလျောက် ပေးလှူကုန်၏၊ သူ့တပါးတို့ စားသောက်ဖွယ် ပေးလှူရာ၌ မျက်နှာမသာ မနာလိုသူသည် နေ့၌ ၎င်း ညဉ့်၌၎င်း စိတ်တည်ခြင်း မရလေ။

ဤ မျက်နှာ မသာ မနာလိုသော သဘောကို ကောင်းစွာ အကြွင်းမရှိ အရင်းအမြစ်နှင့်တကွ နုတ်ပယ်

ပြီးသောသူသည် နေ့၌ရင်း ညဉ့်၌ရင်း စိတ်တည်ခြင်းကို ရလေ၏။

× × ×

## (၉) ပဉ္စဥပါသကာ [ငါးယောက်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ တရားနာစဉ် ငိုက်မျဉ်းလျက်၊ လက်ဖြင့် မြေကို ခြစ်လျက်၊ သစ်ခက်ကိုလှုပ်လျက်၊ ကောင်းကင်ကိုကြည့်လျက်၊ အရိုအသေပြု လျက် တရားနာကုန်သော ဥပါသကာငါးယောက်တို့အား အခြားမရှိဘဲ ဘဝငါးရာပတ်လုံး မြွေဘဝ၊ တီဘဝ၊ မျောက်ဘဝ၊ နက္ခတ်ကြည့် ပုဏ္ဏားဘဝ၊ ဗေဒင်သုံးပုံတတ်သော ပုဏ္ဏားဘဝတို့၌ ဖြစ်ဖူးကြောင်းကို ပြတော်မူပြီး၍ ဟောတော်မူသည်—

ရာဂနှင့်တူသော မီးမရှိ၊ ဒေါသနှင့်တူသော ဖမ်းယူခြင်း မရှိ၊ မောဟနှင့်တူသော ကွန်ရက် မရှိ၊ တဏှာနှင့် တူသော မြစ်မရှိ။

× × ×

## (၁၀) မေဏ္ဍက [သေဌေး]

မြတ်စွာဘုရားသည် မေဏ္ဍကသေဌေး၊ သေဌေးကတော် စန္ဒပဒုမဒေဝီ၊ သား ဓနဉ္စယ၊ ချွေးမ သုမနာဒေဝီ၊ ကျွန်ပုဏ္ဏ ဤ ကောင်းမှုရှိသူ ငါးယောက်တို့ သောတာပန် ဖြစ်အံ့သော အကြောင်းကိုမြင်တော်မူ၍ ဘဒ္ဒိယမြို့ မလေးတော၌ နေတော်မူ၏။ ထိုအခါ မဏ္ဍကသေဌေးသည် မြတ်စွာဘုရားအထံသို့ကပ်၍ "အရှင်ဘုရား၊ တိတ္ထိတို့သည် ရှင်ပင်ဘုရားအထံသို့ အကျွန်ုပ်လာသည်ကို တားမြစ်ကြကုန်သည်"ဟု လျှောက်၏။ ဘုရားရှင်သည် "သေ

ငွေး၊ သတ္တ၀ါတို့မည်သည် သူတပါးတို့ အပြစ်ကိုသာ မြင်လွယ်သည်။ မိမိအပြစ်ကိုကား မြင်ခဲကုန်သည်”ဟု မိန့်တော်မူ၍ ဟောကြားတော်မူသည်—

သူတပါးတို့၏ အပြစ်ကို မြင်လွယ်၏၊ မိမိအပြစ်ကိုကား မြင်နိုင်ခဲ၏၊ သူတပါးတို့၏ အပြစ်ကို ဖွဲလွင့်သကဲ့သို့ လွင့်တတ်၏၊ မိမိအပြစ်ကိုကား (စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ငှက်တို့မမြင်အောင် မိမိကိုယ်သစ်ရွက်သစ်ခက်တို့ဖြင့် ဖုံးသကဲ့သို့) ဖုံးတတ်၏။

× × ×

## (၁၁) ဥဇ္ဈာန သညိ [ကဲ့ရဲ့သော ရဟန်း]

မြတ်စွာဘုရား ဇေတ၀န်ကျောင်း၌ နေတော်မူသော အခါ သူတပါးတို့အား ကဲ့ရဲ့လေ့ရှိသောရဟန်း တယောက်ကို အကြောင်းပြု၍ ဟောတော်မူသည်—

သူတပါးတို့ အပြစ်ကို အစဉ်ရှု၍ သူတပါးကို အမြဲကဲ့ရဲ့တတ်သည်မှာ အာသ၀ေါတရားတို့ တိုးပွားကုန်၏၊ ထိုသူသည် အာသ၀ေါ ကုန်ခန်းသည့် ရဟန္တာအဖြစ်မှ ဝေးလေ၏။

× × ×

## (၁၂) သုဘဒ္ဒ [ပရဗိုဇ်]

မြတ်စွာဘုရား ကုသိနာရုံပြည် မလ္လာမင်းတို့ အင်ကြင်းပင်စုံ ရဂုဥယျာဉ်ဝယ် ရဘနာညောင်စောင်း၌ လျောင်းစက်တော်မူ၍ ပရိနိဗ္ဗာန် စံခါနီးကာလ သုဘဒ်ပရဗိုဇ် မေးလျှောက်သော ပြဿနာသုံးခုကို ဖြေတော်မူသည်--

ကောင်းကင်မှာလည်းခြေရာမရှိ၊သာသနာပမှာလည်း မဂ်ဖိုလ်ရသော ရဟန်းမရှိ၊ သတ္တဝါတို့သည် သံသရာချဲ့တတ်သော တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မွေ့လျော်တတ်၏၊ တထာဂတတို့သည် ယင်းတရားသုံးပါးမှ ကင်းကုန်၏။

ကောင်းကင်မှာလည်း ခြေရာ မရှိ၊ သာသနာပမှာ လည်း မဂ်ဖိုလ်ရသော ရဟန်းမရှိ၊ မြဲသောသင်္ခါရတရား တို့လည်း မရှိကုန်၊ဗုဒ္ဓတို့အားလည်း တုန်လှုပ်ခြင်း မရှိကုန်။

## ၁၉—ဓမ္မဋ္ဌ ဝဂ္ဂ

### တရားရှိခြင်းတရားစု

### (၁) ဝိနိစ္ဆယ မဟာမတ္တ [တရားသူကြီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ တံစိုးစား၍ မဖြောင့်မသား တရားစီရင်ကုန်သော အမတ်တို့ကို အကြောင်းပြု၍ ဓမ္မသတ်တရား ဟောတော်မူသည်—

ဆုံးဖြတ်ရန် အမှုကို မျက်နှာလိုက်၍ မဟုတ်မမှန် ဆုံးဖြတ်သူသည် တရားရှိသော တရားသူကြီး မဟုတ်၊ ပညာရှိသည့် အကြောင်း ဟုတ် မဟုတ် နှစ်ပါးကို စူးစမ်း စစ်ဆေး၏။

ဤသို့ စူးစမ်းစစ်ဆေးပြီးလျှင် မျက်နှာ မလိုက်ဘဲ တရားကို စောင့်လျက် တရားလမ်းအမှန်တိုင်း တရားလို တရားခံတို့ကို အရှုံးအနိုင် ဆုံးဖြတ်သော ပညာရှိကို တရားရှိသော တရားသူကြီးဟု ခေါ်၏။

× × ×

## (၂) ဆဗ္ဗဂ္ဂိယ [ခြောက်ယောက်အဖွဲ့]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ မိမိကိုယ်ကို ပညာရှိ လူလိမ်မာဟု ပြောလေ့ ရှိကြသော ဆဗ္ဗဂ္ဂိ ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူသည်—

စကား များစွာ ပြောကာမျှဖြင့် ပညာရှိ မဖြစ်၊
သည်းလည်း ခံတတ်၊ မုန်းသောရန်သူဟူ၍လည်း မထား၊
အကြောက်လည်း မရှိသူကို ပညာရှိ ခေါ်၏။

× × ×

## (၃) ဧကုဒါန [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဧကုဒါန မည်သော ရဟန္တာနေသည့် တောအုပ်၌ အခြံအရံ ငါးရာစီရှိသော ပိဋကတ်သုံးပုံဆောင် ရဟန်းနှစ်ပါး တရားဟော သောအခါ နတ်တို့ သာဓု မခေါ်။ ဧကုဒါနမထေရ် ဥဒါန်း ဂါထာတပုဒ် ဟောရာတွင်မှ နတ်တို့ သာဓု ခေါ်သည်ကို အကြောင်းပြု၍ ဟောတော်မူသည်—

များစွာ ပြောဟောကာမျှဖြင့် တရားဆောင်သူ မဖြစ်၊
အနည်းငယ်မျှပင် ကြားနာရ၍ ကိုယ်တိုင်အမှန်တရားကို
သိ၍ ထိုတရားကို မမေ့သောသူသာလျှင် တရားဆောင်
သူ အစစ်ဖြစ်၏။

× × ×

## (၄) လကုဏ္ဍက ဘဒ္ဒိယ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ အလုံးအရပ် ငယ်သောကြောင့် လကုဏ္ဍက၊ သဒ္ဒါဖြင့် အထူးပြု၍

လကုဏ္ဍက ဘဒ္ဒိယဟု တွင်သော ရဟန္တာကို သာမဏေထင်မှတ်ကြသော အရည်ကင် ရဟန်းသုံးကျိပ်တို့ကို အကြောင်းပြု၍ ဟောတော်မူသည်—

ခေါင်း ဖြူကာမျှဖြင့် မထေရ် မဖြစ်၊ အရွယ်သာကြီးသော သူကို အချည်းနှီးသူအိုဟု ခေါ်၏။

သစ္စာလည်းရှိ၊ လောကထက်လွန်သော တရားလည်းရှိ၊ သူတပါးကို နှိပ်စက်ညှဉ်းဆဲခြင်း မရှိ၊ သီလကိုလည်း စောင့်၊ ဣန္ဒြေကိုလည်း စောင့်လျက်၊ အညစ်အကြေးကို ပယ်၍ ခိုင်မြဲသည့် ပညာရှိကိုသာလျှင် စင်စစ် မထေရ်ဟု ခေါ်၏။

× × ×

(၅) သမ္ဗဟုလ ဘိက္ခု [ရဟန်းများ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ သူတပါးတို့ ပရိသတ်များသည်ကို ငြူစူကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူသည်—

သာယာသော စကားကို ပြောဆိုတတ်သော်လည်း၊ ရုပ်အဆင်းပင် လှသော်လည်း သူတပါး စည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ် စဉ်းလဲတတ်လျှင် သူတော်ကောင်း မဟုတ်။

ဤ ငြူစူခြင်း စသော အကုသိုလ်ကို ကောင်းစွာ ပယ်ရှား၊ အမြစ်ပါ ပယ်နုတ်ဖျက်ဆီး၍ ဒေါသ ကင်းသော ပညာရှိကို သူတော်ကောင်းဟု ခေါ်၏။

× × ×

## (၆) ဟတ္ထက [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ တိတ္ထိတို့နှင့် အယူဝါဒပြိုင်သော ဟတ္ထကရဟန်းသည် အကြောင်းတပါးဖြင့် အကြောင်းတပါး ဖုံးလွှမ်းခြင်း၊ မုသားဆိုခြင်း ပြုလျက် နေသည်ကို ကြားသိတော်မူ၍ ထိုရဟန်းကို ဆုံးမခြင်းငှာ ဟောတော်မူသည်—

ဦးပြည်းရိတ်ကာမျှဖြင့် ရဟန်း မဖြစ်၊ သီလအကျင့် ဓုတင်အကျင့်လည်း မရှိ၊ မဟုတ်မမှန်သော စကားကိုလည်း ပြောဆိုတတ်၊ လိုချင် မက်မောခြင်းလည်း ရှိသူသည် အဘယ်မှာ ရဟန်းဖြစ်နိုင်မည်နည်း။

ငယ်ငယ် ကြီးကြီး ဖြစ်သော မကောင်းမှုတို့ကို အလုံးစုံ ငြိမ်းစေပြီးသူကို မကောင်းမှု အလုံးစုံမှ ငြိမ်းပြီးသော ကြောင့် ရဟန်းဟုခေါ်၏။

× × ×

## (၇) အညတရ ဗြာဟ္မဏ [ပုဏ္ဏားတယောက်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ပုဏ္ဏားတယောက်သည် တက္ကတွန်းတို့ထံ ရဟန်းပြု၍ ဘုရားရှင်ကို "အကျွန်ုပ်သည်လည်း ဆွမ်းခံ အသက်မွေးပါသည်။ ကျွန်ုပ်ကိုလည်း ဘိက္ခု (ရဟန်း)ဟု ခေါ်တော်မူပါ"ဟု လျှောက်ရာတွင် ဟောတော်မူသည်—

သူတပါးထံ တောင်းကာမျှဖြင့် ရဟန်းမဖြစ်၊ တရားနှင့် မလျော်သောအကျင့်ကို ကျင့်ခြင်းအားဖြင့် ရဟန်း မဖြစ်။

ဤလောက၌ ကောင်းမှု မကောင်းမှုကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်ပြီးလျှင် ခန္ဓာ စသော လောကီတရားအစု၌ ပညာဖြင့် ဆင်ခြင်၍ နေထိုင်သူကိုသာ စင်စစ် ရဟန်းဟု ခေါ်၏။

× × ×

## (၈) တိတ္ထိယ [တိတ္ထိ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဆွမ်းလှူသောအခါစသည်တို့၌ ရဟန်းတို့ အနုမောဒနာ ပြုသည်ရှိသော် တိတ္ထိတို့သည် "ငါတို့ကား မုနိပိပိ ဆိတ်ဆိတ်နေ၏။ စကားမပြော၊ တရားမဟော နေကုန်သည်"ဟူ၍ ဆိုကြကုန်၏။ ဤအကြောင်းကို ကြားတော်မူ၍ ဟောတော်မူသည်—

တွေဝေ မိန်းမောလျက် အသိပညာ မရှိသူသည် ဆိတ်ဆိတ်နေကာမျှဖြင့် မုနိ(ရဟန်း)မဖြစ်၊ ပညာရှိသည် ချိန်ခွင်ကိုကိုင်၍ ချိန်သကဲ့သို့ မြတ်သော ကျေးဇူးကိုယူ၍ မကောင်းမှုတို့ကို ရှောင်ကြဉ်၏၊ အကောင်းကို ယူ၍ မကောင်းကိုပယ်သော ပညာရှိသည် ရဟန်းမည်၏၊ လောက၌ ကောင်းမကောင်း နှစ်မျိုးကို နှိုင်းချိန် သိဘတ်သူကို မုနိခေါ်၏။

× × ×

## (၉) အရိယ [ငါးမျှားသူ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ သံဃာအပေါင်းခြံရံလျက် ဆွမ်းခံကြွတော်မူ၍ အထွက်တွင် ငါး

များနေသူတဦးကိုတွေ့၍ "သင့်အမည်ကား အသူနည်း"ဟု မေး တော်မူ၏။ "အကျွန်ုပ်ကား အရိယမည်၏"ဟု လျှောက်ရာတွင် ဟောတော်မူသည်—

သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်သဖြင့် အရိယာ မဖြစ်၊ သတ္တဝါတို့ကို မညှဉ်းဆဲ မနှိပ်စက်သောသူကို အရိယာဟု ခေါ်၏။

× × ×

## (၁၀) သမ္ဗဟုလ ဘိက္ခု [ရဟန်းများ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ သီလရှိကုန်သော ဓုတင်ဆောက်တည်ကုန်သော ဗဟုသုတများ ကုန်သော တောကျောင်းနေကုန်သော အနာဂါမ်ဖြစ်ကုန်သော ရဟန်းတို့သည် "အရဟတ္တဖိုလ်ကား ခက်ခဲသည် မဟုတ်၊ ယူလို သောခဏ၌ ရအံ့သည် မချွတ်ပြီ"ဟု လျှောက်ရာတွင် ထိုရဟန်း တို့ကို ဆုံးမတော်မူခြင်းငှာ ဟောတော်မူသည်—

သီလအကျင့် ရှိကာမျှဖြင့်၎င်း၊ အကြားအမြင် ဗဟု သုတ ပြည့်စုံကာမျှဖြင့်၎င်း၊ ထိုမှတပါး သမာဓိတရား ရကာမျှဖြင့်၎င်း၊ ဆိတ်ငြိမ်ရာ၌ နေကာမျှဖြင့်၎င်း ပုထု ဇဉ်တို့ မမှီဝဲအပ်သော အနာဂါမိ ဖိုလ်ချမ်းသာကို ရောက် ၏ဟူ၍ သဘောထားကာမျှဖြင့်၎င်း၊ ရဟန်းသည် အာသ ဝေါကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့ မရောက်လျှင် ဝဋ်ရှိ ဆင်းရဲ၌ အကျုံးဝင်သေးသည်သာတည်း။

## ၂၀—မဂ္ဂ ဝဂ်

### လမ်းတရားစု

### (၁) ပဌမ သတ ဘိက္ခု [ရဟန်းငါးရာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ "ဤမည်သောလမ်းခရီးကား ကောင်း၏၊ ဤမည်သော လမ်းခရီးကား မကောင်း"စသည်ဖြင့် ခရီးစကားကို ပြော၍နေကြကုန်သော ရဟန်းငါးရာတို့ကို ဆုံးမခြင်းငှာ ဟောတော်မူသည်—

လမ်းတို့တွင် အင်္ဂါရှစ်ပါးရှိသော လမ်းသည် မြတ်၏၊ သစ္စာတို့တွင် လေးပုဒ်ရှိသော အရိယသစ္စာသည် မြတ်၏၊ သဘောတရားတို့တွင် ရာဂကင်းရာ သဘောတရားသည် မြတ်၏၊ ခြေနှစ်ချောင်း ရှိသူတို့တွင် ပညာမျက်စိရှိသူသည် မြတ်၏။

အယူဝါဒ ဒဿနစင်ကြယ်ခြင်းငှာ ယင်းသည်သာ လမ်းခရီးမည်၏၊ တခြားလမ်းခရီး မရှိ၊ သင်တို့သည် ဤ

လမ်းကိုသာ လိုက်ကြလော့၊ ဤ လမ်း သည် မာရ်မင်း တွေဝေရာ လမ်းဖြစ်၏။

သင်တို့သည် ဤလမ်းကိုလိုက်ကြလျှင် ဆင်းရဲအဆုံးသို့ ရောက်လိမ့်မည်၊ ရာဂ စသော ဆူးငြောင့်တို့မှ ကင်းသော လမ်းကို ကိုယ်တိုင်သိ၍ ဤလမ်းကို သင်တို့အား ငါ ညွှန်ကြား၏။

သင်တို့ကိုယ်တိုင် အားထုတ်ကြလော့၊ ဘုရားရှင်တို့သည် လမ်းကို ညွှန်ပြကုန်၏၊ ပြသည့်အတိုင်း လိုက်နာကျင့်ကြံ၍ စျာန်သမာပတ်ရသူတို့သည် မာရ်မင်း အနှောင်အဖွဲ့မှ လွတ်ကုန်၏။

× × ×

## (၂) လက္ခဏတ္တယ [ရဟန်းငါးရာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အနိစ္စလက္ခဏာကို ရှုသော ရဟန်းငါးရာကို အကြောင်းပြု၍ ဟောတော်မူသည်—

အကြောင်းတရားတို့ ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့ အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ ဒုက္ခ၌ငြီးငွေ့၏၊ ယင်းသည် ကိလေသာ စင်ကြယ်သော နိဗ္ဗာန်သို့ သွားလမ်းဖြစ်၏။

အကြောင်းတရားကို ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည် ဆင်းရဲကုန်၏ဟု ပညာဖြင့် အမှန်သိမြင်သောအခါ ဒုက္ခ၌ ငြီးငွေ့၏၊ ယင်းသည် ကိလေသာ စင်ကြယ်သော နိဗ္ဗာန်သို့ သွားလမ်းဖြစ်၏။

အလုံးစုံသော သင်္ခါရတို့သည် အစိုးမရကုန်၏ဟု ပညာဖြင့် အမှန်သိမြင်သောအခါ ဒုက္ခ၌ ငြီးငွေ့၏၊ ယင်းသည် ကိလေသာ စင်ကြယ်သော နိဗ္ဗာန်သို့ သွားလမ်းဖြစ်၏။

× × ×

(၃) တိဿ [ပျင်းရိသော ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သာဝတ္ထိမြို့မှ အမျိုးသား ငါးရာတို့သည် ရဟန်းပြု၍ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ တောကျောင်းသို့ ဝင်ကုန်၏။ တိဿအမည်ရှိသော ပျင်းရိသော ရဟန်းတယောက်ကား ဇေတဝန်ကျောင်းတွင် ကျန်ရစ်၏။ တောကျောင်းနေသော ရဟန်း ငါးရာတို့သည် ရဟန္တာဖြစ်၍ ဘုရားအထံသို့ ပြန်လာကုန်၏။ ဘုရားရှင်သည် ထိုရဟန်းတို့အား ချီးမွမ်းတော်မူ၏။ ပျင်းရိသော ရဟန်းသည် ဘုရားရှင် ချီးမွမ်းခြင်းခံရသော အပေါ်ရဟန်းတို့ကို မြင်မှ အားတက်၍ မဂ်ဖိုလ်ကို ရလိုသောကြောင့် တညဉ့်လုံး စင်္ကြံသွား၍ အားထုတ်ရာတွင် ကျောက်ဖျာပေါ်၌လဲ၍ ပေါင်ကျိုးသွားလေ၏။ ဤအကြောင်းကို ကြားတော်မူ၍ ဟောတော်မူသည်—

အရွယ်ငယ်၍ အားရှိသော်လည်း ထကြွလုံ့လ ပြုသင့်သောအခါ၌ ထကြွလုံ့လ မပြုဘဲ ပျင်းရိဆိုင်းမှိုင်းပြီး အကြံများသူသည် ပညာဖြင့် မြင်အပ်သော အရိယာမဂ်ကိုမရလေ။

## (၄) သုကရပေတ [ဝက်ပြိတ္တာ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ကဿပဘုရား သာသနာတော်၌ ရဟန်းနှစ်ပါး ကွဲပြားအောင် ကုန်းတိုက်ခဲ့ဘူးသော မကောင်းမှုကြောင့် ဂိဇ္ဈကုဋ်တောင်၌ ဝက်ပြိတ္တာ ဖြစ်၍ ခံနေရသည်ကို အကြောင်းပြု၍ ဟောတော်မူသည်—

နှုတ်ကို အစဉ်စောင့်ရာ၏၊ စိတ်ဖြင့် ကောင်းစွာစောင့်ရှောက်ရာ၏၊ ကိုယ်ဖြင့်လည်း အကုသိုလ်ကို မပြုရာ၊ ဤကံသုံးပါးကို သုတ်သင်ရာ၏၊ သူတော်ကောင်းတို့ ဟောကြားသော မဂ်တရားကို ရအောင် အားထုတ်ရာ၏။

× × ×

## (၅) ပေါဋ္ဌိလ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းငါးရာတို့အား စာပို့ချသော ပိဋကတ်သုံးပုံဆောင် ပေါဋ္ဌိလ မထေရ်ကို တုစ္ဆပေါဋ္ဌိလ၊ မောဃပေါဋ္ဌိလ ဟု ခေါ်တော်မူရာတွင် ထိုမထေရ်သည် ထိတ်လန့်ခြင်းဖြစ်ပြီး ဂိုဏ်းသံဃာကို စွန့်ခွာ၍ တောကျောင်းဝင်ပြီးလျှင် ရဟန္တာ သာမဏေငယ်ထံ၌ လက်အုပ်ချီ၍ ကမ္မဋ္ဌာန်းကို တောင်း၏။ သာမဏေငယ်သည်း မာန်ကျအောင် ပြုပြီးလျှင် "ခြောက်ပေါက် ရှိသော တောင်ပို့၌ တပေါက်ဖြင့် ဖွတ်ဝင်၍ သွားသည်ရှိသော် အပေါက်ငါးခုတို့ကို ပိတ်၍ ဝင်သော အပေါက်ဖြင့် ထွက်လာသောဖွတ်ကို ဖမ်းလော့" ဟု ကမ္မဋ္ဌာန်းနည်းပေး၏။ ရှင်ပေါဋ္ဌိလလည်း ပရိယတ္တိဉာဏ်ကြီးသောပုဂ္ဂိုလ်ဖြစ်သောကြောင့် ထိုမျှလောက်ဖြင့်သိ၍ ရဟန်းတရား

ကို အားထုတ်ရာတွင် ဘုရားရှင်လည်း ဂန္ဓကုဋိတိုက်မှနေ၍ ရောင်ခြည်တော်လွှတ်လျက် တရားပြတော်မူသည်—

လုံ့လပြုခြင်းကြောင့် စင်စစ်ပညာပွား၏၊ လုံ့လမပြုခြင်းကြောင့် ပညာကုန်ခန်း၏၊ ပညာပွားခြင်း ဆုတ်ခြင်း လမ်းနှစ်သွယ်ကိုသိ၍ မိမိကိုယ်ကို ပညာတိုးပွားအောင် အားထုတ်ရာ၏။

× × ×

## (၆) မဟလ္လက ဘိက္ခု [တောထွက် ရဟန်းကြီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အလုပ်အကျွေး ဒါယိကာမသေ၍ တသ်ငိုကြွေးကုန်သော တောထွက်ရဟန်းကြီး ငါးရာတို့ကို ဆုံးမခြင်းငှာ ဟောကြားတော်မူသည်—

(တဏှာ)တောကို ဖြတ်ကုန်လော့၊ သစ်ပင်ကိုမဖြတ်ကုန်လင့်၊ (တဏှာ)တောကြောင့် ဘေးဖြစ်၏၊ (တဏှာ) တောကြီး တောငယ်ကို ခုတ်ဖြတ်၍ (တဏှာ) တောမှ ထွက်ကြလော့။

မိန်းမတို့ကို စွဲလမ်း ကပ်ငြိသော ယောကျ်ား၏ အနည်းငယ်မျှသော တဏှာကို မဖြတ်သေးသမျှကာလ ပတ်လုံး နို့စို့နွားငယ်သည် အမိကို ကပ်နေသကဲ့သို့ ထိုယောကျ်ားသည် သံသရာ၌ ကပ်ငြိသော စိတ်ရှိသည် သာလျှင်တည်း။

× × ×

## (၇) သုဝဏ္ဏကာရ [ရွှေပန်းတိမ်သည်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ရှင်သာရိပုတ္တရာသည် မိမိသဒ္ဓိဝိဟာရိက တပည့်တယောက်အား အသုဘကမ္မဋ္ဌာန်းပေး၍ စီးဖြန်းစေသော်လည်း တရားအထူးမရနိုင်သောကြောင့် ဘုရားရှင်ကို လျှောက်၏။ ဘုရားရှင်သည် ဘဝငါးရာ ရွှေပန်းတိမ်သည် ဖြစ်ခဲ့ဘူးသည်ကို မြင်တော်မူ၍ ပဒုမာကြာပွင့်ကိုပေး၍ "လောဟိတံ လောဟိတံ"ဟု စီးဖြန်းစေရာတွင် သမာပတ်ရစ်ပါး၊ အဘိညာဉ် ခြောက်ပါးကို ရ၏။ ကြာပွင့် သိုးနွမ်းသည်ကိုမြင်၍ အနိစ္စလက္ခဏာရှု၏။ ဘုရားရှင်သည် ဂန္ဓကုဋိတိုက်မှ ရောင်ခြည်တော်လွှတ်၍ ဟောတော်မူသည်—

တန်ဆောင်မုန်းလ၌ ပွင့်သော ကြာပန်းကို လက်ဖြင့် ဖြတ်သကဲ့သို့ မိမိ ချစ်ခြင်း တဏှာကို ဖြတ်လော့၊ ဗုဒ္ဓသည် တဏှာကင်းရာ နိဗ္ဗာန်ကို ညွှန်ကြားတော်မူ၏၊ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်တရားကိုသာ ပွားများလော့။

× × ×

## (၈) ပဟာဓနေ ဝါဏိဇ [ကုန်သည်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဗာရာဏသီပြည်မှ သာဝတ္ထိသို့ အဝတ်ပုဆိုးရောင်းခြင်းငှာ လာသော မဟာဓနကုန်သည် သည် ကုန်မစွံသောကြောင့် သာဝတ္ထိတွင်ပင် ဆောင်း၊ နွေ၊ မိုး နေအံ့ဟု ကြံ၏။ ဘုရားရှင်သည် ဘုမ်းခံကြွစဉ် ထိုကုန်သည်၏ အကြံကို သိတော်မူ၍ ပြုံးတော်မူရာ အကြောင်းကို ရှင်အာနန္ဒာ မေးလျှောက်သည်တွင် "အာနန္ဒာ၊ ဤ

မဟာဓနကုန်သည် သည် ခုနစ်ရက်လည်လျှင် သေမည်ဖြစ်လျက် အန္တရာယ်ကို မသိ၊ ဆောင်း နွေ မိုး ဤတွင်နေအံ့ ကြံလေသည်" ဟု မိန့်တော်မူရာ ရှင်အာနန္ဒာလည်း အကြောင်းကို ကုန်သည်အား ပြော၏။ ကုန်သည်လည်း ထိတ်လန့်သည်ဖြစ်၍ ဘုရားအမှူးရှိသော သံဃာကိုပင့်၍ ဆွမ်းကျွေး၏။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသော် အနုမောဒနာ ပြုတော်မူသည်—

ဤအရပ်၌ မိုးလပတ်လုံးနေအံ့၊ ဤအရပ်၌ ဆောင်းလ နွေသတို့၌ နေအံ့ဟု လူမိုက်သည် အထူး ကြံ၏၊ အသက်အန္တရာယ်ကို မသိလေ။

× × ×

(၉) ကိသာဂေါတမီ [သားသေသူ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သားငယ်သေသည်ကို ဆေးပါဟု လျှောက်လာသော ကိသာဂေါတမီကို ဆုံးမတော်မူခြင်းငှာ ဟောတော်မူသည်

သားသမီး ကျွဲနွားစသော ဥစ္စာတို့ဖြင့် ယစ်မူး မေ့လျော့လျက် ကပ်ငြိ တွယ်တာစိတ်ရှိသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသော တရွာလုံးကို လွှမ်းမိုး ဖိုက်ငြိ သွားသကဲ့သို့ သေမင်းယူသွားလေ၏။

× × ×

(၁၀) ပဋာစာရီ [ရူးသွပ်သူ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သားငယ်နှစ်ယောက်၊ လင်၊ အမိ၊ အဖ၊ မောင်တို့ သေဆုံးခြင်း

ကြောင့် အဝတ်မကပ် ရှုးသွပ်ခြင်းသို့ ရောက်သော ပဋာစာရီကို ဆုံးမတော်မူခြင်း၌ ဟောတော်မူသည်—

သေမင်း အနှိပ်စက်ခံရသူမှာ မသေအောင် ကာကွယ် စောင့်ရှောက်ရန် သားသမီးလည်း မရှိ၊ အမိအဖလည်း မရှိ၊ အဆွေခင်ပွန်းလည်း မရှိ၊ ဆွေမျိုးတို့တွင်လည်း အကာအကွယ် အစောင့်အရှောက် ပေးနိုင်သူ မရှိ။

ပညာရှိသည် ဤအကြောင်းကို သိ၍ သီလကို ကောင်းစွာစောင့်လျက် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော လမ်းကို လျင်မြန်စွာ သုတ်သင်ရာ၏။

## ၂၁—ပကိဏ္ဏက ဝဂ္ဂ

### အထွေထွေ တရားစု

### (၁) အတ္တနော ပုဗ္ဗကမ္မ [မိမိ၏ ရှေးကောင်းမှု]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကပ်ကြီးသုံးပါး ဆိုက်ရောက်သော ဝေသာလီသို့ ရတနသုတ်ဟောရန် ကြွတော်မူသည်တွင် မရေမတွက်နိုင်သော ပူဇော်သက္ကာရတို့ဖြင့် လူနတ်ဗြဟ္မာတို့ ပူဇော်ခြင်းကို ရဟန်းတို့ အံ့ဩချီးမွမ်းကြ၍ နေသည်ဘွင် "ချစ်သားတို့၊ ငါသည် ရှေးသခ်ပါလပုဏ္ဏား ဖြစ်စဉ်ကာလ အနည်းငယ်ပြုသော ကုသိုလ်ကြောင့် များစွာသော အကျိုးဖြစ်လာ၏"ဟု မိမိ၏ ရှေးကောင်းမှုကို မိန့်တော်မူပြီး ဟောတော်မူသည်—

အနည်းငယ်သော ချမ်းသာကို စွန့်ခြင်းကြောင့် ကြီးကျယ်ပြန့်ပြောသော ချမ်းသာကို အကယ်၍ရသည်ကို မြင်သည်ဖြစ်အံ့၊ ကြီးကျယ် ပြန့်ပြောသော ချမ်းသာကို

မြင်သော ပညာရှိသည် အနည်းငယ်သော ချမ်းသာကို စွန့်ရာ၏။

× × ×

## (၂) ကုက္ကုဋဏ္ဍ [ကြက်ဥ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ လူမ ကြက်မ ဖြစ်သောဘဝ၊ ကြက်မ ကြောင်မ ဖြစ်သောဘဝ သစ်မ သမင်မ ဖြစ်သောဘဝ၊ လူမ ဘီလူးမ ဖြစ်သော ဘဝတို့၌ တယောက်အသားကို တယောက်စား၍ ရန်ငြိုးဖွဲ့လျက် လာကြသော လူမိန်းမနှင့် ဘီလူးမကို ဆုံးမတော်မူသည်—

သူတပါးအား ဆင်းရဲပေးသဖြင့် မိမိ ချမ်းသာကို အလိုရှိသူသည် အပြန်အလှန် ရန်ငြိုးရောနှောသည်ဖြစ်၍ ရန်မှ မလွတ်နိုင်။

× × ×

## (၃) ဘဒ္ဒိယာနံ [ရဟန်းများ]

မြတ်စွာဘုရား ဘဒ္ဒိယမြို့ကို အမှီပြု၍ မြတ်လေးတော၌ နေတော်မူသောအခါ ဖိနပ်ကို မလှ လှကြောင်း တန်ဆာဆင်၍ နေကြကုန်သော ဘဒ္ဒိယရဟန်းတို့ကို ဆုံးမတော်မူသည်—

ပြုသင့် ပြုထိုက်သော အမှုကို မပြုဘဲ ပယ်ထားကာ မပြုသင့် မပြုထိုက်သော အမှုကို ပြုလျက် မာနထောင်လွှားပြီး ကုသိုလ်ကောင်းမှု၌ မေ့လျော့သော သူတို့မှာ အာသဝေါတရား တိုးပွားကုန်၏။

အမြဲခန္ဓာကိုယ်ကို ရှုဆင်ခြင်သော ကမ္မဋ္ဌာန်းအလုပ်ကို ကောင်းစွာအားထုတ်လျက်၊ မပြုသင့် မပြုထိုက်သော အမှုတို့ကို မပြုဘဲ၊ ပြုသင့် ပြုထိုက်သော အမှုကို အမြဲ ပြုလျက် ကုသိုလ်ကောင်းမှု၌ မမေ့လျော့ကုန်သော၊ ကောင်းစွာ ပညာအမြော်အမြင် ရှိသူတို့မှာ အာသဝေါတရား ချုပ်ငြိမ်းကုန်၏။

× × ×

## (၄) လကုဏ္ဍက ဘဒ္ဒိယ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အာဂန္တုရဟန်းတို့သည် ဘုရားရှင်အထံ၌ ရှိသေစွာ နေကုန်၏။ ဘုရားရှင်သည် အာဂန္တုရဟန်းတို့၏ စရိုက်ကို သိတော်မူ၍ အနီး၌ရှိသော လကုဏ္ဍက ဘဒ္ဒိယ ထေရ်ကို ပြတော်မူ၍ "ဤရဟန်းသည် အမိအဖကိုသတ်၍ ဆင်းရဲကင်း၏" ဟု ဥပစာတရား ဟောတော်မူသည်—

(တဏှာ)အမိကိုရင်း၊ (မာန) အဖကိုရင်း၊ (သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ) ရေမြေသနင်း မင်းနှစ်ပါးတို့ကိုရင်း၊ အခွန်တော်အမက်နှင့်တကွ (အာယတန တဆယ့်နှစ်ပါး) တိုင်းပြည်ကိုရင်း သတ်ဖြတ်ဖျက်ဆီး၍ ရဟန္တာသည် ဆင်းရဲကင်းသွားလေ၏။

(တဏှာ)အမိ၊ (မာန) အဖကိုသတ်၊ (သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ) ပုဏ္ဏားနှစ်ယောက်တို့ကိုလည်း သတ်၊ ကျားရဲ ရှိသည့် ခရီးနှင့်တူသော (ဝိစိကိစ္ဆာလျှင်) ငါးခုမြောက်

(နိဝင်္ဂော) အတားအဆီးကို ပယ်ဖျက်၍ ရဟန္တာသည် ဆင်းရဲကင်းသွားလေ၏။

× ×

## (၅) ဒါရုသာကဋိက [လှည်းသမား]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရာဇဂြိုဟ်မြို့ အပ သုသာန်၌ အိပ်ပျော်သော လှည်းသမားသားကို ဘီလူးစားမည်ရှိရာတွင် "နမော ဗုဒ္ဓဿ" ဟု ယောင်ယမ်းကာမျှဖြင့် ဘီလူး မစားဝံ့ဘဲ မင်းစားတော်ခွက်ကိုယူ၍ သူငယ်ကို ကောင်းစွာ ကျွေးမွေးလေ၏။ ဘီလူးတို့ အာနုဘော်ဖြင့် မင်းကြီး ဟယောက်သာမြင်ရအောင် ရွှေခွက်၌ အက္ခရာကိုလည်း ရေးထား ခဲ့၏။ မိုးသောက်သောအခါ နန်းတော်မှရွှေခွက်ပျောက်၍ လိုက်လံ ရှာကြသော် သုသာန်၌ ရွှေခွက်ကိုရ၍ သူငယ်ကိုချည်နှောင်လျက် မင်းအထံသို့ ပို့လေ၏။ မင်းလည်း ရွှေခွက်၌ အက္ခရာတို့ကိုမြင်လျှင် ဘီလူးတို့ယူကြောင်းသိ၍ သူငယ်ကို ဘုရားအထံသို့ ခေါ်သွား၍ အကြောင်းကို လျှောက်ရာ တရားဟောတော်မူသည်—

နေ့ရောညဉ့်ပါ အခါခပ်သိမ်း ဘုရားဂုဏ်တော်ကို အောက်မေ့ကြသော ဂေါတမ၏ တပည့်တို့သည် အခါခပ်သိမ်း နိုးကြားကုန်၏။

နေ့ရောညဉ့်ပါ အခါခပ်သိမ်း တရားဂုဏ်တော်ကို အောက်မေ့ကြသော ဂေါတမ၏ တပည့်တို့သည် အခါခပ်သိမ်း နိုးကြားကုန်၏။

နေ့ရောညဉ့်ပါ အခါခပ်သိမ်း သံဃာ့ဂုဏ်တော်ကို အောက်မေ့ကြသော ဂေါတမ၏ တပည့်တို့သည် အခါခပ်သိမ်း နိုးကြားကုန်၏။

**နေ့ရောညဉ့်ပါ အခါခပ်သိမ်း ခန္ဓာကိုယ်ကို ရှုကုန်သော ဂေါတမ၏ တပည့်တို့သည် အခါခပ်သိမ်း နိုးကြားကုန်၏။**

နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကရုဏာတရား ပွားများခြင်း၌ မွေ့လျော်စိတ် ရှိကုန်သော ဂေါတမ၏ တပည့်တို့သည် အခါခပ်သိမ်း နိုးကြားကုန်၏။

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်စိတ်ရှိကုန်သော ဂေါတမ၏ တပည့်တို့သည် အခါခပ်သိမ်း နိုးကြားကုန်၏။

× × ×

## (၆) ဝဇ္ဇိပုတ္တက [ရဟန်း]

မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်ကျောင်း၌ နေတော်မူသောအခါ ဝဇ္ဇီမင်း ပွဲသဘင်ခံရာမှ တီးမှုတ်သံကို ကြား၍ ရဟန်းအဖြစ်၌ ငြီးငွေ့သော ဝဇ္ဇိပုတ္တက ရဟန်း တယောက်ကို ဆုံးမတော်မူသည်—

ရဟန်း ပြုနိုင်ခဲ၏၊ မွေ့လျော်နိုင်ခဲ၏၊ အိမ်၌မကောင်းသော နေခြင်းသည် ဆင်းရဲ၏၊ မညီမညွတ်နေရခြင်းသည် ဆင်းရဲ၏၊ သံသရာခရီးရှည် သွားရခြင်း ဆင်းရဲသို့ ကျတတ်၍ ခရီးရှည်သွားသူ မဖြစ်ရာ၊ ဆင်းရဲသို့ အစဉ် မကျရောက်ရာ။

× × ×

## (၇) စိတ္တ ဂဟပတိ [သူကြွယ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သွားလေရာရာ လာဘ်သပကာ လှန်စွာပေါများသော စိတ္တ သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူသည်—

သဒ္ဓါတရားလည်း ရှိ၊ သီလနှင့်လည်း ပြည့်စုံ၊အခြံအရံလည်း များ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်၌ ပူဇော်ခံရ၏။

× × ×

## (၈) စူဠ သုဘဒ္ဒာ [သေဌေးသမီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အနာထပိဏ် သေဌေးသမီး စူဠသုဘဒ္ဒာသည် သာဝတ္ထိပြည်မှ ယူဇနာ တရာ့နှစ်ဆယ်ကွာသော ဥဂ္ဂမြို့မှ "ဘုရားအမှူးရှိသော သံဃာသည် ကြွလာစေသတည်း"ဟု မိဋ္ဌာန်၍ မြတ်လေးပန်း ရှစ်ဆုပ်ကို မြှောက်လေ၏။ ပန်းတို့သည် တရားဟောနေသော ဘုရားအပေါ်၌ ပန်းဇာတာန် ဖြစ်လေ၏။ ထိုနေ့ အနာထပိဏ် သေဌေးလည်း ဆွမ်းပင့်လေသော် "စူဠသုဘဒ္ဒာ ပင့်ဘိအပ်ပြီ"ဟု မိန့်တော်မူသည်။ "အရှင်ဘုရား၊စူဠသုဘဒ္ဒာသည်ဥဂ္ဂမြို့၌ နေသည် မဟုတ်လော"ဟု လျှောက်ရာတွင် ဟောတော်မူသည်—

ဟိမဝန္တာတောင်သည် အဝေး၌ပင် တည်ရှိသော်လည်း ပေါ်လွင် ထင်ရှားသကဲ့သို့၊ သူတော်ကောင်းတို့သည် အဝေး၌ပင် နေကြသော်လည်း ထင်ရှားကုန်၏၊ ညအခါ ပစ်လိုက်သောမြားတို့သည် မထင်ရှား ကုန်သကဲ့သို့ သူယုတ်မာတို့သည် အနီး၌ရှိသော်လည်း မထင်ရှားကုန်၏။

× × ×

## (၉) ကေဝိဟာရိ [တကိုယ်တော်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ တယောက်ထည်းသာ နေလေ့ ထိုင်လေ့ သွားလေ့ အိပ်လေ့ ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူသည်—

တယောက်ထီးတည်း နေ၊ တယောက်ထီးတည်း အိပ်၊ တယောက်ထီးတည်း သွားလာ၍ မပျင်းမရှိ တယောက် ထီးတည်း မိမိကိုယ်ကို ဆုံးမသူသည် တော၌ မွေ့လျော် ၏။

# ၂၂ — နိရယ ဝဂ္ဂ

## ငရဲတရားစု

### (၁) သုန္ဒရီ [ပရဗိုဇ်မ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ တိတ္ထိတို့သည် လာဘ်ပူဇော်သက္ကာကြောင့် ဘုရားရှင်အား ငြူစူ၍ တင့်တယ်သော အဆင်းသဏ္ဍာန်ရှိသော သုန္ဒရီပရဗိုဇ်မကို ဘုရားရှင်နှင့်အတူတကွ ဂန္ဓကုဋိ၌ အိပ်ရလေကြောင်း ခပြောဆိုစေ၍ နှစ်ရက် သုံးရက်ရှိလျှင် သေသောက်ကြူးတို့အား တံစိုးလက်ဆောင်ပေး၍ ပရဗိုဇ်မကို သတ်စေ၏။ အလောင်းကို ဇေတဝန်ကျောင်းတွင် အမှိုက်ပုံးထားပြီးသော် ပရဗိုဇ်မ ပျောက်သည်ဟု အုတ်အုတ်ကျက်ကျက် ပြု၏။ ထိုနောက် ကျောင်းတွင်း၌ တွေ့သည်ဆို၍ ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြောလေကုန်၏။ ဤအကြောင်းကို ရဟန်းတို့ လျှောက်၍ မြတ်စွာဘုရား ဟောကြားတော်မူသည်—

မဟုတ်မမှန် ပြောဆိုသူလည်း ငရဲသို့ သွား၏၊ ပြုလုပ်ပြီးလျှင် ငါမဟုတ်ဟု ဆိုသူလည်း ငရဲသို့ လား၏၊ ယုတ်မာသော ထိုသူနှစ်ယောက်တို့သည် တမလွန်ဘဝ၌ ငရဲခံရခြင်း တူကုန်၏။

× × ×

## (၂) ဒုစ္စရိတ ဖလ [မကောင်းကျိုး]

ကဿပဘုရားရှင်၏ သာသနာတော်၌ ယုတ်မာသော ရဟန်း သာမဏေတို့သည် ဂိဇ္ဈကုဋ်တောင်၌ ရဟန်း သာမဏေ၏ အသွင်ဖြင့် ပြောင်ပြောင်တောက်သော သင်္ကန်း သပိတ်ဖြင့် မကောင်းကျိုးခံနေရကုန်သော ပြိတ္တာတို့ကို အကြောင်းပြု၍ ဟောတော်မူသည်—

ယုတ်မာသော သဘောရှိကြ၍ ကိုယ် နှုတ် စိတ်ကို မစောင့်စည်းဘဲ သင်္ကန်းကို လည်ပင်းမှာ ဝတ်ကြသော သူယုတ်မာတို့သည် မိမိတို့၏ ယုတ်မာသော မကောင်းမှုတို့ကြောင့် ငရဲ၌ ဖြစ်ကုန်၏။

× × ×

## (၃) ဝဂ္ဂုမုဒါ [မြစ်နားသား ရဟန်းများ]

မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်ကျောင်း၌ နေတော်မူသောအခါ ဥတ္တရိမနုဿဓမ္မ(ဈာန်မဂ်ဖိုလ်)ကို ပြောဆိုကြသော ဝဂ္ဂုမုဒါ မြစ်နားသား ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူသည်—

သီလလည်း မရှိ၊ စောင့်စည်းခြင်းလည်း မရှိဘဲ ပြည်သူတို့သဒ္ဓါကြည်ဖြူ ပေးလှူသောဆွမ်းကို စားခြင်းထက် မီး

တောက် မီးလျှံကဲ့သို့ ရဲရဲတောက်ပူသော သံတွေခဲကို
စားခြင်းက သာ၍ ကောင်းသေး၏။

× × ×

(၄) ခေမက [သေဋ္ဌေးသား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိစ္ဆာစာရ ပရဒါရကံကို များစွာ ပြုလေ့ရှိသော အနာထပိဏ်သေဋ္ဌေးတူ ခေမကမည်သော သေဋ္ဌေးသားကိုဆုံးမခြင်းငှာ ဟောတော်မူသည်—

မေ့လျော့စွာ သူတပါး မယားကို မှီဝဲသူသည် မကောင်းမှုရရှိခြင်း၊ အလိုရှိတိုင်း ချမ်းသာစွာ မအိပ်ရခြင်း၊ သူတပါးတို့ အကဲ့ရဲ့ခံရခြင်း၊ ငရဲခံရခြင်း၊ ဤဆင်းရဲခြင်း လေးပါးသို့ ရောက်ရ၏။

မကောင်းမှုကို ရ၏၊ ယုတ်သော ဘဝသို့ သွားရ၏၊ ကြောက်လန့်သော ယောကျာ်း၏ ကြောက်လန့်သော မိန်းမနှင့် မွေ့လျော်ရခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏၊ အစိုးရမင်းသည် ကြီးလေးသော ဒဏ်ကိုလည်း ပေးတတ်၏၊ သို့ကြောင့် သူတပါးမယားကို မမှီဝဲရာ။

× × ×

(၅) ဒုဗ္ဗစ ဘိက္ခု [အပြောရခက်သော ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သီတင်းသုံးဖော်တို့ ဆုံးမသည်ကို မနာယူဘဲ သမန်းမြက်ကို နုတ်သော အပြောရခက်သော ရဟန်းတယောက်ကို အကြောင်းပြု၍ ဟောတော်မူသည်—

ကောင်းစွာမကိုင်လျှင် သမန်းမြက်သည် ထိုလက်ကိုပင် ခွဲရှသကဲ့သို့ ကောင်းစွာ အသုံးမပြုလျှင် ရဟန်းအဖြစ်သည် ထိုရဟန်းကိုပင် ငရဲသို့ ဆွဲချတတ်လေသည်။

မေ့လျော့စွာပြုသော အမှုသည်၎င်း သီလညစ်နွမ်းစေတတ်သော အကျင့်သည်၎င်း ယုံမှားသံသယနှင့် ကျင့်သော သူတော်ကောင်း အကျင့်သည်၎င်း အကျိုးများစွာ မရှိချေ။

ကောင်းမှုကိုပြုလျှင် ထိရောက်စွာ ပြုရာ၏၊ ယင်းကို မြဲမြံစွာ အားထုတ်ပြုလုပ်ရာ၏၊ ပေါ့လျော့သော ရဟန်းဖြစ်ခြင်းသည် ကိလေသာမြူကိုအလွန်ပြန့်လွင့်စေတတ်၏။

× × ×

(၆) ဣဿာ ပကတ [မနာလိုသော မိန်းမ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိန်းမတယောက်သည် မိမိလင်နှင့်ယှဉ်ပါးသော ကျွန်မကို နားနှာခေါင်းဖြတ်ပြီး အိမ်ခန်း၌ ချည်ထားခဲ့၍ တံခါးပိတ်ပြီးသော် လင်နှင့်တကွ ကျောင်းသို့လာပြီး တရားနာနေ၏။ ကျွန်မသည် ကျောင်းသို့လာ၍ ဤအကြောင်းကို ဘုရားအား လျှောက်၏။ ဘုရားရှင်သည် ထိုသမီးခင်ပွန်း နှစ်ယောက်ကို ဆုံးမတော်မူသည်—

မကောင်းမှုကိုပြုလျှင် နောက်အခါ၌ ပူပန်ရသောကြောင့် မပြုခြင်းသည် မြတ်၏၊ ကောင်းမှု ပြုလျှင် နောက်အခါ၌ မပူပန် ရသောကြောင့် ပြုခြင်းသည် ကောင်း၏။

× × ×

## (၇) သမ္ဗဟုလ ဘိက္ခု [များစွာသော ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ များစွာသော အာဂန္တုရဟန်းတို့ကို "ချမ်းသာစွာ နေကြရပါ၏လော"ဟု မေးတော်မူလတ်သော် "အရှင်ဘုရား၊ ဆွမ်းခံရွာ၌ ခိုးသူ ဓားပြဘေးကြောင့် စောင်းရန်းသစ်တပ် လုပ်ကြရ၍ ဆွမ်းပန်းကို အားမထုတ်နိုင်ရကား မချမ်းသာကြပါသေး"ဟု ရဟန်းတို့က လျှောက်ရာတွင် ထိုရဟန်းတို့ကို ဆုံးမတော်မူသည်—

တိုင်းပြည်၏ အစွန်အနားဖြစ်သောမြို့ကို အတွင်း အပြင် လုံခြုံအောင် စောင့်ရှောက်အပ်သကဲ့သို့ မိမိကိုယ်ကို အတွင်း အပြင် လုံခြုံအောင် စောင့်ရှောက် ကြကုန်လော၊ အခါကောင်းကို မလွန်စေကုန်လင့်၊ လွန်ကုန်သော သူတို့သည် ငရဲ၌ ဆင်းရဲခံရ၍ စိုးရိမ်ရကုန်၏။

× × ×

## (၈) နိဂဏ္ဌ [တက္ကတွန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ အခြင်းခပ်သိမ်း အဝတ်မဝတ်သော အစေလ တက္ကတွန်း၊ ရှေ့အဖို့ကသာ အဝတ်ဝတ်သော နိဂဏ္ဌ တက္ကတွန်းတို့ကို အကြောင်းပြု၍ ဟောတော်မူသည်—

ရှက်ဖွယ်မဟုတ်ရာ၌ရှက်တတ်၊ရှက်ဖွယ်ဟုတ်ရာ၌ မရှက်တတ်ကုန်သော အယူမှားသူတို့သည် မကောင်းသောဘဝသို့ သွားကုန်၏။

ကြောက်စရာ မဟုတ်ရာ၌ ကြောက်စရာဟု မြင်တတ်၊ ကြောက်စရာဟုတ်ရာ၌ ကြောက်စရာဟု မမြင်တတ်ကုန်

သော အယူမှားတို့သည် မကောင်းသော ဘဝသို့ သွားကုန်၏။

× × ×

## (၉) တိတ္ထိယ သာဝက [တိတ္ထိတို့ တပည့်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ တိတ္ထိတို့၏ တပည့်ဖြစ်သော သူငယ်တို့ကို ဆုံးမတော်မူသည်–

အပြစ်မဟုတ်သည်၌ အပြစ်ဟု ထင်တတ်၊ အပြစ်ဟုတ်သည်၌ အပြစ်ဟု မထင်တတ်ကုန်သော အယူမှားသော သူတို့သည် မကောင်းသောဘဝသို့ သွားကုန်၏။

အပြစ်ကို အပြစ်ဟုသိ၊ အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိသော အယူမှန်သောသူတို့သည် ကောင်းသော ဘဝသို့ သွားကုန်၏။

# ၂၃—နာဂ ဝဂ္ဂ

## ဆင်တရားစု

### (၁) အတ္တဒန္တ [ကိုယ်တိုင် ယဉ်ကျေးခြင်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဘုရားရှင်ကို ရန်ငြိုးဖွဲ့သော မာဂဏ္ဍီမိဖုရား တံစိုးပေး၍ တိတ္ထိတို့သည် ဘုရားရှင်ကို အစဉ်လိုက်၍ ဆဲကြ၏။ အရှင်အာနန္ဒာက "အရှင်ဘုရား၊ တခြားတိုင်းပြည်သို့ ကြွတော်မူပါ။ ဤပြည်မှာ ဆဲရေးလှသည်"ဟု လျှောက်ရာ ဟောကြားတော်မူသည်--

ဆင်ပြောင်သည် စစ်မြေပြင်၌လေးမှ ပစ်လိုက်သော
မြားကို မတုန်မလှုပ်ခံသကဲ့သို့ ငါသည် လွန်ကျူးစော်
ကားသော စကားကို သည်းခံအံ့၊လူများသည် သီလ မရှိ။

ပွဲသဘင်သို့ ယဉ်သော ဆင် မြင်းစသည်ကိုသာ ယူဆောင်ကုန်၏၊ မင်းသည် ယဉ်သော ဆင် မြင်းကိုသာ စီး၏၊သည်းခံတတ်သူသည် ယဉ်ကျေး၍ လူတို့တွင် မြတ်၏။

အဿတိုရမြင်း အာဇာနည်မြင်း သိန္ဓောမြင်း ကုဉ္စရ ခေါ်သော ဆင်ပြောင်ကြီးတို့သည် ယဉ်ကျေးမှသာမြတ်ကုန်၏၊ ကိုယ် စိတ် ယဉ်ကျေးသောသူသည် ထိုထက်မြတ်၏။

× × ×

## (၂) ဟတ္ထာ စရိယ [ဆင်ဆရာ ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဆင်ဆရာလုပ်ခဲ့ဘူးသော ရဟန်းကြီးတယောက်သည် ရောဝတီ မြစ်နား၌ ဆင်ကို ယဉ်ကျေးအောင် ဆုံးမသော ဆင်ဆရာတယောက်ကိုမြင်၍ "ဤအရပ်၌ထိုးလျှင် ယဉ်ကျေး၏" ဟု ဆို၏။ ဆိုတိုင်းပြုရာတွင်မှ ဆင်ယဉ်ကျေး၏။ ဤအကြောင်းကို ဘုရားရှင်အား ရဟန်းတို့လျှောက်ရာတွင် ဆင်ဆရာလုပ်ဖူးသော ရဟန်းကို ကဲ့ရဲ့တော်မူ၍ တရားဟောတော်မူသည်—

ကောင်းစွာ ယဉ်ကျေးသော ကိုယ် စိတ်ဖြင့် မရောက်ဖူးသောအရပ် (နိဗ္ဗာန်) သို့ ရောက်သကဲ့သို့ ဤယာဉ်တို့ဖြင့် မရောက်၊ ယဉ်ကျေးသူသည် ယဉ်ကျေးခြင်းကြောင့် မရောက်ဖူးသော အရပ် (နိဗ္ဗာန်) သို့ ရောက်၏။

## (၃) ပရိဗ္ဗာဇကာ ပြာဟာက [ပုဏ္ဏားအို]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥစ္စာရှစ်သိန်း ရှိသော ပုဏ္ဏားအို တယောက်သည် သားလေးယောက်တို့အား ဥစ္စာနှစ်သိန်းစီပေး၍ ဥစ္စာကုန်သော အခါ သားသမီးတို့ ပြန်၍ မကြည့်၊ ဝတ်ရာမဲ့ စားရာမဲ့ ခက်လက်စွဲ၍ တောင်းစားရရှာလေ၏။ ထိုပုဏ္ဏား ဘုရားရှင်ထံလာပြီးသော် မိမိ၏ အဖြစ်သနစ်ကိုလျှောက်၏။ ဘုရားရှင်လည်း ပုဏ္ဏားတို့အစည်းအဝေးပွဲသဘင်၌ "သူတို့ကိုမွေးရခြင်းကြောင့် ကျေနပ်ပါသည်ဟု ကြွေးကြော်လေလော့" ဟု သင်ပေးလိုက်၏။ ပုဏ္ဏားလည်း မိန့်တော်မူတိုင်း ကြွေးကြော်လေသော် သားလေးယောက်တို့သည် ထိတ်လန့်၍ အဖပုဏ္ဏားကို ရိုသေစွာ လုပ်ကျွေးပြုစုကြ၏။ သားအကြီး မင်္ဂလာပြုအံ့သောနေ့၌ သင်္ကန်းတော် ငါးရာနှင့် တကွ ဘုရားရှင်ကို ပင့်၍ ဆွမ်းကျွေး၏။ ဘုရားရှင်သည် မိဘတို့အား လုပ်ကျွေးအပ်သောအဖြစ်ကိုပြခြင်းငှာ မာတုပေါသက ဆင်မင်းဇာတ်ကို ဟောတော်မူပြီးလျှင် တရားပြတော်မူသည်—

ပြင်းထန်စွာ အမုန်ယစ်၍ နှိပ်နင်းရန် ခဲယဉ်းသော
ဓနပါလမည်သော ဆင်သည် အဖွဲ့အချည် ခံရသဖြင့်
အစာမစားဘဲ မိမိနေရာ ဆင်တောကိုသာ အောက်မေ့
ကာ နေလေ၏။

× × ×

## (၄) ပသေနဒိ ကောသလ [မင်းကြီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တစိတ်ချက်ထမင်းကိုစား၍ တရားနာစဉ် တလူးလည်းလည်း ငိုက်

မျဉ်းသော ပသေနဒီ ကောသလမင်းကြီးကို အကြောင်းပြု၍ ဟောတော်မူသည်—

ပျင်းရိ ဝိုက်မျဉ်း၍ အစားကြီးပြီးလျှင် ကျွေးမွေးထားသော ဝက်ကြီးကဲ့သို့ တလူးလူး တလည်းလည်း အိပ်လေ့ရှိသူသည် အဖန်တလဲလဲ အမိဝမ်း၌ ပဋိသန္ဓေနေရ၏။

× × ×

(၅) သာနု [ရှင်သာမဏေ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အကျင့်သီလ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသော သာနု သာမဏေသည် မိမိပြုသော ကုသိုလ်ကို "ငါ့အမိ အဖ ရပါစေသတည်း" ဟု အမျှဝေ၏။ အခြားမဲ့သော ဘဝက သာနု သာမဏေ၏ အမိဘီလူးမသည် "သာနု သာနု" ခေါ်၍ သာမဏေကို ကြည့်ရှုစောင့်မ၏။

သာမဏေသည် တရံရောအခါ ကာမဝိတက် နှိပ်စက်သည်ဖြစ်၍ လူထွက်အံ့ဟု မိမိအိမ်သို့ လာ၏။ ဘီလူးမသည်း သာမဏေ၏အကြံကိုသိ၍ သာမဏေကို ပူး၍နှိပ်စက်ညှဉ်းဆဲလျက် ခြိမ်းခြောက်၏။ သာမဏေသည် သတိရ၍ ဝိတက်ကိုဖျောက်၍ ပဉ္စင်းခံပြီးသော် ဘုရားထံသို့သွား၍ အကြောင်းကို လျှောက်ရာတွင် "စိတ်မည်သည်ကား အထူးထူးသော အာရုံ၌ ကျက်စား၏။ စိတ်ကို မနှိပ်စက်သူအား ချမ်းသာမည်သည် မရှိ" ဟု မိန့်တော်မူ၍ ဟောတော်မူသည်—

ဤစိတ်သည် ရှေးအခါက လိုရာအာရုံကို လိုက်စားလျက် အလိုရှိတိုင်း ကောင်းနိုးရာရာ လှည့်လည် ကျက်

စားလေ့ရှိ၏၊ ငါသည် ယနေ့ ထိုစိတ်ကို (ဆင်ထိန်းသည် အမုန်ယစ်သောဆင်ကို ချွန်းဖြင့် နှိပ်သကဲ့သို့) သတိတရားဖြင့် နှိပ်ပေအံ့။

× × ×

(၆) ပါဝေယျက ဟတ္ထိ [ဆင်အိုကြီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကောသလမင်းကြီး၏ ပါဝေယျကမည်သော ဆင် အို၍ အားနည်းသောကြောင့် အိုင်တခု၌ ညွှံ ပျောင်းကျွံ၍ မနုတ်နိုင် နေသည်ကို စစ်သည်ဗိုလ်ထုကိုပြလျက် တိုက်မောင်းတိုက်စည်တီးကာမျှဖြင့် အားတက်၍ ညွှံမှ မိမိကိုယ်ကိုနုတ်လေ၏။ ဤအကြောင်းကိုမြင်ခဲ့သော ရဟန်းတို့က လျှောက်ရာတွင် "ချစ်သားတို့၊ ညွှံကျွံသော ဆင်သည် ညွှံမှ မိမိကိုယ်ကို နုတ်သကဲ့သို့ ကိလေသာ ညွှံမှ မိမိကိုယ်ကို နုတ်ကြကုန်" ဟု မိန့်တော်မူ၍ ဟောတော်မူသည်—

မမေ့လျော့သော သတိတရား၌ မွေ့လျော်ကြကုန်လော့၊ မိမိကိုယ်ကို စောင့်ရှောက်ကြကုန်လော့၊ ညွှံ၌ကျွံနစ်သောဆင်သည် မိမိကိုယ်ကို ညွှံတွင်းမှ နုတ်သကဲ့သို့ သင်တို့သည် ကိလေသာညွှံမှ မိမိကိုယ်ကို နုတ်ဆယ်ကြကုန်လော့။

× × ×

(၇) သမ္ဗဟုလ ဘိက္ခု [ရဟန်းအများ]

မြတ်စွာဘုရား ကောသမ္ဗီပြည်သား ရဟန်းတို့ အငြင်းအခုံ ဖြစ်ကြသည်ကို ဆုံးမ၍ မရသောကြောင့် ပြီးငွေ့တော်မူလျက် ကိုယ်တော်ထည်းသာ ပလလဲဆင် အလုပ်အကျွေးကို ခံတော်မူ၍

ပါလိလေယျတောအုပ်၌ ၂၃ နေတော်မူသောအခါ ရှင်အာနန္ဒာ ရဟန်းငါးရာနှင့်လာ၍ ရှိသေစွာရှိခိုးပြီးလျှင် "ရှင်ပင်ဘုရားသည် ဤတောအုပ်ကြီး၌ မျက်သစ်ရေ ဒန်ပူ ကမ်းလှမ်းသူမရှိဘဲ ကိုယ်တော်ထည်း နေသဖြင့် ပူနိုင်ခဲသောအမှုကို ပြုတော်မူသည်" ဟု လျှောက်ရာတွင် "အာနန္ဒာ၊ အကယ်၍ သဘောတူ အဆွေခင်ပွန်းကို မရသည်ဖြစ်အံ့။ သဘောမတူ ယုတ်သောသူနှင့် နေရသောထက် တယောက်ထည်း နေရခြင်းသည် မြတ်၏" ဟု မိန့်တော်မူ၍ ဟောတော်မူသည်—

ပညာရင့်၍ ကောင်းစွာ နေထိုင်လေ့ရှိသော တည်ကြည်သော အတူကျင့်ဖော် ပညာရှိ အဆွေခင်ပွန်းကို အကယ်၍ ရခဲ့လျှင် ထိုသူနှင့်အတူ ဘေးရန် အားလုံးကို နှိပ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိတရားနှင့် ကျင့်ကြံ နေထိုင်ရာ၏။

ပညာရင့်၍ ကောင်းစွာ နေထိုင်လေ့ရှိသော တည်ကြည်သော အတူကျင့်ဖော် အဆွေခင်ပွန်းကို အကယ်၍ မရခဲ့လျှင် (မင်းသည် နိုင်ပြီးသော တိုင်းပြည်ကို စွန့်ထွက်သွားသကဲ့သို့ရင်း၊ မာတင်္ဂဆင်သည် တော၌ တခကောင်ထည်း လှည့်လည် သကဲ့သို့ရင်း) တယောက်ထီးတည်း ကျင့်ရာ၏။

တယောက်ထီးတည်း ကျင့်ခြင်းသည် မြတ်၏၊ သူမိုက်နှင့် အပေါင်းအဖော် မပြုရာ၊ မာတင်္ဂဆင်သည် တော၌ တကောင်ထည်း ကြောင့်ကြမရှိ လှည့်လည်သကဲ့သို့ တယောက်ထီးတည်း ကြောင့်ကြမရှိ ကျင့်ရာ၏၊ မကောင်းမှုကို မပြုရာ။

× × ×

## (၈) မာဃ [မာရ်နတ်]

မြတ်စွာဘုရား ဟိမဝန္တာတော အရပ်ကုဋိ၌ နေတော်မူသော အခါ မာရ်နတ်သည် ဘုရားရှင်ကိုကပ်၍ "အလုံးစုံသော လော ကဥ္စ တရားသဖြင့် မင်းပြုတော်မူပါ"ဟု လျှောက်ရာတွင် ဟော တော်မူသည်—

အရေးကိစ္စ ပေါ်ပေါက်သောအခါ အဆွေခင်ပွန်း ရှိခြင်းသည် ချမ်းသာ၏၊ ရရသမျှသော ပစ္စည်းဥစ္စာနှင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏၊ အသက်ကုန်ချိန် ရောက် သောအခါ၌ ကောင်းမှုရှိခြင်းသည် ချမ်းသာ၏၊ အလုံး စုံသော ဝဋ်ဆင်းရဲကင်းခြင်းသည် ချမ်းသာ၏။

လောက၌ အမိကို လုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို လုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေ ပြုခြင်း သည် ချမ်းသာ၏၊ မကောင်းမှုကုန်သော ဘုရားပစ္စေက ဗုဒ္ဓါ ရဟန္တာတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေ ပြုစုခြင်းသည် ချမ်းသာ၏။

သီလရှိခြင်းသည် အိုသည်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ ၏၊ အသိပညာကိုရခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကို မပြုခြင်းသည် ချမ်းသာ၏။

# ၂၄—တဏှာ ဝဂ်

## တဏှာတရားစု

### (၁) ကပိလမစ္ဆ [ငါးကြီး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကောသလမင်းကြီးသည် အစိရဝတီမြစ်တွင် ကူးဆန်းသော ငါးကြီးတကောင် ရ၏။ ဘုရားရှင်ထံယူခဲ့၍ "ဤငါးသည် အဘယ့်ကြောင့် အဆင်းလှသနည်း။ အဘယ့်ကြောင့် ခံတွင်း၌ ပုပ်သနည်း" ဟု လျှောက်၏။ "မင်းကြီး၊ ဤငါးသည် နောင်တော် ကဿပ ဘုရားရှင် သာသနာတော်၌ ပိဋကတ်သုံးပုံဆောင်သော ကပိလရဟန်းဖြစ်၍ လဇ္ဇီပေသလရဟန်းတို့ကို ခေါက်ငမ်း၏။ ဘုရားဟောမဟုတ်သည်ကို ဘုရားဟောလုပ်၍၊ မအပ်သည်ကို အအပ်ပြု၍ ဖြေဆိုဘူးသောကြောင့် ကြာမြင့်ရှည်စွာ အဝီစိ၌ ခံခဲ့ရပြီး ယခု ငါးအဖြစ်သို့ ရောက်သည်" ဟု မိန့်တော်မူပြီး ဟောကြားတော်မူသည်—

မာလောနွယ်သည် ကြီးပွားသကဲ့သို့၊ မေ့မေ့လျော့
လျော့ နေသူမှာ တဏှာပွား၏၊ တော၌ သစ်သီးအလိုရှိ

သော မျောက်သည် သစ်ပင်တပင်မှ တပင်သို့ ခုန်လွှား ပြေးသွားသကဲ့သို့ ထိုသူသည် တဘဝမှ တဘဝသို့ ပြေး သွားရ၏။

လောက၌ ကပ်ငြိတွယ်တာတတ်၍ ယုတ်မာသော ဤ တဏှာ ဖိစီး နှိပ်စက်ခံရသူမှာ ပြိတ်မြက်သည် မိုးအခါ လွန်စွာ ကြီးပွားသကဲ့သို့ စိုးရိမ်ကြောင့်ကြ ပွားကုန်၏။

လောက၌ လွန်မြောက်နိုင်ခဲသည့် ဤယုတ်မာသော တဏှာကို နှိပ်နင်းနိုင်သူမှာ(ရေပေါက်တို့သည် ကြာရွက် မှ လျှောကျ ကုန်သကဲ့သို့) စိုးရိမ် ကြောင့် ကြခြင်း တို့ လျှောကျကုန်၏။

ထို့ကြောင့် ဤအရပ်၌ အညီအညွတ် စည်းဝေးလာ ရောက်ကြကုန်သော သင်တို့အား ကောင်းသောတရားကို ငါဟောအံ့၊ ပန်းရင်းမြစ်ကို အလိုရှိသူသည် ပြိတ်မြက်ကို တူးသကဲ့သို့ တဏှာ၏ အရင်းအမြစ်ကို တူးပစ်ကုန်လော့၊ လေအလျဉ်သည် ကျူပြင်ကို ဖျက်ဆီးသကဲ့သို့ ကိလေသာ မာရ် ကိုယ်တွင်းရန်သည် သင်တို့ကို အဖန်တလဲလဲ မြ ဖျက်ဆီးစေလင့်။

× × ×

## (၂) သူကရ ပေါတိကာ [ဝက်မငယ်]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်ရာတွင် ဝက်မငယ် တကောင်ကို မြင်၍ ပြုံးတော်မူသည်။ "အဘယ်ကြောင့် ပြုံးတော်မူသနည်း" ဟု ရှင်အာနန္ဒာလျှောက်လတ်သော် "အာနန္ဒာ၊ဤဝက်မငယ်သည်

ကကုသန်ဘုရား လက်ထက် ကြက်မ ဖြစ်သည်။ ကြက်မ ဘ၀မှ စုတေ၍ ဗာရာဏသီပြည်ဝယ် ဥပရိမင်းသမီး ဖြစ်သည်။ ထိုမင်းသမီးသည် ကိုယ်လက်သုတ်သင်ရာ ပိုးလောက်အစုကိုမြင်၍ ပုဠုဝက သညာဖြင့် ပထမစျာန်ကိုရ၍ ဗြဟ္မာဘုံ၌ဖြစ်သည်။ ဗြဟ္မာ့ဘုံမှ စုတေသော် ဗာရာဏသီ၌ သေဋ္ဌေးသမီး ဖြစ်သည်။ သေဋ္ဌေးသမီးအဖြစ်မှ စုတေ၍ ယခု ဝက်မငယ် ဖြစ်ရလေသည်။ ဘ၀တကျော၏ အဖြစ်သည် များလေစွ”ဟု မိန့်တော်မူ၍ ဟောတော်မူသည်–

သစ်ပင်ကို ဖြတ်သော်သည်း အမြစ်ကို မဖျက်ဆီးသဖြင့် ခိုင်မြဲလျက်ရှိနေလျှင် ထိုသစ်ပင် တဖန် စည်ကားပြန်သကဲ့သို့၊ ကိန်းအောင်းနေသော တကျောကို မဖြတ်လျှင် ဆင်းရဲသည် အဖန်တလဲလဲ ဖြစ်လေ၏။

အမြင်မှားသူ၏ တကျောအလျဉ် သုံးဆယ့်ခြောက်ပါးတို့သည် နှစ်သက်ဖွယ်ရှိသော ရူပါရုံစသည်သို့ ပြင်းထန်စွာ စီးကုန်၏၊ ထိုသူကို ရာဂနှင့်စပ်သော အကြံအစည်တို့ ဆောင်ယူကုန်၏။

တကျောအလျဉ်တို့သည် အလုံးစုံသော အရပ်တို့၌ စီးကုန်၏၊ တကျောနွယ်ပေါက်၍ တည်၏၊ ယင်းကိုမြင်၍ ထိုနွယ်၏ အမြစ်ကို ဉာဏ်ဖြင့် ဖြတ်ကြကုန်လော့။

တကျော၏ အလိုသို့လိုက်သူမှာ အောက်မေ့ခြင်း၊ ချစ်ခင် စွဲလမ်းခြင်း သဘောရှိကုန်သော ဝမ်းမြောက်ခြင်းတို့ ဖြစ်ကုန်၏၊ ယင်းကို အလိုလိုက်၍ ဘာမဂုဏ် ချမ်းသာရှာလေ့ ရှိသူတို့သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်းသို့ ရောက်ရ၏။

တဏှာ ရှေ့ဆောင်ကုန်သော သတ္တဝါတို့သည် ကျော့ကွင်း၌မိသော ယုန်ကဲ့သို့ ကြောက်ကုန်၏၊ ရာဂ စသော သံယောဇဉ် အနှောင်အဖွဲ့ ခံရသူတို့သည် အဖန်တလဲလဲ ကြာမြင့်စွာ ဆင်းရဲသို့ ရောက်ကြရကုန်၏။

တဏှာ ရှေ့ဆောင်ကုန်သော သတ္တဝါတို့သည် ကျော့ကွင်း၌မိသော ယုန်ကဲ့သို့ ကြောက်ကုန်၏၊ ထို့ကြောင့် မိမိ၏ ရာဂကင်းရာကို အလိုရှိသူသည် တဏှာကို ပယ်ဖျောက်ရာ၏။

× × ×

## (၃) ဝိဗ္ဘန္တက [လူပြန်တော်]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ရှင်မဟာကဿပ၏ တပည့် ပဥ္စင်းငယ်တယောက်သည် စျာန်သမာပတ်ရပြီးမှ ဦးရီးသမီး၌ တပ်နှစ်သက်၍ လူထွက်၏။ ခိုးသူတို့နှင့်တကွ ခိုးမှုပြုရာတွင် မင်းစိုးတို့ဖမ်းမိ၍ သတ်ခြင်းငှာ တောင်တံခါးဖြင့်ထုတ်၍ သွားသည်ကို ဆွမ်းခံလှည့်လည်သော ရှင်မဟာကဿပမြင်၍ "ရှေးက လေ့ကျက်သောတရားကို နှလုံးသွင်းလော့" ဟု ဆုံးမရာတွင် နှလုံးသွင်း၍ စျာန်သမာပတ်ရလေ၏။ လုပ်တိုင်းသို့ရောက်၍ တံကျင်လျှိုအံ့သည်တွင် မကြောက်မရွံ့ ဘယ်သရဲရှိ၍ မင်းကြီးအား တင်လျှောက်ရာတွင် လွှတ်စေ၏။ ဘုရားရှင်လည်း ဂန္ဓကုဋိတိုက်မှ ရောင်ခြည်တော်လွှတ်လျက် တရား ဟောတော်မူသည်—

တဏှာမှလွတ်၍ တောသို့သက်ဝင်ကာ တောမှလွတ်ပြီးဖြစ်လျက် တဏှာသို့ပင် တဖန်ပြေးဝင်ပြန်၏၊ အနှောင်

အဖွဲ့မှ လွတ်ပြီးဖြစ်လျက် အနှောင်အဖွဲ့သို့ပင် တဖန် ပြေး ဝင်သော ထိုသူကို ရှုကြလော့။

× × ×

## (၄) ဗန္ဓနာဂါရ [အချုပ်ထောင်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ နှောင်အိမ်၌ သွင်းထားသူတို့ကို ရဟန်းတို့ဆွမ်းခံရာတွင် မြင်ခဲ့ကြ၍ ဘုရားရှင်အား မြင်ခဲ့ကြောင်းကို လျှောက်ကုန်၏။ ဘုရားရှင်သည် "ချစ်သားတို့၊ ဤနှောင်အိမ်သည် မြဲမြံသော နှောင် အိမ် မဟုတ်သေး၊ ကာမဂုဏ်နှောင်အိမ်သာ မြဲမြံသော နှောင် အိမ်တည်း" ဟု မိန့်တော်မူ၍ ဟောကြားတော်မူသည်—

သံဖြင့်လုပ်သော အနှောင်အဖွဲ့၊ သစ်သားဖြင့် လုပ် သော အနှောင်အဖွဲ့၊ မြက်လျှော်မျှင်တို့ဖြင့်လုပ်သော အ နှောင်အဖွဲ့မျိုးကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ မဆိုကုန်၊ ရတနာ နားတောင်း စသော တန်ဆာ၊ သား သမီး မယားတို့ကို ငဲ့ကွက် တပ်မက်သော တဏှာသည် ရှိလေ၏။

ထိုတဏှာ အနှောင်အဖွဲ့ကို ခိုင်မြဲသောအနှောင်အဖွဲ့ဟု ပညာရှိတို့ ဆိုကုန်၏၊ ယုတ်နိမ့်ရာသို့ ဆောင်တတ်သော လျော့ဟန်ရှိသော်လည်း လွတ်နိုင်ရန် ခဲယဉ်းသော ဤ တဏှာ အနှောင်အဖွဲ့ကို ပညာရှိတို့ဖြတ်၍ ငဲ့ကွက်ခြင်း မရှိဘဲ ကာမဂုဏ်ချမ်းသာကို စွန့်ကာ ရဟန်းပြုကုန်၏။

× × ×

## (၅) ခေမာထေရီ [ဘိက္ခုနီ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဗိမ္ဗိသာရမင်း၏ အဂ္ဂမဟေသီ အဆင်းလှခြင်းဖြင့် မာန်ယစ်သော ခေမာမိဖုရားကို အကြောင်းပြု၍ ဟောတော်မူသည်—

ပင့်ကူသည် မိမိပြုလုပ်ကော ပင့်ကူအိမ်သို့ ပြန်ပြန်ကျသကဲ့သို့ ရာဂဖြင့် တပ်မက်မော ကုန်သော သူတို့သည် မိမိပြုသော တဏှာလျဉ်သို့ ကျကုန်၏၊ ပညာရှိတို့သည် ဤတဏှာအလျဉ်ကိုဖြတ်၍ ငဲ့ကွက်ခြင်းမရှိဘဲ အလုံးစုံသော ဆင်းရဲကို စွန့်ကာ သွားကုန်၏။

× × ×

## (၆) ဥဂ္ဂသေန [ကျွမ်းသမား]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်တော်မူရာတွင် ဥဂ္ဂသေန ကျွမ်းသမားသည် ပြည်သူတို့အား အံ့ဘွယ်ကိုပြအံ့ဟု အတောင်ခြောက်ဆယ်မြင့်သော တိုင်မှ ကောင်းကင်သို့ခုန်၍ တဆယ့်လေးကြိမ် ကျွမ်းထိုးပြီးမှ ဝါးထက်၌ တည်သည်ကို မြင်တော်မူ၍ ထိုကျွမ်းသမားအား တရားဟောတော်မူသည်—

လွန်လေပြီးသော အတိတ်၊ နောင်ဖြစ်ပေါ်မည့် အနာဂတ်၊ ယခုလက်ရှိ ပစ္စုပ္ပန်တို့၌ တပ်နှစ်သက်ခြင်းကို စွန့်လော့၊ ဘဝသုံးပါး၏ တဖက်ကမ်းသို့ သွားလော့၊ အလုံးစုံသော လောကီတရား၌ စိတ်စွဲလမ်းခြင်း မရှိသူသည် တဖန် ပဋိသန္ဓေ နေရခြင်း အိုရခြင်းသို့ မရောက်လတ္တံ့။

× × ×

## (၇) စူဠ ဓနုဂ္ဂဟ [လေးသမား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မာတုဂါမ ဖြားယောင်းသောကြောင့် သာသနာတော်၌ မပျော်မွေ့ ငြီးငွေ့သော ရဟန်းတယောက်ကို ခေါ်တော်မူ၍ "ရဟန်း၊ သင်သည် လွန်လေပြီးသောအခါ စူဠ ဓနုဂ္ဂဟ လေးသမား ဖြစ်သောကာလ တက္ကသိုလ်မှအပြန် ခိုးသူကြီးနှင့် လုံးထွေးရာတွင် ခိုးသူကို ဓားရိုးကမ်း၍ သင့်ကို သတ်စေသူကား အခြားမဟုတ်။ ဤမာတုဂါမပင်တည်း" ဟု စူဠ ဓနုဂ္ဂဟဇာတ်ကို ဟောတော်မူ၍ တရားပြတော်မူသည်—

ကာမဂုဏ် စိတ်အကြံ နှိပ်စက်၍ ရာဂ ထက်သန်သော ကာမဂုဏ် အာရုံကို တင့်တယ်သည်ဟု ရှုလေ့ရှိသူမှာ တဏှာ အလွန်ပွား၏၊ ဤသို့သော သူသည် တဏှာ အနှောင်အဖွဲ့ကို မြဲသည်ထက် မြဲအောင် ပြုလေ၏။

ကာမဂုဏ် စိတ်အကြံ ငြိမ်းခြင်း၌ မွေ့လျော်သော အမြဲ သတိရှိလျက် ကာမဂုဏ် အာရုံကို မတင့်တယ်ဟု ရှုလေ့ရှိသူသည် တဏှာကင်းမှုကို ပြုလတ္တံ့၊ သူသည် မာန်မင်း၏ အနှောင်အဖွဲ့ကို ဖြတ်လတ္တံ့။

× × ×

## (၈) မာရ [မာရ်နတ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မာရ်နတ်မင်းသည် ဆင်ပြောင်ကြီးဟန် ဖန်ဆင်း၍ အရှင်ရာဟုလာ မထေရ်ကို ခြိမ်းခြောက်လာ၏။ ဘုရားရှင်သည် မာရ်နတ်၏ အဖြစ်ကို သိတော်မူ၍ ဟောတော်မူသည်—

အပြီး အဆုံးသို့ ရောက်ပြီးသော သူသည် ထိတ်လန့်ခြင်း မရှိ၊ တဏှာ မရှိ၊ ကိလေသာ ကင်း၏၊ ဘဝသုံးပါး၌ ရှိသည့် ရာဂ စသော ငြောင့်အားလုံးတို့ကို ဖြတ်ပြီးဖြစ်၏၊ သူ၏ ကိုယ်ခန္ဓာသည် နောက်ဆုံးဖြစ်၏။

တဏှာ ကင်း၏၊ အစွဲအလမ်း မရှိ၊ ဝိဂ္ဂိုဟ် ဆိုခြင်း၊ ပုဒ်ကိုရွတ်ခြင်း၌ လိမ်မာ၏၊ အက္ခရာအပေါင်းကိုလည်း သိ၏၊ ရှေ့နောက် အက္ခရာ အဆက်အသွယ်ကိုလည်း သိ၏၊ နောက်ဆုံး ဘဝဖြစ်သော ခန္ဓာကိုယ်လည်း ရှိ၏၊ ဤသို့သော ပုဂ္ဂိုလ်ကို တကယ့်ပညာရှိကြီးဟု ခေါ်၏။

× × ×

## (၄) ဥပကာ ဇိဝက [ဥပက တက္ကတွန်း]

မြတ်စွာဘုရား သဗ္ဗညုအဖြစ်သို့ ရောက်တော်မူ၍ သတ္တသတ္တာဟ အလွန်တွင် ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရား ဟောတော်မူခြင်းငှာ မိဂဒါဝုန်တောသို့ ကြွတော်မူရာ လမ်းခရီး၌ ဥပက တက္ကတွန်းသည် "ငါ့ရှင်၊ သင်ကား ဘယ်သူ့ကိုရည်၍ ရဟန်းပြုသနည်း။ သင့်ဆရာကား အသူနည်း။ ဘယ်သူ့တရားကို သင်နှစ်သက်သနည်း" ဟု မေးရာတွင် သဗ္ဗညုအဖြစ်ကို ဝန်ခံတော်မူခြင်းငှာ ဟောတော်မူသည်—

ငါသည် အလုံးစုံကို နှိပ်နင်းအောင်မြင်ပြီးပြီ၊ အလုံးစုံသော သဘောတရားကို သိ၏၊ အလုံးစုံသော သဘောတရားကို တပ်မက် ကပ်ငြိခြင်း မရှိ၊ အလုံးစုံသော အရာကို စွန့်ပြီးပြီ၊ တဏှာကုန်ရာ အရဟတ္တဖိုလ်၌ တည်၏၊ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သစ္စာလေးပါး တရားကို သိသဖြင့် အဘယ်သူကို ငါ၏ဆရာဟူ၍ ညွှန်ပြရအံ့နည်း။

× × ×

## (၁၀) သက္က ပဉှာ [သိကြားမင်း ပြဿနာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ နတ်ပရိသတ်နှင့်တကွ သိကြားမင်းသည် မြတ်စွာဘုရားအထံသို့ ကပ်၍ "ဒါနတွင် အဘယ်ဒါန လွန်ကဲပါသနည်း။ အရသာတွင် အဘယ်အရသာ လွန်ကဲပါသနည်း၊ မွေ့လျော်ခြင်းတွင် အဘယ် မွေ့လျော်ခြင်း လွန်ကဲပါသနည်း။ ဆင်းရဲခပ်သိမ်းကို အောင်နိုင်သည်ကား အဘယ်တရား ပါနည်း"ဟု ပြဿနာ လေးပါးကို လျှောက်ထားလေ၏။ ဘုရားရှင်သည် ထိုပြဿနာကို ဖြေတော်မူခြင်းငှာ ဟောတော်မူသည်—

> တရားအလှူသည် ခပ်သိမ်းသော အလှူကို အောင်၏၊ တရားအရသာသည် ခပ်သိမ်းသော အရသာကို အောင်၏၊ တရားပြင့် မွေ့လျော်ခြင်းသည် ခပ်သိမ်းသော မွေ့လျော်ခြင်းကို အောင်၏၊ တဏှာကုန်ခြင်းသည် ခပ်သိမ်းသော ဆင်းရဲကို အောင်၏။

× × ×

## (၁၁) အပုတ္တက သေဋ္ဌိ [သားမရှိသော သေဌေး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အလှူတရာ နှမြောစုံမက်တတ်သော သေဌေးကြီးတယောက် သေ၍ အမွေခံမရှိသောကြောင့် ဥစ္စာများစွာသည် မင်းဘဏ္ဍာ ဖြစ်လေပြီဟု ကောသလမင်းကြီး လျှောက်ရာတွင် ဟောတော်မူသည်—

> စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသူကို ဖျက်ဆီးတတ်ကုန်၏၊ သံသရာတဖက်ကို ရှာသော ပညာရှိတို့ကိုကား

မဖျက်စီးကုန်၊ ပညာမရှိသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

× × ×

## (၁၂) အင်္ကုရ [နတ်သား]

မြတ်စွာဘုရား ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၌ အဘိဓမ္မာတရား ဟောလျက် နေတော်မူသောအခါ သာသနာတော်ပ ကာလငယ် အလှူကြီးပေးသော အင်္ကုရနတ်သားသည် တန်ခိုးကြီးသော နတ်တို့၏ အာနုဘော်ကို မခံနိုင်၍ တဆယ့်နှစ်ယူဇနာအရပ်က တရားတော်ကို နာရ၏။ အရှင်အနုရုဒ္ဓာအား ဆွမ်းတယောက်မ လှူဘူးသော ဣန္ဒကနတ်သားကား နောက်သို့မဆုတ်ဘဲ မယ်တော်သန္တုသိတာ နတ်သားနှင့် လက်ယာဒူးတော်ပါး၌ တရားနာနိုင်သည်ကို မြင်တော်မူ၍ အကျိုးများသော ဒါနတရား ဟောကြားတော်မူသည်—

လယ်တို့သည် မြက်ကြောင့် ပျက်စီးကုန်၏၊ ဤသတ္တဝါအပေါင်းသည် ရာဂကြောင့် ပျက်စီးကုန်၏၊ ထို့ကြောင့် ရာဂကင်းသော ပုဂ္ဂိုလ်တို့ကို ပေးလှူသော အလှူသည် အကျိုးများ၏။

လယ်တို့သည် မြက်ကြောင့် ပျက်စီးကုန်၏၊ ဤသတ္တဝါအပေါင်းသည် ဒေါသကြောင့် ပျက်စီးကုန်၏၊ ထို့ကြောင့် ဒေါသကင်းသော ပုဂ္ဂိုလ်တို့ကို ပေးလှူသော အလှူသည် အကျိုးများ၏။

လယ်တို့သည် မြက်ကြောင့် ပျက်စီးကုန်၏၊ ဤသတ္တဝါအပေါင်းသည် မောဟကြောင့် ပျက်စီးကုန်၏၊ ထို့

ကြောင့် မောဟကင်းသော ပုဂ္ဂိုလ်တို့ကို ပေးလှူသော အလှူသည် အကျိုးများ၏။

လယ်တို့သည် မြက်ကြောင့် ပျက်စီးကုန်၏၊ ဤသတ္တဝါအပေါင်းသည် ဆန္ဒကြောင့် ပျက်စီးကုန်၏၊ ထို့ကြောင့် ဆန္ဒကင်းသော ပုဂ္ဂိုလ်တို့ကို ပေးလှူသော အလှူသည် အကျိုးများ၏။

## ၂၅—ဘိက္ခုဝဂ

### ရဟန်း တရားစု

### (၁) ပဉ္စဘိက္ခု [ရဟန်းငါးပါး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ "စက္ခုစသော ခြောက်ဒွါရတို့တွင် အဘယ်ဒွါရသည် စောင့်နိုင်ခဲသနည်း" ဟုရဟန်းငါးယောက်တို့ လျှောက်ထားသော ပြဿနာကို ဖြေခြင်းငှာ ဟောတော်မူသည်—

မျက်စိ စောင့်စည်းခြင်းသည် ကောင်း၏၊ နား စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်း စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာ စောင့်စည်းခြင်းသည် ကောင်း၏။

ကိုယ် စောင့်စည်းခြင်းသည် ကောင်း၏၊ နှုတ် စောင့်စည်းခြင်းသည် ကောင်း၏၊ စိတ် စောင့်စည်းခြင်းသည် ကောင်း၏၊ အလုံးစုံသော ဒွါရခြောက်ပါး စောင့်စည်း

ခြင်းသည် ကောင်း၏၊ အလုံးစုံသော ဒွါရ ခြောက်ပါး တို့၌ စောင့်စည်းသော ရဟန်းသည် အလုံးစုံသော ဆင်းရဲမှ လွတ်၏။

× × ×

(၂) ဟံသ ဃာတက ဘိက္ခု [ဟင်္သာကိုသတ်သော ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဟင်္သာကို သတ်ပစ်သော ရဟန်းနှစ်ယောက် အကြောင်းကို အကြောင်းပြု၍ ဟောတော်မူသည်—

လက်ကို စောင့်စည်း၊ ခြေကို စောင့်စည်း၊ နှုတ်ကို စောင့်စည်း၊ အထွတ်ကို ကောင်းစွာ စောင့်စည်း၍ ကမ္မဋ္ဌာန်း စီးပြန်းခြင်း၌ မွေ့လျော်လျက် တည်ကြည်သော စိတ်လည်း ရှိ၊ တယောက်ထီးတည်းနေ၍ ရသမျှနှင့်လည်း ရောင့်ရဲသူကို ရဟန်းဟု ခေါ်၏။

× × ×

(၃) ကောကာလိက [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကို ဆဲရေး၍ မြေမျိုသော ကောကာလိကကို အကြောင်းပြု၍ ဟောတော်မူသည်—

ရဟန်းသည် နှုတ်ကို စောင့်စည်း၏၊ ပညာဖြင့် ဆင်ခြင်၍ ပြောဆိုလေ့ရှိ၏၊ မပြန့်လွင့်သောစိတ်ရှိ၏၊ အနက်အဓိပ္ပာယ်နှင့် တရားဘော်ကို ပြောဟောတတ်၏၊ ထိုသို့သော ရဟန်း၏ စကားသည် ချို၏။

× × ×

## (၄) ဓမ္မာရာမ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဘုရားရှင် သက်တော်ထင်ရှား ရှိခိုက် အရဟတ္တဖိုလ်ကို ရအောင် ယူအံ့ဟု ကပါးသောရဟန်းတို့နှင့် စကားမပြောဘဲ တရားကို အားထုတ်သော ဓမ္မာရာမ ရဟန်းကိုအကြောင်းပြု၍ ဟောတော်မူသည်—

သူတော်ကောင်းတရားနှင့် အညီ နေ၍ သူတော်ကောင်းတရားနှင့် မွေ့လျော်လျက် သူတော်ကောင်းတရားကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့သောရဟန်းသည် သုံးဆယ့်နှစ်ပါးသော ဗောဓိပက္ခိယတရား၊ ကိုးပါးသော လောကုတ္တရာ တရားမှ မဆုတ်ယုတ်လေ။

× × ×

## (၅) ဝိပက္ခ သေဝက [ဆန့်ကျင်ဘက်၏ တပည့်]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ဒေဝဒတ်၏ အသင်းအပင်းဖြစ်သော ရဟန်းနှင့် အပေါင်းအဖော်ပြုသော ရဟန်းတယောက်ကို အကြောင်းပြု၍ ဟောတော်မူသည်—

ရဟန်းမည်သည် မိမိ၏လာဘ်ကိုမထေမဲ့မြင် မအောက်မေ့ရာ၊ သူတပါးတို့၏ လာဘ်ကို မနှစ်သက် မတောင့်တရာ၊ သူတပါးတို့၏ လာဘ်ကိုနှစ်သက် တောင့်တသော ရဟန်းသည် စိတ်တည်ကြည်ခြင်းကို မရလေ။

ရဟန်းသည် လာဘ်ပင် နည်းသော်လည်း မိမိ၏ လာဘ်ကို အကယ်၍ မထေမဲ့မြင် မအောက်မေ့လျှင် အ

သက်မွေးစင်ကြယ်၍ ပျင်းရိခြင်းမရှိသော ထိုရဟန်းကို နတ်တို့ ချီးမွမ်းကုန်၏။

× × ×

## (၆) ပဉ္စဂ္ဂဒါယက ဗြာဟ္မဏ [ငါးဦးဒါယကာ ပုဏ္ဏား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ လယ်ဦး၊ တလင်းဦး၊ နယ်ဦး၊ ထမင်းအိုးသို့ ထည့်ဦး၊ ထမင်းပွဲသို့ ခူးဦး၊ ဤအဦးငါးပါးကို လှူလေ့ရှိသောကြောင့် ပဉ္စဂ္ဂမည်သော ပုဏ္ဏားအား အနာဂါမ် တည်အံ့သည်ကို မြင်တော်မူ၍ ထိုပုဏ္ဏား အိမ်သို့ကြွ၍ ဆွမ်းရပ်၏။ ပုဏ္ဏားလည်း ထမင်းစားဆဲဖြစ်၍ ထက်ဝက်စားပြီးသော ထမင်းကို လှူပြီး၍ လောက၌ အတုမရှိသော ဂုဏ်နှင့် ပြည့်စုံသော အသမ္ဘိန္န မင်းမျိုးဖြစ်လျက် ထက်ဝက်စားပြီးသော ထမင်းကို အလှူခံတော်မူပေသည်ဟု ကြည်ညို၍ "အရှင်ဘုရားတို့သည် သာဝကတို့အား ဘိက္ခု(ရဟန်း)ဟု ခေါ်ကုန်၏။ အကြောင်းကား အဘယ်နည်း"ဟု လျှောက်ရာတွင် ဖြေဆိုခြင်းငှာ ဟောတော်မူသည်—

နာမ်တရား၊ ရုပ်တရားကို ငါ၊ ငါ၏ဥစ္စာဟူ၍ မြတ်နိုး စွဲလမ်းခြင်း မရှိ၊ ထိုနာမ် ရုပ်ပျက်စီးသော်လည်း စိုးရိမ် ပူပန်ခြင်း မရှိသောသူကို စင်စစ် ရဟန်းဟု ခေါ်၏။

× × ×

## (၇) သမ္ဗဟုလ ဘိက္ခု [ရဟန်းအများ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အဝန္တိတိုင်း၌ ကောဋိကဏ္ဏသောဏ မထေရ်၏ အမိ ဒါယိကာမကြီးသည် ညဉ့်အခါ အရှင်သောဏ တရားဟောသည်ကို နာစဉ်

ခိုးသူ ကိုးရာတို့သည် အိမ်သို့တက်၍ အသပြာတိုက်၊ ရွှေတိုက်၊ ငွေတိုက်တို့ကို ဖွင့်၍ယူသောကြောင့် ကျွန်မ လာ၍ ပြော၏။ "ခိုးသူတို့ ယူလိုတိုင်း ယူစေ၊ တရားနာပျက်အောင် မပြောလာနှင့်"ဟု ဒါယိကာမကြီးဆိုသည်ကို ခိုးသူတို့ကြား၍ အလွန်ကြည်ညိုသောကြောင့် ခိုးသူ ကိုးရာတို့သည် အရှင်သောဏထံ ရဟန်းပြုကုန်၏။ အသီးသီး ကမ္မဋ္ဌာန်းယူ၍ တောကျောင်းသစ်ပင်ရင်းတို့၌ စီးဖြန်းကြကုန်၏။ ဘုရားရှင်သည် ဂန္ဓကုဋိတိုက်တော်မှနေလျက် ယူဇနာတရာ့နှစ်ဆယ်ကွာသော ထိုရဟန်းတို့ထံ ရောင်ခြည်တော်လွှတ်၍ အနီး၌ ရပ်သကဲ့သို့ဖြစ်၍ ဟောကြားတော်မူသည်—

မေတ္တာကို ပွားများလေ့ရှိ၍ ဗုဒ္ဓတရားတော်ကို ယုံကြည်မြတ်နိုးသော ရဟန်းသည် ပုပြင်ခြင်း ကင်း၍ ဆင်းရဲငြိမ်းရာ ချမ်းသာသော နိဗ္ဗာန်သို့ ရောက်လေ၏။

အို ရဟန်း၊ဤလှေကို ပက်ပစ်လေလော့၊ ထိုသို့ပက်ပစ်လျှင် သင်၏လှေ လျင်စွာ သွားလိမ့်မည်၊ ရာဂ ဒေါသကို ဖြတ်လျှင် နိဗ္ဗာန်သို့ သင်ရောက်လိမ့်မည်။

အနှောင်အဖွဲ့ ငါးပါးကို ဖြတ်လော့၊ အနှောင်အဖွဲ့ ငါးပါးကို စွန့်လော့၊ တရားငါးပါးကို ပွားလော့၊ အငြိအတွယ် တရားငါးပါးကို လွန်မြောက်သော ရဟန်းကို သံသရာဝဲကို ကူးမြောက်ပြီးသူဟု ခေါ်၏။

အို ရဟန်း၊ ကမ္မဋ္ဌာန်းရှုလော့၊ မမေ့လျော့လင့်၊ သင်၏စိတ်ကို ကာမဂုဏ်၌ မမွှေ့လျော်စေလင့်၊ မေ့လျော့၍ သံတွေခဲကို မမျိုလင့်၊ လောင်သည်ရှိသော် ဤသို့ အလောင်ခံရခြင်းသည် ဆင်းရဲလေစွဟု မငိုကြွေးလင့်။

ပညာမဲ့သူသည် ကမ္မဋ္ဌာန်းရှုသော သဘော မရှိ၊ ကမ္မဋ္ဌာန်းမရှုသူမှာ ပညာ မရှိ၊ ကမ္မဋ္ဌာန်းလည်း ရှု၊ ပညာလည်း ရှိသောသူသာ စင်စစ် နိဗ္ဗာန်နှင့် နီး၏။

ဆိတ်ငြိမ်ရာအရပ်၌ နေလေ့ရှိ၍ စိတ်ငြိမ်သက်သော တရားကို ကောင်းစွာ ရှုဆင်ခြင်သော ရဟန်းမှာ လူသာမန်တို့နှင့် မထိုက်သော မွေ့လျော်ခြင်းဖြစ်၏။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ဆင်ခြင်သုံးသပ်တိုင်း သုံးသပ်တိုင်း နှစ်သက် ဝမ်းမြောက်ခြင်းကို ရလေ၏၊ ယင်းသည် အမှန်တရားကိုသိသော ပညာရှိတို့အတွက် မသေရာမည်၏။

ဤဗုဒ္ဓသာသနာ၌ ပညာရှိရဟန်းသည် ဣန္ဒြေကို စောင့်ရှောက်၏၊ ရရသမျှသော ပစ္စည်းလေးပါးနှင့် ရောင့်ရဲ၏၊ ပါတိမောက်သီလကို စောင့်ရှောက်၏၊ အသက်မွေးစင်ကြယ်၍ မပျင်း မရိ သီလရှိသော အဆွေခင်ပွန်းကောင်းတို့ကို မှီဝဲဆည်းကပ်၏၊ ဤစင်ကြယ်သော သီလလေးပါးသည် နိဗ္ဗာန်ရောက်ကြောင်း အစဖြစ်၏။

ရဟန်းသည် စေ့စပ်သော အသက်မွေးခြင်း ရှိရာ၏၊ ကျင့်ဝတ်၌ လိမ္မာရာ၏၊ ထိုသို့သော ရဟန်းသည် များစွာ ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ဆင်းရဲကင်းရာသို့ ရောက်လိမ့်မည်။

× × ×

## (၈) ပဉ္စသတ ဘိက္ခု [ရဟန်းငါးရာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကမ္မဋ္ဌာန်းစီးဖြန်းသော ရဟန်းငါးရာတို့သည် မြတ်လေးပန်းတို့

ကြွေကျသည်ကိုမြင်၍ ငါတို့လည်း ကိလေသာမှ လွတ်ကုန်အံ့ဟု အောက်မေ့ကြသည်တွင် ဘုရားရှင်သည် ဂန္ဓကုဋိတိုက်မှ ရောင်ခြည်တော်လွှတ်လျက် ဟောတော်မူသည်–

အို ရဟန်းတို့၊ မြတ်လေးပင်သည် ရင့်ရော်ညှိုးနွမ်းသော ပန်းပွင့်တို့ကို ကြွေကျစေသကဲ့သို့ သင်တို့သည် ရာဂနှင့် ဒေါသကို စွန့်လွှတ်ကြကုန်သော့။

× × ×

(၉) သန္တကာယ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သန္တကာယမထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်–

ငြိမ်သက်သော ကိုယ်၊ ငြိမ်သက်သော နှုတ်၊ ငြိမ်သက်သော စိတ် ရှိသည်ဖြစ်၍ ကောင်းစွာ တည်ကြည်သော လောကီစည်းစိမ် အရှိန်အစော် စသည်ကို ပယ်ပြီးသော ရဟန်းကို ငြိမ်သက်သောပုဂ္ဂိုလ်ဟု ခေါ်၏။

× × ×

(၁၀) နင်္ဂလ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ပုဆိုးနွမ်းတထည်နှင့် တံပြာတချောင်းကို အောက်မေ့၍ လူထွက်အံ့ဟု အပန်ဖန် ကြံသောစိတ်ကို ဆုံးမ၍ ရဟန္တာအဖြစ်သို့ ရောက်သော နင်္ဂလမထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်–

အိုရဟန်း၊ မိမိကိုယ်ကို မိမိ တိုက်တွန်း ဆုံးမလော့၊ မိမိကိုယ်ကို မိမိ စူးစမ်းဆင်ခြင်လော့၊ မိမိကိုယ်ကို စောင့်

ရှောက်၍ သတိနှင့်ပြည့်စုံလျှင် ချမ်းသာစွာ သင် နေရလိမ့်မည်။

မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာ ဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏ သွားရာဖြစ်၏၊ ထို့ကြောင့် (မြင်းကုန်သည်သည် အမျိုးကောင်းမြင်းကို ကောင်းစွာ စောင့်ရှောက်သကဲ့သို့)မိမိကိုယ်ကို စောင့်ရှောက်လော့။

× × ×

## (၁၁) ဝက္ကလိ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ဘုရားရှင်ကို ကြည်ညိုသောစိတ်ဖြင့် တစိမ်းစိမ်း ရှုကြည့်လျက်သာလျှင် ဘာဝနာကမ္မဋ္ဌာန်းကို အားမထုတ်ဘဲနေသော ရှင်ဝက္ကလိကို "တရားကို မြင်လျှင် ငါ့ကို မြင်၏" ဟု မောင်းမဲတော်မူ၍ ဝါဆိုအံ့သော နေ့၌ ကျောင်းမှ နှင်ထုတ်လျှင် ဝက္ကလိသည် တောင်ထိပ်မှ ခုန်ချ သေတော့အံ့ဟု ဂိဇ္ဈကုဋ်တောင်သို့ သက်လေ၏။ ဘုရားရှင်သည် ထိုအကြောင်းကိုသိ၍ ကျောင်းမှ ရောင်ခြည်တော်လွှတ်လျက် ကိုယ်တော်၏ သဏ္ဌာန်ကို ပြရာဟွင်မှ နှစ်သက်ရွှင်လန်းခြင်းဖြစ်၍ သက်သာရာကို ရ၏။ ဘုရားရှင်သည် အားကြီးသောပီတိပါမောဇ္ဇဖြစ်စေခြင်းငှာ ဟောတော်မူသည်—

ဝမ်းမြောက်ခြင်းများသော ဗုဒ္ဓသာသနာ၌ ကြည်ညိုသော ရဟန်းသည် ငြိမ်သက်စွာသော သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော ချမ်းမြေ့သော နိဗ္ဗာန်ကို ရရာ၏။

× × ×

## (၁၂) သုမန သာမဏေရ [ရှင်သာမဏေ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ တရားသဘင်တွင် အနုဝတအိုင်မှ ပဏ္ဏကာမည်သော နဂါးမင်းကို ဆုံးမ၍ အနုဝတရေကို ဆောင်ယူခဲ့သော ခုနစ်နှစ်အရွယ်ရှိသော သုမနသာမဏေ၏ အာနုဘော်ကို ချီးမွမ်းကြကုန်သော ရဟန်းတို့အား တရားဟောတော်မူသည်—

အသက်အရွယ်ပင် ငယ်သော်လည်း ဗုဒ္ဓသာသနာ၌
လုံ့လပြုသော ရဟန်းသည် တိမ်တိုက်မှ ကင်းလွတ်သော
လမင်းကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။

## ၂၆—ဗြာဟ္မဏ ဝဂ္ဂ

### ပုဏ္ဏား တရားစု

### (၁) ပသာဒ ဗဟုလ ဗြာဟ္မဏ [လွန်စွာကြည်ညိုသော ပုဏ္ဏား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပသာဒ ဗဟုလ ပုဏ္ဏားသည် ရဟန်းကိုမြင်လျှင် ရဟန္တာဟု ခေါ်ဝေါ်ခြင်းကြောင့် ရဟန်းတို့သည် ကုက္ကုစ္စရှိ၍ ဘုရားရှင်အား လျှောက်ရာကြင် "ဒါယကာတို့ကြည်ညို၍ဆိုရာ၌ အာပတ်မသင့်။ ပုဏ္ဏားကား ရဟန္တာတို့၌ အလွန်မြတ်နိုး၏။ သင်တို့လည်း ဘဏှာအယဉ်ကိုဖြတ်၍ ရဟန္တာဖြစ်အောင် အားထုတ် ကုန်လော့"ဟု မိန့်တော်မူ၍ ဟောတော်မူသည်—

အို ပုဏ္ဏား၊ တဏှာအယဉ်ကို ဖြတ်လော့၊ လုံ့လပြု၍ ကာမဂုဏ်တို့ကို ပယ်လော့၊ သင်္ခါရတို့ ကုန်ရာကို သိ၍ အကြောင်းတရားတို့ မပြုပြင်အပ်သော နိဗ္ဗာန်ကို သိသူ ဖြစ်လော့။

× × ×

## (၂) သမ္ဗဟုလ ဘိက္ခု [ရဟန်းအများ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်သာရိပုတ္တရာသည် များစွာသော အာဂန္တု ရဟန်း တို့၏ ဥပနိဿယကို သိ၍ ဘုရားရှင်အား "နှစ်ပါးတည်းသော တရား ဟူသည် အဘယ်နည်း"ဟု လျှောက်ရာတွင် ဖြေတော်မူခြင်းငှာ ဟောတော်မူသည်—

ပုဏ္ဏားသည် (သမထ၊ ဝိပဿနာ) တရားနှစ်ပါး၌ အပြီးသို့ ရောက်၏၊ အမှန်တရားကိုသိသော ပုဏ္ဏားအား ခပ်သိမ်းသော သံယောဇဉ်တို့ ကင်းပျောက်ကုန်၏။

× × ×

## (၃) ပါရ [မာရ်နတ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ "ဟိုမှာဘက်ဟူသည် အဘယ်နည်း"ဟု မာရ်နတ် မေးလျှောက်၍ ဟောတော်မူသည်—

ဤမှာ ဘက်ကမ်း ဟိုမှာ ဘက်ကမ်း ဤကမ်းနှစ်ဖက်လုံး မရှိ၊ အနှောင်အဖွဲ့ကင်း၍ စွဲလမ်းခြင်း မရှိသူကို ဗြာဟ္မဏ (ပုဏ္ဏား) ဟု ငါ ဆို၏။

× × ×

## (၄) အညတရ ဗြာဟ္မဏ [ပုဏ္ဏား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ "အဘယ် အကြောင်းကြောင့် ပုဏ္ဏားမည်သနည်း" ဟု မေး လျှောက်သော ပုဏ္ဏားတယောက်၏ ပြဿနာကို ဖြေခြင်းငှာ ဟောတော်မူသည်—

ကမ္မဋ္ဌာန်း ဘာဝနာ ပွားလေ့ ရှိသော ကိလေသာ မှုကင်းလျက် နေလေ့ ရှိသော ရဟန်းကိစ္စ ပြုပြီးသော အာသဝေါကင်းသော မွန်မြတ်သောသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

(၅) အာနန္ဒ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သီတင်းကျွတ်လပြည့်နေ့ နေဝင်ခါနီးတွင် ကောသလမင်းကြီးသည် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်လျက် ဘုရားထံသို့ လာ၏။ ကာဠုဒါယီ မထေရ်လည်း ပရိသတ်အစွန်၌ ဈာန်ဝင်စားနေ၏။ ရှင်အာနန္ဒာသည် နေရောင် လရောင် မင်းကြီး၏ တန်ဆာရောင် ရဟန္တာတို့၏ ကိုယ်ရောင် ဘုရားအရောင်ဟု ဆိုအပ်သော အရောင်ငါးမျိုးကို မြင်၍ "အရှင်ဘုရား၊ ကိုယ်တော်မြတ်အရောင်သည် အရောင်တကာတို့ထက် သာလွန်လေသည်"ဟု လျှောက်ရာတွင် ဟောတော်မူသည်—

နေမင်းသည် နေ့၌သာလျှင် တောက်ပ၏၊ လသည် ညဉ့်၌သာလျှင် တောက်ပ၏၊ မင်းသည် ချပ်ဝတ်တန်ဆာ ဆင်မှသာလျှင် တောက်ပ၏၊ ဗြာဟ္မဏသည် ဈာန်ဝင်စားမှသာလျှင် တောက်ပ၏၊ စင်စစ် ဗုဒ္ဓသည် အလုံးစုံသော နေ့ညဉ့်ပတ်လုံး တန်ခိုးဖြင့် တောက်ပ၏။

× × ×

## (၆) ဗြာဟ္မဏ ပဗ္ဗဇိတ [ပုဏ္ဏားရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပုဏ္ဏားတယောက်သည် တက္ကတွန်းတို့ထံ ရဟန်းပြု၍ ကျောင်းတော်သို့လာပြီးလျှင် "အရှင်ဘုရား၊ အကျွန်ုပ်ကို ဗြာဟ္မဏပဗ္ဗဇိတဟု ခေါ်တော်မူပါ"ဟု လျှောက်ရာတွင် ဟောတော်မူသည်—

> မကောင်းမှုကို ပယ်ပြီးသောကြောင့် ဗြာဟ္မဏဟု ခေါ်၏၊ မကောင်းမှု ငြိမ်းခြင်းငှာ ကျင့်သောကြောင့် သာမဏဟု ခေါ်၏၊ မိမိ၏ အညစ်အကြေးကို ထုတ်ပယ်သောကြောင့် ပဗ္ဗဇိတဟု ခေါ်၏။

× × ×

## (၇) သာရိပုတ္တ [ရှင်သာရိပုတ္တရာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိစ္ဆာဒိဋ္ဌိပုဏ္ဏား တယောက်သည် ရှင်သာရိပုတ္တရာ အမျက်ထွက် မထွက် စူးစမ်းခြင်းငှာ ဆွမ်းခံကြွတော်မူရာ၌ နောက်မှလိုက်၍ ပြင်းစွာပုတ်ခတ်ရာ အမျက်မထွက်လိုသည်ကို သိသဖြင့် နောင်တ တပန် ပူပန်ခြင်းရှိ၍ ကန်တော့ဝန်ချပြီးလျှင် မိမိအိမ်သို့ပင့်၍ ဆွမ်းလုပ်ကျွေး၏။ ဤအကြောင်းကို ရဟန်းတို့ ဘုရားရှင်အား လျှောက်လေသော် ထိုရဟန်းတို့အား တရားဟောတော်မူသည်—

> ဗြာဟ္မဏသည် ဗြာဟ္မဏအား မပုတ်ခတ်ရာ၊ ဗြာဟ္မဏသည် ထိုပုတ်ခတ်သူအား အခိုးမလွှတ်ရာ၊ ဗြာဟ္မဏအား ပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်၏၊ ထိုထက် ပုတ်ခတ်သူအား အခိုးလွှတ်ခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်၏။

ချစ်ခင်စွဲလမ်းခြင်းမှ စိတ်ကို တားမြစ် စောင့်ရှောက်ခြင်းသည် ဗြာဟ္မဏအတွက် အလွန်ကောင်းမြတ်၏၊ ညှဉ်းဆဲလိုစိတ် မဖြစ်အောင် တားမြစ် စောင့်ရှောက်လေဆင်းရဲကင်းငြိမ်းလေ ဖြစ်၏။

× × ×

(၈) မဟာ ပဇာပတိ ဂေါတမီ [မိထွေးတော်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဂရုဓမ္မရှစ်ပါးကို ဝန်ခံ၍ ပဉ္စင်းဖြစ်သော မိထွေးတော် ဂေါတမီကို အကြောင်းပြု၍ ဟောတော်မူသည်—

ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း မကောင်းမှုပြုခြင်း မရှိ၊ ဤသုံးပါးဖြင့်အကုသိုလ် မဖြစ်အောင် စောင့်ရှောက်သူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

(၉) သာရိပုတ္တ [ရှင်သာရိပုတ္တရာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်သာရိပုတ္တရာသည် ဘုရားနှင့်မတွေ့မီ "ယေဓမ္မာ ဟေတုပ္ပဘဝါ" တရားဟောပေးသော အဿဇိ မထေရ်ကို နေ့တိုင်း ရှိခိုး၏။ မထေရ် ရှိရာအရပ်သို့ ဦးခေါင်းမူ၍ ကျိန်းတော်မူ၏။ ရဟန်းတို့သည် တိတ္ထိတို့ကဲ့သို့ အရပ်မျက်နှာကို ရှိခိုးသည်မှတ်၍ ဘုရားအား လျှောက်ရာတွင် ဟောတော်မူသည်—

တစုံတယောက်ထံမှ ဘုရားဟောတရားကို သင်ကြားနားလည်ခဲ့လျှင် ဗြာဟ္မဏသည် ထိုဆရာကို ပူဇော်မြဲ ဖြစ်

သော မီးကို ရိုသေစွာ ပူဇော်သကဲ့သို့ ရိုသေစွာ ရှိခိုး ပူဇော်ရာ၏။

× × ×

## (၁၀) ဇဋိလ ဗြာဟ္မဏ [ဆံကျစ်ထုံးသော ပုဏ္ဏား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဆံကျစ်ထုံးသော ပုဏ္ဏားတယောက်သည် "အကျွန်ုပ်ကို ဗြာဟ္မဏ ခေါ်တော်မူပါ" ဟု လျှောက်ရာတွင် ဟောတော်မူသည်—

ဆံကျစ်ထုံးကာမျှဖြင့် ဗြာဟ္မဏ မဖြစ်၊ အနွယ်စစ်ကာမျှဖြစ်လည်း ဗြာဟ္မဏ မဖြစ်၊ အမျိုးမှန်ကာမျှဖြင့်လည်း ဗြာဟ္မဏ မဖြစ်၊ သစ္စာရှိ၍ တရားသိသူသာလျှင် စင်ကြယ်သူ ဖြစ်၏၊ ဗြာဟ္မဏ ဖြစ်၏။

× × ×

## (၁၁) ကုဟက ဗြာဟ္မဏ [စဉ်းလဲသော ပုဏ္ဏား]

မြတ်စွာဘုရား ဝေသာလီပြည် ကူဋာဂါရကျောင်း၌ နေတော်မူသောအခါ သစ်ပင်မှာ တွဲလွဲဆွဲ၍ လင်းနို့ကဲ့သို့ ကျင့်လျက် လှည့်ပတ်စဉ်းလဲသော ပုဏ္ဏားတယောက်၏ အကြောင်းကို ရဟန်းတို့ ပြောကြရာတွင် "ဤပုဏ္ဏားကို ရှေးအခါ ရသေ့ စဉ်းလဲဖြစ်စဉ်ကာလ ငါသည် မှတ်မင်းဖြစ်၍ သုံးမခဲ့လေပြီ" ဟု မိန့်တော်မူ၍ မှတ်မင်းသုံးမသောတရားကို ပြန်၍ ဟောကြားတော်မူသည်—

ပညာမဲ့သော ရသေ့၊ သင့်အား ဆံကျစ်တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင့်အား သစ်နက်ရေဖြင့် အဘယ်

အကျိုးရှိအံ့နည်း၊ သင်၏ ကိုယ်တွင်း၌ တောအတိသာ
တည်း၊ အပြင်အပသာ သန့်ရှင်း၏။

× × ×

(၁၂) ကိသာဂေါတမီ [ထေရီ]

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်၌ နေတော်မူသောအခါ ပံ့သုကူ ဆောင်ရာ၌ တေဒဂ်ရသော ကိသာဂေါတမီ ထေရီကို အကြောင်းပြု၍ ဟောတော်မူသည်—

ပံ့သုကူ သင်္ကန်းကို ဝတ်ကာ ကြုံလှီ၍ အကြောခင်း
သော ကိုယ်ရှိလျက် တယောက်ထီးတည်း တော၌ ကမ္မ
ဋ္ဌာန်းရှုသော သူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

(၁၃) ကော ဗြာဟ္မဏ [ပုဏ္ဏားတယောက်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပုဏ္ဏားတယောက်သည် မိမိအား ဗြာဟ္မဏဟု ခေါ်ရန် လျှောက်ကြား၍ ဟောတော်မူသည်—

ပုဏ္ဏားမျိုးဖြစ်သည့် ပုဏ္ဏေးမ၏ ဝမ်း၌ ပဋိသန္ဓေ နေ
သောသူကို ဗြာဟ္မဏဟု ငါမဆို၊ ထိုသူသည် ကိလေသာ
အကြောင့်ကြ အကယ်၍ရှိလျှင် ဘောဘောဟု ဆိုလေ့
ရှိသော ဘောဝါဒ ပုဏ္ဏားသာ ဖြစ်၏၊ ကြောင့်ကြမှု မရှိ၊
တပ်မက်မှုလည်း မရှိသူကိုသာ ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၁၄) ဥဂ္ဂသေန [ကျွမ်းသမား]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ကျွမ်းသမားဖြစ်ခဲ့ဘူးသော ဥဂ္ဂသေနမထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်--

အလုံးစုံသော အနှောင်အဖွဲ့ကို ဖြတ်၍ ထိတ်လန့်ခြင်း
မရှိ၊ တွယ်တာ ကပ်ငြိခြင်းသဘောကို လွန်မြောက်၍
ကိလေသာကင်းပြီးသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၁၅) ဒွေဗြာဟ္မဏ [ပုဏ္ဏားနှစ်ယောက်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ပုဏ္ဏားနှစ်ယောက်တို့ နွားကောင်း လှည်းကောင်း ပြိုင်ကြရာတွင် သားရေလွန်ကြိုး ပြတ်သည်ကို အကြောင်းပြု၍ ဟောတော်မူသည်—

နှောင်ကြိုး လွန်ကြိုးနှင့်တကွ လှည်းကိုဖြတ်၍ တံခါး
ကျင် မင်းတုပ်ကို ဖွင့်လှစ်ပြီးသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၁၆) အက္ကောသက ဘာရဒွါဇ [ဆဲရေးသော ပုဏ္ဏား]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ အက္ကောသက ဘာရဒွါဇ ပုဏ္ဏား၏ ဆဲရေးခြင်းကို သည်းခံ၍ ထိုပုဏ္ဏားကို အရဟတ္တဖိုလ်၌ တည်စေတော်မူသည်ဟု ပြော၍ အံ့ဩချီးမွမ်းကြသော ရဟန်းတို့အား ဟောတော်မူသည်—

ဆဲရေးခြင်း ပုတ်ခတ်ညှဉ်းဆဲခြင်း နှောင်ဖွဲ့ခြင်းကို အမျက်မထွက်ဘဲ သည်းခံ၍ သည်းခံခြင်းအင်အား စစ်သည် ဗိုလ်ပါရှိသော သူကို ဗြာဟ္မဏဟု ငါ ဆို၏။

× × ×

## (၁၇) သာရိပုတ္တ [ရှင်သာရိပုတ္တရာ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ မယ်တော် သာရီ ကျိန်ဆဲသည်ကို သည်းခံတော်မူသော သာရိပုတ္တရာထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်—

အမျက်မထွက်သော ဓုတင် အကျင့်ရှိသော သီလရှိသော အစွဲအလမ်း မရှိသော ယဉ်ကျေးသော အဆုံးစွန် ကိုယ်ရှိသော သူကို ဗြာဟ္မဏဟု ငါ ဆို၏။

× × ×

## (၁၈) ဥပ္ပလဝဏ္ဏာ [ဥပ္ပလဝဏ်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥပ္ပလဝဏ်ထေရီကို နန္ဒလုလင် ဖျက်ဆီးရာတွင် ထေရီမ သာယာသလော မသာယာသလောဟု တွေးတောကြကုန်သော သူတို့အား ရဟန္တာ၏ သဘောကို ထင်ရှားပြခြင်းငှာ ဟောတော်မူသည်—

ကြာဖက်၌ ရေပေါက်ကဲ့သို့ရင်း ပွတ်အောက်မျှား၌ မုန်ညင်းစေ့ကဲ့သို့ရင်း ကာမဂုဏ်တို့၌ မလိမ်းကျံ သူကို ဗြာဟ္မဏဟု ငါ ဆို၏။

× × ×

## (၁၉) အညတရ ဗြာဟ္မဏ [ပုဏ္ဏားတယောက်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သိက္ခာပုဒ် မပညတ်မီ ကျွန်တယောက်ထွက်ပြေး၍ ရဟန်းပြုပြီးသော် ကမ္မဋ္ဌာန်းကိုအားထုတ်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်၏။ အရှင်ဖြစ်သော ပုဏ္ဏားသည် ဘုရားရှင်နှင့်တကွ ဆွမ်းခံကြွရာတွင် မြင်၍ ဘုရားကို လျှောက်၏။ ဘုရားရှင်သည် ရဟန္တာ၏ အဖြစ်ကို မိန့်တော်မူ၍ ဟောတော်မူသည်—

ဝန်ကိုချ၍ ကိလေသာကင်းသော ဤဘဝ၌ပင်လျှင် မိမိ၏ ဆင်းရဲကုန်ခြင်းကို သိသောသူကို ဗြာဟ္မဏဟု ငါ ဆို၏။

× × ×

## (၂၀) ခေမာ ဘိက္ခုနီ [ထေရီ]

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်၌ နေတော်မူသော အခါ ခေမာထေရီ၏ ပညာကြီးကျယ်သော အဖြစ်ကို ပြခြင်းငှာ ဟောတော်မူသည်—

နက်နဲသောပညာ လျင်မြန်ထက်မြက်သော ပညာနှင့် ပြည့်စုံ၍ လမ်းမှန်ဟုတ်သည် မဟုတ်သည်ကို ကောင်းစွာ သိသော မြင့်မြတ်သည့် ရဟန္တာအဖြစ်သို့ ရောက်ပြီးသူကို ဗြာဟ္မဏဟု ငါ ဆို၏။

× × ×

## (၂၁) ပဗ္ဘာရဝါသိ တိဿ [လိုဏ်ဂူနေ ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပဗ္ဘာရဝါသိ တိဿ ထေရ်သည် ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှာ တောင

သော လိုဏ်၌ ဝင်၍ နေ၏။ ထိုလိုဏ်၌စောင့်သော နတ်သမီးသည် သီလရှိသော ရဟန်းနှင့်အတူ မနေဝံ့သောကြောင့် မထေရ်သွားအောင် ပြုလို၍ အလုပ်အကျွေး ဒါယိကာမအိမ်၌ သူငယ် တယောက်ကို ဦးခေါင်းနောက်ပြန်အောင် ဖမ်းစား၍ "ပဗ္ဘာရတိဿရဟန်း ခြေဆေးရေကို ကိုယ်၌ သွန်းလောင်းသော် လွတ်အံ့"ဟု ပူးဝင်၍ ပြော၏။ မထေရ် ကြွလာသောအခါ ခြေဆေးပြီးသော် "ဤခြေဆေးရေကို သူငယ်ကိုယ်၌ လောင်းလိုက်အံ့"ဟု လျှောက်၏။ "လောင်းလော့"ဟု မထေရ်က ဆို၍ လောင်း၏။ မထေရ် လိုဏ်သို့ ပြန်ရာတွင် နတ်သမီးသည် လိုဏ်ဝ၌ တည်၍ "ဆေးသမားကြီး၊ ဤလိုဏ်သို့ သင် မဝင်လင့်"ဟု မြွက်၏။ မထေရ်သည် "ငါ၏ သီလကား စင်ကြယ်၏။ နတ်သမီးမှ အပြစ်ရှာ၍ မရနိုင်တကား"ဟု ပီတိပါမောဇ္ဇဖြစ်ကာ ဝိပဿနာ ရှုလျက် အရဟတ္တဖိုလ်သို့ ရောက်၏။ ဝါကျွတ်သော် ဘုရားအထံသို့လာ၍ ဤအကြောင်းကို လျှောက်ရာတွင် တရားဟောတော်မူသည်—

လူတို့နှင့်၎င်း ရဟန်းတို့နှင့်၎င်း ရောယှက်ခြင်းမရှိဘဲ ကာမဂုဏ် ကင်းကြောင်း အကျင့်ရှိ၍ အလိုနည်းသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၂၂) အညတရဘိက္ခု [ရဟန်းတပါး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အမျိုးသမီးတယောက်သည် လင်နှင့်ရန်ဖြစ်၍ မိဘအိမ်သို့ သွားအံ့ဟု ရဟန်းတပါးနောက်သို့ လိုက်၏။ မထေရ်သည် ထိုမိန်းမကို မမြင်။ လင်လိုက်လာ၍ အမျိုးသမီးကိုတွေ့သော် ဤရဟန်းခေါ်

၍ သွားခဲ့သည်ဟု မထေရ်ကို ထောင်းထု ရိုက်ပုတ်လေ၏။ ဤအကြောင်းကို ဘုရားရှင်ကြားတော်မူရာတွင် ရဟန္တာအဖြစ်ကို သိစေခြင်းငှာ ဟောတော်မူသည်–

ကြောက်တတ်ကုန်သော သတ္တဝါတို့ကိုရင်း တည်တန့်ကုန်သော သူတို့ကိုရင်း တုတ်လက်နက် စသည်ကို ပယ်ချထားပြီးဖြစ်၍ ကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတပါးတို့ကိုလည်း မညှဉ်းဆဲ စေသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၂၃) သာမဏေရာနံ [ရှင်သာမဏေများ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပုဏ္ဏားတယောက်အိမ်၌ ဥဒ္ဒေသဘတ်ကို ဘုဉ်းပေးခြင်းငှာ အလှည့်ရောက်လာကုန်သော သံကိစ္စ၊ သုမန၊ ပဏ္ဍိတ၊ သောပါက ဤသာမဏေငယ်လေးပါးတို့အား ပုဏ္ဏား သမီးကာင်ပွန်းတို့ နေရာလည်း မပေး၊ ဆွမ်းလည်း မကျွေး နေသည်ကို ရဟန်းတို့ လျှောက်ထားကြရာတွင် ဟောကြားတော်မူသည်–

ဆန့်ကျင်ဘက်ပြုသူတို့၌ မဆန့်ကျင်၊ တုတ်လက်နက် စသည် စွဲကိုင်သော သူတို့၌ ရန်ပြုလိုသော သဘောမရှိ၊ တပ်မက် စွဲလမ်းသူတို့၌ တပ်မက် စွဲလမ်းခြင်း မရှိသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၂၄) မဟာပန္တက [မဟာပန်]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာပန်သည် ညီ စူဠပန်ကို ကျောင်းမှနှင်ထုတ်လိုက်သောကြောင့်

မဟာပန်မထေရ်အား ဒေါသရှိယောင်တကားဟု ရဟန်းတို့ပြော
ဆိုကြရာတွင် ဟောတော်မူသည်—

မုန့်ညင်းစေ့သည် ပွတ်ဆောက်ဖျား၌ မတည်သကဲ့သို့ တပ်မက်ခြင်း အမျက်ထွက်ခြင်း မာန်ထောင်ခြင်း ကျေးဇူးချေခြင်း သဘောတို့ လျော့ကျသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၂၅) ပိလိန္ဒဝစ္ဆ [ရဟန်း]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန္တာ ရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ရှေးရှေးသော ဘဝငါးရာတို့၌ ဝသလဝါဒီ (သူယုတ်မာဟု ပြောလေ့ရှိသူ) ပုဏ္ဏားဖြစ်ခဲ့ဘူး သော ဝါသနာဖြင့် ခပ်သိမ်းသော လူရဟန်းတို့ကို "ဝသလ" (သူယုတ်မာ)ဟု ခေါ်၏။ ရဟန်းတို့သည် ဤသို့ ခေါ်ဆိုခြင်း ကြောင့် ဒေါသ ရှိယောင်တကားဟု တွေးတောကြ၍ ဘုရားကို လျှောက်ရာတွင် ဟောတော်မူသည်—

သူတော်ကောင်းသည် နူးညံ့ ပြေပြစ်၍ သဘော အဓိပ္ပာယ်ပေါ်လွင်စေသော မှန်သော စကားကို ပြောဆိုတတ်၏၊ မည်သူ တစုံတယောက်ကိုမျှ ထိခိုက်၍ မပြောဆိုတတ်၊ ထိုသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၂၆) အညတရတ္ထေရ [မထေရ်တပါး]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပုဏ္ဏားတယောက် နေလှမ်းထားသည့် အဝတ်ကို ရဟန္တာမထေရ်

တဦးသည် ပံ့သုကူအမှတ်ရှိ၍ ယူ၏။ အဝတ်ရှင် ပုဏ္ဏားလည်း ဆဲရေး၍ အဝတ်ကို တောင်းရာတွင် ပေးလိုက်၏။ ဤအကြောင်းကို ရဟန်းတို့ ဘုရားအား လျှောက်ရာတွင် ဟောတော်မူသည်—

လောက၌ ပိုင်ရှင်မပေးသော ဥစ္စာကို ရှည်သည် ဖြစ်စေ တိုသည်ဖြစ်စေ ငယ်သည် ဖြစ်စေ ကြီးသည် ဖြစ်စေ ကောင်းသည် ဖြစ်စေ မကောင်းသည် ဖြစ်စေ မခိုးမယူသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၂၇) သာရိပုတ္တ [ရှင်သာရိပုတ္တရာ]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဝါဆိုသင်္ကန်းတို့ကို ဝေဘန်အံ့သည်တွင် ရှင်သာရိပုတ္တရာသည် “ငါ့ရှင်တို့၊ရဟန်းငယ်တို့အားလည်း ဝါဆိုသင်္ကန်း ဝေဘန်ကြလေ”ဟု မိန့်တော်မူ၏။ ဤစကားကြောင့် ရှင်သာရိပုတ္တရာအား ဂေဟာသိတပေမ (တွယ်တာမှု) ရှိသေးယောင်တကားဟု တွေးတောကြ၍ ဘုရားထံလျှောက်သည်တွင် ဟောတော်မူသည်—

ဤလောက၌ရင်း တမလွန်လောက၌ရင်း မက်မောခြင်း မရှိ၊ တောင့်တခြင်းကင်း၍ ကိလေသာ မရှိသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၂၈) မဟာမောဂ္ဂလာန [ရှင်မဟာမောဂ္ဂလာန်]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မောဂ္ဂလာန်အားလည်း ဂေဟာသိတပေမ (သံယောဇဉ်)ရှိသေး

တကားဟု ရဟန်းတို့တွေးတောကြ၍ ဘုရားအထံ လျှောက်ရာ
တွင် ဟောတော်မူသည်—

ကပ်ငြိတွယ်တာခြင်း မရှိ၊ တရားအမှန်ကိုသိ၍ ယုံမှား
ခြင်း မရှိ၊ သေခြင်းကင်းရာသို့ ရောက်သူကို ဗြာဟ္မဏဟု
ငါ ဆို၏။

× × ×

## (၂၉) ရေဝတ [ရှင်ရေဝတ]

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း၌ နေတော်မူသောအခါ ရေ
ဝတသာမဏေသည် ရဟန်းငါးရာတို့ နေရာ အဆောတလျင်
ကျောင်းသင်္ခမ်းများ စီစဉ်ပေးသဖြင့် ရဟန်းတို့ ချီးမွမ်းကြသည်
ကို အကြောင်းပြု၍ ဟောတော်မူသည်—

ဤသာသနာ၌ ကောင်းမှု မကောင်းမှု နှစ်ပါးအတွက်
ဲ့သမ်းခြင်းသဘောကို စွန့်၍ စိုးရိမ်ကြောင့်ကြ မရှိ၊ ကိ
လေသာမှု အညစ်အကြေးကင်းသောသူကို ဗြာဟ္မဏဟု
ငါ ဆို၏။

× × ×

## (၃၀) စန္ဒာဘ [ပုဏ္ဏား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ
ကဿပဘုရားရှင်၏ စေတီတော်၌ စန္ဒကူးနံ့သာဖြင့် လဝန်း
သဏ္ဌာန်ပြု၍ လှူခဲ့ဘူးသော ကောင်းမှုကြောင့် ချက်မှ လဝန်းကဲ့သို့
အရောင်ထွက်သောကြောင့် စန္ဒာဘမည်သော ပုဏ္ဏားသည် ဘုရား
ရှင်ထံ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ရောက်၍ အဖော်ဖြစ်သော
ပုဏ္ဏားတို့အား "သင်တို့ ပြန်ကြလော့။ ငါကား မပြန်ခြင်း
သဘောရှိ၏" ဟု ဆို၏။ ရဟန်းတို့သည် စန္ဒာဘထေရ် မဟုတ်သည်
ကို ဆိုဘိသည်ဟု ဘုရားထံလျှောက်သည်တွင် ဟောတော်မူသည်—

လကဲ့သို့ အညစ်အကြေးကင်းသော စင်ကြယ်သော
အထူးကြည်လင်သော မနောက်ကျုသော နှစ်သက်
တတ်သော ရာဂကုန်ခန်းပြီးသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၃၁) သိဝလိ [ရှင်သိဝလိ]

မြတ်စွာဘုရား ကုဏ္ဍဓာနတော၌ နေတော်မူသောအခါ ခုနစ်နှစ်ပတ်လုံး ပဋိသန္ဓေနေရ၍ ခုနစ်ရက်ပတ်လုံး ဖွားမြင်ရသော သီဝလိမထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်—

ရဟန္တာသည် အနှောင့်အရှက် ဘေးကိုရင်း အသွား
ခက်သည့် ခရီးကိုရင်း အကူးခက်သည့် သမုဒ္ဒရာကိုရင်း
အမိုက်မှောင်ကိုရင်း လွန်မြောက်၍ တဖက်ကမ်းသို့
ရောက်၏၊ ဈာန်ဝင်စားလေ့ရှိ၏၊ တဏှာကင်း၍ တွေး
တောယုံမှားခြင်း မရှိ၊ အစွဲအလမ်းကင်း၍ ပူပန်ခြင်းမရှိ
သော ထိုရဟန္တာကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၃၂) သုန္ဒရသမုဒ္ဒ [ရဟန်း]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ရာဇဂြိုဟ်ပြည်၌ ပြည်ဘန်ဆာမ တယောက်သည် သုန္ဒရသမုဒ္ဒ မထေရ်ကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ဘက်သို့ပင့်၍ မိန်းမတို့ မာယာပရိယာယ်ဖြင့် ဖြားယောင်းသည်ကို ဂန္ဓကုဋိတိုက်တော်မှ သိတော်မူ၍ ထိုရဟန်းအထံသို့ ရောင်ခြည်တော်လွှတ်ပြီး ဟောတော်မူသည်—

လောက၌ သူတော်ကောင်းသည် ကာမဂုဏ်ကို ပယ်၍ အိမ်ရာမထောင်ဘဲ ရဟန်းပြု၏၊ ကာမကုန်၍ ဘဝကုန်ပြီဖြစ်သော ထိုသူတော်ကောင်းတို့ကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၃၃) ဇဋိလ [ရဟန်း]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ဇဋိလသေဌေးသည် များစွာသော စည်းစိမ်တို့ကိုစွန့်ပယ်၍ ရဟန်းပြုလျှင် နှစ်ရက် သုံးရက်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏။ "သင်၏ စည်းစိမ်ချမ်းသာတို့ကို အောက်မေ့၏လော"ဟု ရဟန်းတို့က မေးကြ၏။ "မအောက်မေ့ပြီ"ဟု ဖြေဆိုသေသည်ကို ရဟန်းတို့ မယုံကြည်၍ ဘုရားရှင်ထံ လျှောက်ကြားရာတွင် ဟောကြားတော်မူသည်—

ဤလောက၌ သူတော်ကောင်းသည် တဏှာကိုပယ်၍ အိမ်ရာမထောင်ဘဲ ရဟန်းပြု၏၊ တဏှာကုန်၍ ဘဝကုန်ပြီးသော ထိုသူတော်ကောင်းကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၃၄) ဇောတိက [ရဟန်း]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ဇောတိက သေဌေးသည် များစွာသော စည်းစိမ်တို့ကို စွန့်ပယ်၍ ရဟန်းပြုလျှင် မကြာမီရက်အတွင်းမှာပင် အရဟတ္တဖိုလ်သို့ ရောက်၏။ တနေ့တွင် ရဟန်းတို့သည် ဇောတိကထေရ်ကိုခေါ်၍ "သင်၏

စည်းစိမ်ဥစ္စာတို့ကို သတိမရသလော”ဟု မေးရာ “မရ”ဟု ဖြေဆို၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထား၍ ဟောကြားတော်မူသည်—

ဤလောက၌ သူတော်ကောင်းသည် တဏှာကိုပယ်၍ အိမ်ရာမထောင်ဘဲ ရဟန်းပြု၏၊ တဏှာကုန်၍ ဘဝကုန်ပြီးသော ထို သူတော်ကောင်းကို ပြာဟ္မဏဟု ငါဆို၏။

× × ×

## (၃၅) နဋပုတ္တက [ကချေသည်၏ သား]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ကချေသည်မ သားသည် ဘုရား တရားကို နာရ၍ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်၏။ ဘုရားအမှူးရှိသော သံဃာနှင့်တကွ ဆွမ်းခံဝင်လေသော် အခြားသော ကချေသည်မ၏ သားတယောက် က နေသည်ကိုမြင်၍ ထိုရဟန်းကို “ဤ က ခြင်း၌ သင့်အား သိနေဟ (ရွံလမ်းခြင်း)ရှိသလော”ဟု မေး၍ “နတ္ထိ” ဟု ဆိုသည်ကို ရဟန်းတို့ မြတ်စွာဘုရားအား လျှောက်ထား၍ ဟောကြားတော်မူသည်—

မွေ့လျော်ခြင်း မမွေ့လျော်ခြင်းကိုပယ်၍ အေးချမ်းခြင်း သဘောရှိ၊ ပူပန်ကြောင့်ကြခြင်း မရှိ၊ အလုံးစုံသော လောကကို အောင်မြင်သော ထိုသူရဲကောင်းကို ပြာဟ္မဏဟု ငါဆို၏။

## (၃၆) ကေနဋ္ဌပုတ္တက [ကချေသည်၏ သားတယောက်]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ကချေသည် သားတယောက် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်၍ ရှေးနည်းတူစွာ ရဟန်းတို့လျှောက်ကြလျှင် "ရဟန်းတို့၊ ငါ၏ သားတော်သည် မွေ့လျော်ခြင်း၊ မမွေ့လျော်ခြင်းကို ပယ်၍ တည်ပြီ" ဟု မိန့်တော်မူ၍ ဟောကြားတော်မူသည်—

သတ္တဝါတို့၏ သေခြင်း၊ ပဋိသန္ဓေ နေခြင်းကို အလုံးစုံ သိ၏၊ တွယ်တာကပ်ငြိခြင်း မရှိ၊ သူတော်ကောင်းအကျင့်ကို ကောင်းစွာကျင့်၍ အမှန်တရားသိသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၃၇) ဝင်္ဂီသ [ပုဏ္ဏား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဝင်္ဂီသ ပုဏ္ဏားသည် သေသူတို့၏ ဦးခေါင်းကို ခေါက်၍ ဤဦးခေါင်းကား ငရဲ၌ဖြစ်သူ၏ ဦးခေါင်းတည်း၊ ဤကား တိရစ္ဆာန်၊ ဤကား လူ၊ ဤကား နတ်၌ ဖြစ်သူ၏ ဦးခေါင်းတည်း၊ ဤသို့ စသည်ဖြင့် သိ၏။ တနေ့ ဘုရားရှင်သည် သူ့အား ရဟန္တာ၏ ဦးခေါင်းကိုပြရာ၊ ဖြစ်ရာ ဌာနကို မသိခြင်းနှင့် ပတ်သက်၍ ဟောတော်မူသည်—

ရဟန္တာ၏သွားရာ ဘဝကို နတ်၊ ဂန္ဓဗ္ဗ၊ လူတို့ မသိကုန်၊ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သူကို ဗြာဟ္မဏဟု ငါ ဆို၏။

လွန်လေပြီးသော စည်းစိမ်၊ ဥစ္စာ၊ ခန္ဓာ၊ နောင်ဖြစ်မည့် စည်းစိမ်၊ ဥစ္စာ၊ ခန္ဓာ၊ ယခုဖြစ်ဆဲ စည်းစိမ်၊ ဥစ္စာ၊ ခန္ဓာ၊

တို့အတွက် ကြောင့်ကြခြင်း မရှိ၊ ဤသို့လျှင် ကြောင့်ကြ
ကင်း၍ တပ်မက်စွဲခြင်း မရှိသူကို ဗြာဟ္မဏဟု ငါဆို၏။

× × ×

## (၃၈) ဓမ္မဒိန္နာထေရီ [ဘိက္ခုနီ]

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ
ဓမ္မဒိန္နာထေရီအား ရှေးလူ့လက်ထက် လင်ဖြစ်သောဝိသာခါသည်
သောတာပတ္တိစသော မဂ်တို့၌ အစဉ်အတိုင်း ပြဿနာမေး၏။မေး
တိုင်း ဖြေ၏။ လွန်၍ မေးသောအခါ ထေရီမသည် အလိုရှိ
သော် ဘုရားကို မေးလေဦးဟု ဆိုသဖြင့် ထေရီမကို ရှိခိုး၍
ဘုရားထံသွား၍ လျှောက်လတ်သော် "ငါ၏ သမီးတော် ဓမ္မဒိန္နာ
သည် ကောင်းစွာဖြေအပ်၏။ ငါဖြေလည်း ဤအတူပင် ဖြေရာ
၏" ဟု ဆို၍ တရားဟောတော်မူသည်—

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ခန္ဓာတို့၌ တဏှာဖြင့် ယူ
ခြင်းမရှိ၊ ကြောင့်ကြစွဲသမ်းခြင်းမရှိသူကို ဗြာဟ္မဏဟု ငါ
ဆို၏။

× × ×

## (၃၉) အင်္ဂုလိမာလ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ
အင်္ဂုလိမာလမထေရ်ကို "ငါ့ရှင်၊ ထီးဆောင်း၍ ရပ်နေသော ဆင်
ကြမ်းကြီးကို တွေ့မြင်ရ၍ သင်ကြောက်သလော" ဟု ရဟန်း
တို့က မေးကုန်လတ်သော် "မကြောက်ပါ" ဟု ဖြေဆို၍ ဘုရား
အား လျှောက်ကုန်သည်တွင် ဟောတော်မူသည်—

ခေါင်းဆောင်ဖြစ်၍ မြတ်သော၊ လုံ့လရှိ၍ တရား အထူးကို ဆည်းပူးလေ့ရှိသော၊ အောင်မြင်၍ တဏှာ ကင်းပြီး အညစ်အကြေးကို ဆေးလျှော်ပြီးသော အမှန် တရားသိသူကို ဗြာဟ္မဏဟု ငါ ဆို၏။

× × ×

## (၄၀) ဝေဒေဟိတ ဗြာဟ္မဏ [ပုဏ္ဏား]

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားရှင်လေနာ္နိပ်စက်သည်ဖြစ်၍ ရေနွေးအလို့ငှာ ဝေဒေဟိတ ပုဏ္ဏားအိမ်သို့ ရှင်ဥပဝါဏကို လွှတ်တော်မူလိုက်၏။ ပုဏ္ဏားလည်း ဝမ်းမြောက်ဝမ်းသာ တင်လဲနှင့် ရေနွေးကို ယူခဲ့၍ ရေနွေးဖြင့် ကိုယ်တော်မြတ်ကို ရေချိုး၍ တင်လဲကပ်၏။ ထိုခဏ၌ လေရောဂါ ငြိမ်းလေ၏။ ပုဏ္ဏားသည် ဘုရားရှင်ကို ရှိခိုး၍ "အဘယ်သူသည် မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်သနည်း" ဟု လျှောက်၍ ဖြေကြား တော်မူသည်—

ရှေး၌ ဖြစ်ခဲ့ဘူးသော ခန္ဓာစသည်ကို သိလေ့ရှိ၏၊ နတ်ပြည် ငရဲပြည်ကိုလည်း မြင်၏၊ ပဋိသန္ဓေကင်းရာသို့ ရောက်၏၊ ထူးသော ဉာဏ်ဖြင့် သိ၍ အရဟတ္တဖိုလ်ကို ရသော ရဟန်းဖြစ်၏၊ အလုံးစုံသော ကိလေသာတို့ ကုန်ကြောင်းဖြစ်သည့် အကျင့်ကို ကျင့်ပြီးသူကို ဗြာဟ္မဏ ဟု ငါဆို၏။

---

ဤသို့ ဂါထာပေါင်း ၄၂၄၊ ဝဂ်ပေါင်း ၂၆ ခုတို့ဖြင့် တန်ဆာ ဆင်အပ်သော ဓမ္မပဒ ဘာသာပြန် ပြီးသတည်း။

# မြန်မာပြည်ရောက်

# ဗုဒ္ဓသာသနာ

မြန်မာပြည်ရောက် ဗုဒ္ဓသာသနာသည် ကမ္ဘာ့
က တောင့်တ စောင့်မျှော်နေသော ဗုဒ္ဓ ဒိုင်ဂျက်

ဗုဒ္ဓဓမ္မ၊ ဗုဒ္ဓဝါဒ၊ ဗုဒ္ဓအဘိဓမ္မာ၊ ဗုဒ္ဓဒဿန၊
ဗုဒ္ဓ ဖိလော်ဆော်ဖီ၊ ဗုဒ္ဓ စာပေ၊ ဗုဒ္ဓသမိုင်းတို့ကို—

တထိုင်တည်း၊ စာအုပ် တအုပ်တည်းဖြင့်
အလွယ်တကူ
လူတိုင်း ကြည့်ရှုလေ့လာ ကြည်နူးနိုင်အောင်

## ဦးသော်ဇင်

အထူးရေးသားသော စာအုပ်ဖြစ်သည်။
မကြာမီ စက်တင်ပုံနှိပ် ထုတ်ဝေပါတော့မည်။

စာပဒေသ

# ဦးသော်ဇင် ၏

# မဟာဗုဒ္ဓဝင်

စင်စစ် ဆရာဦးသော်ဇင်၏ ဗုဒ္ဓဝင်မဟုတ်ပါ။ အရှင်ဗုဒ္ဓဒတ္တ၏ ဗုဒ္ဓဝင်မဟုတ်ပါ။ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ဗုဒ္ဓ၏သမိုင်းကို ချိုသာသော၊ သိမ်မွေ့သော၊ လေးနက်သော စကားလုံးတို့ဖြင့် သီကုံးထားသော မဟာဗုဒ္ဓဝင်ဖြစ်၏။

မြန်မာနှင့်တကွ ကမ္ဘာအရပ်ရပ်တွင်ရှိသော ဘာသာပြန်ဗုဒ္ဓဝင်တို့မှာ အရှင်ဗုဒ္ဓဒတ္တနှင့် အရှင် ဗုဒ္ဓဃောသတို့၏ အဆိုအမိန့် တို့ပင် ဖြစ်၏။ ဗုဒ္ဓ၏ မဟာ ဗုဒ္ဓဝင်ကို မှီငြမ်း ဖွင့်ပြခြင်းတို့သာ ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဝင်တို့မှာ ဗုဒ္ဓဝင်ကြီးတို့သာ။

ဤဗုဒ္ဓဝင်ကား မဟာဗုဒ္ဓဝင် ဖြစ်၏။ ဗုဒ္ဓ ကိုယ်တော်တိုင် ဟောကြားတော်မူရင်းဖြစ်၍ စာအုပ်၏အရွယ်မှာ ဖောင်းပွခြင်းမရှိပါ။ ကျစ်ကျစ်လစ်လစ် သိပ်သိပ်သည်းသည်းနှင့်ပင် မဟာဗုဒ္ဓဝင်အမည်ကို ခံယူရရှိ၏။ အဘယ်ကြောင့် ဤဘွဲ့ကြီးကို ခံယူနိုင်သနည်း။

[မကြာမီ ထွက်အောင် စီစဉ်နေပါသည်]

စာပေလွှတိုက်၊ အမှတ် ၇၊ ၁၁၆၊ ရန်ကင်းစာတိုက်၊ ရန်ကုန်။

## ဦးသော်ဇင် ဘာသာပြန်

# မိလိန္ဒ ပဉှာ

မြတ်စွာဘုရား ထင်ရှားရှိခဲ့ပါသလော။

သူသည် လောကတွင် အမြတ်ဆုံးလော။

သူသည် အလုံးစုံကို အကုန်သိသော သမ္ဗုတ ဉာဏ်ရှင်လော။

ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ရှိပါသလော။

ထိုကံတို့၏ အကျိုးဖလ အာနိသံသ ရှိပါသလော။

ရှေးဘဝရှိခဲ့သလော။ နောက်ဘဝ ရှိဦးမည်လော။

နိဗ္ဗာန်သည် အဟုတ်တကယ် ချမ်းသာသလော။

ရဟန်းပြုရန် လိုသေးသလော။

ဤသို့ အစရှိသော ပြဿနာအသီးသီး၊ ယုံမှားခြင်း အသွယ်သွယ်တို့ဖြင့် ရှုပ်ထွေးပွေရှက် အပြေခက်နေပါသလား။ ထိုထို ပြဿနာတို့၏ တခုတည်းသောအဖြေမှာ

‘မိလိန္ဒပဉှာ’ဖြစ်၏။

ထွက်နေပါပြီ၊ တအုပ် ၃ ကျပ်

စာပေလွှတ်တိုက်၊ အခန်းနံပတ် ၇၊ ၁၁၆၊ ရန်ကင်းစာတိုက်

ရန်ကုန်။

# ရာဇဝင်ကျော်
# မြန်မာ စစ်သည်တော်

ရာဇဝင်ကျော် မြန်မာ စစ်သည်တော်တွင် အပိုင်း နှစ်ပိုင်း ပါဝင်ပါသည်။ တပိုင်းမှာ အထုပ္ပတ္တိဖြစ်၍ နောက်တပိုင်းမှာ စစ်ချီ ကဗျာတို့ ဖြစ်ပါသည်။

အထုပ္ပတ္တိတွင် တကယ့်ကျားဆိုမှကျား ဖြစ်တဲ့ စစ်သည်တော်တို့၏ အစွမ်းသတ္တိကို တိတိကျကျ မိမိရရ တင်ပြထား၏။ သူတို့၏ ရဲရဲတောက် အသံကို မူရင်းအတိုင်း ကြားနိုင်၏။ သူတို့၏ လျှမ်းလျှမ်း တောက်နေသော ဘဝကို သူတို့၏လုပ်ရပ်၊ သူတို့၏ ကြွေးကြော်သံနှင့် သရုပ်ဖော်ပြထားရာ သင့်ကို ဖိတ်ခေါ်နေသလား။

စစ်ချီကဗျာများမှာ သူတို့တိုင်းပြည်အတွက် စစ်ထွက်သွားရာ၌ အိမ်တွင်ကျန်ခဲ့သော သူတို့၏ ချစ်သူများဘက်သို့ တဖန်လှည့်၍ပြသော မြင်ကွင်းကျယ် ဖြစ်သည်။ ရာဇဝင်ကျော်တို့ အတွက် အဆက်ဆက်က ထိန်းသိမ်းလာခဲ့သော ကဗျာကျော်တို့ပင်။

ခေတ်မှီ ရာဇဝင်ဝတ္ထုနှင့် ခေတ်မှီ နာမည်ကျော် ရာဇဝင်ကဗျာအတွက် အချက်အလက်သည် ဤစစ်သည်တော်၏နောက် တခု ရည်ရွယ်ချက်ဖြစ်၏။

**ရဲရဲရင့်ရင့် ဝင့်ဝင့်ကြွားကြွားကြီး**
**ချီတက်နေပါသည်။ ၃–ကျပ်**

စာပေလွှတိုက်၊ အမှတ် ၇၊ ၁၁၆၊ ရန်ကင်းစာတိုက်၊ ရန်ကုန်

ဆရာရှင့်

ဆရာ့ကို ဒီစာနှင့် ကန်တော့လိုက်ပါတယ်။ အကြောင်းကတော့ ဆရာရေးတဲ့ အမေပြောသောပုံကြောင့် ကျမသားကလေး အခြေအနေ ပြောင်းသွားလို့ဘဲ ဖြစ်ပါတယ်။ ကျမမှာ သားတယောက်ထဲမို့ အများကြီးဘဲ ချစ်ခဲ့ပါတယ်။ သို့ရာတွင် ကျမ အချစ်ကို ဦးစား မပေးလှပါဘူး။ သားကလေး၏ နောင်ရေးအတွက် အတတ်နိုင်ဆုံး ပြုပြင် သွန်သင်ခဲ့ပါတယ်။ သို့ရာတွင် ကျမ စိတ်တိုင်းကျ မဖြစ်လို့ အကြီးအကျယ် စိတ်ပျက်နေခဲ့ရပါတယ်။

ဒီလိုနဲ့ ကျောင်းသားပွဲတော်နေ့က သူ့အဒေါ်တယောက်က သူ့ကို အမေပြောသောပုံကို ဝယ်ပြီး ပေးပါတယ်။ အဲဒီပုံကို ဖတ်ပြီး သူ၏ အပြောအဆို အနေအထိုင် ပြောင်းလဲလာတာကို တွေ့ပါတယ်။ ခုဆို ကျမ သူ့အတွက် အထူးကြောင့်ကြ ဂရုစိုက်နေဘို့ မလိုလှတော့ပါ။ အမေပြောသော ပုံကဘဲ သူ့ကို အမေလို လမ်းညွှန်နေပါတယ်။ ဒါကြောင့် ဆရာ့ကို ထပ်ပြီးကန်တော့လိုက်ပါတယ်။

မသန်းတင်
(အလယ်တန်းပြ ဆရာမ)
ဒိုင်းဝန်ကွင်း၊ မော်လမြိုင်။

## အမေပြောသောပုံပြင်၊ ထွက်နေပါပြီ
## တအုပ် နှစ်ကျပ်။

စာပလွှေတိုက်၊ အမှတ်-၇၊ ၁၁၆၊ ရန်ကင်း ၁၁ တိုက်၊ ရန်ကုန်။